
www.burmeseclassic.com



# နှုတ်ခမ်း

ရွှေရင်သိမ့်သိမ့်တုန်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ဗျူးစာပေ)
အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊
(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရဖီလမ်း၊ ဈေး/နောက် ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းရွှေကြည်
အတွင်းဖလင်
တိုပေါက် ☎: ၀၉ ၄၂၀၂၆၃၃၂၇
ပုံနှိပ်ခြင်း
ပထမအကြိမ်၊
၂၀၁၅ ခုနှစ်၊ မေလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဗျူးစာပေ
၀၉ ၅၀၃၀၁၁၀၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

၈၉၅. ၈၃
နတ်သမီး
ရွှေရင်သိမ့်သိမ့်တုန်
ဗျူးစာပေ ၊ ၂၀၁၅၊
၂၅၆ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) ရွှေရင်သိမ့်သိမ့်တုန်

BURMESE CLASSIC

## အခန်း (၁)

ခြံရှေ့မှ စက်ဘီးဘဲလ်သံကြားကတည်းက 'ဝေ'သည် ထမင်းစားခြင်းကို အဆုံးသတ်ကာ ပါးစပ်သုတ် ရေသောက်လိုက်သည်။

"မမနိုင် မမနိုင်"

"ဝေလေး ဖြည်းဖြည်း ဖြည်းဖြည်း မမနိုင်က ဒီမှာအဆင်သင့်စောင့်နေတယ်"

ဝေ အပြေးအလွှား ထွက်လာရင်း အော်ခေါ်တော့ အိမ်ရှေ့မှာ အဆင်သင့်စောင့်နေသည့် မမနိုင်က အသံပြန်ပေး၏။

"စက်ဘီးထုတ်ပြီးပြီလား မမနိုင်"

"အဆင်သင့်ထုတ်ထားပြီးပြီ ဝေလေး"

ဝေနှင့်မမနိုင် အိမ်ကြီးထဲက အတူတူထွက်လာတော့ ခြံထဲ တစ်နေရာတွင် ဝေ စီးဖို့ စက်ဘီးလေးက အရန်သင့်ပင်။ မမနိုင်က ပေါ်သီးလေးကိုတွန်းပြီး ခြံဝအထိ လိုက်ပို့ပေးသည်။

"ကားသတိထားနော်"



www.burmeseclassic.com

www.burmeseclassic.com



ဒီက ဆေးကြောချောင်းသွားတိုင်း မမခိုင် မှာနေကျဖြစ်သည်။ မမခိုင် သက်သေ ဝတ်သီးလေးလှမ်းယူပြီးတာနှင့် လွယ်ထားသော ကျောပိုးအိတ်ထဲ ငွေတွေကို ပိုးပေးနေ၏။

"မမခိုင် တဲ့တာ"

"သွားပြီ မမခိုင်ရေ"

'ရောင်စဉ်'နှင့် 'ဝေ' နှုတ်ဆက်တော့ မမခိုင်က အပြုံးလေးဖြင့် ထက်ပြုတ္တန့်ခဲ့၏။

"ဟဲ့ ဝေ နင်တို့ ဒီနေ့ ဘာဟင်းချက်လဲ"

"ကြက်သား"

"ဝက်သား မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ဘာဖြစ်လို့လဲ"

"နင့်ပါးစပ်တပိုက်မှာ ဝက်ဆီတွေရစ်နေသလိုပဲ"

"ဟယ် ဟုတ်လား"

ဝေက ရောင်စဉ်အား မျက်လုံးအပြူးသားလေးနှင့် ပြန်မေးရင်း လက်တစ်ဖက်ဖြင့်လည်း နှုတ်ခမ်းတပိုက်ကို ပွတ်ပစ်လိုက်သည်။

"ဒီနေ့ ထမင်းအရမ်းစားကောင်းတယ်၊ နင်လာလို့ စက်ဘီးဘဲလ် သံပေးမှ ထမင်းမြန်မြန်တော်လိုက်ရတာ"

"စားကောင်းတိုင်းစွတ်မစားနဲ့ တော်ကြာ ဘုတ်အိုးကြီးဖြစ်သွားရင် နင့်ကို ဘယ်ကောင်လေးမှ ကြိုက်မှာမဟုတ်တော့ဘူး"

"အံမယ် အရေးလုပ်လို့"

ဝေက မျက်စောင်းထိုး နှုတ်ခမ်းစူပြီးပြောတော့ ရောင်စဉ်က တဟားဟား အော်ရယ်နေ၏။ ဒါကို ဝေကလည်း အားကျမခံပင်။

"ဒီမှာရောင်စဉ် ငါ့ကိုများ ယောကျ်ားတွေကို စိတ်ဝင်စားတဲ့





ကောင်မလေးလို့ နင်ထင်နေလား၊ နင့်တောင်မှ မွေးကတည်းက အတူတူ အပြင် တစ်လမ်းထဲမှာနေလာတဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးမို့ ခေါ်ပြောဆက်ဆံနေတယ်မှတ်ပါ၊ ငါက ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စား ဘူး၊ နင့်ကို ခဏခဏလည်း ပြောပါတယ်၊ နင်က မှတ်ကို မမှတ်ဘူး"

"အံမယ် မကြီးကျယ် စကားကိုကုန်အောင်မပြောစမ်းပါနဲ့၊ အခုမှ နင့်အသက် ဆယ့်နှစ်နှစ်တောင် မပြည့်သေးဘူး၊ နင် လူလုပ်ဖို့ အချိန်တွေ အများကြီးကို ဖြတ်ကျော်ရဦးမှာ"

"အဲဒါ ဘာဖြစ်လဲ၊ အချိန်တွေအများကြီးကို ဖြတ်ကျော်ပြီးတဲ့ တစ်နေ့မှာ ငါက ဆရာဝန်မကြီးဖြစ်မှာ၊ ဒေါက်တာ ဝေပိုင်ပိုင်ပေါ့ဟာ၊ အဲဒီအချိန်မှာ နင်က မိန်းမနဲ့သားသမီးတွေရပြီး ငါ့ဆေးခန်းမှာလာပြကြ"

ဝေသည် ကိုယ့်ဟာကိုယ် သဘောကျပြီး ရယ်လိုက်သည်။

ရောင်စဉ်ကတော့ မဲနက်နေသည့် မျက်ခုံးနှစ်ဖက်အား ဆက် လုနီးပါး အတွန့်ချိုးပြီး မှုန်ကုတ်ကုတ်နှင့်ကြည့်နေမှာ ဝေ သိနေသည်။

"နင်က ကိုယ့်ကိုယ်ကိုယ် တော်တော် အထင်ကြီးတယ်နော်"

"ဟဲ့ မကြီးစရာလား၊ ငါ့မိဘတွေ ဘယ်လောက်ချမ်းသာတယ် ဆိုတာ ရပ်သိရွာသိပဲ၊ ငါက တစ်ဦးတည်းသော ဖူးဖူးမှုတ်အလိုလိုက်ခံ ရတဲ့ သမီး၊ ငါစာတော်တာလည်း နင်မသိတာမဟုတ်ဘူး၊ ဆရာဝန်မကြီး ဖြစ်ချင်တာလည်း ရူးနေတယ်၊ ဒီတော့ ငါ့ကိုယ်ငါ ဆရာဝန်မကြီးဖြစ်မှာလို့ ကြိုတင်နိမိတ်ဖတ်တာဟာအပြစ်လား"

"ဟုတ်ပါတယ် မမြင်ရတဲ့ကံကြမ္မာဆိုတာ ရှိတယ်၊ မနက်ဖြန် ဘာဖြစ်မယ်ဆိုတာ ဘယ်သူကြိုသိလဲ"

ဝေသည် ကြီးကြီးကျယ်ကျယ် ပြောနေသော ရောင်စဉ်စကား ကြောင့် စက်ဘီးစီးခြင်းကိုရပ်ကာ ခါးထောက်ပြီး ခပ်စူးစူးကြည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



[illegible]

"နေစမ်းပါဦး လူနဲ့မလိုက်တဲ့လေလုံးတွေကို ဘယ်စာအုပ်ထဲက [illegible] ရှုတ်ပြနေတာလဲ"

"[illegible]စာအုပ်ထဲကမှ မဟုတ်ဘူး၊ ငါ့အဘိုးနဲ့သူ့မိတ်ဆွေတွေ ပြောနေတဲ့စကားတွေကိုမှတ်ထားပြီး ပြန်ပြောနေတာ"

"တော်ပြီ နားငြီးတယ်၊ ငါဟာ တစ်နေ့မှာ ဆရာဝန်မကြီး [illegible] နင်လည်း ယုံကြည်ထားပါ၊ ကံတရားတို့ ကံကြမ္မာတို့ဆိုတဲ့ စကားလုံးကြီးတွေနဲ့ ငါ့လာပြီး မခြိမ်းခြောက်နဲ့၊ နင်သာ အဲဒါတွေကိုယုံ၊ ငါမယုံဘူး"

ပြောပြီးသည်နှင့် ဝေက စက်ဘီးလေးကို အသားကုန်နင်းပြီး ထွက်လာခဲ့သည်။ နောက်မှာကျန်ခဲ့သည့် ရောင်စဉ်ကတော့ ဝေ့ကို မကျေမနပ် ပွစိပွစိပဲ ရည်ရွယ်နေမလား မျက်ခုံးကြီးနှစ်ဖက်ကိုပဲ ကြုတ်ပြီး ကြည့်နေမလား မသိတော့ပါ။ သူ့ဟာသူ ဘယ်လိုကျန်ခဲ့ကျန်ခဲ့ ဝေ စိတ်မဝင်စားတော့ပါ။ ဝေ စက်ဘီးလေးကို အသားကုန်နင်းလာပြီး ကျောင်းဝမရောက်ခင်မှာပဲ သူငယ်ချင်းတွေ အပြုံးကိုယ်စီနှင့်စောင့်ကြိုနေကြသည်။

"တစ်ယောက်တည်းလား ဝေ၊ ရောင်စဉ်ရော"

မော်ကြီး အမေးကို ဝေက စက်ဘီးလေးတွန်းရင်း

"နောက်မှာ"

"ဘာလဲ ရန်ဖြစ်လာကြပြန်ပြီလား"

"ထုံးစံအတိုင်းပေါ့"

ဝေက အပျိုကြီးအိုက်တင်အပြည့်နှင့် ပြောပြီး စက်ဘီးကိုယ်စီထားကာ အတန်းထဲဝင်လာခဲ့သည်။ ဝေတို့အတန်းထဲရောက်စမှာပင် ပထမအကြိမ် ခေါင်းလောင်းခေါက်ပြီး ဒုတိယအကြိမ် ခေါင်းလောင်းခေါက်မှပင်



BURMESE CLASSIC



ရောင်စဉ်နှင့်သူ့သူငယ်ချင်းတွေ ဒရောသောပါး ဝင်လာကြသည်။

ဝေတို့အတန်းပိုင်က မြန်မာစာသင်သည့်အတွက် မြန်မာစာစကားပြေစာအုပ်ထုတ်ရင်းမှ ရောင်စဉ်ဘက်လှည့်ကြည့်တော့ ဘယ်အချိန်တည်းက ကြည့်နေမှန်းမသိသော ရောင်စဉ်က မဲ့ပြ၏။ ဝေက မျက်စောင်းတစ်ချက် အမိအရထိုးပြီး လုံးဝလှည့်မကြည့်တော့ပါ။

ဝေနှင့်ရောင်စဉ်က တစ်ရပ်ကွက်ထဲ တစ်လမ်းထဲမှာနေကြသော သူငယ်ချင်းတွေဖြစ်သည်။ ရောင်စဉ်က အမေမရှိတော့ပါ။ သူ ငယ်ငယ်လေးကတည်းက ဆုံးသွားပြီး အစ်မနှစ်ယောက်နှင့်အဖေရှိသည်။ ရောင်စဉ့်အဖေက သူတို့ဆွေမျိုးတွေ၏ပွဲရုံမှာ မန်နေဂျာဖြစ်သည်။ ရောင်စဉ်တို့မိသားစုက စားနိုင်သောက်နိုင်ရုံအဆင့်ထဲက ဖြစ်သည်။

ဝေကတော့ တစ်ဦးတည်းသော သမီးဖြစ်ပြီး ဝေ့မိဘတွေက အစဉ်အဆက် ရတနာလုပ်ငန်းနှင့်ချမ်းသာကြသူများဖြစ်သည်။ ဗိုလ်ချုပ်ဈေးထဲမှာ စိန်ရွှေရတနာဆိုင်အကြီးကြီးနှင့်အတူ ပန်းထိမ်ဆိုင်ပါ တွဲဖွင့်ထားသည်။

ဝေ့ မိဘနှစ်ပါးသည် တစ်ဦးတည်းသောသမီးလေး ဝေ့အတွက် ရည်မှန်းချက်တွေ အရမ်းကြီးသည်။ လိမ္မာသော စာတော်သော သမီးအား ဆရာဝန်တစ်ယောက် မဖြစ်ဖြစ်အောင်ပံ့ပိုးပေးပြီး ဝေလိုချင်တာမှန်သမျှ အလိုက်တသိဖြည့်ဆည်းပေးတာချည်းပင်။ စီးပွားရေးကိုသာ လောဘတကြီး အာရုံစိုက်နေသော မိဘတွေသည် ဝေ့အား ကြင်နာယုယမှုတွေ သိပ်မပေးနိုင်ပါ။

ဝေ့အတွက် ထမင်းချက်အဒေါ်ကြီးရှိသည်။ ဝေ့ဗာဟီရတွေ[illegible] သတို့ မမနိုင်ရှိသည်။ ဝေ သွားချင်တာ လိုက်ပို့ပေးသော ဒါ[illegible]ဘာရှိသည်။ သူတို့အားလုံး ဝေလုပ်ချင်တာမှန်သမျှ အဆင်သင့်[illegible]။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးသည် ဝေ နိုင်းတာလုပ်ပေးရုံနှင့် သူတို့တာဝန်ကျေပြီဟု ထင်ကြသည်။ ထမင်းချက်အဒေါ်ကြီးက ဝေ စားချင်တာကို ကြည့်ပြီး လုပ်ပေးမည်။ မမနိုင်ကလည်း ကြက်သားအရိုးကအစ နွှင်ပေးသည်။ ဝန်းသီး လိမ္မော်သီး စပျစ်သီးလေးတွေဆိုလည်း စားချင်စဖွယ်ဖြစ်အောင် လုလုပပလေး လုပ်ပေးမည်။ ဒါရိုက်ဘာကြီးဆိုလည်း ဝေ သွားသမျှ လိုက်ပို့ပေးမည်။ ဘယ်လောက်ကြာကြာနေနေ အမြဲစောင့် ထိုင်စောင့်နေတတ်သည်။ ဒါကိုပဲ သူတို့အားလုံးက ဝေ့ဘဝကြီးကို ဝေ ကျေနပ်နေမည်ဟု ထင်နေကြမှာ မလွဲကေန်ပင်။

တကယ့်တကယ်မှာတော့ လိုတရနေသော ယခုဘဝကြီးကို အားရပါးရ ဝေ မပျော်ပါ။ ဝေလိုချင်တာ ဝေလိုအပ်တာသည် အကြင်နာနှင့်နွေးထွေးမှုပဲ ဖြစ်သည်။

ရောင်စဉ်က ဝေ မခံချင်အောင် ပြောတတ်တာကလွဲရင် ဝေ လိုချင်သော အကြင်နာတွေကိုပေးနိုင်သော သူငယ်ချင်းလေးဖြစ်သည်။ အရွယ်နှင့်မလိုက်အောင် စကားကြီးစကားကျယ်တွေ ပြောပေမယ့် သူနဲ့ စကားပြောရတာ ဝေ ပျော်သည်။

လေးတန်းအထိတော့ ဝေ့အိမ်က ကားနဲ့ပဲ ဝေနှင့်ရောင်စဉ် ကျောင်းသွားကြသည်။ ငါးတန်းရောက်တော့ သူများတွေ စက်ဘီးနှင့် ကျောင်းတက်တာ အားကျပြီး ရောင်စဉ်က စက်ဘီးနှင့်ကျောင်းတက်၏။ ရောင်စဉ်က သူ့စက်ဘီးနောက်က လိုက်စီးဖို့ပြောပေမယ့် ဝေက ခေါင်းခါပြီး ဖေဖေ့ကိုစက်ဘီးတစ်စီး ဝယ်နိုင်းလိုက်သည်။ ဖေဖေနဲ့မေမေက စက်ဘီးနှင့်ကျောင်းတက်မည့် ဝေ့ကို စိတ်မချပေမယ့် နောက်ဆုံးတော့ ဝေ့အလိုကို လိုက်ရတာပဲဖြစ်သည်။

ဝေ့မှာ ယောကျ်ားလေးသူငယ်ချင်းရောင်စဉ် တစ်ယောက်တည်း





ရှိပြီး မိန်းကလေးသူငယ်ချင်း လှဲ့လှဲ့နှင့် မော်ကြီးဟု ချစ်စနိုးခေါ်သော မော်မော်လွင် နှစ်ယောက်တည်းရှိသည်။ စကားများများပြောတာ ဝါသနာပါသော ဝေက အပေါင်းအသင်းများများမထားတော့ ဝေ့ကို မာနကြီးတယ်ဟု ပြောကြသည်။

ဘယ်သူတွေ ဘာပြောပြော ဝေကတော့ ကိုယ်လုပ်စရာရှိတာကိုပဲ ပုံမှန်လုပ်ခဲ့ပါသည်။ ရောင်စဉ်က ဝေ့ထက် အများကြီး လူချစ်လူခင်များ၏။ ဒါကိုတော့ ဝေ မနာလိုမဖြစ်ပါ။ ဘာကြောင့်လဲဆိုတော့ ဝေမှ ရောင်စဉ်လို လူချစ်အောင် မနေတတ်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဝေတို့ အတန်းတင်စာမေးပွဲကြီး ဖြေခါနီးသည် ဝေရဲ့တစ်ဆယ့်နှစ်နှစ်မြောက်မွေးနေ့ဖြစ်သည်။ ဖေဖော်ဝါရီမှာမွေးသော ဝေ့မွေးနေ့တိုင်းသည် အတန်းတင်စာမေးပွဲဖြေခါနီးမှချည်းဖြစ်သည်။ ဖေဖေနဲ့မေမေက ဝေ့မွေးနေ့ကို အတန်းသားအားလုံးကိုဖိတ်ပြီး ပျော်ပျော်ပါးပါးကျင်းပပေးမယ့် ဝေက မော်ကြီးနှင့်လှဲလှဲကလွဲပြီး တခြားမည်သူ့ကိုမှ မဖိတ်ပါ။

အကောင်းစား ဇာအဖြူဂါဝန်လေးသည် ဝေနှင့်အရမ်းကို လိုက်ဖက်ညီကြောင်း ဝိုင်းပြောကြမှာကိုသိနေသည်။ မွေးနေ့ပွဲမတိုင်ခင် အစမ်းဝတ်ကြည့်ကတည်းက မှန်ထဲမှာမြင်နေရသော ကိုယ့်ရုပ်ကိုယ် မယုံချင်ဖြစ်သွားသည်။

ဘော်ကြယ်လေးတွေ တလက်လက်ထနေသော သရဖူအဖြူလေးနှင့် ဝေ့ ဆံပင်ပျော့ပျော့စင်းစင်းလေးတွေသည် စကားပြောလိုက်တိုင်း တုန်ခါနေသည်။

''ဝေရယ် အရမ်းလှတာပဲ၊ နင့်ဘဝကို အားကျလိုက်တာ''

''ဟုတ်တယ်နော်၊ မိုးပေါ်ကနတ်သမီးလေး ကျနေတာပဲ''





မော်ကြီးနဲ့လှဲလှဲက ဝေ့တစ်ကိုယ်လုံး အပြန်ပြန်အလှန်လှန် ကြည့်ပြီး ချီးမွမ်းနေတော့ ဝေ ကျေနပ်နေသည်။ သူတို့မျက်ဝန်းတွေထဲတွင် ဆံဖျားမှခြေဖျားထိ ဝေ ဆင်မြန်းထားတာတွေကိုကြည့်ပြီး သွားရည်ကျနေကြသည်။

ဝေ ဝတ်ထားသော ဇာသည် တစ်ကိုက်ကို သောင်းချီပေးရသောဇာဖြစ်ပြီး မေမေတို့ဆိုင်ဘေးနားရှိ အသိတစ်ယောက် ဩစတြေးလျမှပါလာသော ဇာဖြစ်သည်။ ချုပ်ခသည်ပင် တော်တော်ပေးရသည်ဟု မေမေပြောသည်။

''နင့်အင်္ကျီလေးက တော်တော်တန်ဖိုးကြီးမယ်နော်''

''ရယ်ဒီမိတ်လား ဝေ''

''မဟုတ်ဘူး ပိတ်စဝယ်ပြီးချုပ်တာ''

''နင့်ကိုယ်လုံးလေးနဲ့ ချပ်ကပ်နေတာပဲ ဝေရယ်၊ အမှန်မှာ နင်ကကြီးလာရင် မီဒီယိုမင်းသမီးလုပ်ရမှာ''

''ငါ ဝါသနာမပါပါဘူးဟာ၊ အင်္ကျီလှတာလည်း ချုပ်တဲ့သူတော်လို့ပါ၊ မင်းသမီးတွေအင်္ကျီကိုချုပ်တဲ့သူဆိုတော့ ပုံကျတာပေါ့''

ဝေက ကိုယ့်အင်္ကျီကိုယ် ငုံ့ကြည့်ရင်း ကျေနပ်သလို ပြောလိုက်သည်။

တကယ်လည်း လက်ရာကောင်းသည့်ပုံစံလေးဖြစ်ပါသည်။ လက်တစ်လုံးစာရှိသော ပခုံးကြိုးလေးပေါ်တွင် ရွှေရောင်ပန်းပွင့်လေးတွေကပ်ထားသော ကိုယ်ထည်ကတော့ အထပ်အထပ်တွေနှင့်ဖြစ်သည်။ ကြိုးသိုင်းတစ်လက်မခေါက်ဆင်ဖွယ်ရောင် ဖိနပ်ကလေးကလည်း ဝေ့ခြေထောက်နှင့် အံဝင်လိုက်သည်ဟု အားလုံးက ပြောကြသည်။ အဖြူရောင်ပေါ်တွင် ပုလဲလုံးသေးသေးလေးများဖောက်ထားသော လက်ကိုင်အိတ် လက်တင်ပါးစာလေးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဝေက ဟန်ပါပါကိုင်ထားသေးသည်။

တစ်ဆယ့်နှစ်နှစ်သာ ရှိသေးသော ဝေက အပျိုကြီး စတိုင်ဖမ်းထားတာကို လူကြီးတွေချစ်စနိုးကြည့်နေကြသလို ဝေတို့ ပတ်ဝန်းကျင်လူငယ်တွေကတော့ အားကျသည့်အကြည့်တွေနှင့် ကြည့်ကြသည်။

ထူးထူးခြားခြား ရောင်စဉ်တစ်ယောက်သာ မှုန်ကုပ်ကုပ်မျက်နှာကြီးနှင့် ဝေ့ကိုလည်း မျက်လုံးချင်းဆုံကြည့်မခံပါ။ ရောင်စဉ် ဘာတွေဖြစ်နေတယ်ဆိုတာ ဝေ သိသားပဲ။ ဝေ လှတာကို မနာလိုတွေဖြစ်နေသည့်အပြင် ဝေ့အား ဝိုင်းချီးကျူးကြသူတွေအားလုံးကိုလည်း မကြည်မလင်ဖြစ်နေတယ်ဆိုတာ။

"ဟဲ့ နင့်မျက်နှာက ဘာဖြစ်လို့ စူပုပ်မှုန်ကုတ်နေရတာလဲ"

"ငါ့ဟာငါ ဘယ်လိုနေနေ နင် အနေသာကြီးပါ"

"တခြားနေရာမှာဆိုရင်တော့ ငါ အနေသာကြီးပါ၊ အခုဟာက ငါ့မွေးနေ့ပွဲမှာလေ၊ ကျက်သရေမရှိတဲ့ နင့်ရုပ်ကြီးကို အခုပြင်လိုက်"

"နင် ငါ့ကို အမိန့်ပေးနေတာလား ဝေ"

ရောင်စဉ်က ပိုပြီးမှုန်ကုတ်စွာမေးတော့ ဝေ ပခုံးတွန့်လိုက်၏။ မော်ကြီးနဲ့လုံ့လုံ့ကတော့ ပါးစပ်ပိတ်ပြီး စပ်ဖြဲဖြဲဖြစ်နေကြသည်။ ရောင်စဉ်ကလည်း အိမ်မှာအငယ်ဆုံးဖြစ်သည့်အတွက် နည်းနည်းလေးမှ အကြောခံတတ်သူမဟုတ်ပါ။ ဝေ့တစ်ယောက်ကိုသာ ငယ်သံယောဇဉ်နှင့် မဆိုသလောက်ကလေး သည်းခံခြင်းဖြစ်သည်။

"ကဲပါဟယ် နင်တို့ကလည်း ဒါ ရန်ဖြစ်ရမယ့်အချိန်မဟုတ်ပါဘူး"

"ငါက မဖြစ်ချင်ပေမယ့် သူ့ပုံကိုကြည့်ပါလား"

ဝေက မျက်စောင်းထိုး နှုတ်ခမ်းချွန်ပြီးပြောတော့ မော်ကြီးက မျက်စိတစ်ဖက်မှိတ်ပြပြီး





"နင်က ဟုတ်လည်းဟုတ်တာပဲ ရောင်စဉ်ရယ်၊ ဘာလဲ ဝေ လှတာ မနာလိုဘူးလား"

မော်ကြီး အမေးကို ဝေက ခေါင်းလေးညိတ်ပြတော့ ရောင်စဉ့် အကြည့်နှင့် တန်းတိုး၏။ ဝေက လူမိသွားသည့်အတွက် ရောင်စဉ့်ကို လျှာထုတ်ပြလိုက်သည်။

"သူ့ဟာသူ လှလှ မလှ,လှ ငါ မနာလိုစရာမရှိပါဘူး။ ဒါပေမဲ့ ငါ မသိလို့တစ်ခုလောက် မေးချင်တယ်"

ဝေက ဘာလဲဆိုသောအထာမျိုးနှင့် မျက်စောင်းထိုးလိုက်သည်။

ရောင်စဉ်သည် ဝေ အသည်းယားအောင် ရယ်လိုက်ပြီးမှ

"ယောက်ျားတွေကို စိတ်မဝင်စားဘူးဆိုတဲ့သူက ဘာလို့ သိပ်လှချင်လဲဆိုတာပါ" ဂမ္

ရောင်စဉ် ပြောလိုက်ပုံကြောင့် ဝေသည် မျက်နှာတစ်ပြင်လုံး ရဲရဲတွတ်သည်အထိ ရှက်သွားမိသည်။

"ဟဲ့ ခွေးကောင် မွေးနေ့ပွဲလုပ်တာဟဲ့၊ ဒီလောက်တော့ ဝတ်ရတာပေါ့၊ နင် မနာလိုဖြစ်ရင်ဖြစ်တယ် ပြောစမ်းပါ"

"နိုး နိုး ငါ အသက်ကြီးလို့ မိန်းမယူရင် နင့်လိုမကြီးကျယ်ကို လုံးဝမယူဘူး"

"အေး ငါကလည်း နင့်လိုစိတ်ပုတ်စိတ်ယုတ်ရှိတဲ့ ကျက်သရေတုံး နင့်ကို တော့တာပဲ"

ပြောပြီးတာနှင့် ဝေက ဂါဝန်လေးမ,ကာ ရောင်စဉ့်နားက ထွက်လာခဲ့သည်။ ဒါပေမဲ့ ရောင်စဉ့်ရယ်သံကြီးကတော့ ဝေ့နား ကပ်ပါလာသည်။

"ဘာတွေ ပွစိပွစိ ရေရွတ်နေတာလဲ သမီးလေးရဲ့"

"ရောင်စဉ်ပေါ့ မေမေရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ရောင်စဉ်ကြောင့် ဟုတ်လား၊ မောင်လေးက ဝေ့ကို ဘာလုပ်လို့လဲ"

မေမေ မမေးခင် မေမေနှင့်စကားပြောနေသော ရောင်စဉ် အစ်မက မျက်လုံးအပြူးသားလေးဖြင့် မေးနေ၏။

"မလုပ်ပါဘူး"

"ဟယ် မလုပ်ဘဲနဲ့တော့ တို့ညီမလေး ဒီလောက် စိတ်မဆိုးပါဘူး။ ပြောစမ်း ပြောစမ်း တစ်ခုခုမလုပ်ရင်တော့ တစ်ခုခုပြောလို့ဖြစ်မယ်"

"မဟုတ်ပါဘူး မမသင်းရဲ့၊ ဝေ မခံချင်အောင် လိုက်စနေလို့"

"ဖြစ်မယ် အဲဒီလိုပဲဖြစ်မယ်လို့ ထင်သားပဲ"

မေမေနဲ့ရောင်စဉ်အစ်မနှစ်ယောက် ဝေ့ကိုကြည့်ပြီး ရယ်ကြတော့ သူတို့နားကလည်း ဝေ ထွက်လာခဲ့သည်။ ဝေ့ကိုကြည့်ပြီး ရောင်စဉ်နဲ့လဲ့လဲ့တို့နှစ်ယောက် အတင်းတုတ်နေကြသည်။

ဝေ မွေးနေ့ကိတ်လှီးတော့ ထုံးစံအတိုင်း ဖေဖေ မေမေကို ခွံ့ကျွေးပြီးတာနှင့် ရောင်စဉ်ပဲဖြစ်သည်။ ဝေ ခွံ့ကျွေးသော မွေးနေ့ကိတ်ကို ရောင်စဉ်က ဖြိန်းဖြိန်းယှက်ယှက်ကြီးဝါးပြကာ ဝေ့ကို စူးစူးနင့်နင့်ကြည့်နေတာသည် ဘာ အဓိပ္ပာယ်မှန်း မခွဲခြားတတ်ပါ။

ဓာတ်ပုံတွေ အတူတူရိုက်ကြပြန်သည်။ သူငယ်ချင်းမော်ကြီးနဲ့ လဲ့လဲ့က မွေးနေ့ပွဲပြီးမှ လက်ဆောင်ပေးကြတာ ထုံးစံလိုဖြစ်နေ၏။ အခု လည်း ဝေ့ မွေးနေ့ပွဲပြီးသွားပြီး ပြန်ခါနီးမှ လက်ဆောင်ကိုယ်စီပေးကြသည်။

"ဟဲ့ ရောင်စဉ် ဘယ်မှာလဲ ငါ့အတွက် မွေးနေ့လက်ဆောင်"

"ငါ့အစ်မတွေ ပေးပြီးပြီမဟုတ်လား"

"အမြဲတမ်းပဲ အစ်မတွေကို အားကိုးနေတယ် ဟုတ်လား။ အလ





ကားကောင်"

ဝေက မဲ့ရွဲ့ပြီး ဟန်နှင့်ပန်နှင့်ပြောတော့ ဖေဖေ မေမေနဲ့ ရောင်စဉ် အစ်မနှစ်ယောက် ဝိုင်းရယ်ကြသည်။

"နင်ကလည်း ငါက ဝင်ငွေမှမရှိတာ"

"လဲ့လဲ့တို့ကရော ဘယ်ကဝင်ငွေရှိလို့လဲ၊ ဒီလိုပဲ မုန့်ဖိုးထဲက စုပြီး ပေးရတာပေါ့"

"အေးပါ အေးပါ ဒီနှစ်တော့ ခွင့်လွှတ်ပေးပါဟာ၊ နောက်နှစ်ကျရင် ငါ့မုန့်ဖိုးကိုစုထားပြီး နင့်အတွက်မွေးနေ့လက်ဆောင်ဝယ်ပေးမယ် နော်"

"တော်ပါပြီ မယူတော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ဘူး"

ဝေက ဒါပဲပြောပြီး မော်ကြီးနှင့်လဲ့လဲ့ကို တစ်ယောက်တစ်ဖက် ခါးဖက်ပြီး ရောင်စဉ်နားက ထွက်လာခဲ့သည်။

"နင့်အမေက ရောင်စဉ်ကို တော်တော်ချစ်ပုံရတယ်နော် ဝေ"

"အင်း"

"ဝေ့အမေတင်မဟုတ်ဘူး၊ ရောင်စဉ်အစ်မနှစ်ယောက်ကလည်း ဝေ့ကို ချစ်တာပါပဲ"

ဒါကိုလည်း ဝေက ခေါင်းညိတ်ထောက်ခံလိုက်သည်။

"နင်တို့နှစ်ယောက်ကို ကြီးလာရင် ပေးစားကြဖို့များ ရည်ရွယ်ထားလား မသိဘူးနော်"

"ပေါက်ကရဟယ် ဟုတ်လည်း ငါက ရောင်စဉ်လိုလူမျိုးကို မကြိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဝေရဲ့၊ ရောင်စဉ်က ချောပါတယ်၊ နင်နဲ့လည်း လိုက်တယ်"

"ချောတိုင်း ကြိုက်ရမလားဟဲ့"

"ရုပ်ဆိုးတာထက်စာရင် ချောတာ ပိုမကောင်းဘူးလား။ အတန်းထဲက ညိုညိုမြင့်ဆို ရောင်စဉ်နာမည်ကို ပါးစပ်ကမချဘူး။ နိုးကြည့်ရတာလည်း အမော"

"ဘယ်သူအထင်ကြီးကြီး ငါကတော့ မကြီးရေးချမကြီးပဲ၊ တော်ကြတော့၊ နင်တို့ကို လိုက်ပို့ပေးလိမ့်မယ်နော်"

လှဲ့လှဲ့တို့နှစ်ယောက် မကျေမနပ်နှင့် ဒါရိုက်ဘာကြီး အသင့်စောင့်နေသော ကားပေါ်တက်သွားကြသည်။ တစ်ယောက်တည်း ကျန်ခဲ့သော ဝေက ရောင်စဉ်ရှိနေသည့်အတွက် မေမေတို့ပိုင်းနားလည်း မသွားတော့ပါ။ လှဲ့လှဲ့ပြောသွားသော စကားအတွက်သာ ရင်ထဲမှာ နိုးလိုးနုလုကြီးဖြစ်နေရသည်။

*လှဲ့လှဲ့တို့ပြောသွားသော ညိုညိုမြင့်က အရာရှိကြီးတစ်ယောက်*၏သမီးဖြစ်ပြီး ဆံပင်ကောက်ကောက်လေးနှင့် ဘိုမလေးတစ်ယောက်လို ချစ်စရာကောင်းသည်။ ပိုက်ဆံချမ်းသာသည့်အတွက် သုံးနိုင်ဖြုန်းနိုင်ပြီး သူငယ်ချင်းတွေအပေါ် ရက်ရောသော ညိုညိုမြင့်ကို အတန်းသားအားလုံးကခင်ကြသည်။ ညိုညိုမြင့်နှင့်ယှဉ်လျှင် ဝေက လူချစ်လူခင်မများပါ။

ဝေ ကိုယ်တိုင်လည်း ရောင်စဉ်တို့အုပ်စု ညိုညိုမြင့်နား ရစ်သီရစ်သီ လုပ်နေတာ သုံးလေးခါလောက် တွေ့ဖူးထားသည်။

"ဝေရေ ညီမလေး သွားမယ်နော်"

ဝေ စဉ်းစားခန်းဝင်နေစဉ်မှာပဲ ရောင်စဉ်အစ်မနှစ်ယောက် ပြန်ဖို့နှုတ်ဆက်တော့ သူက ပါးစပ်ဖြဲဖြဲနှင့်ကြည့်နေ၏။





"ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ် မမတို့"

"ဝေက သိပ်စကားတတ်တာပဲ"

"ဟုတ်တယ် မမကြီးရေ့ ဒါကြောင့်ပဲ မလတ်တို့က ဝေလေးကို ချစ်နေရတာပေါ့"

"ဒါပေါ့ ဒါပေါ့"

အစ်မနှစ်ယောက်လုံး နှုတ်ဆက်ပြီး ထွက်သွားသည်အထိ ရောင်စဉ်က လိုက်မသွားဘဲ ဝေ့နားမှာ ရပ်နေ၏။ ဝေ မသိဟန်ဆောင်နေလို့ မရတော့ပါ။

"ဟဲ့ သွားလေ"

"ဘယ်ကိုသွားရမှာလဲ"

"ပြန်ပေါ့၊ နင့်အစ်မတွေလည်း ပြန်သွားပြီ၊ မွေးနေ့ပွဲလည်း ပြီးပြီ၊ ဒီတော့ နင်ပြန်ဖို့ပဲ ရှိတော့တယ်"

"ပြန်ပါမယ်ဟာ ရော့"

"ဘာလဲ ဒါက"

ဝေက တစ်ပေပတ်လည် စက္ကူဘူးလေးအား မျက်မှောင်ကုတ်ကြည့်ပြီး မေးနေ၏။

"ရော့ပါ ယူပါ၊ ငါ့မုန့်ဖိုးတွေစုပြီး နင့်မွေးနေ့အတွက် လက်ဆောင်ပေးတာ"

"နင် တကယ်ပြောတာလား"

"တကယ်ပေါ့"

ဝေက လှမ်းယူပြီး

"အဲဒါ ဘာလဲဟင်"

"နောက်မှ နင့်ဟာနင် ဖွင့်ကြည့်ပေါ့၊ ကဲ ငါသွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရောင်စဉ်က ပြောပြီးတာနှင့် တစ်ချိုးတည်း လစ်ပြေးသွားပါတော့သည်။ ရောင်စဉ် ပေးသွားသော လက်ဆောင်ထုပ်ကလေးကို ကြည့်ပြီး ဘာများလဲဟု ဝေ သိချင်နေမိသည်။ ဘာလက်ဆောင်ပဲဖြစ်ဖြစ် ရောင်စဉ် ပေးသော လက်ဆောင်ဖြစ်သည့်အတွက် ဝေ ကျေနပ်ပါသည်။

စောစောက နိုးလိုးနလုဖြစ်နေတာတွေ ဘယ်ဆီရောက်သွားမှန်း မသိတော့ပါ။

ဝေသည် ရောင်စဉ့်လက်ဆောင်ထုပ်လေးပိုက်ပြီး အခန်းထဲပြေးဝင်လာခဲ့သည်။

■ ■ ■

## အခန်း (၃)

နောက်တစ်နေ့ စနေနေ့ကျောင်းပိတ်ရက်မှာတော့ ခြံထဲရှိ ခုံတန်းရှည်လေးပေါ်မှာ ဝေ စာဖတ်နေသည်။ ဝေ့ဘေးမှာတော့ ရောင်စဉ် မွေးနေ့လက်ဆောင်ပေးထားသော ဘိုမရုပ်လေး ရှိနေ၏။ စာကျက်ရင်းနှင့် ဘိုမရုပ်ကလေးအား ဝေ ကြည့်လိုက်သည်။ ဘိုမရုပ်လေး၏ မျက်နှာအစား ညှိုညှိုမင်းမင်းမျက်နှာကိုသာ မြင်ယောင်နေတော့ ရောင်စဉ့်ကိုသာ စိတ်ရှိရှိနဲ့ မေတ္တာတွေပို့နေပါတော့သည်။

"ဟဲ့ တစ်ယောက်တည်း ဘာတွေဒေါ်ပွနေတာလဲ"

"အမလေး"

ဝေ ဘယ်လောက်ထိတောင် အတွေးတွေလွန်နေလဲမသိ။ ရောင်စဉ် လာတာလည်း မမြင်။ အနားရောက်သည့်အထိလည်း မမြင်သေးဘဲ အသံပေးလိုက်မှပင် လန့်ဖျပ်သွားသည်။

"နင်ကလည်းဟယ် အသံလေး ဘာလေး မပေးဘူး"

"နင်က ဘာတွေစိတ်ကူးယဉ်နေလို့ ငါတစ်ယောက်လုံး လျှောက်

www.burmeseclassic.com



လာတာတောင် မမြင်ရတာလဲ''

ရောင်စဥ်က အမေနှင့်အတူ ဝေ့ဘေးမှာချထားသော ဘိုမရုပ်ကလေးအား မြင်သွားသည်။ ဘိုမရုပ်ကလေးအား ကောက်ယူပြီး သူက ဘိုမရုပ်ကလေးနေရာမှာ ထိုင်ချလိုက်သည်။

''စာကျက်နေတာလား ဝေ''

''အင်း''

''ငါပေးတဲ့လက်ဆောင်အရုပ်လေးကို နင် မကြိုက်ဘူးလား''

''ကြိုက်ပါတယ်''

''နင် အရမ်းကြီး မကြိုက်ဘူးမလား''

''ညိုညိုမြင်း မျက်နှာနဲ့သာ မတူရင် ဒီအရုပ်ကလေးကို ငါ အရမ်းသဘောကျမှာ''

''ဟမ် နင် ဘာပြောလိုက်တယ် ဝေ''

ရုတ်တရက်မို့ ရောင်စဥ်က ဝေ ပြောလိုက်တာကို နားလည်ပုံမရ။

''အဲဒီ အရုပ်ကလေးမျက်နှာကို နင် သေသေချာချာကြည့်စမ်း။ ဘယ်သူနဲ့ တူလဲလို့''

''ဘယ်သူနဲ့တူလို့လဲ၊ အဲ ငါ သတိရပြီ၊ နင် စောစောက ပြောလိုက်တယ်နော်၊ ညိုညိုမြင်း မျက်နှာနဲ့သာမတူရင် နင် ကြိုက်မှာလို့ ဟုတ်တယ်မလား ဝေ''

ဝေ ခေါင်းညိတ်လိုက်သည်။

''ဒီအရုပ်မျက်နှာနဲ့ ညိုညိုမြင်း မျက်နှာက တူလို့လား''

''တူတာပေါ့၊ တစ်ရုပ်တည်းပဲ၊ နင် မတွေ့ဘူးလား။ တမင် နင် ရွေးဝယ်တာမလား''





''ကြွကြွဖန်ဖန်ဟာ ငါက ဘာလို့ ညိုညိုမြင်းနဲ့တူတဲ့ အရုပ်ကို ဝယ်မှာလဲ''

''ဒါတော့ မသိဘူးလေ''

''ဘာလဲ နင် မကြိုက်ဘူးလား။ နင် မကြိုက်ရင်ပြန်ပေး၊ နင် ကြိုက်တာတစ်ခုခု ဝယ်ပေးမယ်''

စိတ်မြန်သည့်ရောင်စဥ်က အရုပ်ကလေးကို ယူလိုက်တော့ ဝေ ကမန်းကတန်းပင် ပြန်လုလိုက်သည်။

''နင်က ဒီအရုပ်ကို ဘာလုပ်မလို့လဲ''

''ဘာမှမလုပ်ဘူးလေ၊ အိမ်မှာ အလှထားမှာပေါ့''

''ဘာလို့ထားရမှာလဲ၊ နေပစေတော့ ငါ ဒီအရုပ်ပဲ ယူတော့မယ်''

ဝေက ရောင်စဥ် ပြန်လုမှာစိုးပြီး ဘိုမ ရုပ်ကလေးအား ကျစ်ကျစ်ပါအောင် ဖက်ထားလိုက်သည်။ အမျိုးမျိုးပဲဆိုသော သဘောနှင့် ဝေ့ကို ရောင်စဥ် ကြည့်နေ၏။

''နင့်အရုပ်အကြောင်းပြောရတာနဲ့ ပေးရင်းကိစ္စတောင် မေ့နေတယ်''

''ဘာလဲ''

''အိမ်မှာ အုန်းထမင်းနဲ့ကြက်သားချက်လို့ နင့်ကို ငါ့အစ်မတွေက ခေါ်ခိုင်းလိုက်တယ်''

''ငါ မစားတော့ပါဘူးဟာ၊ စာမေးပွဲဖြေခါနီးမို့ အုန်းထမင်း စားရဲဘူး။ အပူရုပ်မှာကြောက်တယ်၊ နင့်အစ်မတွေကိုတော့ အဲဒီလို မပြောပါနဲ့၊ ငါ စာကျက်နေတယ်လို့ပဲ ပြောလိုက်နော်''

ဝေ့အကြောင်းကိုသိသော ရောင်စဥ်က ခေါင်းလေးပဲ ညိတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

"နှင် အရမ်းစာကြိုးစားတာပဲနော် ဝေ"

"ကြိုးစားရတာပေါ့ဟ၊ ငါ ဆရာဝန်ဖြစ်ချင်တာ နှင်သိသားနဲ့"

"အေးပါ အေးပါ ဒါဆို ငါသွားပြီ"

"ရောင်စဉ်"

"ဟင်"

"စာမေးပွဲက အရမ်းနီးကပ်နေပြီနော်၊ စာလည်းကြိုးစားဦး"

"အေးပါဟယ် နှင့်လိုထူးထူးချွန်ချွန်တော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့ ပိုင်ပါတယ်"

ဝေ ထပ်ပြောမှာကို မစောင့်တော့ဘဲ ရောင်စဉ် သွားဖို့ ခြေလှမ်းလိုက်၏။

"ဒါနဲ့ နှင့်ကို မေးရဦးမယ်"

"ဘာလဲ"

"ညိုညိုမြင့်ကို နှင် မုန်းလား"

"ငါက ဘာဖြစ်လို့ ညိုညိုမြင့်ကို မုန်းရမှာလဲ"

"မသိဘူးလေ ညိုညိုမြင့်မျက်နှာနဲ့တူတဲ့ ဘိုမရုပ်ကလေးကို သဘောမကျဘူးဆိုလို့ပါ"

"ဒါလား ဒါက"

ဝေ ဘာဆက်ပြောရမှန်း မသိရသည့်ကြားမှာ ရောင်စဉ် စပ်ဖြဲဖြဲကြည့်သွားသော အကြည့်ကြောင့် ဘာကိုဒေါသဖြစ်မှန်းမသိတော့ စိတ်ရှုပ်ရှုပ်နှင့် ဝေ စာထဲလည်း စိတ်မဝင်စားတော့ပါ။

ညနေပိုင်းမှာ ဝေတစ်ယောက်တည်း လှဲ့လှဲ့တို့အိမ်ရောက်သွားသည်။ ဝေက ရောင်စဉ်ပေးသော ဘိုမရုပ်ကလေးနှင့်ပတ်သက်ပြီး လှဲ့လှဲ့





ကိုပြောပြလိုက်သည်။

"လက်စသတ်တော့ နှင်က ရောင်စဉ်ကို ညိုညိုမြင့်နဲ့ သဝန်တိုနေတာပဲ ဝေ"

လှဲ့လှဲ့ ထိုကဲ့သို့ စွပ်စွပ်စွဲစွဲပြောတော့လည်း ဝေ ရှက်သွားမိသည်။

"နှင်ပြောတဲ့သဘောက ငါက ရောင်စဉ်ကို ကြိုက်နေတယ်လို့ ပြောတာပေါ့"

"မဟုတ်လို့လား"

"ဘာလို့ ဟုတ်ရမှာလဲ၊ ငယ်ငယ်လေးတည်းက အတူတူနေလာတဲ့ သံယောဇဉ်ပဲရှိတယ်"

"နှင် တကယ်ပဲ ညိုညိုမြင့်နဲ့သဝန်မတိုဘူးပေါ့"

"လုံးဝပဲ"

"နှင်ကသာ ငြင်းနေတာ ရောင်စဉ်ကတော့ နှင် သူ့ကိုတစ်ဖက်သတ်စိတ်ဝင်စားနေတယ်လို့ ကျိန်းသေထင်သွားပြီ"

"သူ့ဟာသူ ထင်ထင်ပေါ့"

ပေါ့ပေါ့တန်တန်သာ ဝေ ပြောလိုက်သော်လည်း ရောင်စဉ် အဲဒီလို ထင်သွားမှာကို အရမ်းရှက်နေမိသည်။

"အခုနေ ရောင်စဉ်ကို စိတ်မဝင်စားလည်း တစ်ချိန်ချိန်တော့ နှင် စိတ်ဝင်စားလာမှာပါ၊ နှင် သိပ်မမူနဲ့နော် ဝေ၊ ရောင်စဉ်က ကျောင်းမှာဆို မင်းသားပဲ၊ အခုတည်းက ရောင်စဉ်ကို စိတ်ဝင်စားတဲ့ကောင်မလေးတွေအများကြီး"

"နှင် ဘာတွေလျှောက်ပြောနေတာလဲ လှဲ့လှဲ့ရယ်၊ ရောင်စဉ်ကို ငါ သဝန်လည်းမတိုဘူး၊ ဘယ်တော့မှလည်း စိတ်ဝင်စားလာမှာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] [illegible] [illegible]ဘူးဆိုသည့်သဘောမျိုးနှင့် နှုတ်ခမ်း [illegible] [illegible]ကာ ဝေ ပြန်လာတော့ ရောင်စဉ်နဲ့ပတ်သက်သော အတွေးတွေ တစ်ပုံကြီးပါလာသည်။ ရောင်စဉ်ကို ရှိုးရိုးသားသား သံယောဇဉ်တွယ်တာလား။ တကယ်ပဲ တခြားကောင်မလေးတစ်ယောက်နှင့် သဝန်တိုတာလားဆိုတာတော့ ဝေကိုယ်ဝေလည်း မဝေခွဲတတ်ပါ။

■ ■ ■

## အခန်း (၄)

ဝေ ဆဌမတန်း စာမေးပွဲဖြေပြီး အောင်စာရင်းထွက်ခါနီးမှာပင် ဦးနောက်သွေးကြောပေါက်ပြီး ဖေဖေ ဆုံးသွားသည်။ ရုတ်တရက်ကြီး ဖြစ်သွားတာကြောင့် ဝေနဲ့မေမေ ဘယ်လိုမှ ဖြေမဆည်နိုင်ခဲ့ပါ။

ဖေဖေ့နာရေးမှာပင် ဝေ မမြင်ဘူးသော မေမေ့ရဲ့တစ်ဦးတည်းသော အစ်ကိုကြီးနှင့် သူ့ဇနီးဆိုသူ ရောက်လာသည်။

မေမေတို့က မောင်နှမနှစ်ယောက်တည်းရှိပြီး ဘကြီးက မိဘသဘောမတူသည့်သူနှင့် အိမ်ထောင်ပြုသွားတော့ မေမေတို့မိဘတွေက အမွေဖြတ်စွန့်လွှတ်ထားကြသည်။ ယခု ဖေဖေ့နာရေးသတင်းတွေ့မှ ရောက်လာကြပြီး မောင်နှမနှစ်ယောက်. ပြန်ဆုံကြခြင်း ဖြစ်သည်။

ဘဘတို့ကလည်း မုန့်မျိုးစုံလုပ်ငန်းနှင့် တော်တော်ချမ်းသာနေသူများဖြစ်သည်။ ဖေဖေ့နာရေးသတင်းလာမေးရင်းနှင့်ပင် ဘဘနဲ့မေမေတို့မောင်နှမ ပြန်အဆက်အသွယ်ရသွားသည်။ မေမေ ပျော်နေတော့ ဝေလည်း အရမ်းပျော်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးမရှိသည့် ဘဘက တစ်ဦးတည်းသော တူမလေး ဝေ့ကို မြင်ကတည်းက သိပ်ချစ်သလို ဘဘမိန်းမ ကြီးကြီးတင်ကလည်း ဝေ့ကို ချစ်ပုံရသည်။

ဝေတို့အားလုံး စာမေးပွဲအောင်ကြသည်။ ထုံးစံအတိုင်း ဝေက အဆင့်တစ်။ ဒါပေမဲ့ ဖေဖေ့ကို သတိရနေသည့်အတွက် ခါတိုင်းနှစ်တွေလို ဝေ မပျော်ခဲ့။

ဝေတို့သတ္တမတန်းတက်တော့ မေမေလည်း ယခင် ဖေဖေ ရှိစဉ်က လို သွက်သွက်လက်လက် လှလှပပနှင့် ပြန်ဖြစ်သွားပြီ။ ဖေဖေ့အတွက် ခံစားနေရတာတွေကို အချိန်က ကုစားပေးလိုက်ပုံပင်။

ဝေ့ကို ဆရာဝန်သိပ်ဖြစ်စေချင်သော ဖေဖေ့ကို သတိရတိုင်း စာကိုပဲ ပိုကြိုးစားသည်။ ဝေ ထင်လို့ပဲလားမသိစွာ အခုတလော မေမေ့ ကိုကြည့်ရတာ ပိုပြီးအလှတွေပြင်လာသလိုပင်။

ဖေဖေရှိစဉ်က အဝတ်အစားဝတ်တာထက်ပိုပြီး ဆန်းပြားနေ သည်။ အရင်က သနပ်ခါးပါးပါးပေါ်မှာ ခရင်းပတ်တို့ နှုတ်ခမ်းနီအရောင် ဖျော့ဖျော့လေးတွေပဲဆိုးသော မေမေသည် အခုတော့ သနပ်ခါးလုံးဝ မလိမ်းဘဲ မျက်နှာကို ကာလာရောင်စုံခြယ်သကာ နှုတ်ခမ်းနီဆိုးလည်း အနီရဲရဲတို့ ကြက်သွေးရင့်ရင့် လိမ္မော်ရင့်ရင့်စသည့် အရောင်ရင့်ရင့်တွေ ကိုမှ ဆိုးတတ်နေပြီ။

အကျီဆိုလည်း တီရှပ်ကိုယ်ကျပ် လည်ဟိုက်တွေသာ ရွေးဝတ် သည်။ ဒေါက်ပါသည့်ဖိနပ်ကို မုန်းတယ်ဆိုသော မေမေက အခုတော့ လည်း နှစ်လက်မအနည်းဆုံးရှိသော ချွန်ချွန်ဖိနပ်ကာလာစုံ ဒီဇိုင်းစုံကို နှစ်သက်စွာ စီးတတ်နေပြီ။

ဒါတွေက ဖေဖေမရှိမှ မေမေ ပြောင်းလဲလာတာတွေ ဖြစ်သည်။





ဒါကို ဝေတင်မက အားလုံးကလည်း သိကြသည်။ မေမေ ဘာဖြစ်လို့ ပြောင်းလဲသွားတယ်ဆိုတာ ဝေ သိချင်နေသည်။ အားလုံးတီးတိုး အတင်း ပြောကြသလို ပြောင်းလဲတာမဟုတ်ပါစေနဲ့ဟု ဝေ ဆုတောင်းနေမိသည်။

ဝေ့ ဆုတောင်း မပြည့်ခဲ့ပါ။

မေမေက သူမတို့ရတနာဆိုင်သေား ကျောက်မျိုးစုံရောင်းဝယ်ရေး ဆိုင်မှ ကိုမျိုးထွန်းဆိုသူနှင့် မေတ္တာမျှနေကြပြီ။ မေမေတို့ ဘယ်တုန်းက ဖြစ်နေကြလဲမသိပေမယ့် ဝေ ရိပ်မိနေတာတော့ လွန်ခဲ့သည့်တစ်ပတ် လောက်ကပင် ဖြစ်သည်။ မေမေညတိုင်းဖုန်းအကြာကြီးပြောနေတာလည်း လုပ်ငန်းနှင့်ပတ်သက်သည့်အကြောင်းတွေပဲ ဝေ ထင်ခဲ့တာပါ။

ဆယ့်ခြောက်နှစ်အရွယ် အပျိုဖြန်းလေးတစ်ယောက် လေသံ အတိုင်း အညှုအချွဲတွေနှင့် မေမေ တစ်ဖက်ကိုပြောနေတော့ ကိုယ့်နား ကိုယ် မယုံစွာ ဝေ အံ့သြမင်တက်ပြီး မေမေ့ကိုကြည့်နေမိသည်။

ဖုန်းပြောနေရာမှ ဝေ့ကိုတွေ့သွားသော မေမေသည် သွေးပျက် မတတ် တုန်လှုပ်သွားရင်း

''သမီး အသံမပေး ဘာမပေးနဲ့ ဘာလာလုပ်တာလဲ''

''မေမေ့အခန်းကိုလာတာ သမီးက အသံပေးရဦးမှာလား''

ဝေ့ရဲ့မျက်နှာပေးနှင့် ခပ်ဆတ်ဆတ် အပြောကြောင့် မေမေ့ မျက်နှာ မှုန်တင်းသွားပြီ၊

''ပေးရမှာပေါ့ အိမ်မှာက လူကပေါင်းစုံလေ၊ ကိုယ့်စီးပွားရေး ကိစ္စတွေ သူများကြားသွားရင် ဘယ့်နှယ်လုပ်မလဲ''

မေမေ့ရဲ့မဆီမဆိုင် ဖြေရှင်းချက်တွေကြောင့် ဝေက မျက်နှာ ထစ်ပြင်လို့၊ ရှုပ်ဆိုးအောင် မဲ့လိုက်သည်။ ဒီအိမ်မှာရှိသည့် မောင်နှင့် ထမင်းချက် အဒေါ်ကြီးက မေမေမခေါ်ဘဲ ဒီအခန်းကိုမလာကြပါ။ မေမေ



www.burmeseclassic.com

www.burmeseclassic.com



ပြောသည့် စီးပွားရေးကိစ္စတွေကလည်း သူတို့နှင့်မဆိုင်သည့်အတွက် စိတ်လည်းမဝင်စားပါ။

ဝေက ထပ်ပြီးအထွန့်မတက်ချင်တော့သဖြင့် လှည့်ထွက်ဖို့ပြင်လိုက်သည်။

"သမီးလာတာ ပြောစရာရှိလို့လား"

ဝေက ခြေလှမ်းကိုရပ်ရင်း မေမေ့ဆီသို့ ခေါင်းလေးဖြင့်သာ စောင်းငဲ့ကြည့်ကာ

"ဆရာကန်တော့ပွဲအတွက် ပိုက်ဆံလာတောင်းတာပါ"

"အဲဒါဆိုလည်း မတောင်းဘဲ ဘာလို့ ပြန်ထွက်သွားရတာလဲ ဝေရယ်"

မေမေက မျက်နှာကြီးမှုန်ကုပ်ပြီး အပြစ်တင်ရင်း လက်တစ်ဖက်ကလည်း လက်ဖွေ့အိတ်ကြီးကို လှမ်းယူနေ၏။ ကျန်လက်တစ်ဖက်ကတော့ ဖုန်းကိုင်ထားဆဲဖြစ်ပြီး ဖုန်းကိုမပိတ်သေးပါ။

"ရော့ ရော့"

ထောင်တန်တွေ အထပ်လိုက်လှမ်းပေးပြီး

"လိုအပ်ရင်လည်း လိုအပ်တာကိုပြောမှသိမှာပေါ့အေ၊ မိဘကို အောက်ကျတယ်ထင်ရင်လည်း ကိုယ့်အရည်အချင်း ဘယ်လောက်ရှိတယ် ဆိုတာ ဆန်းစစ်ဦး"

ဝေ တင်းခနဲဖြစ်သွားပေမယ့် မအေဆိုသည့်အသိကြောင့် ပြန်ငြင်းလျှော့လိုက်ပါသည်။ / မေမေ ရှက်ရမ်းရမ်းနေတာ ဝေ သိသားပဲ။ ဖေဖေ ရှိစဉ်က ဝေသုံးဖို့မုန့်ဖိုးအပြင် ကျောင်းကိစ္စအတွက် လိုအပ်တာမှန်သမျှ ထည့်ဖို့ အသုံးလိုသည့်ပစ္စည်းဝယ်ဖို့ ဝေ့လက်ထဲ တစ်ခါမှ ပိုက်ဆံမပြတ်ပါ။

ကျောင်းတက်စကတော့ မေမေ ပေးထားပါသေးသည်။ နောက်





ပိုင်း ဝေ တောင်းမှပေးသည်။ မေမေသည် သမီးအတွက်လုပ်ပေးရမည့် ဝတ္တရားတွေကို မေ့နေပုံပင်။ ဒီပုံအတိုင်းဆိုလျှင်တော့ သမီးတစ်ယောက် ရှိတာပါ ကြာလျှင်မေ့သွားနိုင်သည်။

မေမေ့လက်ထဲက ပိုက်ဆံတွေယူပြီး ဝေ ခပ်တင်းတင်းမျက်နှာနှင့် အခန်းထဲက ထွက်လာခဲ့သည်။ မလှမ်းမကမ်းအရောက်မှာတော့ မေမေ့တံခါးပိတ်သံကျယ်ကျယ်သည် ဝေ့အသည်းနှလုံးကို နင်းချေလိုက်သလို ခံစားသွားရသည်။

တစ်ခုခုကိုသိနေခဲ့သော ဝေသည် နေရတာ ခါတိုင်းလို မပျော်တော့ပါ။ ဘာလုပ်လုပ်လည်း စိတ်ဝင်စားလို့မရ။ နောက်ဆုံး စာကျက်လို့လည်း အာရုံမရောက်တော့ပါ။

"နင် ငါ့ကိုဘာဖြစ်လို့ စောစောစီးစီး ဖုန်းဆက်ခေါ်တာလဲ ဝေ"

ရောင်စဉ်က စက်ဘီးလေးအား ဘီးလိမ့်ရုံနှင်းရင်း ဝေ့ဘက်ကို စောင်းငဲ့ကြည့်ကာ မေးနေ၏။

"ဟဲ့ ဝေ ငါမေးနေတယ်လေ၊ စက်ဘီးကရော ဘာဖြစ်လို့ မစီးဘဲ တွန်းနေရတာလဲ"

ဝေ ဘာမှပြန်မဖြေတော့ ရောင်စဉ်က စိတ်တိုသလို မျက်မှောင်ကြီးကုတ်ပြီး စက်ဘီးပေါ်က ဆင်းလိုက်သည်။

"နင် ဘာဖြစ်လို့လဲ ဝေ၊ မျက်နှာလည်းမကောင်းဘူး"

ဝေရဲ့မတုန်မလှုပ် အမူအရာကိုကြည့်ပြီး စိတ်တိုနေသော ရောင်စဉ်တောင် လေသံပျော့သွားသည်။

"ရောင်စဉ်"

"ပြောလေ၊ ငါ နားထောင်နေတယ်"

"ငါ့အမေနဲ့ပတ်သက်ပြီး နင် ဘာသတင်းတွေကြားထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှမကြားပါဘူး ဘာဖြစ်လို့လဲ''ဆိုသော ရောင်စဉ့်ပါးစပ်က ထိုစကားမျိုး ထွက်လာတာကို ကြားချင်တာပါ။ ဒါပေမဲ့ ရောင်စဉ်က ထိုသို့ပြောမလာသည့်အပြင် ခပ်လေးလေးသက်မကိုတောင် ချလိုက်သေးသည်။

''ရောင်စဉ် ပြောစမ်းပါဟာ၊ ငါ့အမေနဲ့ပတ်သက်ပြီး နင်ကြားထားတဲ့သတင်းတွေ''

''နင်ကရော ဘာတွေကြားထားလို့ သူများပြောတာတွေကို မယုံစမ်းပါနဲ့တော့''

''ရောင်စဉ်''

ဝေက စက်ဘီးကိုဆက်မတွန်းဘဲ ခပ်တင်းတင်းအသံနှင့် ခေါ်လိုက်တော့မှ ရောင်စဉ်က ဝေ့ကိုမကြည့်ဘဲ

''ဦးမျိုးထွန်းဆိုတဲ့လူနဲ့အကြောင်းလား''

''ဦးမျိုးထွန်းဆိုတဲ့လူနဲ့ဆိုတော့ နောက်ထပ် ဘယ်သူတွေရှိသေးလို့လဲ''

''ဟာ မဟုတ်ပါဘူး ဝေရယ်''

''ကဲပါ အဲဒီ ဦးမျိုးထွန်းနဲ့အကြောင်းပဲ ပြောပါဦး''

''နင့်အမေနဲ့ အဲဒီဦးမျိုးထွန်းက ဘာလိုလိုတွေဖြစ်နေကြပြီတဲ့''

သိပြီးသားပေမယ့် ရောင်စဉ် ပြောလိုက်တော့မှ ရင်ထဲက အမှုလုံးကြီး ဆောင့်တက်လာသလို ခန္ဓာကိုယ်တစ်ခုလုံးလည်း တောင့်တင်းသွားရသည်။

''နင် ဘယ်လိုလုပ်သိလဲဟင်''

''မမကြီးတို့ ပြောနေသံကြားတာ ငါ့ကိုတောင် နင့်ကိုသွား မပြောနဲ့မှာထားတယ်၊ ဒါပေမဲ့ နင် အရမ်းသိချင်နေတော့ ငါ မပြောဘဲ မနေနိုင်ဘူး





လေ၊ ဟို ငါပြောတယ်လို့ ဘယ်သူ့ကိုမှမပြောပါနဲ့နော်''

''အေးပါ ဒါပေမဲ့ နင်မပြောလည်း ငါသိပြီးသားပါ''

''နင့်ကို ဘယ်သူပြောတာလဲ ဝေ''

''ငါ့အမေ မဟုတ်တာလုပ်တဲ့အကြောင်း ငါ့ကိုဘယ်သူက ပြောမလဲဟာ၊ ငါ့ဟာငါသိတာ''

''နင် အရမ်းခံစားနေရလား ဝေ''

ဝေ ပုံစံကိုကြည့်ပြီး ရောင်စဉ်က ကြင်ကြင်နာနာလေး မေးနေ၏။ အမြဲတမ်း ပျော်ရွှင်ပြီး မြူးကြွသွက်လက်နေသော ဝေ့အကြောင်း ရောင်စဉ်က သိတာကိုး။

''ခံစားရတာမှ ဘယ်အရာနဲ့မှမတူပါဘူး၊ ငါ့မှာ ဖေဖေ့အတွက် အလွမ်းဝေဒနာတွေမသက်သာခင် မေမေရဲ့ဒီသတင်းဆိုးကြီးကြောင့် ငါ့နှလုံးသားမှာ ဒဏ်ရာတစ်သက်လုံး ရသွားပြီ''

''အန်တီနွယ် ဒီလောက်အထိ မိုက်မယ်တော့ မထင်ပါဘူး၊ နင့်ကို ငါတစ်ခုပြောမယ် ဝေ၊ အန်တီနွယ့်ကို ဒီအတိုင်းနေတာပဲ နင် မြင်ချင်တယ်မလား''

ဝေ မြန်မြန်ဆန်ဆန်ပဲ ခေါင်းညိတ်ပြလိုက်သည်။

''ဒါဆို အန်တီနွယ့်ကို အရင်အတိုင်းပဲ ဆက်ဆံ''

ရောင်စဉ်ကို ဝေ မျက်လုံးလေး လှန်ကြည့်လိုက်သည်။

မေမေ့ကို ဝေမျက်နှာချင်းမဆိုင်တာတွေ မဖြစ်မနေ မျက်နှာချင်းဆိုင်ဆုံတွေ့သည့်အခါမှာလည်း ရှုရှုဆောင့်ဆောင့် လုပ်တာတွေကို ရောင်စဉ်သိလို့ ပြောနေတာလား။ ဒါဆို မမနိုင် ပြန်ပြောတာဖြစ်မည်။

''နင့်ကို မမနိုင် ပြန်ပြောတာလား ရောင်စဉ်''

''ဘာမှတလွဲတွေ တွေးမနေနဲ့၊ ငါ့ကိုဘယ်သူမှ ပြောလို့မဟုတ်ဘူး ငါ့ဟာငါသိနေတာ၊ ငါ စဉ်းစားနေတာ သိလား၊ နင်သာ နင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



အကြောင့်သိရင် နင် အရမ်းပေါက်ကွဲမှာပဲလို့၊ တကယ်ဆို ဒါဟာ သမီးတစ်ယောက်ဖြစ်တဲ့ နင့်အဖို့ ပေါက်ကွဲသင့်ပါတယ်၊ ငါဆိုလည်း ဒီလိုပဲဖြစ်မှာပဲ၊ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်စမ်းဝေ၊ နင် အရမ်းဒေါသတွေဖြစ်ပြီး ပေါက်ကွဲပြရင် နင့်အမေ စိတ်ညစ်တော့ခံမှာမဟုတ် ဘူး၊ ဦးမျိုးထွန်းနဲ့ပဲ မြန်မြန်ယူလိုက်မှာ သေချာတယ်''

''ရောင်စဉ်ရယ် ငါ စိတ်ညစ်ပါတယ်ဆိုကာမှ နင်က စိတ်ညစ်စရာတွေ ထပ်ပြောနေတယ် ဟုတ်လား''

''ငါပြောတာက အဲဒီလိုဖြစ်တတ်တဲ့သဘောရှိတာမို့ နင် မပေါက်ကွဲဖို့ ပြောတာပါ''

''မရတော့ဘူး နောက်ကျသွားပြီ ရောင်စဉ်၊ ငါ ဒီအကြောင်းကို ရိပ်မိတည်းက မေမေနဲ့မျက်နှာချင်းမဆိုင်ဘူး၊ ဆိုင်ခဲ့ရင်လည်း သောင်းကျန်းပြလိုက်တယ်''

''အဲဒါ နင် မှားတာပေါ့ ဝေရယ်''

''မသိဘူးဟာ ငါ့အမေဟာ ဒီလိုမိန်းမစားဆိုတာ သိရတော့ ရှက်လည်းရှက်တယ်၊ ဒေါသလည်းဖြစ်တယ်''

ပြောရင်းနှင့် ဝေ့ပါးပေါ်သို့ မျက်ရည်တွေ တပေါက်ပေါက်ကျလာပါသည်။

''ဝေ မငိုပါနဲ့ဟာ၊ လမ်းမကြီးမှာ တိတ်နော်''

ပါးပြင်ပေါ်က မျက်ရည်တွေကို ခပ်ကြမ်းကြမ်းလေးပင် လက်ခုံနှင့် ဝေပွတ်သုတ်ပစ်လိုက်သည်။

''နင့်ကိုငါ တခြားစကားတွေနဲ့ မနှစ်သိမ့်တတ်ဘူး ဝေ၊ ငါ ပြောချင်တာကတော့ နင် အရင်လိုပဲ ပျော်ပျော်နေပါဟာ၊ အခုလိုပုံစံမျိုးနဲ့ နင့်ကိုမြင်ရတာ ငါ အရမ်းဝမ်းနည်းတယ်''





ငါ ဘယ်လိုပျော်ပျော်နေနိုင်တော့မှာလဲ ရောင်စဉ်ရယ်။

ဝေ ရင်ထဲကသာပြောလိုက်သည်။ မျက်ရည်ကြားက ဝေ ပြုံးလိုက်သည့်အပြုံးလေးကိုတော့ ရောင်စဉ် ကျေနပ်သွားမှာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ရောင်စဉ်ပြောသလို ဝေ နေကြည့်တော့ မေမေကတစ်ပြန် ခင်
တည်တည်ကြီးလုပ်နေသည်။ ဝေနဲ့မျက်နှာချင်းဆိုင်တိုင်းလည်း မေမေက
ရှုပုပ်ပုပ်မျက်နှာကြီးကို လွှဲသွားတတ်သည်။ ရောင်စဉ်ကတော့ မေမေ
နားလည်သွားမှာပါဟု အမြဲအားပေးသည်။

"မေမေ"

"ဝင်လာခဲ့"

မေမေ့အခန်းတံခါးကို ဝေ ခေါက်တော့ မေမေက ခပ်ပြတ်ပြတ်
အသံနှင့်ပြော၏။

"ဘာလဲ ပိုက်ဆံလိုလို့လား"

သူ့ရတနာပစ္စည်းတွေနှင့်အလုပ်ရှုပ်ရင်း မေမေက မကြည့်ဘဲ မေး
နေ၏။

ဝေ ပိုက်ဆံလိုလို့မဟုတ်ပါဘူး။ လွန်ခဲ့သည့်သုံးရက်ကမှ မုန့်ဖိုး
မှတစ်ဆင့် မေမေ ပေးနိုင်းထားသည်ပဲ။ အခုလာခဲ့ရတာကလည်း ဝေ





ကို အရဲစွန့်ပြီးမေးဖို့ဖြစ်သည်။

"ဟဲ့ ငါမေ့နေတယ်လေ မိဝေ"

အရင်က သိပ်ချစ်ခဲ့သော တစ်ဦးတည်းသော သမီးလေး ဝေ့
အပေါ် မေမေရဲ့ဆက်ဆံရေးတွေက အေးစက်စိမ်းကားနေပြီ။

"ပိုက်ဆံတောင်းမလို့ မဟုတ်ဘူး"

"ဒါဖြင့် ဘာကိစ္စလဲ"

အပြောစိမ်းစိမ်းတွေနှင့်အတူ အကြည့်စိမ်းတွေနဲ့ပါ မေမေ ကြည့်
နေ၏။

မေမေရဲ့အကြည့်တွေ အပြောတွေကြောင့် ဝေ ဘယ်လိုမှ မအေး
ချမ်းနိုင်တော့ပါ။ နဂိုတည်းက အေးစက်နေသော နှလုံးသားက မေမေ့ကြောင့်
ပိုပြီးမာကြောခက်ထန်သွားပြီ။ အခုချိန်မှာ ရောင်စဉ်စကားတွေကိုလည်း
သတိမရနိုင်တော့ပါ။

တခြားအပိုစကားတွေကိုလည်း ပြောမနေချင်တော့သည့်အတွက်
မေမေ ကြည့်သည့်အတိုင်း ဝေလည်း ပြန်ကြည့်လိုက်ပြီး

"ပြောစရာရှိလို့"

"အံမယ် ညည်းလေသံက မာလှချည်လား၊ ငါဟာ ညည်းအမေ
နော်"

"သိတယ် မေမေ၊ ဝေဟာ မရိုင်းပါဘူး။ ဒါပေမဲ့ ဝေ ရိုင်းတတ်
အောင် မေမေသင်ပေးနေတာ"

"ဘာပြောတယ် မိဝေ"

မေမေက ခါးထောက်ပြီး အသားကုန်ခြစ်အော်လိုက်သည်။

"ညည်းမျက်နှာသေးနဲ့လေသံတွေကို အခုပြင်လိုက်စမ်း မိဝေ"

"မေမေလည်း အရင်အတိုင်းပဲနေလေ၊ အဲဒါဆိုရင် ဝေလည်း



www.burmeseclassic.com

www.burmeseclassic.com



ပြင်မယ်''

''ဘာ ဘာပြောတယ်၊ ငါက ဘာဖြစ်နေလို့လဲ''

''မေမေနဲ့ ဦးမျိုးထွန်းကိစ္စလေ''

ဝေက ဖြောင့်ဖြောင့်ပြောချလိုက်တော့ မေမေတစ်ချက်သာ မျက်နှာပျက်သွားပြီး ခေါင်းကိုမော့လိုက်ကာ

''မောင်မျိုးထွန်းနဲ့ကိစ္စ ဘာဖြစ်လဲ၊ ဆက်ပြောစမ်းပါဦး''

''ရပ်တန်းက ရပ်လိုက်ပါတော့ မေမေ''

''အံမယ် ငါ့ကိုအမိန့်ပေးရအောင် ညည်းက အမေလား ငါက မဲ့အလား''

''ဒီကိစ္စမျိုးကို ဘယ်သားသမီးမှ လက်မခံနိုင်ဘူး မေမေ''

''လက်မခံနိုင်ဘူး ဟုတ်လား။ လက်မခံနိုင်ရင် ညည်း ဒီအိမ်ပေါ်ကသာ ဆင်းသွားတော့''

''မေမေ ဘယ်လိုပြောလိုက်တယ်''

ဝေ ကိုယ့်နားတောင် ကိုယ်မယုံပါ။ နားကြားလွဲတာတော့ လုံးဝမဖြစ်နိုင်စွာ ခါးထောက်ပြီး ခပ်မော့မော့မျက်နှာနှင့် မေမေက ဝေ့ကို သရော်နေသည်။ ရက်စက်လိုက်တာ။ ကိုယ့်ဘဝသာယာဖို့အတွက် သမီးအရင်းကိုတောင် ရက်ရက်စက်စက် အိမ်ပေါ်က နှင်ချသည်။ ဒီသာယာမှုသည် မေမေ့အတွက် ခဏပဲဆိုတာ မေမေ မစဉ်းစားမိဘူးလား။

ဝေ့မျက်စိထဲမှာ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့် ရုပ်ချောချော ဦးမျိုးထွန်းပုံသဏ္ဌာန်က ပျောက်ဖျက်လို့မရပါ။

ဝေ အံ့သြသည်။ အံ့သြတာမှ အရမ်းကိုအံ့သြရပါသည်။ အမှတ်မထင် မေမေ့ပါးစပ်က ထွက်သွားသော စကားလုံးတွေသည် တစ်ချိန်မှာ နောင်တမရပါစေနဲ့ဟု ဝေ ရင်ထဲကပဲ ဆုတောင်းလိုက်သည်။





''မေမေ နောက်ယောက်ျားယူဖို့အတွက် ဝေ့ကိုနှင်ချတယ် ဟုတ်လား''

''ဟုတ်တယ်အေ၊ ညည်း ဘာဖြစ်ချင်သလဲပြော''

ကျလာတော့မည့်မျက်ရည်တွေအား ဝေက မျက်တောင်ရှည်ကြီးတွေနှင့် ပုတ်ခတ်ထိန်းပြီး

''ဘဘနဲ့သွားနေမယ် ဖေဖေ့အတွက် ရသင့်တာတွေကိုပေးပါ''

မေမေက ဝေ့ကိုကြည့်ပြီး သရော်ကမော် ရယ်လိုက်ပါသည်။

''ညည်းအဖေဝေစုတင်မဟုတ်ဘူး၊ ညည်းအတွက် ရသင့်တာတွေပါ ပေးလိုက်ဦးမှာ၊ ညည်းစဉ်းစားဦးနော်၊ ညည်းဘဘက သွေးရင်းဖြစ်တဲ့ညည်းကိုချစ်ပေမယ့် သူ့မိန်းမက တစိမ်း''

''အဲဒါတွေ မေမေ ပူစရာမလိုပါဘူး''

''ကြော် ဒီလိုလား ရတယ်၊ မပူရတော့လည်း သက်သာတာပေါ့ တဲ့ပါ ညည်းကို လက်ခံ မခံ ဖုန်းအရင်ဆက်ကြည့်ပါဦး၊ လုပ်သင့်လုပ်ထိုက်တာလေးတွေ ကြိုတင်ပြင်ဆင်ထားရအောင်''

မေမေ့ကိုစိမ်းကားပြတ်တောက်စွာ တစ်ချက်ကြည့်ပြီး ဝေ ချာခနဲ လှည့်ထွက်ခဲ့သည်။ အမေရင်းမှ ဟုတ်ရဲ့လား။ ဒါမှမဟုတ် တကယ်စိတ်ပါ လို့ပြောနေတာမှ ဟုတ်ရဲ့လားဟု ဝေ သံသယဝင်သွားသေးသည်။

''တစိမ်းနဲ့မှ နေချင်ရင် သွားသာသွားဟေ့ မတားဘူး''

မေမေ လှမ်းအော်လိုက်သော စကားကြောင့် ဝေ နှာနှာကျင်ကျင် ပြုံးလိုက်သည်။

ဘဘမိန်းမ ကြီးကြီးတင်ကို မေမေရည်ရွယ်ပြီးပြောခြင်းဖြစ်သည်။ ကြီးကြီးတင်က တစိမ်းဆိုတော့ မေမေ မဖြစ်မနေယူမည့် ဦးမျိုး ထွန်းကရော ဘာလဲ။ အဲဒီတစိမ်းကမှ ဝေ့အတွက် အန္တရာယ်ပေးမည့် တစိမ်းဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မေမေ နည်းနည်းလေးမှ မတွေးမိဘူးလား။ မေမေ့အဖြစ်က ရေငတ်တုန်း ရေတွင်းထဲကျဆိုသည့်အဖြစ်မျိုး။ မအေဖြစ်သည့်အတွက် ဝေ ကျိန်းသေ ရဲရဲကြီးမှာ သိသည်။ ဒါပေမဲ့ ဘာမှမတတ်နိုင်စွာ ဝေကတော့ ပြောလို့ပြီးပြီ။

ဝေကလည်း မေမေ့သမီးပီသစွာ ချက်ချင်းပင် ဘဘဆီဖုန်း ဆက် အကျိုးအကြောင်းပြောတော့ အခုလာခဲ့မည်တဲ့။

အိမ်ပေါက်ဝကနေ ဘဘတို့ကို ဝေထွက်ကြိုနေလိုက်သည်။ နာရီ ဝက်မကြာပါ ဘဘတို့လင်မယား ရောက်လာသည်။

ဝေက ဘဘလက်မောင်းကိုချိတ်ပြီး ဧည့်ခန်းမှာ ထိုင်စေသည်။

''မမနိုင် မေမေ့ကိုသွားခေါ်ပေးပါ''

မမနိုင် ခေါင်းညိတ်ပြီး အိမ်ထဲဝင်သွားတော့ ဝေ့မျက်နှာကို ဘဘ ကြည့်လာပြီး

''ဘယ်လိုဖြစ်တာလဲ သမီးလေးရယ်''

ဝေ့နှုတ်ကထွက်တော့မည့် စကားတွေသည် လည်ချောင်းဝမှာ တင် တစ်ဆို့သွားပြီး မျက်ရည်တွေသာ ဒလဟော ကျလာပါသည်။

''ကိုကျော်ရယ် သမီးလေးကို မေးမနေပါနဲ့၊ နွယ်နွယ့်ကိုသာ မေးပါ''

ကြီးကြီးတင် အပြစ်တင်မှ ဘဘခေါင်းညိတ်ပြီး ဝေ့မျက်ရည် တွေကို သုတ်ပေးနေ၏။ ဘဘရဲ့အကြင်နာတွေကြောင့် ဝေ့ရင်ထဲမှာ ကြည်နူးမှုတွေ တစိမ့်စိမ့်ဖြာတက်လာသည်။ ဖေဖေ့ကိုလည်း သတိရသွား သည်။

''အစ်ကိုနဲ့မမ ရောက်လာကြပြီလား''

မေမေ အိမ်ထဲက ထွက်လာပြီး အမေးနှင့်အတူ ဆိုဖာတစ်လုံး မှာ ဝင်ထိုင်လိုက်သည်။





''ဘာတွေဖြစ်ကြတယ်ဆိုတာ ပြောစမ်းပါဦး နွယ်နွယ်''

ဘဘက ဘာနိဒါန်းမှမပျိုးဘဲ မေးလိုက်တော့ မေမေ မျက်နှာ ကြောတင်းတင်းနဲ့ ဝေ့ကိုကြည့်လာသည်။

''သူက နွယ်နဲ့မနေချင်ဘူးတဲ့''

''ဘာကြောင့်လဲ မအေနဲ့သမီး နှစ်ယောက်တည်းရှိတာ အသာ လွတ်ကြီး မနေချင်ဘူးဆိုတာတော့ မဖြစ်နိုင်ဘူး''

မေမေက ဖြေရှင်းချက်မပေးဘဲ ဝေ့ကိုလှမ်းကြည့်၏။

''ညည်းသမီးလေးကို ကြည့်မနေနဲ့ နွယ်နွယ်၊ ညည်းပါးစပ်က ပြောတာပဲ ငါကြားချင်တယ်''

''အစ်ကိုတို့တူမအကြောင်းစုံ ပြောပြထားပြီးပြီမလား''

''ညည်း အိမ်ပေါ်ကနှင်ချတာပဲပြောတာ၊ တခြားဘာမှမပြောဘူး''

''နွယ် အိမ်ထောင်ပြုတော့မလို့ အစ်ကို''

''ဘာ အိမ်ထောင်ပြုတော့မလို့ ဟုတ်လား၊ ဒါကြောင့် ကလေး ကို နှင်ချတာလား''

''အစ်ကိုတို့တူမက လက်မခံဘူးလို့ ပြောတာကိုး''

''ဟဲ့ ဘယ်သားသမီးက မိဘနောက်အိမ်ထောင်ပြုမှာကို သဘော ကျလက်ခံနိုင်မှာလဲ၊ ဘာစိတ်ကူးနဲ့များ အိမ်ထောင်ပြုဖို့ စဉ်းစားရတာလဲ နွယ်၊ ညည်းမှာအားလုံး ပြည့်ပြည့်စုံစုံအပြင် သမီးအပျိုလေး ရှိနေတာကိုများ အိမ်ထောင်ပြုဖို့ စဉ်းစားတာ အံ့သြလိုက်တာ''

''နွယ့်အသက် အခုမှ လေးဆယ်တောင် မပြည့်သေးပါဘူး အစ်ကို''

''အဲဒါ ဘာဖြစ်လဲ၊ အိမ်ထောင်ပြုတော့ကော ဘာဖြစ်သွားမှာ မို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ဘဘအသံ ဒေါသစွက်လာတော့ မေမေက မနိုင် နိုင်ရာ ဝေ့ကိုပဲ မျက်စောင်းဖိထိုးနေသည်။

"ကဲပါ ကိုကျော်ရယ် ဘယ်သူဘယ်ဝါဆိုတာကိုမေးပါဦး"

"ဘာလို့ မေးရမှာလဲ၊ မေးစရာကို မလိုဘူး"

တစ်ချိန်လုံး ငြိမ်နေသော ကြီးကြီးတင်က ပြေရာပြေကြောင်း ပြောပေမယ့် ဘဘက လက်မခံဘဲ ထအော်နေသည်။

"ယောကျ်ားသေတာ တစ်နှစ်မပြည့်သေးဘူး၊ နောက်လင်လိုချင်ပြီ၊ ငါ မပြောလိုက်ချင်ဘူး"

"ကဲပါ ကိုကျော်ရယ် ပြောမနေပါနဲ့တော့"

"ပြောရမယ် ငါက သူ့အစ်ကို၊ ကိုယ့်သွေးသားအရင်းကိုတောင် နင်ချရက်တဲ့ နင့်ကို ညီမတော်ရတာ ငါရှက်တယ်"

"တစ်ပင်လဲလို့ တစ်ပင်ထူတာပဲရှင်"

"ဟော့ အဲဒါတွေက ဆင်ခြေတွေ၊ တော်ကွ မင်းလည်းဘာမှ မပြောနဲ့တော့၊ ကဲ မိန္နယ် နင်ကြိုက်သလိုနေရစ်ခဲ့တော့၊ သမီးလေးကို ငါတို့ပဲ အပြီးမွေးစားလိုက်တော့မယ်"

မေမေ့မျက်နှာပေါ်မှာ အပြုံးတစ်ချက်လက်ခနဲ ဖြစ်သွားတာ ဝေ မြင်လိုက်သည်။ ဝေသည်နာနာကျင်ကျင် ပြုံးလိုက်ကာ

"သမီး အခုပဲလိုက်ပါရစေ ဘဘနဲ့ကြီးကြီး"

လိုက်သွားဆိုသည့်အကြည့်မျိုးနှင့် မေမေ ကြည့်လာတော့ ထို အကြည့်တွေကို မုန်းသည့်အမုန်းတွေသည် ဝေ့ သွေးကြောထဲအထိ စိမ့်ဝင်သွားရသည်။

"ဒါဆိုလည်း သမီးအရေးကြီးမယ့်ပစ္စည်းလေးတွေထည့်ပြီး လိုက်ခဲ့တော့"





"ခဏလေးနေပါဦး အစ်ကို"

သွားဖို့ပြင်နေသော ဘဘကြီးအား မေမေ လှမ်းတားပြီး

"မိဝေရဲ့ ရသင့်ရထိုက်တာတွေအတွက် ပြောချင်လို့ပါ"

"နောက်မှပြော၊ သမီးလေး ဘဘတို့ကားပေါ်က စောင့်နေမယ် တင်တင် လာ"

ဘဘ ရှူးရှူးရှားရှားနှင့် မေမေ့နားက ထွက်သွားပြီ။ ကြီးကြီး တင်ကတော့ မေမေ့ကို ဘာတွေပြောနေလည်းမသိပါ။

ဝေက ကျောင်းပစ္စည်းအားလုံးနှင့် အဝတ်အစားလေးငါးစုံပါ သော လက်ဆွဲအိတ်လေးကိုကိုင်ပြီး မေမေ့ရှေ့ကနေ ခပ်တင်းတင်း မျက်နှာနှင့် ထွက်လာခဲ့သည်။

"ဝေလေး မမခိုင်တို့ကို ခွဲသွားတော့မလို့လား"

အိမ်ပေါက်ဝမှာရပ်ရင်း မမခိုင်ပြောတော့ ဝေ့ရင်ထဲ ဆို့တက်လာ သည်။ ငယ်ငယ်လေးတည်းက ဝေ့ကိုထိန်းလာသော မမခိုင်ကို ဝေလည်း သံယောဇဉ်ရှိတာပေါ့။ ဘယ်ခွဲသွားချင်မှာလဲ။ ဒါပေမဲ့ အသည်းမာသည့်သူ ပီပီ မမခိုင်ကိုတစ်ချက်သာကြည့်ပြီး ဝေ ထွက်လာခဲ့သည်။

အသင့်ဖွင့်ထားသော ကားပေါ်ကို ဝေ တက်ပြီးတာနှင့် ကား လေးမောင်းထွက်ခဲ့သည်။ ဝေ တိုက်ကြီးကို လှမ်းကြည့်တော့ ဖေဖေ့ပုံရိပ် တွေ အစီအရီပေါ်လာပြီး ဝေ့ကိုပြုံးပြနေသယောင်။

တလိပ်လိပ်တက်လာသော ဝေ့ရင်ထဲက အပူမီးတွေကို မျက် ရည်တွေအဖြစ် ပြောင်းလဲပစ်လိုက်မှ နေသာသလို ရှိသွားသည်။ ကြီးကြီး က ဝေ့ပခုံးလေးကိုဖက်ပြီး ဖျစ်ညှစ်ထားခြင်းဖြင့် အားပေးနေသည်။

"သမီးလေး ဘာမှအားမငယ်နဲ့၊ ဘဘနဲ့ကြီးကြီးက သားသမီး ရှိတာမဟုတ်ဘူး။ သမီးလေးကို သမီးအရင်းလေးလို တစ်သက်လုံး ချစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမှာ၊ သမီးကလည်း ကိုယ့်မိဘတွေလို သဘောထားရမယ်နော်''

''စိတ်ချပါ ဘဘ''

''မိန္နယ် လုပ်ရပ်ကို အံ့ဩလို့မဆုံးဘူးကွာ တောက်''

''ကဲပါ ကလေးစိတ်မကောင်းဖြစ်နေရတဲ့ကြားမှာ''

''အေးပါ အေးပါ ငါ မေ့သွားတယ်''

ဘဘက နောက်ကြည့်မှန်ထဲကနေ အားပေးပြုံးလေးနှင့် ပြုံးပြနေ၏။ ဘဘအပြုံးလေးကြောင့်ပင် နွေးထွေးသွားရသည်။

ဘဘနဲ့ကြီးကြီးရဲ့ ရင်ခွင်မှာတော့ ဝေ့ဘဝလေး အေးချမ်းမှာပါ။

■ ■ ■

## အခန်း (၆)

''ငါဖြင့် မမနိုင်ပြောပြတော့ အံ့လည်းအံ့ဩ၊ အရမ်းလည်း ဝမ်းနည်းသွားတာပဲ ဝေရယ်''

နောက်တစ်နေ့မှာ ဘဘကိုယ်တိုင် ဝေ့ကို ကားနှင့်ကျောင်းလိုက်ပို့ပေးသည်။ စက်ဘီးနှင့်ကျောင်းသူကျောင်းသားတွေကိုတွေ့တိုင်း ရောင်စဥ့်ကို သတိရနေသည်။ ညကလည်း ရောင်စဥ့်အကြောင်းတွေးရင်း အိပ်ပျော်သွားသည်။ အခုချိန်လောက်ဆို ရောင်စဥ် ဝေ့ကို ဝင်ခေါ်မည်။ မမနိုင်ပြောပြတာတွေကို တအံ့တဩ ဖြစ်သွားမည်။

ဝေက ကျောင်းဝင်းရှေ့မှာ ရောင်စဥ့်ကိုစောင့်နေစဥ်မှာပဲ စက်ဘီးအသားကုန်နင်းပြီး ရောက်လာသည်။ ဝေ့ကိုတွေ့လိုက်မှပင် မိုဟ်သက်သာသွားသည့်ပုံစံနှင့် ရောင်စဥ်က အားရပါးရ ရယ်ပြနေ၏။

''တော်သေးတာပေါ့ ဝေရယ်၊ ငါက နင် ကျောင်းမှတက်ပါ့မလားလို့''

www.burmeseclassic.com



"ငါက ဘာဖြစ်လို့ ကျောင်းမတက်ရမှာလဲဟဲ့"

"မသိဘူးလေဟာ၊ နင် စိတ်တွေအရမ်းညစ်ပြီး ကျောင်းမတက်တော့မှာစိုးလို့"

ဝေက ကိုယ်လေးလှုပ်ပြီးရယ်တော့ ရောင်စဥ်က မောဟိုက်သံကြီးနှင့် ပြောလိုက်တာဖြစ်သည်။

"အံ့သြစရာတော့ သိပ်မဟုတ်ပါဘူးဟာ၊ ဒါဟာ သဘာဝပဲလို့ ငါ့စိတ်ကို ငါဖြေလိုက်ပါတယ်၊ ဒါနဲ့ ဝမ်းနည်းသွားတယ်ဆိုတာက ဘာဖြစ်လို့လဲ ရောင်စဥ်"

"နင်မို့မေးရက်တယ်ဟာ၊ နင်နဲ့ငါ အပြီးဝေးသွားမှာစိုးလို့ပေါ့"

ရောင်စဥ် အသံတုန်တုန်နဲ့ပြောတော့ ဝေက ရယ်စရာမပါဘဲ ခြောက်ကပ်ကပ် ရယ်လိုက်သည်။

"နင်က လှောင်တာလား ဝေ"

ဝေ့ကို ခပ်စိမ်းစိမ်းကြည့်ပြီး ရောင်စဥ်မေးတော့ ခေါင်းတစ်ခုလုံး ပြုတ်ကျသွားမတတ် ခါရမ်းပစ်လိုက်သည်။

"ငါ နင့်ကိုမလှောင်ရက်ပါဘူး ရောင်စဥ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါကိုယ်တိုင်လည်း နင့်လိုခံစားနေရလို့ပဲ၊ ညက မအိပ်ခင်အထိ နင့်ကိုပဲ သတိရနေတယ်၊ လဲ့လဲ့တို့ကိုတောင် အဲဒီလောက်မဟုတ်ဘူး၊ ဒီနှစ်ပြီးတဲ့ အထိတော့ ဒီကျောင်းမှာပဲ ငါနေမှာပါ"

"ဒါဆို နောက်နှစ်တွေကျရင်ရော ဝေ"

"နောက်နှစ်တွေကျရင်တော့"

ထိုမျှနှင့် ရပ်ထားပြီး ဝေ ဆက်မဖြေနိုင်တော့ပါ။ ဝေ့ရင်ထဲမှာလည်း ရောင်စဥ်လိုပဲ ဆို့နစ်တင်းကြပ်နေပါသည်။

"ပြောလေ ဝေ၊ နောက်နှစ်တွေကျရင် နင် ဒီကျောင်းမှာ





မနေတော့ ဘူးပေါ့ ဟုတ်လား"

"ဘဘတို့အိမ်နဲ့နီးတဲ့ကျောင်းမှာပဲ ငါနေရမှာပေါ့"

ဝေက ဝမ်းနည်းသံလေးနှင့်ပြောပြီး စိတ်ကိုတင်းလိုက်ကာ

"စိတ်မကောင်းမဖြစ်ပါနဲ့ဟာ၊ နီးနီးလေးပဲ၊ တစ်မြို့စီခြားသွားကြတာမှ မဟုတ်တာ"

"ဒါပေမဲ့ဟာ အမြဲတမ်းတော့ မမြင်ရတော့ဘူးပေါ့"

"ဒါများ ရောင်စဥ်ရယ်၊ ဖုန်းဆက်ကြတာပေါ့၊ အသံလေး ကြားနေရတာပေါ့"

"ဝေရယ် နင်ကတော့ ဘာကိုပဲဖြစ်ဖြစ် နင့်စိတ်ကိုနင်ဖြေနိုင်တယ်နော်၊ ငါက ယောကျ်ားမို့ ပိုပြီးဖြေနိုင်ပါတယ်၊ ဒါပေမဲ့ နင်နဲ့ပတ်သက်ရင်တော့"

ရောင်စဥ် ပြောလို့ပဲ မထွက်တော့တာလား။ တမင်မပြောဘဲ ချန်ထားတာလားဆိုတာတော့ သူသာလျှင်အသိဆုံးဖြစ်လိမ့်မည်။ ထိုအချိန်မှာ လဲ့လဲ့နဲ့မော်ကြီးလည်း ရောက်လာကြသည်။

"ဟဲ့ နင်တို့နှစ်ယောက်က မတွေ့ရတဲ့သူတွေကျနေတာပဲ၊ ဘာတွေပြောနေကြတာလဲ"

"အေးလေဟာ ကျောင်းထဲဝင်ကြမယ်ဟာ၊ နေရှိန်တယ်"

ဝေတို့နှစ်ယောက်လုံး မျက်နှာမကောင်းတာကိုသိတော့ လဲ့လဲ့ [illegible]နေနိုင်ပါ။ အတန်းထဲရောက်လို့ လွယ်အိတ်ချပြီးသည်နှင့်

"နင်တို့ ဘာဖြစ်ကြတာလဲ ဝေ"

ဝေ ဘာမှပြန်မပြောတော့။

"နင်တို့နှစ်ယောက်လုံး မျက်နှာမကောင်းဘူး။ ဘာဖြစ်ကြတာလဲ [illegible] ပြောပြလို့ မရဘူးလား ဝေ"



www.burmeseclassic.com

www.burmeseclassic.com



ဝေ ကွယ်ဝှက်မနေချင်တော့ပါ။ ဖုံးကွယ်လို့ရသောကိစ္စမဟုတ်သည့်အတွက် အစုမသိလည်း နောက်သိမှာပင်။ ဒါကြောင့်ပင် လဲ့လဲ့တို့နှစ်ယောက်အား ဖြစ်ခဲ့သမျှကို ဖွင့်ပြောလိုက်သည်။

"ဟယ် ဒါဆို နင်ဒီနေ့ ကျောင်းလာတာ နင့်ဘဘတို့နေတဲ့အင်းစိန်ကပေါ့"

ဝေ ခေါင်းညိတ်ပြတော့ မော်ကြီးက ရောင်စဥ့်ထံ ဖျတ်ခနဲလှည့်ကြည့်ပြီး

"ဒါကြောင့် ရောင်စဥ့်မျက်နှာ အကြီးအကျယ်ပျက်နေတာကို"

"ဟုတ်တယ် သူ အရမ်းစိတ်ထိခိုက်နေတယ်"

"ဒါပေါ့ဟယ် နင်တို့နှစ်ယောက်က ငယ်ငယ်လေးတည်းကဘယ်သွားသွား တတွဲတွဲဆိုတော့ သူ ခံစားရမှာပေါ့၊ ဒါနဲ့ နင်တကယ်ပဲနင့်ဘဘတို့နဲ့ အပြီးသွားနေဖို့ ဆုံးဖြတ်လိုက်တာလား ဝေ"

"တကယ်ပေါ့ ဟဲ့"

"နင့်အမေကို နင် မငဲ့တော့ဘူးလား"

"သမီးအရင်းဖြစ်တဲ့ ငါ့ကိုရက်ရက်စက်စက် နှင်ချတာလေ၊ နင်တို့ငါ့နေရာကဝင်ပြီး ခံစားကြည့်စမ်းပါ"

"အေးပါဟယ် ကိုယ်ချင်းမစာလို့ ပြောတာမဟုတ်ပါဘူး၊ ဘဘက နင့်ဘကြီးအရင်းပေမယ့် နင့်ဘဘမိန်းမက ရေရှည်နင့်ကို ကြည့်ပြုပါ့မလား"

"ငါ အလကားသွားနေတာမှမဟုတ်တာ၊ ငါ့ကိုယ်ငါ တည်ငြိမ်ရင့်ကျက်ပြီလို့ ထင်တဲ့တစ်နေ့မှာ ငါ တစ်ယောက်တည်းပဲနေမှာ"

"နင်သတ္တိကိုယုံပါတယ် ဝေ၊ အေးပေါ့လေ နင်နေကြည့်လိုက်ပေါ့"





"ဟော ဆရာမလာပြီ"

ဆရာမဝင်လာတော့မှ ဝေတို့လူစုရှဲလိုက်သည်။

ဆရာမ သင်ပြနေတာတွေကို ဝေ လုံးဝ စိတ်ဝင်စားလို့မရအောင်စိတ်တွေလွင့်နေမိသည်။ မေမေနဲ့ဖြစ်ပြီး၊စ,မှာ ဝေ နင့်နင့်သီးသီး ခံစားနေရပေမယ့် ဘဘအိမ်ရောက်သွားပြီးနောက် ဖြစ်ပြီးတာတွေကို မေ့ပစ်လိုက်သည်။ ဝေ့စိတ်ကိုက ဖြစ်ပြီးသားတွေကိုလည်း နောင်တမရချင်သလို ဖြစ်လာမှာကိုလည်း တွေးပြီး စိုးရိမ်မနေတတ်ပါ။

ဝေ့ဦးနှောက်ထဲမှာရှိတာလည်း လက်ရှိအချိန်သာ အဓိကဖြစ်သည်။

မွေးထုတ်ထားသည့် အမေအရင်းကိုတောင် မျက်နှာလွှဲခဲ့ပြီပဲ။ တခြားဘာသံယောဇဉ်တွယ်နေရဦးမည်လဲ။

ဝေသည် ဆရာမသင်ကြားနေသော စာများကို ခေါင်းထဲဝင်အောင်ကြိုးစားအားထုတ်နေပြီး ရောင်စဥ့်ကိုတော့ မကြည့်မိအောင် သတိထားနေရသည်။

"ဝေ ရောင်စဥ့် နင့်ကိုပဲ တစ်ချိန်လုံးကြည့်နေတယ်"

"သူကလည်း ဘာအရူးထနေတာလဲ မသိပါဘူး"

ဝေ့ရင်ထဲမှာလည်း ဘယ်လိုခံစားမှုမျိုးမှန်းမသိသည့် ဝေဒနာ တချို့တိန်းအောင်းနေသည်။

"အဲဒီလိုတော့ မပြောပါနဲ့ဟာ၊ ရောင်စဥ့်က နင့်ကိုအရမ်းသံယောဇဉ်ရှိတာကို"

"ငါလည်း ရှိတာပေါ့ဟဲ့ အခုခွဲရမှာလည်း မဟုတ်သေးဘူး။ သူအာယောက်ျားဖြစ်ပြီး ပျော့လွန်းပါတယ်"

ဝေက မျက်နှာထားတင်းတင်းနဲ့ အပြစ်တင်တော့ လဲ့လဲ့တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ငြိမ်သွားကြသည်။

ငွေရင်ထဲမှာခံစားနေရတာတွေကို သူတို့မသိကြပါလား။ ဟိုတုန်းတည်းက ဝေဟာ အသည်းမာသည့်မိန်းမတစ်ယောက်ဟု ထင်နေခဲ့ကြတာကို။

■ ■ ■

## အခန်း (၇)

ကားနှစ်စီးရှိသည့်အနက် ငွေအတွက် ပါကွဲရိုးတစ်စီးအပြင် လက်ဝတ်လက်စားနှင့်ငွေသားချည်း မနည်းမနောကို မေမေက ရက်ရက်ရောရောပေးလိုက်သည်။ မေမေချမ်းသာသမျှနှင့်ယှဉ်လျှင်တော့ ငွေ့ကို ပေးသောအတိုင်းအတာသည် အင်မတန်မှ နည်းပါးပါသည်။ ဒီလောက်တောင်ပေးညည့်ထင်မထားသည့်ကြားက ပေးလိုက်တော့ ထပ်ပြီး စောဒကတက်မနေတော့ပါ။

"ဘဘနဲ့ကြီးကြီးပဲ သိမ်းထားပါ"

ဝေ ဒီတစ်ခွန်းတည်းသာပြောပြီး ပစ္စည်းတွေ ငွေတွေကို လုံးဝဆိုမတို့ပါ။

ငွေ့ကိုကြည့်ပြီး ဘဘမျက်နှာ စိတ်မကောင်းသည့်သဏ္ဌာန်ပေါက်နေပေမယ့် ကြီးကြီးမျက်နှာကတော့ ဝင်းထိန်ပြီး မျက်လုံးတွေကညည်း တောက်ပနေသည်။

"မိန္မယ် တော်တော်ရက်စက်ပြီး မျက်နှာပြောင်တယ်"

"ဘာဖြစ်လို့လဲ ကိုကျော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုအကောင်ကို အိမ်ပေါ်ခေါ်တင်လိုက်ပြီလေ၊ သမီးလေးကို ရက်စက်တာတော့ အခံစားရဆုံးပဲ၊ သေသွားတဲ့အဖေနဲ့အမေကို လိမ်မှာ လုချည်ရဲ့ဆိုတဲ့သူတို့သမီးလုပ်ရပ်ကို ခေါ်ပြလိုက်ချင်တယ်"

"တော်ပါတော့ရှင်၊ အဟောင်းတွေကို အသစ်မဖြစ်ချင်စမ်းပါနဲ့"

"မဟုတ်ပါဘူးကွာ ငါ ရင်နာလို့ပါ၊ ငါ့ကျတော့ တစ်သက်လုံး အမွေဖြတ်တဲ့၊ ငါ့မိန်းမက ဘာမို့လဲ၊ အခု သူ့သမီးယူတဲ့ကောင်ကမှ ကလေကချေ၊ ပိုက်ဆံချမ်းသာတဲ့မိန်းမမုန်သမျှ ယောက်ျားတန်မဲ့ ချူစား နေတာ"

"ဒါနဲ့ ကျောက်မျိုးစုံရောင်းဝယ်ရေးဆိုင်ကြီးမှ အကြီးကြီးဆို"

"အဲဒါ မိန္ဒယ်ပြောတာမလား"

"ဟုတ်တယ်"

"သူကိုယ်တိုင်က အလိမ်ခံနေရတာ မသိဘူးကိုး၊ အဲဒီဆိုင် ပိုင်ရှင်က သူ့သူငယ်ချင်း သူမဟုတ်ဘူး၊ သူ့ကိုယ်သူ ပိုင်ရှင်လိုလို စပ်တူလိုလို ဟန်ဆောင်နေတာ၊ ငါအားလုံး တိတိကျကျ သိခဲ့ရပြီ"

"ဒါဆိုရင်တော့ ရှင့်ညီမ ဒုက္ခမရောက်ပါစေနဲ့ပဲ ဆုတောင်းရမှာပေါ့"

"တိုးတိုးပြောပါ တင်တင်၊ ငါ့သမီးလေး ကြားသွားပါဦးမယ်၊ ဝေလေးကို တို့သမီးအရင်းလေးလို ပြုစုပျိုးထောင်ကြရအောင် တင်တင်ရယ်"

"အင်းပါ"

ဘဘနဲ့ကြီးကြီးတင် ပြောနေတာတွေကို ဝေ အကုန်ကြားသည်။

ဩော် မေမေ မေမေ၊ ကြီးကြီးပြောသလို စိတ်ဆင်းရဲသော





တွေ မရောက်ပါစေနဲ့ပဲ ဝေ ဆုတောင်းပေးတတ်တော့သည်။

အရာအားလုံးကို မေ့ပျောက်လွယ်တတ်သူပီပီ ဝေက ခါတိုင်းလို ပင် နေခဲ့သော်လည်း ရောင်စဉ်က ခါတိုင်းလိုမဟုတ်ပါ။ အမြဲတက်ကြွ ပြီး သွက်လက်နေသူက စကားတောင်ကောင်းကောင်းမပြောဘဲ ငေးငေးငိုင်ငိုင် နှင့်ဖြစ်နေ၏။

စာမေးပွဲကြီးနီးနေသလို ဒီနေ့ဟာ ဝေ့မွေးနေ့ဖြစ်သည့်အတွက် ရောင်စဉ်နှင့်လဲ့လဲ့တို့နှစ်ယောက်အား မနက်စာထမင်းကျွေးဖို့ ဝေတို့ စား သောက်ဆိုင်တစ်ခုသို့ ရောက်နေကြပြီ။ ခါတိုင်းနှစ်တွေလို ဝေ့မွေးနေ့ပွဲ အကြီးအကျယ်လုပ်ပေးဖို့ ဘဘက စီစဉ်သေးသည်။ ဝေ လုံးဝ လက်မခံပါ။

ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တစ်နေ့တာကုန်ကျသမျှ အလှူ ငွေထည့်ပြီး ဖေဖေ့အတွက် အမျှဝေသည်။ ပြီးမှ ဝေ့အချစ်ဆုံး သူငယ်ချင်း သုံးယောက်အား တစ်ခုခုကျွေးပြီး တစ်နေကုန်လျှောက်လည်ဖို့ ဘဘဆီမှာ ခွင့်တောင်းသည်။

ဘဘ ခွင့်ပြုတော့ ဒါရိုက်ဘာနှင့်ပင် ဦးစွာ ရောင်စဉ်၊ ပြီးမှ လဲ့လဲ့နဲ့မော်ကြီးကို သွားခေါ်ပြီး ရွှေတိဂုံဘုရားကို အရင်သွားကြသည်။ ဝေ အကြာကြီး ဘုရားရှိခိုးဆုတောင်းပြီး ဝေ့မွေးနေ့အတွက် ဖေဖေ့အ တွက် ရွှေသင်္ကန်းကပ်သည်။ အလှူခံပုံးမှန်သမျှ အလှူငွေထည့်သည်။

ပြီးမှ မနက်စာစားဖို့ စားသောက်ဆိုင်တစ်ဆိုင်ထဲဝင်ကြတော့ အားလုံးအစား ဝေကပင် သွက်လက်စွာမှာလိုက်သည်။ စားသောက်စရာ တွေ ရောက်မလာသေးခင်မှာပဲ ဆိုင်အပြင်ဘက်ကို ငေးကြည့်နေသော ရောင်စဉ်ကို လဲ့လဲ့က လက်တို့ပြသည်။

ရောင်စဉ်က ဝေ့ထက် လ,ကြီးသည့်အတွက် သူက တစ်ဆယ့် သုံးနှစ်ပြည့်ပြီးပြီ။ ဆယ့်သုံးနှစ်ကျော်ဆိုတော့လည်း လူပျိုဖြစ်ဟု ခြော



www.burmeseclassic.com

www.burmeseclassic.com



ရမလားပဲ။ ရောင်စဉ်က မနှစ်ကထက် အရပ်လည်းပိုရှည်လာသည်။ နဂိုတည်းက အသားဖြူပြီး ရုပ်ချောသော ရောင်စဉ်က ကြီးကောင်ဝင်သွားသည့်အတွက် ပိန်ရှည်ရှည်ကြီးဖြစ်နေတာကလွဲရင် ကြည့်ကောင်းပါသည်။

အခုလည်း ဝေ့မွေးနေ့မှာ လျှောက်လည်မှာမို့ စပို့ရှပ်မိုးပြာရောင်ဂျင်းဘောင်းဘီရှည်နက်ပြာလေးကို စတိုင်ကျကျ ဝတ်ထားသည်။ ရှူးဖိနပ်အနက်စိုလဲ့လဲ့လေးကလည်း ရောင်စဉ်နဲ့အရမ်းလိုက်နေသည်။

ဝေသည် ရောင်စဉ့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး

"ရောင်စဉ်"

"ဟင် ဘာလဲ ဝေ"

ဝေ ခေါ်လိုက်မှပင် ရောင်စဉ် အလန့်တကြား ထူးလိုက်၏။

"နင် ဘာဖြစ်နေတာလဲဟာ"

"မဖြစ်ပါဘူး ဝေရဲ့"

ရောင်စဉ်က အတင်းပင်ငြင်းရင်း လဲ့လဲ့တို့ကိုပါ မလုံမလဲနှင့်ကြည့်နေ၏။

"ဘာလို့မဖြစ်ရမှာလဲ၊ နင့်ပုံက ငေးငေးငိုင်ငိုင်နဲ့ အရင်လိုမှ မဟုတ်တာ၊ ငါ့မွေးနေ့မှာ နင် ပျော်ပျော်နေစမ်းပါဟာ"

"ဝေ"

ဝေ့ကိုခေါ်ပြီး ရောင်စဉ်က ဘာစကားမှမပြောဘဲ ရီဝေဝေ မျက်လုံးတွေနှင့်သာ စိုက်ကြည့်နေ၏။

"ဘာလဲ ရောင်စဉ်၊ နင် ဘာပြောမလို့ ငါ့ကိုခေါ်တာလဲ"

လဲ့လဲ့နဲ့မော်ကြီးကလည်း ရောင်စဉ် တစ်ခုခုပြောမှာကို စိတ်ဝင်တစားကြည့်နေကြသည်။

"နင့်အတွက် ငါအရမ်းစိတ်ထိခိုက်တယ် ဝေ"





ဝေက မျက်ခုံးလေးနှစ်ဖက်ပင့်တက်သွားပြီး

"ဘာဖြစ်လို့လဲ ရောင်စဉ်"

"ခါတိုင်းနှစ် နင့်မွေးနေ့ပွဲတွေနဲ့ယှဉ်ပြီးတော့ပေါ့"

"ရောင်စဉ်ရယ် ဘာများလဲလို့ ဘာလဲ နင့်စိတ်ထဲမှာ ငါကဘဘတို့အိမ်ရောက်သွားတဲ့အတွက် ခါတိုင်းနှစ်တွေလို မွေးနေ့ပွဲကြီးကြီးကျယ်ကျယ် မလုပ်ရတော့ဘူးထင်ပြီး နင် စိတ်မကောင်းဖြစ်နေတာပေါ့"

"ဟုတ်တယ် ဝေ"

"အဲဒါ စိတ်မကောင်းစရာလား ရောင်စဉ်ရယ်၊ ကာယကံရှင် ဒီတောင် ဘယ်လိုမှမခံစားရဘူး"

"နင်က သိပ်ဟန်ဆောင်ကောင်းတာကို ဝေရဲ့"

"နင်က ငါဟန်ဆောင်ပြီးပြောနေတယ် ထင်တာပေါ့"

ဝေ့ကိုမကြည့်ဘဲ ရောင်စဉ်က ခေါင်းညိတ်ပြသည်။

စားသောက်စရာတွေ ရောက်လာတော့ ခဏ စကားပြတ်သွားသည်။

"ကဲ အားရပါးရသာ စားကြဟာ၊ ပြီးမှ ဆက်ပြောကြတာပေါ့"

ဝေတို့သုံးယောက် အားရပါးရစားကြသော်လည်း ရောင်စဉ်က ဘုကနန်းဆိတ်ကနန်းပင်။ ဝေက ရောင်စဉ်ဖြစ်နေပုံကိုကြည့်ပြီး ရယ်လည်းရယ်ချင် စိတ်မကောင်းလည်းဖြစ်သွားရသည်။

ဖွန်းခက်ရင်းကို အပြီးသတ်ချပြီး ပါးစပ်သုတ်နေသော ရောင်စဉ့်ကိုတစ်ချက်ကြည့်ပြီး ဝေ စားစရာရှိတာဆက်စားလိုက်သည်။ အားလုံးစားသောက်ပြီးသွားတော့မှ ဝေက

"ငါပြောမယ် ရောင်စဉ်"

ဝေ စကားစလိုက်တော့မှ ရောင်စဉ် ဝေ့ကိုကြည့်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါတိုင်းနှစ်တွေလို ဘာဘာက မွေးနေ့ပွဲလုပ်ပေးတယ်၊ ငါက မလုပ်တာ၊ ဘာလို့မလုပ်တာလဲဆိုတော့ ဖေဖေ့ကိုအရမ်းသတိရလို့ပဲ၊ ဒါကြောင့် ဖေဖေ့ကိုရည်မှန်းပြီး အလှူဒါနလုပ်တာ၊ မထင်မှတ်လောက်အောင် ငါ ပီတိတွေဖြစ်တယ်ဟာ၊ နောက်နှစ်တွေကိုလည်း ဒီအတိုင်းပဲ လုပ်မယ်လို့ ဆုံးဖြတ်ထားတယ်၊ နင်တို့သုံးယောက်ကတော့ ငါ ဘယ်နေရာရောက်ရောက် မပါမဖြစ်ပါရမှာ အသေအချာပဲ"

"ဒါဆို နင် တကယ်စိတ်မညစ်ဘူးပေါ့နော်"

"တကယ်ပေါ့ နင်တို့ကို ငါက ဘာလိမ်စရာလဲ"

"နင်ပျော်တယ်ဆို ငါ ဝမ်းသာပါတယ် ဝေရယ်"

အခုမှပင် ရောင်စဉ်က ပြုံးရွှင်နိုင်ပြီး တက်တက်ကြွကြွ ဖြစ်သွား၏။ ထမင်းစားပြီးတော့ ရုပ်ရှင်ကြည့် အသစ်ဖွင့်သည့်စင်တာတွေ လျှောက်ပတ်ပြီးမှ ရောင်စဉ်တို့သုံးယောက်ကို အိမ်ပြန်ပို့လိုက်သည်။

"အိမ်ပြန်တော့မလား ဝေလေး"

"ဟုတ်ကဲ့ အဘ"

မောမောပန်းပန်းနှင့် ကားနောက်ခန်းမှာ ဝေ အိပ်ပျော်ပြီး ပါလာသည်။

သူငယ်ချင်းတွေနှင့် အခုလိုလျှောက်လည်ရတာ ဝေ အရမ်းပျော်သည်။ နောက်နှစ်ကို ဘာဘာတို့အိမ်နဲ့နီးသော ကျောင်းကိုပြောင်းရမှာဖြစ်သည့်အတွက် ဝေ စိတ်ညစ်နေတာတော့ အမှန်ပင်။ နောက်ထပ် သူငယ်ချင်းအသစ်တွေနဲ့လည်း ဝေ မပေါင်းချင်တော့ပါ။ ရောင်စဉ်ကိုသာ နှစ်သိမ့်နေပေမယ့် ဝေလည်း ကိုယ့်ကိုယ်ကိုယ်တောင် မထင်အောင် ခံစားနေရပါသည်။

■ ■ ■



အခန်း (၈)

ဝေတို့သူငယ်ချင်းလေးယောက်လုံး အတန်းတင်စာမေးပွဲကြီးကို ကောင်းစွာဖြေဆိုနိုင်ပေမယ့် မပျော်နိုင်ကြပါ။ ခါတိုင်းနှစ်တွေထက် ပိုဆိုးတာကတော့ ဝေက နောက်နှစ်ဆို ဒီကျောင်းမှာမဟုတ်တော့ဘူးကိုး။ လဲ့လဲ့နဲ့ မော်ကြီး ငိုကြသည်။ စိတ်မာတတ်နိုင်သည့် ဝေတောင် မျက်ရည်တွေဝဲနေသည်။

"ဝေ နင် ညတိုင်းဖုန်းဆက်နော်"

"အေးပါဟာ"

"နင့်ကိုသတိရရင် နင်တို့အိမ်ကို ငါလာလည်လို့ရမလား"

"ရပါတယ်ဟာ ဘာဖြစ်လို့ မရရမှာလဲ၊ မော်ကြီးနဲ့လဲ့လဲ့လည်း ငါ့ကိုသတိရရင် ဖုန်းဆက်နော်"

"အေးပါ ဝေရယ်"

"နောက်နှစ်ဆို သူငယ်ချင်းအသစ်တွေတွေ့ပြီး ငါတို့ကို မေ့သွားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မေ့စရာလား မော်ကြီးရယ်၊ နင်တို့က ငယ်ငယ်လေးတည်းက ခင်လာတဲ့သူငယ်ချင်းအရင်းခေါက်ခေါက်တွေပဲ၊ ငါ့မှာနောက်ထပ် သူငယ်ချင်းဆိုတာ မရှိတော့ပါဘူးဟာ"

"စာမေးပွဲအောင်စာရင်းထွက်တဲ့နေ့တော့ ငါတို့တွေ ဆုံကြရအောင်နော်"

"စာမေးပွဲအောင်စာရင်းထွက်ဖို့က အဝေးကြီးလိုသေးတာပဲ၊ အောင်စာရင်းမထွက်ခင်လည်း တွေ့ရဦးမှာပေါ့"

ရောင်စဉ်ခပ်ဆတ်ဆတ်လေး ဝင်ပြောတော့ လှဲ့လှဲ့က မဲ့ပြနေသည်။ ဝေနဲ့ပတ်သက်ရင် ရောင်စဉ်က အကဲပိုတယ်ဆိုသော သဘောမျိုးဖြစ်သည်။

"အေးပါဟာ တို့တွေ ဖုန်းအဆက်အသွယ်မပြတ် ရှိမှာပဲဟာ"

"ဟုတ်ပါတယ်"

"ကဲ ငါသွားမယ်ဟာ"

လှဲ့လှဲ့နဲ့မော်ကြီး မျက်ရည်အဝဲသားနှင့် ပြိုင်တူခေါင်းညိတ်ပြနေ၏။ ရောင်စဉ်က ဝေ့နားကပ်လာပြီး

"နင့်အဖေ စောစောစီးစီးသေရတာ ငါတို့ခွဲဖို့အတွက်ဖြစ်သွားတယ်နော် ဝေ"

ရောင်စဉ် မချင့်မရဲပြောလိုက်သော စကားကြောင့် ဝေ့ရင်ထဲမှာ ကျင်ခနဲ ခံစားသွားရသည်။ တကယ်ဆို ဖေဖေ စောစောစီးစီး သေရပေမယ့်လည်း မေမေသာ မိခင်စိတ်အပြည့်အဝနှင့် နောက်အိမ်ထောင်မထူခဲ့လျှင်ရော ဝေနဲ့ရောင်စဉ် ဘာလို့ခွဲရတော့မှာလဲ။

ဒါကို ရောင်စဉ် မတွေးမိလို့လား။ စိတ်ညစ်စရာတွေကို ဝေ ပြန်သတိရသွားမှာစိုးလို့လား။ ဒါကိုတော့ ရောင်စဉ်သာ အသိဆုံးဖြစ်မှာပါ။





"ဒီအချိန် ဒီအခါရောက်ရင် နင်နဲ့ငါ ခွဲရမယ့်ကံပါလာလို့ ခွဲရတယ်ပဲ နင်ခံယူထားပါ ရောင်စဉ်ရယ်"

"ဝေ"

ဝေ့ကိုခေါ်ပြီး ရောင်စဉ်က ဘာမှမပြောဘဲ တွေတွေကြီးသာ စိုက်ကြည့်နေသည်။ ဝေသည် ရောင်စဉ့်အကြည့်တွေကို လွှဲဖယ်လိုက်ကာ

"ငါသွားတော့မယ် ရောင်စဉ်၊ ဟိုမှာ ဘဘကြည့်နေတယ်"

လှပသော ရောင်စဉ့်မျက်ဝန်းတစ်ဝိုက်မှာ မျက်ရည်တွေအပြည့်နှင့် ခေါင်းညိတ်ပြနေ၏။ ကားလေးထွက်လာသည်အထိ ထိုနေရာမှာပင် ရောင်စဉ်က တွေတွေကြီးရပ်ကျန်ခဲ့သည်။

နင်မငိုပါနဲ့ ရောင်စဉ်ရယ်၊ နင်ငိုရင် ငါလည်းငိုမိလိမ့်မယ်။

ဝေ မျက်ရည်စတွေကို ပွတ်သုတ်နေတော့ ဘဘ မသိဟန်ဆောင်နေသည်။

ရောင်စဉ်နဲ့ညတိုင်း ဖုန်းပြောဖြစ်ကြသည်။ ပြောကြသည့်စကားတွေကတော့ သတိရကြောင်း နေကောင်း ကျန်းမာသည့်အကြောင်းသည့် ပြောရိုးပြောစဉ်တွေသာဖြစ်သည်။ နှစ်ပတ်လောက်ကြာတော့ ရောင်စဉ်တို့မိသားစု မန္တလေးသွားကြသည်။ ညတိုင်း ဖုန်းပြောနေကျဖြစ်သည့်အတွက် ဝေ ပျင်းသွားသည်။

နောက်နှစ်ရက်လောက်တွင် ကြိုပြီးတော့လည်း ဖုန်းမဆက်ဘဲ မော်မော်ကြီး လှဲ့လှဲ့တို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြသည်။

"ဟယ် မော်ကြီးနဲ့လှဲ့လှဲ့ ငါ့ဆီလာတာလား"

"အေးပေါ့ ကောင်မရဲ့"

"ကြိုဖုန်းဆက်ပါလားဟယ် ငါလာခေါ်မှာပေါ့"

"ရပါတယ်ဟာ ငါ့အစ်မ လင်မယားအိမ် လာလည်ရင်း လမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြဲ့တာနဲ့ လိုက်လာတာ၊ လဲ့လဲ့ကလည်း အိမ်ရောက်နေခိုက်ကြုံလို့လေ''

''လာဟာ အပေါ်ထပ် ငါ့အခန်းမှာ သွားစကားပြောကြမယ်''

ဝေ ဦးဆောင်ပြီး သူငယ်ချင်းတွေခေါ်လာခဲ့သည်။

''ဝေ နင် ပိုလှလာတယ်၊ ကိုယ်လုံးကိုယ်ထည်တွေလည်း ထွက်လာတယ်''

လဲ့လဲ့နဲ့ဝေ ရှေ့ကလျှောက်တော့ နောက်မှမော်ကြီးက ပြောလိုက်သည်။

ဝေ ကိုယ့်ကိုယ်ကိုယ် မလုံမလဲနှင့် နောက်ကိုလှည့်ကြည့်ပြီး

''နင်ကလည်းဟယ်''

''တကယ်ပြောတာ ဝေရဲ့၊ မယုံရင် လဲ့လဲ့ မေးကြည့်ပါလား''

''ဟုတ်တယ် ဝေရဲ့၊ ဒီပုံစံသာ ရောင်စဉ်ဆိုတဲ့ကောင်တွေ့ရင်ပြီးရော''

''ဘာတွေလျှောက်ပြောနေတာလဲ လဲ့လဲ့ရယ်''

''ဟဲ့ ငါတို့က အမှန်တွေပြောတာ''

''ကဲပါ နင်တို့ ဘာစားမလဲ၊ ငါသွားလုပ်ခိုင်းမလို့''

ဝေ စကားလမ်းကြောင်းပြောင်းလိုက်မှ ကောင်မတွေ သူတို့စားချင်တာ စဉ်းစားနေကြသည်။

''နန်းကြီးသုတ်ရမလား''

''ရတယ် ကြိုက်တာပြော၊ မော်ကြီးရော''

''ငါလည်း နန်းကြီးသုတ်ပဲ၊ လောလောဆယ်တော့ ဘာအအေးဖြစ်ဖြစ် အအေးလေးတစ်ခွက်လောက်တိုက်ပါဟာ''

''ရင်ပူလာတယ်ပေါ့ ဟုတ်လား''

''အေးဟာ''





ဝေတို့သူငယ်ချင်းတွေ သဘောတကျ ရယ်လိုက်ကြသည်။ ဝေ အခုလို မပျော်ရတာကြာပြီ။ သူငယ်ချင်းတွေနှင့်တွေ့ရသည့်အတွက် ဝေ ပျော်နေသည်။ လဲ့လဲ့တို့အတွက် စားစရာတွေလုပ်ခိုင်းပြီး ဝေ ပြန်တက်လာတော့ ဝေ့အလှဗီရိုလေးထဲမှာ ထည့်ထားသော ဘိုမရုပ်ကလေးအား လဲ့လဲ့တို့ထုတ်ကြည့်နေကြ၏။

''ဟော့ ဘာတွေအတင်းပြောနေကြတာလဲ''

''အတင်းမဟုတ်ပါဘူး၊ ဖြည်းဖြည်းပြောတာပါ''

''နင် ရောင်စဉ်ကို သတိမရဘူးလား ဝေ''

''ရတာပေါ့ဟာ၊ အခုလို လူစုံတော့ ပိုသတိရတယ်''

''သူသာရှိရင် လိုက်ဦးမှာ၊ တကယ့်တကယ် ရန်ကုန်တစ်မြို့တည်းမှာသာ နေကြပေမယ့် ရောက်ဖို့ခဲယဉ်းတယ်ဟာ၊ တို့တွေလာမယ်သာပြောနေကြတာ မလာဖြစ်ဘူး''

''ဒါကတော့ မော်ကြီးရယ်၊ ငါတို့တွေက ကိုယ်ပိုင်ကားမှ မရှိတာ''

လဲ့လဲ့ ရိတော့ ဝေ မနေသာတော့။

''ကိုယ်ပိုင်ကားရှိတဲ့ငါကလည်း သူများလိုက်ပို့ပေးမှ ရောက်မှာလေဟယ်၊ ဒီအိမ်မှာ အလုပ်ကိုယ်စီနဲ့မအားကြဘူး၊ အားတဲ့သူဆိုလို့ ငါတစ်ယောက်တည်းရှိတယ်၊ ငါ နင်တို့ဆီလာလည်လို့ ကားမောင်းသင်ဦးမယ်''

''ငါတို့ထက် ရောဂါသည်းနေတာက ရောင်စဉ်''

ဝေ မျက်မှောင်ကုတ်ပြီး

''သူက ဘာရောဂါတွေ သည်းနေတာလဲ''

''နင်ကလည်း မသိဟန်ဆောင်နေပြန်ပါပြီ ဝေရယ်၊ ရောင်စဉ်



www.burmeseclassic.com

www.burmeseclassic.com



နှင့်ကို စိတ်ဝင်စားနေတာ နှင် သိပါတယ်"

"တကယ်ဆို ရောင်စဉ် အဲဒီလိုစိတ်တွေ မမွေးသင့်ဘူးဟာ၊ ဖြူဖြူစင်စင်နဲ့ ချစ်ကြတဲ့သူငယ်ချင်းအချစ်ပဲ ကောင်းပါတယ်"

"ကလေးတွေမှ မဟုတ်ကြတော့တာဟာ၊ ဒီလောက်တတွဲတွဲ နေလာကြတာဆိုတော့ ရောင်စဉ် စိတ်ကစားတာ မဆန်းပါဘူး၊ နှင် ကလည်း သိပ်လှတာကို"

မော်ကြီးရဲ့ဒဲ့တိုးပြောချလိုက်သော စကားကြောင့် ဝေ ရှက်အန်း အန်းလေးဖြစ်သွားရသည်။

"အခုလည်း ဒီကောင် မန္တလေးသွားချင်တာမဟုတ်ဘူး၊ မသွား ချင်လို့ ရုပ်ကိုပျက်နေတာပဲ"

"နှင့်ဆီကိုလည်း သွားလည်ဖို့ ငါတို့နှစ်ယောက်ကို နားပြီး အောင် မှာသွားတယ်"

"နေစမ်းပါဦး၊ နှင်တို့နှစ်ယောက်က ငါ့ကိုရောင်စဉ်နဲ့အောင် သွယ်လာလုပ်နေတာလား။ စိတ်မဝင်စားဘူးနော်၊ ရောင်စဉ်ကို သူငယ် ချင်းတစ်ယောက်အချစ်ထက် မပိုဘူး"

"ရောင်စဉ်ထက် စိတ်ဝင်စားရမယ့်သူ တွေ့ထားလို့လားဝေ"

"ငါ အဲဒါတွေ စိတ်မဝင်စားဘူးဆိုတာ နှင်တို့သိပါတယ်ဟာ၊ ငါ့ရည်မှန်းချက်က ဆရာဝန်တစ်ယောက်ဖြစ်ဖို့ပဲ"

"ဆရာဝန်ဖြစ်မှ စဉ်းစားမှာလား။ အဲဒီအထိ စောင့်ဆိုလည်း ရောင်စဉ်က စောင့်မှာပါ"

"ဟုတ်တယ် ဝေ၊ ဘာပဲဖြစ်ဖြစ် ရောင်စဉ်ကိုတော့ နှင် ခေါင်း ထဲထည့်ထားဟာ၊ နှင့်ကိုနောက်ထပ် စိတ်ဝင်စားလာမယ့် ယောကျ်ား တွေထဲမှာ ရောင်စဉ်အချစ်ကိုမီမယ့်သူတော့ ရှိမှာမဟုတ်ဘူး"





"ကဲ နှင်တို့ရဲ့ ရောင်စဉ်ချီးမွမ်းခန်းက ပြီးဦးမှာလား"

"နှင် တစ်ခုခုတော့ ရောင်စဉ်နဲ့ပတ်သက်လို့ ပြောမှ"

"အေးပါ ငါ ရည်းစားထားဖို့စဉ်းစားရင် သူ့ကိုဦးစားပေးမှာပါ"

"နှင် တကယ်ပြောတာနော် ဝေ"

"တကယ် တကယ်"

စားစရာတွေလည်း ရောက်လာတော့

"စားကြ စိတ်အေးအေးထားပြီး စားကြ"

"အေးပါ ဝေရဲ့ စားမှာပါ၊ ရောင်စဉ်နဲ့ပတ်သက်ပြီး နှင့်ဆီက ကတိရထားပြီးပြီဆိုတော့ စိတ်အေးသွားပြီ"

ပြောပြောဆိုဆို လဲ့လဲ့နဲ့ မော်ကြီးက နန်းကြီးသုတ်တွေ အားရ ပါးရစားနေကြသည်။

သူငယ်ချင်းတွေကိုကြည့်ပြီး ဝေ ကျေနပ်နေပါသည်။ ရောင်စဉ် ဝေ့ကိုစိတ်ကစားနေတယ်ဆိုတာ သိတာကြာပါပြီ။ ဖွင့်ပြောလာခဲ့လျှင် လည်း ငယ်သေးတယ်ဟုအကြောင်းပြဖို့ အသင့်ပါ။ ဒါပေမဲ့ ရောင်စဉ် ကိုယ်တိုင် ဖွင့်မပြောဘဲ သူငယ်ချင်းတွေကို ပြောခိုင်းပုံရသည်။ သူငယ် ချင်းတွေကလည်း ဝေ့ထက် ရောင်စဉ်ဘက်က ပါချင်ချင်။

"ဒါနဲ့ ဝေ နှင့်အမေဆီ ရောက်သေးလား"

"ဘာလို့ရောက်ရမှာလဲ၊ မရောက်သေးဘူး"

ကုန်သွားသည့် နန်းကြီးသုတ်ပန်းကန်ကိုချပြီး လဲ့လဲ့မေးတော့ ဝေ စိတ်တိုတိုနှင့်ပြောလိုက်သည်။ ဝေ ရဲ့ကြီးလျှင်လည်း ကြီးမည်။ အမေနဲ့ပတ်သက်ပြီး ခေါင်းထဲက ထုတ်ထားသည်။

လဲ့လဲ့နဲ့မော်ကြီး ဝေ့ကို တအံ့တသြပုံစံနှင့်ကြည့်နေကြတော့ ဝေ နေနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့က ဘာတအံ့တသြ ကြည့်နေကြတာလဲ"

"နင် ဒီလောက်အထိတော့ ကိုယ့်အမေအပေါ် မာနမကြီးသင့်ဘူး၊ ဝေ"

"သမီးအရင်းတစ်ယောက်ကို ရက်ရက်စက်စက် နှင်ချတဲ့အမေ့ကို ငါက ဘာတွေအောက်ကျခံရဦးမှာလဲ"

"ဒါတော့ ဒါပေ့ါဟာ၊ သူက နင့်ကိုမွေးထားတဲ့အမေလေ၊ အခုလို နေမကောင်းဖြစ်နေတဲ့အချိန်မှာတော့ နင် သွားသင့်တယ်လို့ထင်တယ် ဝေ"

မော်ကြီး စကားကြောင့် ဝေ မျက်မှောင်ကြီးကုပ်သွားသည်။

"ဟုတ်တယ် ဝေ၊ သူတို့အိမ်ထောင်ရေးကလည်း အဆင်မပြေတော့ နင့်အမေ အရမ်းစိတ်ထိခိုက်နေတယ်"

နေမကောင်းဘူးဆိုသည့်အတွက် အမေဆိုသောစိတ်ကြောင့် လှုပ်ခတ်သွားသော်လည်း နောက်ထပ် လှဲ့လှဲ့ ပြောလိုက်သည့်စကား ကြောင့် ပြန်တင်းသွားမိသည်။

"ဒါဆို အန်တီနွယ့်ကို နင် သွားမမေးဘူးပေ့ါ ဟုတ်လား ဝေ"

ဝေ ခေါင်းခါပြလိုက်သည်။

"အဲဒါတော့ နင်ရက်စက်လွန်းပါတယ်ဟယ်၊ ဟိုတလောကဆို တော်တော်ဖြစ်တာ"

"ငါ ဘာမှမသိဘူး လှဲ့လှဲ့၊ မေမေနဲ့ပတ်သက်တာမှန်သမျှကို လည်း သိဖို့ ငါမကြိုးစားဘူး"

"နင့်ကိုရောင်စဉ် ဘာမှမပြောဘူးလား"

"ဟင့်အင်း"

"ဟယ် ရောင်စဉ် တော်တော်ဆိုးတာပဲ၊ ငါက သူပြောတယ်မှတ်နေတာ"





"ဟုတ်ပါ့ဟယ်၊ ငါလည်း သူပြောတယ်ပဲမှတ်လို့ မပြောတာပေ့ါ"

"ရောင်စဉ်ကိုအပြစ်မတင်ပါနဲ့၊ မေမေ့ကိစ္စမှန်သမျှ ငါ မသိချင် မှန်းသိလို့ သူ မပြောတာနေမှာ"

"ဘာပဲဖြစ်ဖြစ် ဒီလောက်အရေးကြီးတဲ့ကိစ္စကို စိတ်ဆိုးကာခါ စိတ်ဆိုးရော ပြောရမှာပေ့ါဟာ"

"ဒါပေမဲ့ ဒီကောင်က သိတဲ့အတိုင်းပဲ၊ ဝေ့ မျက်နှာတစ်ချက လွဲရင် ဘာကိုမှကြည့်တာမဟုတ်ဘူး။ ဒီကိစ္စ နင့်ဘဘရော သိလား ဝေ"

"သိချင်လည်း သိမှာပေ့ါ"

ဘဘ သိချင်လည်း သိနိုင်ပါတယ်။ မေမေ့ကို ဝေ စိတ်နာ နေတာ သိသည့်အတွက် မပြောဘဲနေတာလား။ ဒါမှမဟုတ် ဘဘကိုယ် တိုင် စိတ်နာနေသည့် ညီမအကြောင်း သိအောင် ကြိုးစားတာလားဆို တာ ဝေ တိတိကျကျတော့ မပြောတတ်ပါ။

"အခု သိသွားပြီဆိုတော့ နင် သွားမေးလိုက်ပါလား ဝေ၊ ငါ တို့လည်း လိုက်မယ်လေ"

ဝေ ခေါင်းကို သွက်သွက်ခါရမ်းလိုက်ပြီး

"လိုအပ်ရင် ငါ့ကိုမှာလိမ့်မယ်၊ သိပ်ကြီးကြီးမားမားဆို အစ်ကို တစ်ယောက်ဖြစ်တဲ့ ဘဘကလည်း ငါ့ကိုကျိန်းသေ သွားခိုင်းမှာပါ၊ မေမေ့ ယောကျ်ားမျက်နှာကိုလည်း ငါ မမြင်ချင်ဘူး"

"အန်တီနွယ်က မင်းအမေ အရင်းပါ ဝေ၊ ဘယ်လိုမှ အစား ထိုးလို့မရတဲ့ ဆုံးရှုံးမှုကြီးနဲ့ နင့်နောင်တရမှာစိုးလို့ပါ"

"နင်တို့စေတနာကိုငါ နားလည်ပါတယ်"

ခေါင်းမာသည့် ဝေကို သူငယ်ချင်းတွေ ဆက်မပြောတော့ပါ။

ဝေ စိတ်ပြောင်းအောင် တခြားအကြောင်းတွေ ပြောကြရင်း



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့နဲ့မော်ကြီး ညစာပါစားပြီးမှ ပြန်ပို့လိုက်သည်။

သူငယ်ချင်းတွေပြန်လိုက်ပို့ပြီး အပြန်ခရီးမှာတော့ ဝေ့ ရင်ထဲမှာ ဝေဒနာတစ်ခုခုကျန်ရှိနေသလို ခံစားရသည်။ ထိုဝေဒနာသည် မေမေ့အတွက် ဖြစ်သည့်ဝေဒနာလား၊ ရောင်စဥ့်အတွက် ခံစားရသည့်ဝေဒနာလားဆိုတာ ဝေ ကိုယ်တိုင်လည်း ဝေခွဲမရပါ။

■ ■ ■

၁၈

## အခန်း (၉)

"ဟုတ်တယ် သမီးလေး။ အရေးတကြီးမလိုအပ်သေးလို့ ဘာဘာအာမှမပြောသေးတာပါ။ မခေါ်လို့ရပေမယ့် မတော်လို့မရဘူးလေ၊ သူကအစိမ်းအားကိုးနဲ့ နေနိုင်ပေမယ့် အစ်ကိုဆိုတဲ့အသိနဲ့ မနေနိုင်တဲ့ ဘာဘကတော့ နှိမ်းရတာပေါ့၊ သူ့ယောကျ်ားက အရမ်းအသုံးအဖြုန်းကြီးဆိုပဲ၊ ယောကျ်ားသေငယ်ချောချောလေးရထားတဲ့ မိန္နယ်ကလည်း အစွမ်းကုန် အလိုလိုက်တော့ ပြီးပြီပေါ့၊ မျိုးထွန်းအတွက်ကတော့ မိန္နယ်ကိုရတာ ရတနာတွင်းကြီးတူးထားသလို အရင်က မသုံးနိုင်သမျှ အတိုးချပြီးတော့ ကို ဖြုန်းနေတယ်၊ ဒီအထိလည်း မိန္နယ်က အပြုံးမပျက်သေးဘူး၊ မျိုးထွန်းမှာ သားနဲ့မယားနဲ့ဆိုတာလည်း မိန္နယ် ကြားရော ပေါက်ကွဲတော့တာပဲတဲ့"

"မေမေ့ယောကျ်ားမှာ သားကြီးမယားကြီးရှိတယ် ဟုတ်လားဘာဘ"

"ဟုတ်လို့သာ ထွက်လာတာပေါ့ သမီးရယ်၊ ဒီကောင်နဲ့ယှဉ်တဲ့ခြောက်လအတွင်းမှာ မိန္နယ် ငွေတွေပစ္စည်းတွေ ကုန်နေတာ များညီးတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ ကြားတယ်၊ ဒါဟာ မယားကြီးနဲ့သားကို ထောက်ပံ့နေရလို့ပေါ့''

''မိန်းမနဲ့ကလေးရှိနေတာ သိရဲ့နဲ့ မေမေက ဆက်ပေါင်းနေတာပဲလား၊ ဘဘ''

''မယားကြီးကိုတောင် တရားဝင်ကွာနိုင်းနေတယ်လေ''

ဝေ့ ရင်ထဲ တင်းတင်းကြပ်ကြပ်ကြီး ခံစားသွားရသည်။ မေမေ ရက်စက်လိုက်တာ။ မလုပ်သင့် မလုပ်ထိုက်ဘူးဆိုတာ သိသွားသည့်နောက် ရပ်တန်းက ရပ်လိုက်ပါတော့လား။ သူ့မိန်းမနဲ့ကလေးခမြာ ဘယ်လောက် ခံစားရရှာမလဲ။ ကိုယ့်ကိုယ်ကိုယ်နှင့်ကိုယ်ချင်းစာပြီး တစ်ဖက်က ကလေးကို ဝေ သနားသွားသည်။

''ဘဘ မေမေ့ကို ဘဘ သွားပြောကြည့်ပါလားဟင်၊ အခုနေ အချိန်မှီပါသေးတယ်၊ တစ်ဖက်က မိန်းမနဲ့ကလေးခမြာ သနားစရာပါ''

''ဘဘလည်း သမီးလိုပဲ ခံစားရပါတယ်။ ပြောလည်းပြောချင်ပေမယ့် သူက လက်မခံရင် အစ်ကိုတစ်ယောက်ဖြစ်တဲ့ ဘဘအနေနဲ့ ဘာဖြစ်သွားမလဲ''

''ဒါဆို ဘဘ လိုက်ရှုပ်လိုက်ခဲ့လေ၊ သမီးပြောမယ်''

''သမီးက ဘယ်လိုပြောမှာလဲ''

ဘဘ မျက်လုံးအပြူးသားနဲ့မေးတော့ ဘဘရဲ့စိုးရိမ်မှုကို ဓဝ ကိုယ်ချင်းစာမိပါသည်။

''သမီး တောင်းပန်ပြီး ပြောကြည့်မှာပါ ဘဘ''

''ကဲ သမီးဆန္ဒဒီလောက် ပြင်းပြနေရင်လည်း သွားကြတာပေါ့''

သူ့ညီမအိမ်သွားနေတာ ကြီးကြီးကိုတောင် မစောင့်တော့ဘဲ ဝေနဲ့ဘဘ မေမေ့ဆီကို ချီတက်လာခဲ့သည်။

မှော်လင့်ချက်အပြည့်နှင့် လာခဲ့သော ဝေနှင့်ဘဘကို အိမ်ဖေ



ထဲမှာ နေမကောင်းဖြစ်ပြီးလဲနေသည့် မေမေက အကြည့်စိမ်းစိမ်းတွေနှင့် ကြိုဆိုနေသည်။

''နွယ် နေမကောင်းလို့ လာမေးတာလား အစ်ကို''

''ဟုတ်တယ်''

ဘဘက အပိုစကားမပြောဘဲ ခပ်ပြတ်ပြတ်ပြောတော့ မေမေ မဲ့ပြုံးလေး ပြုံးနေ၏။ မထင်မှတ်လောက်အောင် တော်တော်ကျသွားသည့် မေမေ၏မာနတွေကတော့ မျက်နှာပေါ်မှာ အထင်းသား။

''ညည်းကရော ငါ့ကိုလာမေးတာလား''

''ဟုတ်ကဲ့''

''ဩော် တံငါနားနီး တံငါဆိုသလို ညည်း တော်တော် လိမ္မာသွားပြီကို''

အခုအချိန်မှာ မေမေ ဘာဖြစ်လို့ သူတစ်ပါးထိခိုက်စေမည့် စကားတွေကို ပြောနေရတာလဲ။ မေမေ နောင်တမရသေးဘူးလား။ မေမေ့ကို ပြောမယ့်စကားတွေက လည်ချောင်းဝမှ ထွက်မလာ။

''ကဲ မိနွယ် အခုချိန်မှာ ဘယ်သူမှအကျိုးမရှိမယ့်စကားတွေ မပြောတာ အကောင်းဆုံးပဲ၊ ညည်း ဒီလောက်နေမကောင်းဖြစ်တာလည်း ငါတို့ မသိဘူး။ ငါတို့လာတာ ညည်းနဲ့တိုင်ပင်စရာရှိလို့လာတာ''

ဘာများလဲဆိုသော မျက်ဝန်းဖျော့ဖျော့လေးတွေနှင့် ဘဘကို မေမေ ကြည့်နေသည်။

''တိုတိုပြောရမယ်ဆိုရင် ညည်းယောကျ်ားမှာ မယားကြီးနဲ့ ကလေးတွေ ရှိတယ်မလား''

မေမေ့မျက်နှာ သိသိသာသာ ပျက်သွားပြီးမှ

''အစ်ကိုကို ဘယ်သူပြောလဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုသိတော့ ဘာထူးမှာလဲ၊ ဟုတ်တယ်မလား"

မေမေ့မျက်ဝန်းတွေ ဘာဘထံမှ ရွေ့သွားပြီး ချက်ချင်းပင် မျက်ရည်ကြည်တွေဝိုင်းလာသည်။

"သူတို့က နွယ်နဲ့မယူခင်တည်းက ကွာရှင်းပြတ်စဲပြီးသားပါ"

"နင့်ကို အဲဒါ နင့်ယောက်ျားပြောတာလား"

"နွယ်ကိုယ်တိုင်လည်း သေသေချာချာ စုံစမ်းပြီးပါပြီ"

"မိနွယ် နင်တကယ်ပဲ မသိတာလား။ ငါ့ကိုလိမ်နေတာလား"

"နွယ်က အစ်ကို့ကို ဘာဖြစ်လို့ လိမ်ရမှာလဲ"

မေနုမက မူမမှန်သည့်ပုံစံနှင့် ဘာဘကို ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"အေး နင်ပြောတာတွေက အမှန်တွေ မလိမ်ဘူးဆိုရင်တော့ နင် အလိမ်ခံနေရပြီ မိနွယ်"

မေမေ ဖျတ်ခနဲ ဘာဘကို ကြည့်လိုက်သည့်အကြည့်တွေက စိုးရွံ့မှုတွေ အထင်းသား။

"ဟုတ်တယ် နင့်ယောက်ျားက နင့်ကိုလူပျိုဆိုပြီး ညာယူတာ၊ ကျောက်မျက်ရတနာမျိုးစုံရောင်းဝယ်ရေးဆိုင်ကလည်း သူ့ပိုင်လိုလို စစ်တူလိုလိုညာထားတာ၊ အခုတော့ ညည်းသိသွားပြီမလား။ တခြားကိစ္စတွေ ငါ မပြောတော့ဘူး။ ငါပြောချင်တာကတော့ မိန်းမနဲ့သားသမီးတွေကို မပြတ်သေးတဲ့ညည်းယောက်ျားကို ပေးသင့်ပေးထိုက်တာပေးပြီး အေးအေးချမ်းချမ်းနေပါတော့လား။ ဒါဟာ ညီမတစ်ယောက်အပေါ်ထားတဲ့ အစ်ကိုတစ်ယောက်ရဲ့စေတနာပါ၊ ဒါကို ညည်းလက်ခံမယ်လို့ထင်တယ်"

"နွယ် လက်မခံနိုင်ဘူး အစ်ကို၊ လူပျိုဆိုပြီး ညာယူတဲ့ ဒီကောင်ကိုလည်း တစ်နည်းနည်းနဲ့ တုန့်ပြန်ရမှ ကျေနပ်မယ်၊ နွယ့်ကို



အရှက်ခွဲတဲ့ ဒင်းမိန်းမဆိုတဲ့မိန်းမကိုလည်း တစ်သက်လုံးခံစားရမယ့် အနာတရကြီးရအောင်လုပ်ပြီးမှ နွယ် သေမယ်"

ဘုရား ဘုရား မေမေ့အတွေးတွေက ကြောက်စရာကောင်းလှချည်လား။

"ညည်းမှာ အဲဒီလိုအတွေးအကြံတွေ ရှိနေတာတောင် ဘယ်လောက်ပင်ပန်းနေပြီလဲ မိနွယ်၊ ပေးဆပ်သင့်လို့ ပေးဆပ်လိုက်ရတယ်ပဲ သဘောထားကြည့်လိုက်စမ်းပါဦး။ စိတ်တွေ သိပ်ကိုအေးချမ်းသွားလိမ့်မယ်"

"ဟင့်အင်း ဒီကိစ္စနဲ့ပတ်သက်လို့ နွယ့်ကို ဘာမှမပြောပါနဲ့ အစ်ကိုရယ်၊ နွယ် လုပ်ချင်တာကို လုပ်ခွင့်ပေးပါ"

ဝေသည် မေမေ့ကိုကြည့်ပြီး ကြောက်လာသည်။ အသည်းမာသည့်ဝေက ဒီတစ်ခါတော့ တာတမံကျိုးသလို မျက်ရည်တွေ တပေါက်ပေါက်ကျလာပါသည်။ မေမေ့ကို ဒီလိုအနေအထားမျိုးနှင့် ဝေမမြင်ချင်ပါ။ မေမေဟာ ကျရှုံးနေပြီဆိုတာ သူ့ကိုယ်သူ သိမှသိပါလေစ။

"မေမေ"

ရင်ထဲကလာသည့် အသံနှင့် ဝေ တုန်တုန်ခိုက်ခိုက်ခေါ်တော့ မေမေက ခပ်စိမ်းစိမ်းမျက်ဝန်းကြီးတွေနှင့် လှမ်းကြည့်၏။

ဝေ့ကို အဲဒီလို အကြည့်တွေနဲ့ မကြည့်ပါနဲ့ မေမေရယ်။

"မေမေ့စိတ်တွေကို လျှော့လိုက်ပါလို့ သမီးတောင်းပန်ပါတယ်"

"အံမယ် ညည်းကများ ငါ့ကို ဆရာလုပ်နေတယ်၊ ညည်းက ဒီမွေးထားတဲ့သမီးနော်"

ဝေ့ကို ထရိုက်တော့မည့် သဏ္ဌာန်နှင့် မေမေ ပြူးတူးပြူးတဲ ပြောတော့ ဘာဘ မနေနိုင်ဘဲ.

"ညည်းက မအေပေမယ့် ညည်းလုပ်ရပ်မှန်ဖို့ပြောတာပဲ၊ ဘာ

www.burmeseclassic.com



ဖြင့်အိပ်ရာထဲက မထနိုင်ဘူး မာန်က မလျှော့သေးဘူးကို''

''ဟုတ်တယ် မသေမချင်း ဘယ်တော့မှ မာန်မချဘူး''

''ညည်း တော်တော်စိတ်ပျက်စရာကောင်းပါလား မိန္နယ်''

''ဟုတ်တယ် နွယ်ဟာ အစ်ကိုတို့အတွက်တော့ အသုံးမကျတဲ့ မိန်းမပါ၊ ဒီတော့ အစ်ကိုတို့သွားပါတော့''

''အေး ညီမဆိုတဲ့သံယောဇဉ်သာမရှိရင် ရောက်လာစရာ အကြောင်းကို မရှိဘူး''

''ဟုတ်ပါတယ် မေမေရယ်၊ ဦးမျိုးထွန်းကို ပေးသင့်တာပေး လိုက်ပါ၊ သမီး မေမေ့ကို စိတ်ချမ်းသာအောင် ထားပါမယ်''

''အမလေး ညည်း မလာပါနဲ့တော့ မိဝေ၊ ညည်းမျက်နှာကို ငါ မမြင်ပါရစေနဲ့တော့၊ ညည်းမျက်နှာကိုမြင်ရတာလေ ငါ အသည်းနာလွန်း လို့ပါ''

''တိတ်စမ်း မိန္နယ် ကလေးမှာ ဘာအပြစ်ရှိလို့ ဒီလိုစကားမျိုး ပြောရတာလဲ၊ ကလေးစိတ်မကောင်းဖြစ်မယ့်စကား ထပ်မပြောပါနဲ့တော့''

ဝေကတော့ ချုံးပွဲချငိုပစ်လိုက်သည်။ ဝေ့မျက်နှာကို မြင်ရတာ အသည်းနာတယ်ဆိုတော့ ဝေက ဘယ်လိုအပြစ်ကြီးကို ကျူးလွန်ခဲ့မိလို့ လဲ။

''သမီးမျက်နှာကို မမြင်ချင်ဘူးဆို သမီးလာမနေပါဘူး၊ ဒါပေမဲ့ လုပ်သင့်လုပ်ထိုက်တာကိုတော့ မေမေ လုပ်မှဖြစ်မယ်၊ မေမေဒုက္ခရောက် မှာ သမီးမကြည့်ရက်ဘူး''

''မကြည့်ရက်ရင် မကြည့်နဲ့ပေါ့၊ သွား နောက်လည်း ဘယ်တော့ မှ မလာနဲ့ သွားကြ သွားကြ''

''လာ သမီးလေး သွားမယ်''





ဘဘက တသိမ့်သိမ့် ရှိုက်ငိုနေသော ဝေ့မျက်ရည်တွေကို သုတ် ပေးရင်း ဝေ့ကိုသွားဖို့ လက်တွဲခေါ်နေသည်။

''မင်း ဒီလောက်သွားစေချင်ရင်လည်း ငါတို့သွားမယ် မိန္နယ်၊ နင်က နောင်တကိုပိုက်ပြီး သေသွားမယ့်မိန်းမပဲ''

ဘဘက ပြောပြီးတာနှင့် ဝေ့ကိုဆွဲခေါ်ကာ မေမေ့အခန်းထဲက ထွက်လာခဲ့သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မမေသည် ဝေ့ထက်ပင် အသည်းမာတယ်ဆိုတာ ဝေ ကောင်းကောင်းသိသွားသည်။ ဘဘကိုရော ဝေ့ကိုရော လုံးဝအလာမခံပါ။ မမေယောကျ်ားတော်တော်ဆိုးသည်ဆိုတာ အိမ်ကလူတွေအပြောကြောင့်အပြင် ပတ်ဝန်းကျင်အပြောကြောင့်ပါ တော်တော်များများ သိခွင့်ရခဲ့သည်။

အစုမှ ငွေပုံကြီးပေါ်ရောက်လာသော မမေ့ယောကျ်ားသည် အပျော်အပါးကိုတော်တော်ဝါသနာပါသည်။ အလောင်းအစား၊ မိန်းမ အပျော်အပါးအပြင် အချိန်မတော် အိမ်ပြန်လာတိုင်းလည်း ဘီယာလေး တမြမြနှင့် မမေ့ကိုအပြစ်မရှိအပြစ်ရှာသည်။

မမေ့ဘက်ကနာသော အိမ်ကလူတွေသည် မမေ့ကိုသနားသည့်အတွက် သည်းခံနေကြသော်လည်း မမေ့ယောကျ်ားကို အစိမ်းလိုက်ဝါးမြိုချင်နေကြသည်။

သူကပင် မမေ့ကိုကွာရှင်းခွင့်တောင်းနေသည့်အခါ မမေ့ပတ်ဝန်းကျင်ရှိမိတ်ဆွေအားလုံးသည် ကွာရှင်းပေးလိုက်ဖို့ ဝိုင်းပြောပေမယ့် မမေ ခေါင်းမာနေသည်။ ဝေနဲ့ဘဘကတော့ ဒီသတင်းကြောင့် တက်တ





ခေါက်ခေါက် ဖြစ်နေပေမယ့် မမေ့ကိုပြောမရသည့်အခါ ဘာမျှ မတတ်နိုင် ဖြစ်နေသည်။

မမေ့အတွက် ဝေ ရင်နာလွန်းလို့ တစ်ညမှကောင်းကောင်း မအိပ်နိုင်ပါ။ အကောင်းဆုံးဖြစ်အောင် ဘာလုပ်ရင်ကောင်းမလဲသော အပြင်းအထန်စဉ်းစားနေမိသည်။ ပိုပြီး ဝေ စိတ်ဆင်းရဲစေမည့်အကြောင်းကတော့ မမေ့ရောဂါသည် သားအိမ်ကင်ဆာဟု အဖြေထွက်လာသည်။

ကျိန်းသေ,သေမည့်ရောဂါကြီးအတွက် ဝေ ဘယ်လိုနည်းနဲ့ ဖြေသိမ့်ဖြေသိမ့် မရပါ။ မောင်းထုတ်လည်း ပေခံမည်ဆိုသောအတွေးနှင့် မမေ့ဆီ ဝေရောက်အောင် လာခဲ့သည်။ ဟိုတစ်ခါ ဘဘနှင့်လာစဉ်တုန်းကနဲ့ တစ်ပတ်ပဲကွာသည်။ ထိုတစ်ပတ်အတွင်း မမေ့ပုံစံသည် မြင်ရက်စရာမရှိပါ။ ပိန်လှီလှီခန္ဓာကိုယ်လေးက အိပ်ရာပေါ်မှာ မလှုပ်မယှက် ငြိမ်သက်နေသည်။

ဝေ့ကိုမျက်နှာထားတင်းတင်းနှင့်ကြည့်ပြီး တစ်ဖက်လှည့်သွားပေမယ့် နှုတ်ကတော့ ဘာမှမပြောပါ။ မမေ့မျက်လုံးတွေက ယခုထိတောင် မာနတွေ ရှိနေသေးကြောင်း အထင်းသားတွေ့နေရသည်။

''ဝေလေး ထိုင်လေ''

မမခိုင်က မမေ့ခုတင်ဘေး ခုံလေးပေါ်မှာ ဝေ့ကိုထိုင်ခိုင်းနေသည်။ မမေ့အတွက်တော်တော် ခံစားနေရမှန်းသိသာအောင် မမခိုင် မျက်နှာပေါ်မှာ သနပ်ခါးပေါင်ဒါ လုံးဝမရှိဘဲ မျက်နှာပြောင်နှင့် အပူသည် ညှိုပေါက်နေ၏။ မမခိုင်က ငယ်ငယ်လေးတည်းက မိဘမဲ့သွားသည့် အတွက်ကြောင့် မမေ့မိဘတွေကခေါ်ပြီး ကျွေးမွေးထားခြင်းဖြစ်သည်။ ဒါကြောင့် မမေ့ကို သံယောဇဉ်ပိုရှိကာ ဝေ ဘယ်လိုခေါ်ခေါ် ဝေနဲ့လိုက်မနေဘဲ တတွတ်တွတ် တောင်းပန်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ဝေလေး မမနိုင် လုပ်စရာရှိတာလေးတွေ သွားလုပ်လိုက်ဦးမယ် နော်''

''ဟုတ်ကဲ့ မမနိုင်''

မမနိုင် တမင်ရှောင်ထွက်သွားတာ ဝေ သဘောပေါက်သည်။ မမနိုင်ကတော့ ဝေနဲ့မေမေ အေးအေးဆေးဆေး စကားပြောဖို့ တမင်ချန်ခဲ့ပေမယ့် မေမေက ဝေ့ကို စကားပြောချင်ပုံမရပါ။ ဝေ့ဘက်ကို မျက်နှာမလှည့်ဘဲ တစ်ဖက်ကို လှည့်ထားသည်။ မေမေ့ကို ဘာစကားစ,၍ပြောရမလဲ ဝေ စဉ်းစားနေမိသည်။

''ညည်း ငါ့အိမ်ကို ဘာလာလုပ်တာလဲ မိဝေ''

မေမေကပင် စပြောလာပြီ။ ဒါပေမဲ့ မေမေကပင် စပြောသော်လည်း နွေးထွေးကြင်နာသည့်စကားတော့ မဟုတ်ပါ။ ဝေကလည်း မေမေ ဘာပြောပြော သည်းခံမည်ဟု စိတ်ကိုပိုင်းဖြတ်ပြီးသားမို့ မေမေ့စကားအတွက် ဘယ်လိုမှ မခံစားရပါ။

''မေမေ့နားမှာ နေချင်လို့ပါ''

''ငါ့နားမှာနေချင်လို့ ဟုတ်လား''

''ဟုတ်ပါတယ် မေမေ''

မေမေက သရော်ကမော်အပြုံးလေးနှင့် ဝေ့ဘက်သို့ကြည့်လာပြီ။

''ညည်းက သိပ်သရုပ်ဆောင်ကောင်းတာပဲနော်''

မေမေ့စကားအဓိပ္ပာယ်ကို ဝေ နားမလည်သည့်အတွက် ဘာတစ်ခွန်းမှ မပြောဘဲ မာနတွေပြည့်နေသော မျက်နှာကိုသာ ငေးကြည့်နေမိသည်။

''ဘာလဲ ငါက သေတော့မှာမို့ သမီးရင်းတစ်ယောက်ဖြစ်တဲ့ ညည်းက ဝတ္တရားအရလာတာလား''





''မေမေ ဘာတွေပြောနေတာလဲ''

မေမေ့စကားအတွက် တကယ်ပင် ဝေ တုန်လှုပ်သွားရပါသည်။

''ငါ အမှန်တွေပြောနေတာလေ''

''မဟုတ်တာ မေမေ ဘာလို့ သေရမှာလဲ၊ အနာသိရင် ဆေးရှိပါတယ်၊ မေမေ လုံးဝ မသေရဘူး။ မေမေ့ကို ရအောင်ကုမှာ''

ဝေ ငိုရှိုက်ရင်းပြောတော့ မေမေကအေးစက်စက်မျက်ဝန်းတွေနှင့်ကြည့်နေပါသည်။

''နင် ငါ့ကို တကယ်ပဲသေမှာစိုးလား မိဝေ''

''ဟုတ်ကဲ့ မေမေ သေမှာကို သမီးတကယ်ပဲ စိုးရိမ်ပါတယ်''

''ဒါပေမဲ့ ငါက ကျိန်းသေကို သေရမှာ''

''ဟင့်အင်း မေမေ မသေရဘူး။ ဘယ်လောက်ကုန်ကုန် မေမေ့ကို ကုမယ်''

ဝေက ပလုံးပထွေးနှင့် ငိုရှိုက်ရင်းပြောပြီး မေမေ့တစ်ကိုယ်လုံးကိုလည်း ဖက်ထားလိုက်သည်။ မေမေသည် ဖက်ထားသည့်ဝေ့လက် တွေကို အတင်းဖယ်ထုတ်နေ၏။ ပြီးတော့ ငိုသံပါကြီးနှင့်လည်း ပြောသေး သည်။

''ငါ့ကို မဖက်ပါနဲ့၊ ငါက ,မသေခင်တည်းက နံနေတဲ့အပုပ်ကောင်ပါ''

''မေမေ ဘာပဲဖြစ်နေနေ သမီး မရွံ့ဘူး။ သမီးက မေမေ့သမီးအရင်းပါ၊ ကိုယ့်အမေကို ဘာဖြစ်လို့ ရွံရမှာလဲ၊ သမီး မေမေ့ကိုချစ်တယ်၊ မေမေ့အနားမှာပဲ နေပါရစေမေမေရယ်''

မေမေသည် အင်အားချိနဲ့နေသော လက်ကလေးတွေနှင့် ဝေ့ကို ဖုတ်ပိုးကနေ သိုင်းဖက်ထားသည်။

''မေမေ့ကိုချစ်ရင် ဘာဖြစ်လို့ပစ်သွားတာလဲ၊ သမီးမရှိတော့



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဘဝက အဓိပ္ပာယ်မရှိဘူး''

''သမီးရှိရင် မေမေ စိတ်ညစ်မှာစိုးလို့ပါ မေမေရယ်''

''ဟင့်အင်း မေမေ့သမီးလေးမရှိမှ စိတ်သောကတွေ ရောက်ရတာပါ၊ မေမေ့သမီးကို နှင်ချတာ စိတ်ထဲကပါလို့မဟုတ်ပါဘူး သမီးရယ်၊ မေမေ့ကို သမီးစိတ်နာနေတယ်မလား''

''ဖြစ်ပြီးတာတွေ မေမေမေ့လိုက်တော့နော်''

''သမီးရယ်''

ဝေ့မျက်နှာအား အတင်းဆွဲမော့ပြီး ဝေ့ပါးကို မေမေ နမ်းနေသည်။

''သမီးလေး''

''ရှင် မေမေ''

''ဟိုအကောင်ကို သမီး ဘာမှ ဂရုမစိုက်နဲ့နော်၊ မေမေ့ကို ဘာပြောပြောလည်း သမီး ဝင်မပြောနဲ့၊ သူ့ဝဋ်ကြွေးတွေ မေမေဆပ်နေတယ်လို့ သဘောထားတယ် သမီး''

''ရှင်''

''မေမေပြောတာ ကြားတယ်နော်''

''ဟုတ်ကဲ့ပါ မေမေ''

''နောက်ပြီး မေမေသေမှ မေမေနဲ့သမီး ခွဲမယ်နော်''

''မပြောပါနဲ့တော့ မေမေရယ်၊ သမီးနဲ့မေမေ အကြာကြီးနေရဦးမှာ''

ဝေနဲ့မေမေ အကြာကြီးဖက်ထားမိသည်။

''သမီးလာတာ ဘဘတို့ ကြီးကြီးတို့ သိလား''

''မှာထားခဲ့တယ် မေမေ''





''စကားပြောသံကြားလို့ ဘယ်သူလဲ ဝင်ကြည့်တာ ဝေ ရောက်နေတာကိုး''

အသံလာရာဆီသို့ မေမေနဲ့ဝေ ပြိုင်တူလှည့်ကြည့်လိုက်သည်။

တီရှပ်အကောင်းစား ဆင်စွယ်ရောင်လေးကို ကတ္တီပါအသားမျိုး ဘောင်းဘီရှည်သျှားညိုရောင်လေးနှင့် တွဲဝတ်ထားသော မေမေ့ယောကျ်ား ဦးမျိုးထွန်းသည် ရှိရင်းအသက်ထက် ပိုငယ်သယောင်ယောင်။

အမြဲတမ်း ပြုံးချိုနေသော ဦးမျိုးထွန်းမျက်နှာက မသိသည့် သူဆိုလျှင် အလွန့်အလွန် သဘောထားပြည့်ဝမည့်သဏ္ဍာန်ပင်။

''လာလည်တာလား ဝေ''

''မေမေ့ကိုပြုစုဖို့လာတာပါ''

''ဟာ ကောင်းတာပေါ့ သမီးကိုယ်တိုင်ပြုစုတော့ မမနွယ် ပိုပြီး စိတ်ချမ်းသာရတာပေါ့''

ဝေ ဘာမှမပြောတော့ပါ။ မေမေကလည်း ဘာတစ်ခွန်းမှ ဝင်မပြောဘဲ မျက်နှာကိုရှုပုတ်ထားသည်။ အဝေးကတောင် ဦးမျိုးထွန်းထံမှ အကောင်းစားရေမွှေးနံ့ထောင်းထောင်းထနေသည်။

''သားအမိတွေ ပြောကြ၊ ပြောကြ''

သူ့ဟာသူပြောပြီး မေမေ့အခန်းမှ ဦးမျိုးထွန်း ပြန်ထွက်သွားသည်။

အစုမှ မေမေ့အနားကို မကပ်ချင်တော့သည့် ဦးမျိုးထွန်းကို ဒေါသတွေထွက်နေမိသော်လည်း မေမေ စိတ်မကောင်းဖြစ်မှာစိုးသည့်အတွက် မြိုသိပ်လိုက်ပါသည်။ သားအိမ်ကင်ဆာဖြစ်သည့်အတွက် အနံ့အသက်မကောင်းသော မေမေ့နားကို သူ ဘယ်ကပ်ချင်ပါတော့မလဲ။ ဆိုတည်းက ရုပ်ကလေးနဲ့ အပြောလေးဗန်းပြပြီး မေမေ့ပစ္စည်းတွေကို မက်လို့



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တာပဲ။

"မေမေ မှားသွားတယ် သမီး"

"ဘာကိုမှားတာလဲ မေမေ"

"ဒင်းကို တရားဝင်ယူလိုက်တဲ့အတွက်လေ"

"ပြီးခဲ့တာတွေလည်း ပြီးပါပြီ မေမေ၊ စိတ်မကောင်းစရာတွေ မပြောပါနဲ့တော့"

"မပြောဘဲမနေနိုင်ဘူး သမီးရယ်၊ မေမေ့ကိုဖွလ နေကောင်းအောင်နေ၊ မမရောဂါကို ရအောင်ကုမယ်ဆိုတဲ့ အားပေးစကားမျိုးတစ်ခါမှမပြောဘူး။ မြန်မြန်သေပါစေတောင် ဆုတောင်းနေတာ သမီးရဲ့၊ အေးလေ ပြောမယ်ဆို သူကတစိမ်းပဲ၊ လင်ဆိုတာတောင် ငယ်လင်ငယ်မယားမှ မဟုတ်တာ၊ ပစ္စည်းမက်လို့ ယူတဲ့လူဆိုတော့ ဒီလိုပဲဖြစ်မှာပေါ့၊ သူ့အကြောင်းသိသွားတည်းက မေမေ့အတွင်းပစ္စည်းတွေအားလုံးကို လုံခြုံစိတ်ချရတဲ့နေရာမှာ သိမ်းထားလိုက်ပြီ၊ မေမေ့သမီးလေးအတွက်လေ၊ မေမေကွာရှင်းခိုင်းတော့ ဒင်းက ကွာရှင်းမပေးဘူး၊ သူကလည်း အကြံရှိတာကို သမီးရဲ့၊ မေမေ သူ့ကိုကလဲ့စားချေဖို့ ရည်ရွယ်ချက်တွေက အထမမြောက်တော့ဘူး သမီးရယ်၊ ကံကြမ္မာက သူ့ကိုမျက်နှာသာပေးလိုက်တယ်၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ထားမကောင်းတဲ့လူယုတ်မာ လွတ်မြောက်သွားတာပေါ့၊ အခုကြည့်ပါလား မေမေ့ရှာထားတဲ့ပိုက်ဆံတွေကိုတော့ အရှက်မရှိယူသုံးပြီး အိပ်ရာထဲဘုံးဘုံးလဲနေတဲ့မေမေ့ကိုတော့ သက်သာလားတစ်ခွန်းမမေးဘူး မပြောမဖြစ်ပြောတာတောင် အဝေးကနေပဲပြောတယ်၊ မေမေ့ဘက်က ကြည့်ရင် ဘယ်လောက်ရင်နာစရာကောင်းလဲ သမီးရယ်"

မေမေက စကားအရှည်ကြီး ပြောသွားပေမယ့် မောသည့်ဟန်မရသေးပါ။ ဝေ ဘာပြောမလဲဟု ဝေ့မျက်နှာကိုပဲ အငန်းမရကြည့်နေ





သည်။ ဒီအခြေအနေမျိုးရောက်နေသော မေမေ့ကို သောကတွေ ဒေါသတွေနည်းနည်းမှ မရှိစေချင်ပါ။ ဖြောင့်ဖြောင့်တန်းတန်းနှင့်အေးအေးချမ်းချမ်းသာ သွားစေချင်သည်။

"သမီးကိုချစ်လား မေမေ"

"သိပ်ချစ်တယ် သမီးရယ်၊ မေမေ့သမီးအတွက် အားလုံး စီစဉ်ထားခဲ့တဲ့အတွက် ကျေနပ်တယ်၊ မေမေ စိတ်ထိခိုက်နေတာက သမီးလေးနဲ့အကြာကြီးမနေရတော့မှာကိုပဲ"

ပြောရင်း မေမေ့ငိုတော့ ဝေလည်း ငိုချင်စိတ်ကို မနည်းထိန်းပြီး

"သမီးကိုချစ်ရင် စိတ်မကောင်းစရာစကားတွေ မပြောကြေး မေမေရယ်၊ သမီးတို့မှာပိုက်ဆံရှိတာပဲ၊ ပိုက်ဆံဘယ်လောက်ကုန်ကုန် ပျောက်အောင်ကုမှာပေါ့ မေမေရဲ့"

"ပျောက်ပါ့မလား သမီးရယ်၊ မေမေ့ရောဂါက တစ်နေ့တခြားဆုတ်ယုတ်လာတာပဲရှိတယ်"

"မေမေရယ် ဒီလောက်တိုးတက်နေတဲ့ခေတ်ကြီးမှာ ပိုက်ဆံရှိဖို့အဓိကပါပဲ၊ မေမေ ဘာမှမစိုးရိမ်နဲ့"

"သမီးပြောမှပဲ မေမေအားတွေရှိသွားတော့တယ် ဟုတ်တယ်နော် ငွေဘယ်လောက်ကုန်ကုန် မေမေ့ရောဂါကို ပျောက်အောင်ကုမယ်၊ ပြီးမှ သမီးနဲ့မေမေ ပျော်ပျော်ကြီးနေကြမယ်"

မေမေ့ကိုခေါင်းညိတ်ပြပြီး ဝေက ကျေကျေနပ်နပ် ပြုံးလိုက် သည်။ ဆလိုချင်သည့်အကွက်ထဲ ဝင်လာပြီမို့ မေမေ့နားသို့ ပိုတိုးကပ်ကာ

"ဒါဆို ဦးမျိုးထွန်းကို ပေးသင့်တာပေးပြီး တရားဝင်ကွာရှင်းလိုက်ပါလား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကွက်ခနဲ မျက်နှာပျက်သွားပြီးမှ ဝေ့ ပါးလေးကို သူမ လက်ကလေးနှင့်ပွတ်ပြီး

"သမီး သူ့ကိုမမြင်ချင်ရင် တစ်ပြားတစ်ချပ်မှ မပေးရဘဲ လာတုန်းက အတိုင်း လူချည်းထွက်သွားရအောင် မေမေလုပ်ပြမယ် သမီး ကြည့်နေ"

အိပ်ရာထဲကနေ ပက်လက်အနေအထားနှင့် မေမေက ဘာတွေများစွမ်းဆောင်နိုင်မှာမို့လဲ။ ဒါပေမဲ့ နောက်ဆုံးအချိန်ရောက်နေပြီဖြစ်သည့် မေမေ့ကို ပြုံးဘက်ပြီး မပြောချင်တော့ပါ။

"သမီးတို့အရမ်းချမ်းသာတာပဲ မေမေရယ်၊ နည်းနည်းပါးပါး ပေးလိုက်ဖို့ကို မေမေ ပြောနေတာလား"

"ဒင်းက နည်းနည်းပါးပါးနဲ့ ကျေနပ်မှာမဟုတ်ဘူး သမီး၊ ဒါတွေ သမီးမသိပါဘူး။ ဒီအကြောင်းတွေ မပြောနဲ့တော့ သမီးရယ်၊ မေမေ့သမီးလေး မေမေ့နားမှာရှိတဲ့အတွက် မေမေ အရမ်းပျော်တယ်"

ပြောပြီးတာနှင့် မေမေက ဝေ့ကို အတင်းဖက်ထား၏။

မေမေ ပျော်နေတော့ ဝေ ဝမ်းသာလွန်းလို့ မျက်ရည်ကျချင်လာသည်။ ဝေ့ကိုယ်ဝေလည်း မာနကြီးတစ်ခွဲသားနှင့် မေမေ့ကိုပစ်ထားသည့်အတွက် နောင်တရနေသည်။ ဝေသာ ဒီထက်စောပြီး နောင်တရခဲ့လျှင် မေမေ အခုလို ရောဂါဖြစ်ချင်မှဖြစ်မှာ။

"မေ့သမီးလေးကလေ ဒီတစ်နှစ်အတွင်းမှာ ပိုပြီးလည်းလှလာတယ်၊ အပျိုကြီးတစ်ယောက်အတိုင်း ပိုပြီးတော့လည်း ထွားကြိုင်းလာတယ်၊ သမီးအဖေသာရှိရင် သူ့သမီးကို တစိမ့်စိမ့်ကြည့်ပြီး ပီတိဖြစ်နေမှာ"

တင်းထားသည့်ကြားကကို အဆက်မပြတ်ကျလာသည့် ဝေ့မျက်ရည်တွေသည် မေမေ့ရင်ဘတ်တစ်ခုလုံး ရွှဲနစ်သွား၏။

"ဟင် သမီးလေး ငိုနေတယ်၊ မငိုပါနဲ့ သမီးလေးရယ်"





မငိုပါနဲ့ဟုပြောသော မေမေ့မျက်ဝန်းမှာလည်း မျက်ရည်တွေ စီးကျနေသည်။

ညရောက်တော့ ဘဘနဲ့ကြီးကြီး လိုက်လာသည်။ ဝေ အကျိုးအကြောင်းပြောပြလိုက်တော့ ဘဘတို့က ကြည်ကြည်ဖြူဖြူပင်ထားခဲ့ သည်။

မေမေ့အခန်းထဲမှာပင် မေမေအတင်းတားသည့်ကြားက ဝေ အိပ်ခဲ့သည်။

ဝေ မေမေ့ဆီရောက်နေသည့်အတွက် မော်ကြီးနဲ့လဲ့လဲ့လည်း သုံးလေးရက်တစ်ခါ လာလည်ကြသည်။ ရောင်စဉ်ကတော့ သကြန်ပြီးမှ ပြန်လာမည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အောင်စာရင်းထွက်တော့ ဝေတို့လေးယောက်လုံး အောင်ကြသည်။ ထုံးစံအတိုင်း အဆင့်တစ်ရသည့်ဝေကို သူငယ်ချင်းတွေက တစ်ခုခုလိုက်ကျွေးဖို့ ဂျီကျနေကြသည်။ ရောင်စဉ်လာမှ ကျွေးပါမည်ဆို လည်းမဟုတ်။ ဒီရက်တွေမှာ မေမေ သိပ်နေမကောင်းသည့်အတွက် ဝေ ဘယ်မှမသွားဘဲ မေမေ့နားမှာပဲနေချင်သည်။

အကျိုးအကြောင်း ပြောပြလျှင်တော့ သူငယ်ချင်းတွေက လက်ခံမှာဖြစ်ပေမယ့် တက်ကြွနေသည့်သူငယ်ချင်းတွေကိုလည်း မပြော ရက်ပါ။ မေမေကလည်း အတင်းပင်သွားခိုင်းနေတော့ တစ်ခုခုကျွေး ရုပ်ရှင်ပြ ပြန်လာလိုက်တော့သည်။

"ရောင်စဉ် လာရင်လည်း နင်ထပ်ကျွေးရမှာနော်"

"အေးပါဟာ"

"အဲဒီကောင် အရမ်းပျော်နေမှာ၊ နင် ဒီမှာပဲကျောင်းနေဖြစ်မှာ သာသိရင်ပိုဆိုးပြီ"





လဲ့လဲ့တို့က မေမေနှင့်ဝေ ပြန်လာနေခြင်းအတွက် ကျောင်းလည်း ဒီမှာပဲ ပြန်တက်မည်ထင်နေကြသည်။

"ဟဲ့ ဝေ နင်ဘာဖြစ်နေတာလဲ၊ ပျော်ပျော်ရွှင်ရွှင်လည်းမရှိဘူး"

"ဟုတ်တယ် နင် ငါတို့ကို လိုက်မကျွေးချင်လို့မဟုတ်လား"

"မဟုတ်ပါဘူးဟာ"

"ဒါဖြင့် ဘာဖြစ်နေတာလဲ ရောင်စဉ်ကို သတိရလို့လား"

"မဟုတ်ဘူး"

"ဘာလဲဟာ နင် ဘာဖြစ်နေတာလဲ၊ ငါတို့ကိုပြောစမ်း"

"မေမေ့ရောဂါက စိတ်မချရဘူးဟာ"

"ဟော ဟုတ်လား"

မော်ကြီး အလန့်တကြားဖြစ်သွားသလို လဲ့လဲ့ကလည်း အမြစ်တင်သည့်အသံနှင့်

"ဒါများ ဝေရယ် ငါတို့ကို ပွင့်ပွင့်လင်းလင်းပြောပါလား။ ငါတို့က အန်တီနွယ် နေကောင်းတယ်ပဲထင်လို့ နင့်ကိုဖွတ်ပူဆာတာပါ"

"အေးဟယ် ဒီလောက်ခင်တဲ့သူငယ်ချင်းတွေ ပြောင်ပဲပြောပေါ့၊ နင်က တစိမ်းကိုဆန်ပါတယ် ဝေရယ်"

"မဟုတ်ပါဘူး မော်ကြီးရယ်၊ နင်တို့ပျော်ရွှင်တက်ကြွနေတော့ ဒီ ပြောမထွက်ဘူး"

"အရေးကြီးလို့လားဟဲ့၊ ငါတို့ နားလည်တာပေါ့"

"ကဲ ဒါဆိုလည်း တစ်ခုခုစားပြီး ပြန်ကြတာပေါ့ဟယ်၊ အန်တီ နွယ် နေကောင်းမှ ထပ်သွားတာပေါ့"

လဲ့လဲ့ ပြောသလိုပင် ရန်ကင်းကနားမည်ကြီးစားသောက်ဆိုင် တစ်ခုမှာ စားသောက်ပြီးပြန်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲမှာ ကားရပ်တာနှင့် မေမေ့အခန်းရှိရာ ဝေ အပြေးအလွှား ဝင်သွားမိသည်။

"အမေ့လေး"

"ဟာ ဆောရီး ဆောရီး"

မေမေ့အခန်းဝမှာပင် အခန်းထဲကထွက်လာသော မေမေ့ယောကျ်ားဦးမျိုးထွန်းနှင့် ဝေ တိုက်မိခြင်းဖြစ်သည်။

ဆောရီးပြောပြီး ဝေ့လက်မောင်းနှစ်ဖက်ကို မလွှတ်သေးဘဲ ကိုင်ထားသည့် မေမေ့ယောကျ်ားအား ခပ်ရှုးရှုးအကြည့်နှင့်အတူ အတင်းပင် ရုန်းထွက်လိုက်သည်။ ဝေ့တစ်ကိုယ်လုံးအား စားတော့ဝါးတော့မတတ် ပြီတီတီမျက်နှာပေးနှင့်ကြည့်နေသော ဒီလူကြီးအား တစ်ခုခုပြောပစ်ချင်သည်မှာ ပါးစပ်ကိုယားနေပေမယ့် မေမေကြည့်နေသည့်အတွက် မသိဟန်ဆောင်နေလိုက်သည်။

"နေကောင်းလား မေမေ"

မေမေ ခေါင်းလေးပဲညိတ်ပြီး လက်နှစ်ဖက်ကမ်းပေးနေသည်။

ဝေက ကမ်းပေးနေသော မေမေ့ရင်ခွင်ထဲသို့ အလိုက်သင့်ဝင်လိုက်သည်။

"သမီးလေးက သိပ်လှတာပဲ၊ ကြည့်လို့ကို မဝဘူး"

ဝေ့ တစ်ကိုယ်လုံးကိုကြည့်ပြီး မေမေ ကျေနပ်အားရစွာပြောနေ၏။

ရှပ်အင်္ကျီပွပွကြီးကို တံတောင်ဆစ်အောက်အထိ လက်ခေါက်တင်ပြီး အောက်နားစနှစ်ခုကို ခါးတွင်စုချည်လိုက်သည်။ ဂျင်းအနက်စကတ်က ပေါင်လည်လောက်တိုတိုလေးဖြစ်သည်။ ဝေ့ဆံပင်တွေကတော့ ကောက်သားတွေခပ်ပါးပါး ကျန်နေသည့် သရီးစတပ်ပုံစံ ဖြစ်သည်။





ဝေ့တစ်ကိုယ်လုံးတွင် အဖိုးတန်ရတနာဆိုလို့ တစ်လုံးစိန်ရွယ်တူလေးနှစ်လုံးကို ဆင့်ထားသည့် စိန်နားဆွဲလေးဖြစ်သည်။ စကားပြောလိုက်တိုင်း နားဆွဲလေးက တလှုပ်လှုပ် စိန်ရောင်လေးက တဖျပ်ဖျပ်နှင့် ဝေ သိပ်ချစ်စရာကောင်းကြောင်း အိမ်ကမထွက်ခင်တည်းက မေမေနဲ့မမနိုင်အပြင် လှဲ့လှဲ့တို့ကလည်းပြောသည်။

ရောင်စဉ်သာရှိရင်ရော အဲဒီလိုပဲ ပြောမှာလား မသိဘူး။

ဝေ ဘာဖြစ်လို့ ရောင်စဉ်ကို သတိရသွားတာလဲ။ ဝေ့ကိုယ်ဝေလည်း မသိပါ။ ဟိုရက်တွေက ရောင်စဉ်ကိုမတွေ့ရပေမယ့် အသံကို တော့ အမြဲကြားနေရသေးသည်။ အခုတော့ အသံလည်းမကြားရတာ တော်တော်ကြာနေပြီ။

"ဘာတွေ စဉ်းစားနေတာလဲ သမီးလေး"

"ဟြော် မစဉ်းစားပါဘူး မေမေရဲ့ မေမေ"

"ပြောလေ သမီး"

ဝေ အခုမှ မေမေ့ကို သေသေချာချာကြည့်မိသည်။ မေမေ့မျက်ခွံတွေက ငိုထားသလို မို့ယောင်နေသည်။

"မေမေ ဟိုလူကြီးနဲ့ ဘာဖြစ်သေးလဲ"

"သမီး ဘာဖြစ်လို့ အဲဒီလို မေးတာလဲ"

"မေမေ ငိုထားတယ်မလား။ ဟိုလူကြီးလည်း ဒီအခန်းကထွက်သွားတယ်ဆိုတော့ သမီးထင်လို့"

"ဟုတ်တယ် သမီး၊ မေမေတို့စကားများကြတယ်၊ ရိုးနေပါပြီသမီးရယ်၊ သမီး ဘာမှအနေရ မခက်နဲ့"

"အိပ်ရာထဲလဲနေတဲ့ လူမမာနဲ့လည်း စကားများတာပဲလား မေမေရယ်၊ ဒါကြောင့် သူနဲ့အပြတ်ရှင်းလိုက်လို့ သမီးပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မကြာတော့ပါဘူး သမီး။ ဒင်းဒီအိမ်ကနေ ခွဲပြေးပြေးဖို့ မကြာတော့ပါဘူး"

မေမေ့မှာ အဲဒီစိတ်တွေရှိနေသေးတာကိုက ဝေ စိတ်မချမ်းသာပါ။ နောက်ဆုံးအချိန်မှာ မေမေ အေးအေးချမ်းချမ်း ဖြစ်သွားဖို့ ဝေ ဘာလုပ်ရမလဲ တွေးနေမိသည်။

"သမီးတို့သွားတာ သိပ်မကြာသလိုပဲနော်"

"မနက်စာစားပြီး ပြန်လာတာ မေမေ၊ ရောင်စဉ် ပြန်လာမှ အေးအေးဆေးဆေး လျှောက်လည်ကြမယ်"

"ရောင်စဉ်တို့တစ်မိသားစုလုံး မန္တလေးသွားကြတာ ပြန်မရောက်သေးဘူးနော်"

"သကြံန်ပြီးမှ ပြန်လာမယ် မေမေ"

"ကဲ သမီးလေး အဝတ်အစားလဲပြီး နားတော့"

ဝေ အဝတ်အစားလဲပြီး မေမေ့နားမှာတင် လှဲနေရင်း အိပ်ပျော်သွားသည်။ မေမေက ဝေ့ဆံပင်လေးတွေကို ပွတ်ပေးနေသည်။ ဝေ ဖျတ်ခနဲ လန့်နိုးတော့ မေမေ အိပ်ပျော်နေသည်။ ခြေသံမကြားအောင် ဖွဖွလေး လျှောက်ရင်း ဝေ အခန်းထဲက ထွက်လာခဲ့သည်။

မမခိုင်နဲ့အေးအေးဆေးဆေး စကားပြောမှပင် မေမေ့ယောကျ်ား ယုတ်မာပုံတွေကို ပိုသိသွားရသည်။

"အဲဒါပဲ ဝေလေးရယ်၊ အစကကတော့ မမနွယ် သူ့ကိုမပြတ်နိုင်လို့ အခုလိုဖြစ်သွားရတာပဲ၊ တကယ်ဆို ကိုယ့်အပေါ် ဒီလောက်ယုတ်မာတဲ့ယောကျ်ားကို ဘာတွယ်တာနေစရာလဲ၊ အားလုံးကလည်း မမနွယ်ဘက်က မခံမရပ်နိုင်ဖြစ်နေကြတယ်၊ အရင်ကဆို နည်းနည်းပါးပါးလောက် ပေးလိုက်ရင် အဲဒီလူ ကပြီးဆင်းတယ်၊ သူ့ကိုမပြတ်နိုင်တဲ့ မမနွယ်နဲ့





အားနည်းချက်ကိုလည်းသိရော ယူလိုက်တဲ့အခွင့်အရေး။ မမနွယ် ဒီရောဂါလည်းဖြစ်ရော စကားပြောတာတောင် ခပ်ဝေးဝေးက၊ ဘယ်လောက်ရင်နာဖို့ကောင်းလဲ၊ ဝေလေးကိုလည်းပေးပြီးပြီလို့ သူက သိထားတော့ အခုပိုင်ဆိုင်သမျှကို တစ်ဝက်တောင်းပြီး ကွာရှင်းခွင့်ချည်းတောင်းနေတယ်"

"မေမေက မပြတ်နိုင်ဘူးဆိုတာ ဟုတ်ရဲ့လား မမခိုင်"

"သိပ်ဟုတ်တာပေါ့ ဝေလေးရယ်၊ မမနွယ်အကြောင်း မမခိုင်အသိဆုံးပါ၊ သူတို့တွေ ပြောဆိုဖြစ်ပျက်နေတာကိုလည်း ကြားနေရတာပဲ"

ဒါဆိုရင် ဦးမျိုးထွန်းကို ကလဲ့စားချေမယ် ဘာညာဆိုတာ မေမေဟန်ဆောင်ပြီးပြောနေတာပေါ့။ ဒါပေမဲ့ ဝေ့ကိုတော့ မေမေသိပ် ချစ်တာ သေချာပါသည်။

"ဝေတို့ ဘာတတ်နိုင်တော့မှာလဲ မမခိုင်ရယ်၊ မေမေ့ရဲ့ နောက်ဆုံးအချိန်မှာ မေမေ စိတ်ချမ်းသာဖို့အရေးကြီးပါတယ်"

"ဒါပဲလေ ဒါကြောင့်လည်း မမခိုင်တို့ သည်းခံနေတာပေါ့၊ မမခိုင်ကတော့လေ လူကြီးစုံရာနဲ့ တစ်ဝက်ခွဲပြီး အပြတ်လုပ်ပစ်လိုက်စေချင်တယ်၊ နို့မို့အကုန်လုံး ဒင်းဝါးမြိုသွားမှာပေါ့"

"ပစ္စည်းသခါရလို့ပဲ သဘောထားလိုက်တာပေါ့ မမခိုင်ရယ်၊ ဝေလည်း ဒီအရှောင်သမားလက်ထဲ အရောက်မခံချင်ပါဘူး၊ ဘဘတို့နဲ့ တိုင်ပင်ပြီး လူကြီးစုံရာနဲ့ ဖွတ်လုပ်ရင်ရတယ်၊ မေမေအရမ်းစိတ်ထိခိုက်ပြီး တစ်ခုခုဖြစ်သွားမှာစိုးလို့"

"အဲဒါတော့ သေချာတယ်၊ မမခိုင်တို့ကသာ ပြောနေတာ၊ ဒီလူလည်ကောင်ကလည်း အခုချိန်မှာ ကွာရှင်းမှာမဟုတ်တော့ပါဘူး"

"ဟုတ်တယ် မေမေ့ရောဂါက သေမယ့်ရက်ကို စောင့်နေရဘယ်ဆိုတာ သူသိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဘာမှမတတ်နိုင်တော့တဲ့အတွက် ကံတရားကိုပဲ အားကိုးရတော့မှာပဲ၊ လာ ဝေလေး မမနွယ် နိုးနေပြီလား မသိဘူး။ သွားရအောင်"

ဝေနဲ့မမခိုင်တို့ မေမေ့အခန်းနားမရောက်ခင်မှာပဲ

"သွား နင်အခုချက်ချင်း ထွက်သွား"

မေမေ အော်လိုက်သည့်အသံနက်ကြီးကြောင့် နှစ်ယောက်သား အပြေးအလွှားပင် ဝင်လာခဲ့ကြသည်။ မေမေ့အခန်းထဲအရောက်မှာတော့ ဝေနဲ့မမခိုင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး အံ့အားသင့်သွားကြသည်။

မေမေ့ယောကျ်ား ဦးမျိုးထွန်းက မထင်မှတ်ဘဲ ဝင်လာကြသော ဝေနဲ့မမခိုင်အား တအံ့တသြကြည့်နေသလို မေမေက ခေါင်းအုံးစောင် အပြင် လက်လှမ်းမီသမျှပစ္စည်းတွေနှင့် သူ့မယောကျ်ားအား ပစ်ပေါက်ထားတာ ပွစာကြဲနေ၏။

"မေမေ ဘာဖြစ်လို့လဲ"

ဝေက မေမေ့နားအပြေးအလွှားသွားပြီး အငမ်းမရ မေးနေမိ သည်။

ဝေ မေးတာကို မေမေ ဘာမှပြန်မပြောဘဲ ဒေါသတွေထိန်းနေပုံ နှင့် အသက်ပြင်းပြင်းရှူနေ၏။

"ဘာဖြစ်တာလဲ မေမေရယ် သမီးကို ပြောစမ်းပါ"

မေမေ တစ်ခွန်းမှပြန်မပြောတော့ ဝေ့ဒေါသတွေ မေမေ့ယောကျ်ား ထံစုပုံသွားရသည်။

"ရှင် မေမေ့ကို ဘာတွေသွားပြောလို့ မေမေ ဒီလောက် စိတ် ထိခိုက်သွားရတာလဲ ဦးမျိုးထွန်း"

"ဝေလေးအမေက အလကားနေ စိတ်တိုနေတာကို"





"စိတ်တိုစရာအကြောင်းပြောလို့သာ စိတ်တိုတာပေါ့ရှင်၊ ကျွန်မ အမေက အိပ်ရာထဲမှာလဲနေတဲ့ရောဂါသည်နော်၊ ကျွန်မအမေ တစ်ခုခု ဖြစ်ရင် ရှင့်ပယောဂမကင်းဘူး"

"မင်း ဘာစကားပြောတာလဲ"

ဦးမျိုးထွန်းမျက်နှာသည် စောစောကနှင့်တခြားစီဖြစ်ကာ ဝေ့ အား စားတော့ဝါးတော့မတတ် ကြည့်ပြီး မေးနေ၏။

"ကျွန်မ အမှန်ပြောတာလေ၊ ဖြစ်နိုင်ရင် ရှင် ဒီရက်အတွင်း အိမ်ပြန်မလာရင်အကောင်းဆုံးပဲ"

မေမေနဲ့မမခိုင် အလန့်တကြား ဝေ့ကိုကြည့်လာသလို ဦးမျိုး ထွန်းကလည်း စွန်ရဲတစ်ကောင်၏မျက်လုံးမျိုးနှင့် ဝေ့ကိုကြည့်နေသည်မှာ ကြက်သီးဖျင်းဖျင်းထစရာပင်။ ဒါပေမဲ့ ဝေ မကြောက်ပါ။ ဝေကလည်း ခပ်တည်တည်နှင့်သူ့အကြည့်ကို ပြိုင်ကြည့်လိုက်တော့ အရူးတစ်ယောက် လို တဟားဟားအော်ရယ်ပြီး

"ဝေလေးက လူသာငယ်တယ် အဆိပ်တော့တော်တော်ပြင်း သားနော်"

"ရှင်ပြောသလို ကျွန်မက အဆိပ်ပြင်းတယ်ဆိုလည်း ဒါဟာ ကျွန်မအမေအတွက်ပဲ"

"မမနွယ်ပြောတော့ သမီးကမမနွယ်ကို မချစ်ပါဘူးဆို၊ အခု တော့လည်း ကြည့်ပါဦး လူပုံစံလေးနဲ့လုံးဝမထင်ရအောင် ကက်ကက်ကို လန်နေတာပဲ"

"အဲဒါ ဘာဖြစ်လဲ၊ လောကကြီးမှာ မအေနဲ့သမီးလောက် ရင်းတဲ့သွေးသားမရှိဘူး။ ငါကသာမိုက်မိုက်မဲမဲ တစိမ်းကိုကိုးကွယ်မိုက်လို့ စောစောစီးစီး ရောဂါသည်ဖြစ်ပြီး သောကတွေရောက်ရတာ၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကံတရားဆိုတာ အမှန်တရားဘက်မှာပဲရှိတဲ့အတိုင်း ငါ နောက်မကျသေးဘူး။ ဒီအတွက်ပဲ ကံတရားဆိုတာကြီးကို ကျေးဇူးတင်နေတာ အယုတ်တမာကောင်ရေ''

မေမေပြောလိုက်သည့်စကားကြောင့် ဦးမျိုးထွန်း ရှုံ့ရှုံ့ရှားရှားနှင့်မေမေ့ကို တစ်ခုခုလုပ်ချင်သည့်ပုံစံမျိုး မိုက်ကြည့်ကြည့်နေသည်။ မေမေ့ကို တစ်ခုခုလုပ်ဖို့ မပြောနှင့် စိတ်ထိခိုက်စရာတစ်ခုခုပြောတာနဲ့တောင် ဒီလူကြီးခေါင်းကို ကွဲအောင်ရိုက်ဖို့ မေမေ့ဗီရိုပေါ်မှာ အလှတင်ထားသည့် ပန်းအိုးလေးကို သွားမြင်သည်။

ဒီလူလည်ကလည်း ဒါကိုရိပ်မိပုံပင်။ ကုလားမနိုင် ရခိုင်မဲပြီး မေမေ့ကို ခပ်စောင်းစောင်းကြည့်ကာ ထွက်သွား၏။

''သမီးရယ် သမီးလေးကို ခင်းမှန်းပြီး အငြိုးထားနေပါမယ်''

''မေမေ ဘာမှမပူနဲ့၊ သူလုပ်ချင်တိုင်းလုပ်လို့ရမလား''

''မေမေက သေရမယ့်သူဆိုတော့ သမီးကို သူ အငြိုးနဲ့ရန်ရှာမှာစိုးတယ်''

မေမေ တော်တော်စိုးရိမ်နေမှန်း သိသာအောင် မျက်နှာတစ်ပြင်လုံးပျက်ယွင်းနေသည်။

''မေမေ ဘာမှမစိုးရိမ်နဲ့၊ စိတ်ချမ်းချမ်းသာသာနေနော်''

''သူက အင်မတန်ကြောက်စရာကောင်းတယ် သမီးရယ်၊ သူ့ပုံစံ သူ့ရုပ်ရည်နဲ့ သူ့စိတ်ဓာတ်ဟာ တခြားစီပဲ၊ တစ်ခါတစ်ခါ သူ့လုပ်ရပ်တွေကို အံ့ဩမင်တက်မိတယ်''

''ကဲပါ မမနွယ်ရယ် စိတ်ဆင်းရဲစရာတွေ မပြောပါနဲ့တော့၊ ဘာမှလည်း မတွေးနဲ့၊ မမနွယ် ကျန်းမာအောင်နေ၊ မကောင်းတဲ့သူဟာ မကောင်းသလိုသွားမှာပါ''





မမနိုင်ပြောမှပင် မေမေ ခေါင်းတညိတ်ညိတ်နှင့် မျက်နှာလည်း ကြည်ကြည်လင်လင် ပြန်ဖြစ်သွားသည်။

''မေမေ ဗိုက်ဆာနေပြီလား။ သမီး နွားနို့နဲ့ပေါင်မုန့် သွားယူလိုက်ဦးမယ်နော်''

''အင်း''

ဝေနဲ့မမနိုင် မေမေ့အခန်းထဲက ထွက်လာခဲ့ကြသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

တစ်ညလုံးအတွေးလွန်နေသည့်အတွက် မနက်ခုနစ်နာရီကျော်မှ ဝေ နိုးသည်။ မေမေ မိုက်ဆာနေမှာစိုးသည့်အတွက် ကမန်းကတန်းထပြီး မေမေ့ကိုကြည့်တော့ မေမေက အိပ်ပျော်နေဆဲ။ မေမေလည်း ဒီအချိန်အထိ တစ်ခါမှမအိပ်တတ်ပါ။

ဝေ မျက်နှာသစ် ကိုယ်လက်သန့်စင်ပြီး တစ်ခါကြည့်တော့လည်း မေမေက စောစောကအတိုင်းပင်။ အိပ်မောကျနေသည်။ ဘုရားရှိခိုးပြီးတော့ မေမေနိုးနေပြီပဲ ကျိန်းသေတွက်ထားပေမယ့် မေမေက မနိုးသေးပါ။

"မမနွယ် အခုထိ မနိုးသေးဘူးလား ဝေလေး"

မမခိုင် အခန်းထဲဝင်လာပြီး စိုးရိမ်တကြီး မေးနေ၏။

"ဟုတ်တယ် မမခိုင်၊ တစ်ခါမှ အဲဒီလောက်မအိပ်ဘူးလို့ ဝေလည်း စိတ်ပူပြီး ကြည့်နေတာ"

မမခိုင်က ဝေ့ကို ဘာမှမပြောတော့ဘဲ မေမေ့ကိုခေါ်နိုးနေသည်။

"မမနွယ် မမနွယ်"





လေးငါးခါခေါ်နိုးသည်အထိ မေမေ့ဆီ ဘာသံမှထွက်မလာ တော့ ဝေနဲ့မမခိုင် မျက်လုံးချင်းဆုံသွားသည်။

"မေမေ မေမေ"

ဝေကတော့ နှုတ်ကတင်မဟုတ်ဘဲ မေမေ့တစ်ကိုယ်လုံး ကိုင်လှုပ်ပြီးနှိုးနေမိသည်။ ဒါပေမဲ့ ထူးမခြားနားပင် မေမေက ငြိမ်ငြိမ်သက်သက်။

"မေမေ"

ဝေ့အသံသည် တဖြည်းဖြည်းငိုသံပါလာ၏။

"မေမေ့ကို နှိုးလို့လည်း မရပါလား မမခိုင်"

"ဝေ ခဏနေဦး။ မမခိုင် ထမင်းချက်အဒေါ်ကြီးနဲ့ ခြံစောင့်ကြီးကို သွားခေါ်လိုက်ဦးမယ်"

မမခိုင် ခေါ်နေစဉ်မှာလည်း မေမေ့ကို ဝေနှိုးနေပေမယ့် မေမေ နိုးမလာပါ။

"ဘုရား ဘုရား မေမေ ဘာမှမဖြစ်ပါစေနဲ့"

ထမင်းချက်အဒေါ်ကြီး အရင်ရောက်လာပြီး ဦးစွာ မေမေ့ကို ခေါ်ကြည့်ရင်၊ လက်ကသွေးခုန်နှုန်းကို စမ်းနေ၏။

"ဒေါ်ကြီး မေမေ ဘာမှမဖြစ်ပါဘူးနော်"

"ဆရာဝန် ဖုန်းဆက်ခေါ်တာကောင်းမယ် ဝေလေး"

အိပ်ရာဘေးရှိ မေမေ့ဖုန်းလေးနှင့်ပင် မိသားစုဆရာဝန် ဒေါက်တာမြတ်မင်းကို ဝေ လှမ်းဖုန်းဆက်လိုက်သည်။ ခြံစောင့်ဘဘနှင့် မမခိုင်လည်း ဝင်လာနေကြပြီ။ ဘဘစော စိုးရိမ်တကြီး လက်ဖျားခြေဖျားတွေစမ်း သွေးခုန်နှုန်းစမ်းပြီး ဝေတို့ဘက်သို့ ကြည့်လာသည်။

"ဘဘစော မေမေ ဘာမှမဖြစ်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ပါဘူး ကလေးရဲ့၊ ဒေါက်တာမြတ်မင်းကို ဖုန်းဆက်ပြီး ပြီမလား"

"အခုပဲ ဆက်ပြီးပါပြီ"

မျက်နှာပျက်နေသော ဘဘစောကိုကြည့်ပြီး ဝေ့စိုးရိမ်မှုတွေ အထွင့်အထိပ်သို့ရောက်နေသည်။ မေမေ့မျက်နှာလေးသည် ဖြူဖျော့ပြီး သွေးမရှိသလိုပင်။ ခြေဖျားလက်ဖျားလေးတွေလည်း အေးစက်နေ၏။

ကားသံကြားတော့ မမခိုင် ဒေါက်တာမြတ်မင်းကို သွားကြို၏။

ဒေါက်တာမြတ်မင်းဝင်လာတော့ ဝေ အားကိုးတကြီး လှမ်းကြည့်ပြီး နေရာဖယ်ပေးလိုက်သည်။

"မနက်တည်းက တစ်ခါမှမနိုးတာလား"

"ဟုတ်ပါတယ် ဒေါက်တာ မနက်ခုနစ်နာရီ ဝေနိုးတော့ မေမေ မနိုးသေးပါဘူး၊ လုပ်စရာရှိတာလုပ်ပြီး တစ်ခေါက်ကြည့်တော့လည်း မနိုးသေးဘူး၊ နောက် မမခိုင်ဝင်လာပြီး ခေါ်ကြည့်တော့ ခေါ်လို့မရတာနဲ့ ဒေါ်ကြီးက ဒေါက်တာ့ကို ဖုန်းဆက်ခေါ်ခိုင်းတာပါ၊ ဒေါက်တာ မေမေ ဘာမှမဖြစ်ပါဘူးနော်"

ဝေ့ရဲ့စိုးရိမ်တကြီးအမေးကို ဒေါက်တာ ပြန်မဖြေကြားဘဲ မေမေ့ကိုသာ စမ်းသပ်စစ်ဆေးမှုတွေလုပ်နေသည်။ မေမေသည် ဝေ အိပ်ရာနှိုးတုန်းကကြည့်သည့်ပုံစံအတိုင်း နည်းနည်းမှ မပြောင်းလဲပါ။ ဝေရဲ့ မသက်သာမှုတွေကို ဖွတ်ပင်ဖယ်ထုတ်ပြီး မေမေ့ကိုပဲ မျက်တောင်မခတ် ကြည့်နေသည်။

ဒေါက်တာမြတ်မင်းက နားကြပ်ကိုဖြုတ်ပြီး ဝေ့ဘက်လှည့်လိုက်သည်။

"ဒေါက်တာ"

ဝေက မျှော်လင့်ချက်အကြည့်လေးနှင့် ဒေါက်တာ့ကိုခေါ်တော့





ဒေါက်တာမြတ်မင်းက ဝေ့ခေါင်းလေးကို ပုတ်လိုက်သည်။

"သမီး ဝေ"

"ရှင် ဒေါက်တာ"

"သမီးမေမေ ဆုံးသွားပြီကွယ်"

"ရှင်"

"မမနွယ် ဆုံးသွားပြီ ဟုတ်လား ဆရာ"

"မမနွယ် ဆုံးပြီ"

ထိုအသံတွေပြိုင်တူထွက်လာပြီးသည့်နောက်မှာတော့ ဝေ မယုံကြည်နိုင်သလို မေမေ့ကိုကြည့်လိုက်သည်။

"မေမေ"

ဝေ အသံနက်ကြီးနှင့်အော်ခေါ်ပြီး မေမေ့တစ်ကိုယ်လုံး သိမ်းကြုံးဖက်လိုက်သည်။

"မေမေ မသေရဘူး၊ သမီးကိုတစ်ယောက်တည်းထားခဲ့ပြီး မေမေ မသေရဘူး"

"ဝေလေး ဝေလေး"

"ဝေ သမီး သတိထားပါကွယ်"

"မမနွယ်ရယ် ဖြစ်မှဖြစ်ရလေ"

အားလုံး ငိုကုန်ကြပြီ။

"ဒေါက်တာ မေမေ တကယ်ပဲ သေသွားပြီပေါ့နော်"

ဒေါက်တာမြတ်မင်းက ဝေ့ပခုံးလေးကို ဖျစ်ပြီး

"ဟုတ်တယ် ဝေ၊ သမီးမေမေ လွန်ခဲ့တဲ့ နှစ်နာရီလောက်တည်းက ဆုံးသွားတာပါ"

"မဖြစ်နိုင်ဘူး ဒေါက်တာ၊ မေမေညက အကောင်းကြီးပါ၊ မယုံရင်



www.burmeseclassic.com

www.burmeseclassic.com



မမခိုင်ကိုမေးကြည့်''

''ဟုတ်ပါတယ် သမီးရယ်၊ ညကကောင်းတယ်ဆိုတာလည်း အပေါ်ယံပဲဖြစ်မှာပေါ့၊ သူ့ရောဂါက အချိန်မရွေး သေစေနိုင်တဲ့ရောဂါပဲ''

ထိုအချိန်မှာပဲ ဘာဘစောသွားပြောသည့်အတွက် မေမေ့ယောကျ်ား အခုမှအိပ်ရာကနိုးလာသည့်ပုံနှင့် အပြုံးအပြ ရောက်လာသည်။

''မမနွယ် သေပြီ ဟုတ်လား။ မမနွယ်ဆုံးပြီဟုတ်လား ဒေါက်တာ''

မေမေ့နားသို့သွားပြီး ဒေါက်တာ့ကိုအသည်းအသန်မေးနေသော ဦးမျိုးထွန်းသည် အရူးတစ်ယောက်သဏ္ဍာန်ပေါက်နေသည်။

''ဟုတ်ပါတယ် ကိုမျိုးထွန်း။ လွန်ခဲ့တဲ့နှစ်နာရီကျော်လောက်ကပဲ ဒေါ်နွယ်နွယ်ဦး သေဆုံးသွားပါတယ်''

''ဟာဗျာ မဖြစ်နိုင်တာ သူသေလို့ မဖြစ်သေးဘူး''

ဝေသည် မေမေ့အတွက် ဝမ်းနည်းကြေကွဲနေသည့်ကြားကပင် ဒီလူကြီးပြောပုံကြောင့် လုံးဝငြိမ်နေလို့မရတော့ပါ။

''ရှင်က ဘာလုပ်ချင်သေးလို့ မေမေ့ကို သေလို့မဖြစ်သေးဘူး ပြောရတာလဲ''

''နင်အသာနေစမ်းပါ၊ ဒီမှာ စိတ်ညစ်ရတဲ့ကြားထဲ''

ဝေ့ကို ခပ်ထန်ထန်ပြောပြီးသည်နှင့် မေမေ့နားကိုလျှောက်သွားပြီး မေမေ့ရဲ့သက်မဲ့ခန္ဓာကိုယ်ကိုလှုပ်ပြီး တတွတ်တွတ်ခေါ်နေပြန်သည်။

''ဦးမျိုးထွန်း ရှင်ဘာဖြစ်နေတာလဲ၊ သေနေတဲ့အထိတောင် မေမေ့ကိုဒုက္ခပေးတုန်းလား''

စိတ်မြန်လက်မြန်ရှိသည့်ဝေက ဦးမျိုးထွန်းခန္ဓာကိုယ်ကြီးအား အသားကုန်တွန်းထုတ်လိုက်သည်။





''ဝေလေး သတိထားလေ''

''သမီးဝေ စိတ်ကိုထိန်းပါ၊ ဦးမျိုးထွန်း ခင်ဗျားလည်း သတိထားပါဦး။ ဒေါ်နွယ်နွယ်ဦးက တကယ်ကို အသက်မရှိတော့တာပါ''

ဝေ့ကို မမခိုင်နှင့်အဒေါ်ကြီးဆွဲနေသလို ဦးမျိုးထွန်းကိုလည်း ဘာဘစော အတင်းဆွဲခေါ်သွားသည်။

''ဒေါ်နွယ်နွယ်ဦးအစ်ကိုလင်မယားကို ဖုန်းဆက်ခေါ်လိုက်ပါ သမီးဝေ၊ လုပ်စရာရှိတာတွေ လုပ်ရအောင်၊ ဦးမျိုးထွန်းကိုတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာမှအားကိုးလို့ရမှာမဟုတ်ဘူး''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

မမခိုင် ဘာဘတို့လင်မယားကို ဖုန်းဆက်နေပြီး ကျန်သူတွေ လည်း အလုပ်ရှုပ်နေကြတော့မှ မေမေ့ရဲ့သက်မဲ့ခန္ဓာကိုယ်လေးနားမှာ ဝေ စိတ်ကြိုက် ငိုနိုင်တော့သည်။

မေမေက အိပ်နေသည့်အတိုင်းပင်။ ဝေ့ကိုစိတ်ချလက်ချ ထားခဲ့ပြီ။ မေမေ့မျက်နှာလေးအား တစိမ့်စိမ့်စိုက်ကြည့်ပြီး ဝေ့ရင်ထဲ တလှိုက်လှိုက်တက်လာသည်။

''သမီးနဲ့အကြာကြီးနေချင်တယ်ဆို သမီးကို သိပ်ချစ်တယ်ဆို''

မေမေ့နားကပ်ပြီး ဝေ တိုးတိုးလေးပြောတော့ မေမေက စိတ်ချသည့်အပြုံးမျိုးနှင့်ပြုံးနေသယောင်ယောင်။

''အားရပါးရငိုချလိုက်ပါ ဝေ၊ ဒါမှရင်ထဲမှာ ခံစားနေရတာတွေ သက်သာသွားမှာပေါ့''

ဒေါက်တာ ငိုခိုင်းနေပေမယ့် ဝေ ငိုလို့မရပါ။ ရင်ထဲမှာတော့ ကိုယ်ကို တင်းကြပ်ဆို့နစ်နေပါသည်။ မေမေ မကြားနိုင်ပေမယ့် ဝေ ပြောချင်တာတွေကို မေမေ့နားကပ်ပြီး ပြောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နာရီဝက်တောင်မကြာပါ။ ဘာဘတို့လင်မယားရောက်လာကြပြီး မေမေ့အလောင်းကို ရေခဲတိုက်ပို့ဖို့ စီစဉ်ကြသည်။ ဘာဘနဲ့ကြီးကြီးက ဖေ့ကိုအားပေးပြုံးလေးနဲ့သာ ပြုံးပြနေသည်။

"မျိုးထွန်းက ဘယ်မှာလဲ မျိုးထွန်း"

ဦးမျိုးထွန်းပျောက်နေသည့်အတွက် ဘာဘ အော်ဟစ်ပြီး မေ

နေသည်။

"သူ့အခန်းထဲမှာထင်တယ်"

ဘာဘစော ထင်ကြေးပေးတော့ ဘာဘ လက်သီးလက်မောင်း

တန်းပြီး

"ဟ အခန်းမှာဘာလုပ်နေတာလဲ၊ ဒီမှာမိန်းမတစ်ယောက်လုံး သေနေတာကို ဘယ်လိုသဘောနဲ့ မျက်နှာလွှဲခဲပစ်လုပ်နေရတာလဲ"

ဘာဘ ဒေါသူပုန်ထနေသည့်အတွက် အဒေါ်ကြီးက ခေါ်ဖို့ အနား ကထွက်သွားသည်။ အားလုံးပျာယာခတ်နေပေမယ့် ဖေကတော့ ဘယ်သူ့ ကိုမှစကားမပြောဘဲ ငူငူကြီးထိုင်နေသည်။ ခေါင်းစုတ်ဖွားနှင့် ထွက်လာသည့် မျိုးထွန်းကို အားလုံးစိုက်ကြည့်နေပေမယ့် ဖေကတော့ ဒီလူကြီးရောက်လာ တာနှင့် အနားက ထလာခဲ့သည်။

မကြည့်ချင်ပါ။ ဒီလူ့မျက်နှာကို လုံးဝမကြည့်ချင်ပါ။ ကိုယ့်အမေ သေတာကိုတောင် အေးအေးဆေးဆေး ပူဆွေးသောကမရောက်ရဘဲ ဒေါ် အတွက် ဒေါသတွေဖြစ်နေရသည်။ မေမေ့အလောင်းသယ်တော့မှ ဖေ အသည်းပြတ်မတတ် ငိုခဲ့ရသည်။

"မေမေရေ သမီးမရှိရင် မေမေ့ဘဝက အဓိပ္ပာယ်မရှိဘူးဆို၊ မေ မရှိတော့ရော သမီးဘဝက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ၊ သမီးနဲ့ မေ ပျော်ပျော်ကြီးနေကြမယ်ဆို"





"သမီးလေး သတိထားပါကွယ်"

ဘာဘက ဖေ့ပခုံးလေးကို ဖက်ပြီး နှစ်သိမ့်နေ၏။

ဖေ့ကိုကြီးကြီးနဲ့မမခိုင် တစ်ဖက်စီတွဲထားသည်။

မေမေမရှိသည့် ဒီအိမ်ကြီးမှာ ဖေ ခဏလေးတောင်မနေချင် တော့ပါ။ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘနှစ်ပါးလုံး ဖေ့ကိုခွဲသွားကြပြီ။ လော လောဆယ်မှာ မေမေမရှိတော့ဘူးဆိုသော အသိသည် ဖေ့ကိုဆိုးဆိုးဝါး ဝါး ခြောက်လှန့်နေသည်။

မေမေ သေသွားပြီဆိုတာ အိပ်မက်ဖြစ်ပါစေ မေမေရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မေမေ့ကိုသင်္ဂြိုဟ်သည့်နေ့တွင် ဝေ့ကိုယ်ဝေ ဘယ်လိုအင်အားမျိုးနှင့်နေရပါ့မလဲဆိုသော စိုးရိမ်သောကတွေက တက်တက်စင်အောင်လွဲခဲ့သည်။ တည်ငြိမ်စွာပင် မေမေ့အလောင်းအား စိုက်ကြည့်နေသောဝေ့ကိုအားလုံးက စိုးရိမ်တကြီးဖြစ်နေကြသည်။ ဝေ မငိုတာ စိတ်တွေတင်းထားလို့ဟုထင်ပြီး အတင်း ဝေ့ကိုငိုခိုင်းနေသည်။

ဝေ မငိုချင်တော့ပါ။ မေမေ မသေခင်ကတည်းက ခဏခဏကိုငိုခဲ့ပြီးပါပြီ။ ဝေ့ကို မေမေ ဘယ်နည်းနဲ့မှ စိတ်ချမှာမဟုတ်ပါ။ ဝေ့ကိုစိတ်မချဖြစ်နေသည့်မေမေ့အား သံယောဇဉ်တွေအမျှင်တန်းမနေချင်တော့ကောင်းရာမွန်ရာကို မေမေ စိတ်ဖြောင့်ဖြောင့်သွားပါစေ။

သူငယ်ချင်းကောင်းပီသစွာ လဲ့လဲ့နဲ့မော်ကြီးကလည်း ဝေ့နားမှာနေ့ညမပြတ် ရှိနေခဲ့သည်။ အားလုံးက ငယ်ငယ်ရွယ်ရွယ်နှင့်မိဘမဲ့သွားသော ဝေ့ကိုသနားမဆုံးရှိနေကြသည်။

မေမေ့ကိုရက်လည်ဆွမ်းသွပ်သည့်နေ့မှာ ဝေ မျက်ရည်ကျသည်





"သမီးဝေ ရင်ထဲမှာ ဘာမှမထားနဲ့တော့၊ သမီးမေမေက သေနေ့စေ့လို့ သေသွားတာပါ၊ ဒါကို သမီးသဘောပေါက်ထားရင် သမီး ဝေဒနာတွေငြိမ်းအေးသွားလိမ့်မယ်"

မေမေ့ရက်လည်ဆွမ်းသွပ်ကို ဒေါက်တာမြတ်မင်း ရောက်လာပြီး ဧည့်သည်တွေစဲသွားချိန်တွင် ဒေါက်တာမြတ်မင်းက ပြောသည်။ ဝေငယ်ငယ်လေး ဖေဖေရှိစဉ်ကတည်းက ဒေါက်တာမြတ်မင်းက ဝေ့တို့မိသားစုဆရာဝန်ဖြစ်သည့်အတွက် အိမ်တွင်းရေးအကုန်သိသည်။

အခုလည်း မေမေ ရုတ်တရက်ဆုံးသွားတာနှင့်ပတ်သက်ပြီး ဝေ့ရင်ထဲမှာ မေမေ့ယောကျ်ား ဦးမျိုးထွန်းကို သံသယရှိနေတယ်ထင်ပုံရသည်။ ဝေက အဲဒီလူကြီးကို လုံးဝမျက်နှာချင်းမဆိုင်ဘူးကို။ သူ့မျက်နှာကိုမြင်နေရရင် ဝေ့ရင်ထဲမှာ ငရဲမီးတွေတောက်နေသလို ပူပြင်းလှသည်။ သူ့ကြောင့်မေမေ စောစောစီးစီး သေရတာဟု ခံယူထားသည်။ အားလုံးကလည်း ဦးမျိုးထွန်းကို ဝေ ကြည့်မရတာ သိကြ၏။

ဒါကြောင့်ပင် ဒေါက်တာမြတ်မင်းက မေမေနဲ့ပတ်သက်ပြီး ဝေ တစ်ခုခုစွပ်စွဲတော့မှာကိုသိသည့်အတွက် ကြိုတင်ပိတ်ထားပုံပင်။

"ဟုတ်ပါတယ် သမီး၊ မိဘအမွေဖြစ်တဲ့အတွက် တိုက်ကြီးနဲ့ခြံကိုပဲ သမီးယူပြီး ကျန်တာအကုန် မောင်မျိုးထွန်းကို ပေးလိုက်မယ်နော်"

လူကြီးတွေအားလုံးလည်း ရှိနေသည့်အတွက် ဝေ ခေါင်းညိတ်ပြလိုက်သည်။

ဝေ ဘာမှမမက်သည့်အတွက် ဘာမှလည်း မယူချင်ပါ။ မေမေနဲ့ဖေဖေရဲ့အမွေပေမယ့် ဖေဖေနှင့်မေမေ မရှိတော့သည့်အတွက် ဒီတိုက်ကြီးကိုလည်း မလိုချင်ပါ။ ဒါပေမဲ့ ဘဘစကားကို ဝေ နားထောင်ရမည်။

"ဒေါက်တာတို့ကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ် ဦးကျော်ဦး၊ သမီးဝေလေးငယ်ငယ် ကိုဖြိုးပိုင် ရှိစဉ်တည်းက ကျွန်တော်က မိသားစုတစ်ပိုင်းဖြစ်နေပါပြီ၊ ဒီအတွက် ကိုဖြိုးပိုင်နဲ့ မနွယ်နွယ်ဦး ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးသွားတာ ဝေ ငယ်ငယ်လေးနဲ့ မိဘမဲ့သွားတာကို တော်တော်လေးယူကြုံးမရဖြစ်မိပါတယ်၊ ဦးကျော်ဦးတို့ဇနီးမောင်နှံလို ဘကြီးမျိုး၊ ကြီးတော်မျိုးနဲ့ ဝေလေးတွေ့ရပြန်တော့ ပြောမပြတတ်အောင် ကျွန်တော် ဝမ်းသာရတယ်၊ ဒါကြောင့် ရှေ့ဆက်ရမယ့် ခရီးအရှည်ကြီးမှာ ဝေ့ကိုသောကတွေ သံသယတွေနဲ့ မလျှောက်လှမ်းစေချင်ဘူး၊ ကျွန်တော် ဘက်လိုက်မယ့်လိုက် ဝေ့ဘက်ကပဲလိုက်မှာပေါ့၊ သမီးဝေကို အခုလို ရှည်ရှည်ဝေးဝေး ပြောပြနေရတာက ကိုမျိုးထွန်းကို သံသယဝင်နေမှာစိုးလို့ပါ၊ ဆရာပြောတာကို သမီးနားလည်ပါတယ်နော်''

''ဟုတ်ကဲ့''

''ဒါဆို ဆရာပြန်မယ်နော် ဝေ''

''ဟုတ်ကဲ့ပါ''

''ဘာကိစ္စပဲဖြစ်ဖြစ် ဆရာ့ကိုတိုင်ပင်လို့ရပါတယ် ဝေ''

''ကျေးဇူးတင်ပါတယ် ဒေါက်တာ''

''အားလုံးပဲ ကျွန်တော့်ကိုပြန်ခွင့်ပြုပါနော်''

''ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျေးဇူးအထူးတင်ပါတယ်''

ဘဘက ဒေါက်တာ့ကိုကျေးဇူးတင်စကား တတွတ်တွတ်ပြောပြီး ကားနားအထိလိုက်ပို့ပေးသည်။

ဝေ ငြိမ်ငြိမ်သက်သက်လေးပဲနေတော့ အားလုံးလည်း တိတ်ဆိတ်နေကြသည်။ ယခုမှပင် မေမေ့ကိုသတိရသည့်စိတ်က တလိပ်လိပ်တက်လာသည်။ ဒေါက်တာ့ကိုပို့ပြီး ဘဘပြန်လာကာ ဝေ့နားမှာထိုင်လိုက်၏။





''ဆရာပြောသွားတာ ကြားတယ်နော် သမီး''

''သမီးကို ဘာဖြစ်လို့ ဒေါက်တာက အဲဒီလိုပြောရတာလဲ ဘဘ''

ဝေ ငိုရှိုက်သံနှင့်မေးတော့ ဘဘအပါအဝင် အားလုံးက ဝေ့ကိုအလန့်တကြားနှင့်ကြည့်ကြ၏။

''သမီးက မေမေသေတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဘာတစ်ခုမှလည်း စွပ်စွပ်စွဲစွဲမပြောမိပါဘူး၊ အသလွှတ်ကြီး ဒေါက်တာပြောသွားပုံက တစ်ခုခုကို မလုံမလဲဖြေရှင်းချက်ပေးသွားသလိုပဲ''

''သမီးရယ် ဒေါက်တာ့ကိုမထင်ကောင်း ထင်ကောင်းကွယ်''

''သမီး ဒေါက်တာကို ဘယ်လိုမှ မထင်ပါဘူး ဘဘ''

''ကြီးကြီးအထင်ပြောရရင်တော့ နွယ်နွယ်သေတာနဲ့ပတ်သက် ပြီး မောင်မျိုးထွန်းကို သမီးခါးခါးသီးသီးဖြစ်နေတယ်မလား၊ ဒါကို ဆရာဝန်လေးက သမီး သံသယကင်းအောင်ပြောတဲ့ စေတနာစကားဖြစ်မှာပါ''

တော်ရုံကိစ္စကို ဝင်မပြောသော ကြီးကြီးစကားကို အားလုံးတလည်း ထောက်ခံကြသည်။

''ဒါဆို သမီးတစ်ခုမေးချင်တယ်''

အားလုံးက ဝေ့ကိုဝိုင်းကြည့်နေကြသည်။

''သားအိမ်ကင်ဆာဟာ ချက်ချင်းသေစေနိုင်တဲ့ရောဂါလား''

ဝေ မေးလိုက်တာ တကယ်ကို ရိုးရိုးသားသားပေမယ့် အားလုံးမျက်နှာတွေကတော့ ပုံမှန်မဟုတ်ဘူးဟု ဝေ ထင်သည်။

''သမီး တကယ်မသိလို့မေးတာပါ ဘဘ''

''သမီးရယ် ကင်ဆာဆိုတာ မုချသေမယ့်ရောဂါလို့ သမီးလည်း သိပါတယ်၊ မိနွယ်အခြေအနေက တစ်နေ့တခြား ဆုတ်ယုတ်နေတာလည်း



www.burmeseclassic.com

www.burmeseclassic.com



သမီးအမြင်ပဲလေ၊ ဒါကို သမီး ဘာလို့စိတ်အပင်ပန်းခံပြီး သံသယဖြစ်နေတာလဲ''

''ဟုတ်ပါတယ် ဘဘ၊ ကင်ဆာဆိုတာ ကျိန်းသေ သေရမယ့်ရောဂါဆိုတာ ဝေ သိပါတယ်၊ တဖြည်းဖြည်းဆုတ်ယုတ်လာတာလည်း မှန်ပါတယ်၊ ညကတင် အကောင်းကြီးကို၊ မနက်သေမယ့်လက္ခဏာ မပြသေးဘူး ဘဘ၊ ဒါပေမဲ့ ဘာကြောင့် မေမေဟာ ညကအကောင်းကြီး၊ နောက်တစ်နေ့မနက်မှာ သေသွားတယ်ဆိုတာ သမီးမပြောတတ်ပေမယ့် သားအိမ်ကင်ဆာရောဂါကြောင့် ရုတ်တရက်သေတာတော့ လုံးဝမဖြစ်နိုင်ဘူး ဘဘ''

''ခက်နေပါပြီကွယ်၊ သမီးလေးအတွေးတွေက အစွန်းရောက်နေပြီ''

''သမီးကတော့ သမီးမှန်တယ်ပဲထင်တယ် ဘဘ၊ အစက ဦးမျိုးထွန်းကို သံသယမရှိပေမယ့် ဒေါက်တာပြောမှပဲ သံသယဝင်သွားတော့တယ်''

''မဟုတ်တာတွေ သမီးရယ်၊ စိတ်ကိုလျှော့လိုက်ပါတော့လို့ ဘဘတောင်းပန်ပါတယ်''

''ဟုတ်ကဲ့ပါ ဘဘပြောစကားကို သမီးနားထောင်ပါတယ်''

''လိမ္မာလိုက်တဲ့ သမီးရယ်''

ဘဘ စိတ်ဆင်းရဲမှာစိုးလို့ ဝေ စိတ်လျှော့လိုက်ပေမယ့် ဦးမျိုးထွန်းဆိုသည့်လူကိုတော့ ဝေ လုံးဝမယုံပါ။ မေမေ့ကို ကိုယ်ထိလက်ရောက်မသတ်ပေမယ့် မေမေသေလောက်သည်အထိ စိတ်ထိခိုက်စေမည့်စကားနဲ့ပဲဖြစ်ဖြစ် အပြုအမူနဲ့ပဲဖြစ်ဖြစ် သတ်လိုက်တာပါ။ မသေခင်ညက ခုနားမှာရှိသည့်ပစ္စည်းတွေနှင့် မေမေပစ်ပေါက်ပြီး ဦးမျိုးထွန်းကို မောင်းထုတ်တာဝေနဲ့မမနိုင်ကိုယ်တိုင် တွေ့ခဲ့တာပဲ။





ဝေ ရန်တွေ့တော့ သူကတောင် မေမေက အလကားနေ စိတ်တိုနေတာဟု မေမေ့အပေါ်အပြစ်ပုံချသွားသေးသည်။

ဇွေကိုလူသာငယ်ပြီး အဆိပ်ပြင်းတယ်ဟုပြောခဲ့တာတွေ၊ မေမေဦးမျိုးထွန်းကို ပြောခဲ့တာတွေကို ဝေ လုံးဝမမေ့ပါ။ ဝေနဲ့မမနိုင် ရှေ့မှာတောင် မေမေ့ကိုတစ်ခုခုလုပ်ချင်သည့်ပုံစံနှင့်ကြည့်သွားသေးသည်။

ဝေနဲ့မမနိုင် တခြားစကားတွေလွှဲပြောမှပင် မေမေ ပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပေမယ့် ဒီလူကြီး မေမေ့ကိုဘာတွေခြိမ်းခြောက်ထားလဲမသိပါ။ ဒါကြောင့်ပင် မေမေ ခံစားနေရသည့်သားအိမ်ကင်ဆာရောဂါနဲ့ သေတာမဟုတ်ဘဲ ဒီလူကြီးခြိမ်းခြောက်စကားတွေကြောင့် မေမေ သေရတာဟု ဝေ ခံယူသွားမှာဖြစ်သည်။

မေမေ သေပြီဆိုတော့ မေမေသေလို့မဖြစ်သေးဘူးဆိုပြီး ရွှးကြောင်မူးကြောင် လုပ်ပြနေသေးသည်။ ဒါသည် သူ့ကို သံသယမဖြစ်အောင် တမင်လုပ်ပြလိုက်တာ၊ မသိသည့်သူဆို သူကပဲ မေမေ့ကို သိပ်ချစ်သယောင်ယောင်။

ဝေ အံကိုတင်းတင်းကြိတ်ထားလိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

နောက်တစ်နေ့မှာ လူကြီးစုံရာနှင့်ဦးမျိုးထွန်းအား ဗိုလ်ချုပ်ဈေးဆိုင်ခန်းအတွင်း ပစ္စည်း၊ ဘဏ်ရှိငွေသားအားလုံး လွှဲပေးလိုက်သည်။ လူကြီးတွေရောက်နေတာ နာရီဝက်လောက်ရှိသည်အထိ သူ့ဒွေးမင်းအခန်းထဲက ထွက်မလာသေးတော့ ဘဘ မျက်နှာကြီး မှုန်တင်းနေသည်။

"မျိုးထွန်းက ဘာဖြစ်လို့ထွက်မလာသေးတာလဲ၊ ဒီမှာ လူကြီးတွေကို အားနာစရာ၊ သွားခေါ်စမ်း နိုင်နိုင်"

"ဟုတ်ကဲ့"

ခဏကြာမှ မမနိုင်နောက်မှ ကုပ်ချောင်းချောင်းနှင့်ပါလာသည်။ သူ့ကိုကြည့်ရသည်မှာ အလွန်အမင်း ပူဆွေးသောကရောက်နေသလို ခေါင်းစုတ်ဖွား အင်္ကျီဖိုသီဖတ်သီနှင့်။ ဝေက ရှုံ့ရှာစွာတစ်ချက်ပဲကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

"အစ်ကို ကျွန်တော့်ကိုခေါ်တယ်ဆို"

ထိုင်နေသည့်လူကြီးတွေကို တစ်ချက်ကြည့်ကာ ဘဘကို…

နေ၏။





"ဟုတ်တယ်လေ၊ ကိစ္စတွေရှင်းဖို့ မင်းကိုညတုန်းကပြောထားတယ်မလား"

"ဘာကိစ္စလဲ အစ်ကို"

ဘဘ စိတ်တိုသလို တစ်ချက်ကြည့်ပြီး စားပွဲပေါ်အသင့်တင်ထားသည့် စာချုပ်အား ဦးမျိုးထွန်း၏ရှေ့သို့တွန်းပို့လိုက်၏။

"ဒီမှာ မင်းလက်မှတ်ထိုး"

"ဘာ ဘာအတွက် လက်မှတ်လဲ အစ်ကို"

"မင်းကို ဗိုလ်ချုပ်ဈေးကဆိုင်နဲ့တကွ အားလုံးလွှဲပြောင်းပေးလိုက်တဲ့စာချုပ်ပဲ၊ လက်မှတ်ထိုးပြီးတာနဲ့ တစ်ပတ်အတွင်း အပြီးပြောင်းပါ"

"ဗျာ ကျ ကျွန်တော်က ဘယ်ကိုပြောင်းရမှာလဲ"

"ဟ မင်းကိုဒီလောက် မဆုံမပြပေးလိုက်ပြီပဲ၊ မင်းဘာသာ ပြောင်းချင်တဲ့ဆီပြောင်းပေါ့"

"ဒါ ဒါဆို ဒီအိမ်ကရော"

"မင်းဘာဖြစ်နေတာလဲ မျိုးထွန်း၊ ဒီအိမ်က ငါ့သမီးလေးအတွက်ပေါ့၊ ဒါတောင် သမီးလေးရဲ့အဘိုးအဘွားအမွေမို့ယူတာ"

"ဟာ ဘယ်ဖြစ်မလဲ"

ဦးမျိုးထွန်းရဲ့ အလန့်တကြား/ အပြူးအပြဲအမူအရာကြောင့် အားလုံးက ဝိုင်းကြည့်ကုန်သည်။ ဝေ လုံးဝဝင်မပြောဘူးဟု ဆုံးဖြတ်ထားသည့်ကြားက နေလို့မရတော့ပါ။

"မဖြစ်တော့ ရှင်က ဘယ်လိုလုပ်ချင်လို့လဲ"

ဦးမျိုးထွန်းက ဝေ့ကိုခပ်ရူးရူးတစ်ချက်သာကြည့်ပြီး ဘဘဘက်သို့လှည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျွန်တော် ဒီတိုက်နဲ့ခြံကို ယူပါရစေ၊ တခြားဟာတွေ မယူနဲ့ဆို မယူပါဘူး"

အားလုံး အသံတွေထွက်လာပြီး တိုက်နှင့်ခြံကို ပေးလိုက်ဖို့ ဝိုင်းပြောကြသည်။

"နေပါဦး မင်းရထားတဲ့ပစ္စည်းတွေ ငွေ ဆိုင်ခန်းနှစ်ခန်းရဲ့ တန်ဖိုးကို တွက်လိုက်ရင် ဒီခြံနဲ့တိုက်ရဲ့တန်ဖိုးထောင် ကျော်ဦးမှာပါ။ ဒါကို မင်းက ဘာဖြစ်လို့ ဒီတိုက်နဲ့ခြံကိုမှ လိုချင်ရတာလဲ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် ဒီတိုက်နဲ့ခြံပဲ ယူမယ်"

"တိုက်နဲ့ခြံက ဒီသမီးလေးရဲ့ဘိုးဘွားပိုင်ဖြစ်နေတဲ့အတွက် သမီး လေး ဝေဝိုင်ဝိုင်သာ ရသင့်ပါတယ်၊ ဒီတော့ ခင်ဗျားက ကျေနပ်လိုက်ပါ"

"ကျွန်တော် မကျေနပ်ဘူး"

ဝင်ပြောသည့်လူကြီးတစ်ယောက်အား ဦးမျိုးထွန်းက အသံ ကျယ်ကြီးနှင့်အော်လိုက်တော့ အားလုံးနှာခေါင်းရှုံ့သွားကြသည်။

"ဒီမှာ ဒါလူကြီးလူကောင်းတွေချည်းပဲနော်၊ ရှင့်ကိုတရားသဖြင့် မကပေးတာတောင် ရှင်လက်မခံနိုင်ရင် ဒီအတိုင်းသာ ဆင်းသွားတော့"

သူ ဝေ့ကိုသတ်ပစ်ချင်လောက်အောင် ဒေါသတွေဖြစ်နေတာ သူ့မျက်နှာနှင့်သူ့ပုံသဏ္ဌာန်ကိုကြည့်ပြီး သိသည်။ သူ အဲဒီလိုဒေါသဖြစ် နေတာကိုပဲ ဝေ့ရင်ထဲဘယ်လို ကျေနပ်နေမှန်းမသိပါ။ ဒါပေမဲ့ သူက သိမ် လည်သောယောကျ်ားတစ်ယောက်ပီပီ ဝေ့ထံမှ ချက်ချင်းပင် အကြည့် ကိုရုတ်ပြီး ညိုးငယ်သောသဏ္ဌာန်အဖြစ်လည်း ဖန်ဆင်းလိုက်သေးသည်။

"အစ်ကို ကျွန်တော် တောင်းပန်ပါတယ်၊ ဒီခြံနဲ့တိုက်ကလွဲလို့ ကျွန်တော် ဘာမှမယူပါဘူး။ မေတ္တာရပ်ခံတာပါ"

ဘဘလည်း သူ့ရဲ့ရှိခိုးတော့မတတ် တောင်းပန်နေပုံကို မယုံ





သလိုကြည့်ပြီး

"ဒီလောက်ဖြစ်နေလည်း ယူကွာ"

"သမီးမပေးဘူး ဘဘ"

ဝင်းထိန်သွားသော သူ့မျက်နှာကြီးသည် ချက်ချင်းပင် ညှိုးပုပ် မည်းညစ်သွားပြီး

"မင်း အဲဒီလို အကျင့်မယုတ်ပါနဲ့ ဝေဝိုင်ဝိုင်"

"ကျွန်မပစ္စည်း ကျွန်မတရားသဖြင့် ယူတာကို ရှင်က ဘာဖြစ် လို့ အဲဒီလိုစွပ်စွဲရတာလဲ"

"ငါယူတဲ့ပစ္စည်းက မင်းတို့ပေးသလောက် အဖိုးမတန်ဘူးဆို တာ အားလုံးသိပါတယ်၊ မင်းအနေနဲ့ဒီလိုတိုက်ထက်သာတာ ဆယ်လုံး ဆောက်နိုင်ရဲ့နဲ့ ငါ့ကိုမုန်းတဲ့အတွက် ငါလိုချင်တာကိုမှ လိုက်ယူချင်တယ် ဆိုတော့ အကျင့်ယုတ်တာမဟုတ်လို့ ဘာလဲ"

"အဲဒါဆို ကျွန်မကလည်း ရှင့်ကိုပြန်မေးချင်တယ်၊ ရှင်လည်း ဒီလိုခြံနဲ့တိုက်မျိုး လိုချင်ရင် ရှင်ရထားတာတွေနဲ့ဝယ်ပြီး ဆောက်ပေါ့၊ ဒါဟာ ရှင်ယူခဲ့တဲ့ ကျွန်မအမေပစ္စည်းလည်းမဟုတ်ဘူး။ ကျွန်မအဖေကို သူ့မိဘ တွေကပေးခဲ့တဲ့အမွေ၊ အဲဒါ ရှင်နဲ့ဘာဆိုင်လို့လဲ၊ ကျွန်မအဖေ ပစ္စည်း ကျွန်မလိုချင်တာ ယုတ်မာတာလား။ ရှင်သာ ကိုယ်မတန်တာဆရတာကို ဆောင်မယူနိုင်ဘဲ ကိုယ်နဲ့ဘာမှမဆိုင်တဲ့ ဒီခြံနဲ့တိုက်ကို လိုချင်မက်မောနေတာ လူ့ရိုးသားရိုး လုံးဝမဖြစ်နိုင်ဘူး"

"မင်း မင်း ဘာစကားပြောတာလဲ"

"အဟင်း ရှင်ဟုတ်ရင်နာပေါ့"

ဦးမျိုးထွန်းသည် ဟန်မဆောင်နိုင်အောင်ကို တရှုးရှုးဟာရှား ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ကျွန်တော့်ကို ခြံနဲ့တိုက်ပဲပေးပါ၊ ကျွန်တော် အခု ချက်ချင်းလက်မှတ်ထိုးပေးပါမယ်"

အမူအရာပျက်နေသည့် ဦးမျိုးထွန်းပုံစံသည် တကယ်ကို မသက်သာစရာပါ။

"ကဲပါ သမီးလေးရယ် ပေးလိုက်ပါ"

"မပေးဘူး ဘဘ၊ ဒီတစ်ခုတော့ သမီးကိုလိုက်လျောပေးပါ"

"ဟင့်အင်း ကျွန်တော် တခြားဘာမှမယူဘူးနော်"

"ကျွန်မကလည်း လုံးဝမပေးနိုင်ဘူး"

ဘဘနဲ့လူကြီးတွေ မျက်လုံးပြူးပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။

"ကျွန်တော့်ကိုသွားခွင့်ပြုပါ၊ ကျွန်တော်ဒီခြံနဲ့တိုက်ကြီးကိုပဲ ယူ ရစေ"

"မောင်မျိုးထွန်းက ဘာဖြစ်လို့ ဒီခြံနဲ့တိုက်ကို အသည်းအသ လိုချင်နေရတာလဲ"

လူကြီးတစ်ယောက်က ဖြုန်းခနဲ မေးလိုက်တော့ သူ မျက်နှာ ပျက်သွားပြီး ခပ်တင်းတင်းလေသံနှင့်

"ကျွန်တော် လိုချင်လို့ပေါ့ဗျာ"

ပြောပြီးသည်နှင့် လူကြီးတွေကို လေးစားရကောင်းမှန်းလည်း မသိစွာ ခပ်တည်တည်နှင့်ထွက်သွားသည်။

ဦးမျိုးထွန်း ထွက်သွားတော့ ဘဘတို့လင်မယားနှင့်တကွ လူကြီး တွေအားလုံးက ခေါင်းကိုဝိုင်းပြီး နားချကြသည်။

"ပေးလိုက်ပါ သမီးလေးရယ်၊ အစကတည်းက ဘာမှ ... တော့ဘူးလို့ သမီးတွက်ထားပြီးသားပဲ၊ အခုံးထဲက အမြတ်လို့သဘော...





ပါ၊ သမီးလေးရဲ့စိတ်ရင်းဖြူစင်တယ်ဆိုတာ ဘဘ သိတယ်၊ သူ စိတ်ချမ်း သာသွားတဲ့အတွက် သမီးလေး ဘယ်လောက်ကုသိုလ်ရလဲ"

"ဟုတ်ပါတယ် သမီးလေးကိစ္စတွေကို ကြီးကြီးတစ်ခုမှ ဝင်မပါ ခဲ့ပါဘူး။ ဒီတစ်ခါတော့ ပြောပါရစေ သူ့ဆန္ဒတွေကို ဖြည့်ပေးလိုက်ပါ"

"ဒီလူကလည်း ကြည့်တော့သာ ပျော့တိပျော့ဖတ် အေးတိအေး စက်၊ ခေါင်းမာမယ့်ပုံပဲ၊ မရရင်လည်း ပြဿနာရှာမယ့်ပုံမျိုး။ ဒီတော့ အလျှော့ပေးလိုက်တာပဲ နှလုံးအေးပါတယ်၊ သမီးကြည့်ရတာ အေးအေး ချမ်းချမ်း နေချင်တဲ့ပုံပါ"

လူကြီးတွေထဲ တစ်ယောက်ကလည်း အေးအေးချမ်းချမ်းနှင့် ...င်ပြောတော့ ဝေက ဘယ်လိုအင်အားနဲ့ပြိုင်ပြီး ပြင်းနိုင်တော့မှာလဲ။ ...ယ်သူမှမကြားနိုင်သော သက်ပြင်းတစ်ချက်ကိုသာချပြီး အားလုံး စိတ် ...ချမ်းသာအောင် ခေါင်းညိတ်လိုက်ရသည်။

ပြတ်သည့်နေရာမှာ နှစ်ယောက်မရှိသည့်ဝေက ခြံကြီးနှင့်တိုက် ...ည် ကိုယ်နှင့်မဆိုင်ကြောင်း လက်မှတ်ထိုးပေးပြီးသည်နှင့် ဘဘတို့ အိမ် ...လာခဲ့သည်။ ထမင်းချက်အဒေါ်ကြီးကတော့ တောပြန်မှာဖြစ်ပြီး မမနိုင်က ...နဲ့အတူ ဘဘတို့အိမ်မှာ လာနေမှာဖြစ်သည်။

ညနေ ဦးမျိုးထွန်းပြန်လာတော့ ခြံနှင့်တိုက် သူရတယ်ဆိုတာ ...ည်းသိရော အရူးတစ်ယောက်လို အော်ဟစ်စမ်းသာသွားကြောင်း မမနိုင် ...ပြောတော့ ဝေ အော်ဂလီဆန်စွာ မဲ့လိုက်သည်။

ဝေ ပြတ်သားပုံကတော့ အားလုံးက ဩချယူရသည်။

ပစ္စည်းတွေ ငွေတွေအားလုံး ဘဘတို့လင်မယားကိုပဲ လွှဲပြောင်း ...စေကာ ဝေကတော့ ကြည့်လည်းမကြည့်၊ ထိလည်းမထိ လုံးလည်း ...မဝင်စားပါ။

www.burmeseclassic.com



"သမီးလေး ဘာမှအတိတ်ကိုတွေးပြီး စိတ်သောကမရောက်နဲ့တော့၊ ဘဘနဲ့ကြီးကြီးဟာ သမီးရဲ့အဖေနဲ့အမေပဲ၊ အရင်လိုပဲ စာကိုသာ တစိုက်မတ်မတ်ကြိုးစားပြီး ဆရာဝန်မကြီးဖြစ်အောင်လုပ်၊ သမီးအတွက် လိုလေသေးမရှိ ဖြည့်ဆည်းပေးမယ်"

ဒီတစ်ခါ ကြီးကြီးပြောသောစကားက အခါများစွာကထက် ပိုပြီးလေးနက်သည်ဆိုတာ ကြီးကြီးမျက်နှာက ခံစားမှုကို အကဲဖမ်းပြီး ဝေ သိသည်။ စေ့စေတနာ ဝေ့သဘောထားတွေကို ကြီးကြီးနားလည်လောက်ပါပြီ။

ဝေသည် ရင်ထဲက ပီတိများစွာနှင့် ကြီးကြီးကိုယ်လုံးကြီးအားဖက်ထားတော့ ဘဘက ဝမ်းသာသည့်မျက်ဝန်းတွေနှင့်ကြည့်နေသည်။

"သမီးလည်း ကြီးကြီးနဲ့ဘဘကိုပဲ ကိုယ့်မိဘအရင်းတွေလိုသဘောထားပြီး ပြုစုမယ်၊ ငယ်ငယ်လေးနဲ့ မိဘမဲ့သွားပေမယ့် ဘဘနဲ့ကြီးကြီးကြောင့်ပဲ သမီးအားတွေရှိရပါတယ်၊ သမီးမလိမ္မာတာရှိရင်လည်း ဆုံးမပါနော်"

"ဘဘ သမီးလေးက လိမ္မာပြီးသားပါ"

ဘဘနဲ့ကြီးကြီးရဲ့မေတ္တာတွေကြောင့်ပဲ ဝေ့ဘဝတစ်သက်လုံး နွေးထွေးသွားတော့မှာပါ။ ဝေ့ဘဝမှာ ဖေဖေနဲ့မေမေ မရှိတော့ပေမယ့် ဖေဖေနဲ့မေမေကဲ့သို့ မေတ္တာမျိုးပေးနိုင်မည့်သူ တွေ့ရသည်။ ဝေ့ကုသိုလ်ကံ အဲဒီလောက်အထိ မဆိုးသေးဘူးဆိုတာ သိရတော့ လောကကြီးသည် နေချင်စရာကောင်းသွားပါတော့သည်။

■ ■ ■



## အခန်း (၁၅)

"သမီးလေးရေ ရောင်စဥ်ဆိုတဲ့ကောင်လေး ရောက်နေတယ်"

ဝေ သီချင်းနားထောင်နေရာမှ ဝုန်းခနဲ ထကာ ကြီးကြီးကိုယ်လုံးကြီးကို တွန်းတိုက်မတတ် ပြေးထွက်လာခဲ့သည်။

"ဟဲ့ ဟဲ့ အမလေးတော်"

"ကန်တော့ ကန်တော့ ကြီးကြီး"

ကြီးကြီးက ကိုယ်လုံးကြီးမှအားမနာ ခုန်ရှောင်ပြီး အံလန့်ကြားရေရွတ်နေတော့ ဝေ လက်အုပ်ကလေးချီပြီး တောင်းပန်လိုက် သည်။ ကြီးကြီးက ပြုံးစိစိကြည့်ပြီး

"ကဲ သွားပါ၊ ဟိုမယ် စောင့်နေရတယ်"

"ဟုတ် ကြီးကြီး။ ဟုတ်ကဲ့"

"လူကဖြင့် အပျိုကြီးဖားဖားဖြစ်နေပြီ၊ အခုထိ ကလေးဆိုတ်ကျန်သေးဘူး"

ကြီးကြီးက ပွစိပွစိဖြင့် ပြောကျန်ခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မမနိုင်နဲ့စကားပြောနေသော ရောင်စဥ်ကိုကြည့်ပြီး ဝေ့ရင်ထဲ တလှပ်လှပ်ခုန်နေတာ ဝေ့ကိုယ်ဝေပင် ဘာကြောင့်မှန်းမသိ။

''ဝေ''

ဝေ ထွက်အလာကို ကြည့်နေမှန်းသိသာအောင် ရောင်စဥ်က ဝေ့ကိုလည်းတွေ့ရော နှုတ်ခမ်းလေးလှုပ်ရုံခေါ်လိုက်၏။ မမနိုင်ကလည်း လှည့်ကြည့်နေတော့ ဝေက မမနိုင်ဘေး နှစ်ယောက်ထိုင်ဆိုဖာမှာ ပူးပူး ကပ်ကပ်ထိုင်ချပြီး

''နင် ဘယ်တုန်းက ရောက်တာလဲ ရောင်စဥ်''

''စောစောကလေးတင်ပဲ၊ နင့်ဆီကို ရောက်ရောက်ချင်းလာခဲ့ တာ''

စားပွဲပေါ်က အထုတ်ကလေးကို မျက်စပစ်ရင်း ရောင်စဥ်ပြော တော့ ဝေ ကျေနပ်ပီတိဖြစ်သွားမှုက ပြောပင်မပြတတ်တော့ပါ။

Arrow စပို့ရှပ်ကြည့်ပြာရောင်အစင်းလေးကို စတိုင်ပင်အနက် ရောင်လေးနှင့်တွဲဝတ်ထားသော ရောင်စဥ်သည် တကယ့်လူပျိုကြီးတစ် ယောက်ပမာ။

''ဒီမှာ ငါ့အစ်မတွေပေးလိုက်တာ မန္တလေးပြန်လက်ဆောင်''

ဝေ ခေါင်းသာညိတ်ပြလိုက်သည်။ လက်ဆောင်ထုတ်ကိုစိတ် မဝင်စားပါ။ ဝေ ဖြစ်ချင်နေသောဆန္ဒကတော့ ရောင်စဥ်နဲ့နှစ်ယောက် တည်း စကားပြောချင်သည်။ အလိုက်သိသော မမနိုင်က

''ကဲ မတွေ့ရတာကြာပြီဆိုတော့ အေးအေးဆေးဆေး စကား ပြောကြ၊ မမနိုင် လုပ်စရာရှိတာလေးတွေ သွားလုပ်လိုက်ဦးမယ် ရောင်စဥ် ထမင်းစားပြီးမှ အေးအေးဆေးဆေး ပြန်နော်''

''ဟုတ်ကဲ့ပါ မမနိုင်''





မမနိုင်က ရောင်စဥ်လက်ဆောင်ထုပ်လေးယူပြီး အိမ်ထဲဝင် သွားသည်။

နှစ်ယောက်တည်းကျန်ခဲ့သော ဝေသည် ဘာပြောရမှန်းမသိ စွာ ဘယ်ဘက်လက်မထိပ် လက်သည်းနှင့် လက်ညှိုးထိပ်လက်သည်းကို သာ အဓိပ္ပာယ်မရှိ ကုတ်ခြစ်နေသည်။ ရောင်စဥ်ကလည်း ဝေ့ကို ဘာ တစ်ခွန်းမှမပြောဘဲ ခပ်တည်တည်ပင် ဝေ့ကိုစိုက်ကြည့်နေတော့ ဝေ မနေတတ်မထိုင်တတ် ဖြစ်နေသည်။

ခရမ်းရောင်ကိုယ်ကြပ်တီရှပ်နှင့် အုန်းခွံရောင်ချည်သားဘောင်း ဘီပေါင်လယ်ထိ တိုတိုလေးဝတ်ထားသော ဝေက ကိုယ့်ကိုယ်ကိုယ် မလုံ မလဲဖြစ်နေမိသည်။

ဒါသည် တကယ်ကို ထူးဆန်းသောအဖြစ်ပင်။ ထူးဆန်းလွန်း လို့ ဝေ့ကိုယ်ဝေပင် တအံ့တသြ ဖြစ်သွားရသည်။

ရောင်စဥ်နဲ့ဝေက လူမှန်းသိတတ်စကတည်းက အတူစား အတူ ဆော့ပြီး ဘယ်သွားသွားလည်း အတူတူပင်ဖြစ်သည်။ ဝေတို့နှစ်ယောက် က တစ်ယောက်နှင့်တစ်ယောက် မခံချင်အောင် စနောက်ကြတာသာ ရှိ သည်။ တစ်ခါဖူးမျှ မငံ့မရဲဖြစ်တာတို့ ရှက်ရွံ့တာတို့ဆိုတာ ဘုရားစူး မရှိဘူးခဲ့ပါ။

ငယ်ငယ်ကတည်းက အလှအပကြိုက်သော ဝေက လှပဆန်း သစ်ပြီး ခေတ်မီသော အကောင်းစားအဝတ်အစားတွေသာ မရိုးအောင် ဝတ်တတ်သည်။ ကျောင်းသွားမှ ကျောင်းယူနီဖောင်းဝတ်ပြီး ကျန်အချိန် တွေမှာ အခုလိုပဲ လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး ဝတ်သည်။ ဒါကို အခုမှ ဘာတွေဆန်းပြားပြီး ရောင်စဥ်ကို ရှက်နေရတာလဲဆိုတာ ဝေ့ ကိုယ်ဝေလည်း မသိပါ။

''နင် အရမ်းလှလာတယ် ဝေ၊ မမလေး ပြောတုန်းက အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



လောက်လို့ မထင်ဘူး''

ရောင်စဉ်က စွန့်စွန့်စားစားကြည့်ပြီး ချီးကျူးတော့ ရှက်ရှက်နှင့်ပဲ ဝေ နှုတ်ခမ်းစူလိုက်ကာ

''ငါ့ကျတော့ ပြောတယ်၊ နင့်ကျတော့ရော''

''ငါက ဘာဖြစ်လို့လဲ၊ ငါက ဒီအတိုင်းပါပဲ''

ရောင်စဉ်က သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ဘာမှမဖြစ်ဘူးလို ပြောတော့ ဝေ မျက်စောင်းထိုးလိုက်သည်။

''နင်ပြန်ရောက်တာ လဲ့လဲ့တို့ သိလား''

''မသိဘူး''

''အဲဒါများ သူတို့ကို ခေါ်လာခဲ့တာမဟုတ်ဘူး''

''သူတို့ကိုခေါ်ရင် အလုပ်ပြီးမှတို့ ဘာတို့နဲ့ ငါမစောင့်နိုင်တော့ဘူး။ နင့်ကိုအရမ်းတွေ့ချင်နေပြီ''

ဝေက ကျေနပ်သွားသော မျက်နှာလေးအား ရောင်စဉ်သိမှာ စိုးပြီး ခပ်မဲ့မဲ့လေး လုပ်ပြလိုက်သည်။

''ဝေ''

''ဟင်''

''နင် ငါ့ကိုသတိမရဘူးလားဟင်''

ဝေက ပါးစပ်ကမပြောဘဲ ပြောင်စပ်စပ်ရုပ်ကလေးနဲ့ ခေါင်းခါပြလိုက်သည်။ ဒါကိုရောင်စဉ်ကလည်း သိသည်။

''ငါတို့နှစ်ယောက် တစ်ခါမှ အဲဒီလောက်အကြာကြီး မခွဲဖူးဘူးနော်''

''အင်း''

''အန်တီနွယ်ဆုံးသွားတာ ငါ အရမ်းခံစားရတယ်ဟာ၊ အဲဒီ





လောက် မြန်မြန်ဆန်ဆန် ဖြစ်သွားမယ်လို့ ငါတို့ လုံးဝမထင်ဘူး။ ငါ့အဖေနဲ့အစ်မတွေလည်း စိတ်မကောင်းဖြစ်နေကြတယ်''

ရောင်စဉ် ပြောလိုက်မှ မေမေ့ကို သတိရသွားပြီး ချက်ချင်းပင် မျက်ရည်တွေဝဲတက်လာသည်။

''ငါတို့ပတ်ဝန်းကျင်မှာတော့ ဦးမျိုးထွန်းက တော်တော်နာမည်ကြီးနေတယ်၊ သူက ဘာသဘောနဲ့ အခွံချည်းကျန်ခဲ့တဲ့ တိုက်ကြီးနဲ့ခြံကို လိုချင်ရတာလဲ''

''ငါလည်း အဲဒါကိုပဲ အသေအလဲ သိချင်လို့ ဖွင့်မပေးဘူး တင်းခံတာပေါ့၊ ဒါပေမဲ့ ဘာဘနဲ့လူကြီးတွေရဲ့စကားကို ဆန့်ကျင်ဘက် မလုပ်ချင်လို့ လက်လျှော့လိုက်ပေမယ့် ငါက ကျေနပ်တာမဟုတ်ဘူး''

''အခု သူ့ပုံစံကလည်း အရင်ကနဲ့ နှစ်ယောက်အလားထင်ရတယ်၊ တကယ် တခြားစီပဲ၊ ဆံပင်ရှည်ဘုတ်သိုက်နဲ့ နှုတ်ခမ်းမွှေး မုတ်ဆိတ်မွှေးတွေအပြင် အဝတ်အစားဝတ်တာလည်း စုတ်ပြတ်နေတာပဲ၊ ငါဖြင့် သူ ဟုတ်မှဟုတ်ရဲ့လားလို့ မနည်းကြည့်ရတယ်၊ အိမ်နီးနားချင်း တွေပြောတာတော့ ညဘက်ဆို နင်တို့တိုက်ကြီးထဲက တဒုန်းဒုန်းထုရိုက်သံတွေ ကြားရတယ်တဲ့''

''ရူးနေပြီလားမှ မသိတာ''

ဝေက ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်သည်။

ဝေ တစ်ခါမျှ လူတစ်ဖက်အား အခုလို လက်လွှတ်စပယ် မပြောဘူးပါ။ ဒင်းကိုတော့ မေမေ စောစောစီးစီးသေရတာ ဒင်းကြောင့်လို့ သတ်မှတ်ပြီး မေတ္တာစိတ်ကို မထားနိုင်ပါ။

''ဝေ နင်အားတယ်မလား''

''အားတာပေါ့၊ ဘာလုပ်မလို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့အိမ်လိုက်ခဲ့ပါလားဟင်၊ ငါ့အစ်မတွေကလည်း နင့်ကို တွေ့ချင်နေတယ်၊ မမလေးပြန်လာတည်းက နင့်ကိုတွေ့ချင်နေတာ၊ နင် စိတ်သောကတွေ ရောက်နေလို့ သူမတွေ့တာတဲ့"

"ဟုတ်တယ် အခုမှ ငါ့စိတ်တွေ အနည်ထိုင်ခါစရှိသေးတယ်၊ နောက်မှပဲ ငါလာလည်မယ်ဟာ၊ နင့်အစ်မတွေကို သေသေချာချာ ပြောပြလိုက်ပါ"

"အေးပါ ဒါဆို ငါလစ်တော့မယ် ဝေ"

"ဟင် နင်ကလည်း ထမင်းစားပြီးမှ ပြန်မယ်ဆို"

"နောက်ကြုံဦးမှာပဲဟာ၊ ငါက နင့်ဆီအရင်လာတာဆိုတော့ သူငယ်ချင်းတွေဆီ မရောက်သေးဘူး၊ လှဲလှဲတို့ကိုခေါ်ပြီး အေးအေးဆေး ဆေး လာလည်ဦးမယ်လေ၊ မမခိုင်ကို ပြောပြလိုက်ပါဦး"

"အေးပါ ဒါနဲ့ နင်လိုင်းကားနဲ့လာတာမလား"

"အေးပေါ့"

"ဒါဆို နေဦး ဒါရိုက်ဘာကြီးကို လိုက်ပို့ခိုင်းပေးမယ်"

"နေ နေ ဝေ၊ ငါ ဝင်စရာရှိလို့ ငါ့အတွက်မပူပါနဲ့"

"ဘယ်ကိုဝင်ဦးမှာမို့လဲ"

"ဝင်းကိုတို့နဲ့ သွားစရာရှိလို့ ချိန်းထားတယ်"

"ငါ့ဆီကိုအကြောင်းပြပြီး တစ်နေကုန်လျှောက်လိမ့်မလို့ပေါ့ လေ"

ဝေ မျက်စောင်းထိုးပြီးပြောတော့ ရောင်စဉ်က စပ်ဖြဲဖြဲ ပြုံး ကြည့်ကာ

"ငါတို့လည်း မငယ်တော့ဘူးလေဟာ၊ သွားချင်လည်ချင်တာ ပေါ့"

ရောင်စဉ့်စကားကြောင့် ဝေက ခပ်မဲ့မဲ့လေး ဖြစ်သွားသည်။





ဝေ ခြံဝအထိလိုက်ပို့ပေးပြီးနောက် ရောင်စဉ်က သွားခါနီးမှာ

"ဝေ"

"ဘာလဲ"

"ဒါဆို ဒီနှစ်ဒီမှာပဲ ကျောင်းနေဖြစ်တော့မှာပေါ့နော်"

ရောင်စဉ့်အသံဖျော့လေးနှင့် မေးလိုက်ပုံက ဝေ့အသည်းကို ခိုက်ခနဲဖြစ်သွားရသည်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သိပ်မခံစားရဘူးဟု ထင် ထားသည့်ဝေတောင် တွေးလိုက်တိုင်း အရမ်းခံစားနေရတာပါ။ အခု ရောင်စဉ် က အစဖော်ပေးနေပြန်ပြီ။

"အေးပေါ့"

စိတ်တင်းထားသည့် အသံကြီးနှင့် ဝေပြောတော့ ရောင်စဉ်က မျက်တောင်မခတ်ကြည့်နေသည်။

"ငါ နင့်ကို စိတ်မချဘူး သိလား ဝေ"

ရောင်စဉ်က ဒါပဲပြောပြီး ခပ်သွက်သွက်လေး လျှောက်သွား၏။ ဝေ အစပိုင်းမှာတော့ ကြောင်နေသေးသည်။ နောက်မှ သတိရသွား ကာ

"ခွေးကောင် ရောင်စဉ်၊ ဒါ ဘာစကားလဲ"

ဒါပေမဲ့ ရောင်စဉ်ကတော့ ဝေ့စကားကို မကြားတော့ဘဲ ခပ် ဝေးဝေးရောက်သွားပြီ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ညကို ရောင်စဥ်ဖုန်းဆက်တော့ မနက်ကစကားအတွက် ဝေ ရှက်အမ်းအမ်းဖြစ်နေသော်လည်း သူက ဘာမှမဖြစ်သလိုပင် တခြား အကြောင်းတွေသာ စွတ်ပြောနေသည်။

တော်သေးသည် နှင့်ကိုငါချစ်တယ်၊ ငါ့ကိုရော နင်ဘယ်လို သဘောထားလဲဆိုသည့်စကားမျိုး မပြောလို့။

အရင်ထက်စာရင် ရောင်စဥ်အပေါ် သာယာသလိုရှိပေမယ့် ဝေတို့ အရွယ်က အရမ်းကိုငယ်ပါသေးသည်။ ပညာသင်ရမည့်အရွယ်မှာ ပညာကို သာ စိတ်ဖြောင့်ဖြောင့်သင်ချင်သည်။ ရည်မှန်းချက်ကြီးသည့် ဝေကသို့ ပိုဆို၊ပါသည်။

ဘာပဲဖြစ်ဖြစ် ရောင်စဉ် ပြောလာခဲ့လျှင် ပညာရေးမှာလည်း အနှောင့်အယှက်မဖြစ်အောင် သူလည်း စိတ်ညစ်မသွားရအောင် ကြည့် ပြောရမှာပင်။

ဒီလိုနှင့်ပင် ဝေက အဋ္ဌမတန်းကို ဝေတို့ဘဘအိမ်နဲ့နီးသော





ကျောင်းမှာပင် တက်ရသည်။ လဲ့လဲ့တို့နှစ်ယောက်နှင့်ကတော့ ဖုန်းဆက် ကြပြီး တစ်လတစ်ခါ ကားရှိသည့်ဝေက သွားလည်ရသည်။

ရောင်စဥ်ကတော့ ညတိုင်းဖုန်းဆက်သည့်အပြင် သူ့ စိတ်ပေါက် ရင်ပေါက်သလို တနင်္ဂနွေလိုကျောင်းပိတ်ရက်မျိုး အိမ်ရောက်လာတတ် သည်။ တစ်ခါတုန်းကဆို ကျောင်းပြေးပြီး ဝေတို့ကျောင်းမှာ လာတွေ့တော့ ဝေ ဟောက်လွှတ်လိုက်တည်းက ကျောင်းပြေးပြီး မလာရဲတော့ပါ။

ရောင်စဥ်က ကျောင်းတက်မှပင် တစ်နေ့တခြား ထွားကြိုင်းပြီး အသံကလည်း ခါတိုင်းလိုမဟုတ်ဘဲ ဩရှရှလေးဖြစ်နေ၏။ မနှစ်ကနှင့် တခြားစီဖြစ်နေသော ရောင်စဥ်ကို ဝေ ရင်ခုန်မိသည်။ ဒါကိုတော့ အချစ် ဆုံးသူငယ်ချင်းတွေဖြစ်သော လဲ့လဲ့နှင့်မော်ကြီးကိုတောင် ထိန်ဝှက်ထား သည်။ ရောင်စဥ်ရှေ့မှာလည်း ဘာမှမဖြစ်သည့် ယခင်ကပုံစံအတိုင်း နေပြနိုင်ခဲ့သည်။

ဒီလိုနှင့်ပင် ရာသီစက်ဝိုင်းတွေ တစ်နှစ်ပြီးတစ်နှစ် ကူးပြောင်း ကာ ဝေတို့ပင် ဆယ်တန်းရောက်ခဲ့ပြီ။

ဒီနေ့ မော်ကြီးတို့အိမ်မှာ အလှူရှိသည့်အတွက် ဝေနှင့်လဲ့လဲ့ အစောကြီးကတည်းက ရောက်နေကြသည်။

"ဟဲ့ ရောင်စဥ်လည်း မလာသေးဘူးနော်"

ရွှေတောင်ခေါက်ဆွဲကို ပလုပ်ပလောင်းစားရင်း ဝေ ပြောတော့ လဲ့လဲ့ ခပ်မဲ့မဲ့လုပ်ပြီး

"ကိုယ့်ဟာကိုယ် ဖြောင့်အောင်စားပါ၊ သေသေချာချာ ပြော ထားတာပဲ၊ လာမှာပေါ့၊ ပြောရင်းဆိုရင်း လာပါပြီ"

အခုမှ ဝင်လာသော ရောင်စဥ်ကို လဲ့လဲ့က မေးငေါ့ပြီးပြတော့မှ ဝေ ကြည့်လိုက်သည်။ ရောင်စဥ်က ဝေ့ကို လှမ်းပြုံးပြပေမယ့် တက်တက်



www.burmeseclassic.com

www.burmeseclassic.com



ကြွကြွမရှိသလိုပဲ။

"ဘယ်လိုဖြစ်လို့ နောက်ကျနေတာလဲ၊ ဒီမှာ နင်မလာသေးလို့ ဝေက စားလို့မဝင်ဘူးဖြစ်နေတယ်၊ နစ်ပန်းကန်ရှိပြီ"

လဲ့လဲ့ရဲ့ဟာသကိုတောင် ဟန်ဆောင်ပန်ဆောင် မပြုံးနိုင်သော ရောင်စဥ်က တစ်ခုခုကျိုန်းသေဖြစ်လာပြီ။

"စားတော့မယ်မှလား ရောင်စဥ်"

ရောင်စဥ် ခေါင်းညိတ်ပြတော့ လဲ့လဲ့က ပြဇ်ဆင်ပေးနေသည်။

"ရော့ စားလို့ရပြီ၊ လိုတာလည်းပြော"

စိတ်မပါသလို စားနေသော ရောင်စဥ်ကို မေးငေါ့ပြီး လဲ့လဲ့ မှုန်နေသည်။

"ဘာလိုလဲ ရောင်စဥ်"

"ဘာမှမလိုဘူး"

ရောင်စဥ် တစ်ခုခုဖြစ်လာတာ သေချာနေပြီ။ အိမ်နဲ့ဖြစ်လာတာ ပဲဖြစ်မည်။ လွန်ခဲ့သည့်နှစ်ပတ်လောက်က ရောင်စဥ်တို့အိမ် ဝေသွားလည်တော့ အိမ်မကပ်သောရောင်စဥ်အကြောင်း သူ့အစ်မတွေ ဝိုင်းတိုင်သေးသည်။ ညဘက်ဆိုလည်း ဆယ်နာရီထက် တစ်ခါမျှမစောသည့်အကြောင်း။

ယောကျ်ားလေးတွေက အရွယ်ရောက်လာရင် ဒီအတိုင်းပါပဲ။ ဝေ့ပေါင်ကို လဲ့လဲ့ကုတ်ပြီး ရောင်စဥ်ကို စကားပြောခိုင်းနေသည်။

"နင် အိမ်နဲ့ဘာဖြစ်လာလို့လဲ ရောင်စဥ်"

"မဖြစ်ပါဘူး"

"ငါ့ကိုမလိမ်စမ်းပါနဲ့၊ နင့်ပုံစံကိုကြည့်တည်းက သိတယ်၊ အိမ် မဖြစ်ရင် ဘယ်သူနဲ့ဘာဖြစ်လာလဲ ပြော"

"ဘယ်သူနဲ့မှ ဘာမှမဖြစ်ဘူး"





"အဲဒါဆို ဘာဖြစ်လို့ နင့်ရုပ်က ခုနစ်ရက်ထမင်းမစားရတဲ့ရုပ် ပေါက်နေတာလဲ"

"ငါ စိတ်ညစ်လို့ပါ ဝေရာ"

"အံမယ် နင်က ဘာစိတ်ညစ်စရာရှိလို့လဲ၊ လိုအပ်တာမှန်သမျှ အစ်မတွေက အားလုံးဖြည့်ဆည်းပေးနေတာကို"

"အဲဒါကို စိတ်ညစ်တာ မဟုတ်ပါဘူး"

မလှုပ်မယှက်ပြောနေသော ရောင်စဥ်ကို ဝေ စိတ်တိုမိသလို လဲ့လဲ့ကလည်း ဆွဲဆောင့်ပစ်ချင်သည့်ရုပ်နှင့်ကြည့်နေ၏။

"ဒါဖြင့် ဘာကိုစိတ်ညစ်တာလဲဆိုတာ ပြောလေဟယ်၊ စိတ်က ရှည်တော့ဘူး"

"အေးလေ ပြောမှသိရမယ့်ဟာကို ပဲများနေတယ်"

"ငါတို့မိသားစု မန္တလေးကိုပြောင်းရတော့မယ်"

"ဟေ"

"နင် နင် တကယ်ပြောတာလား ရောင်စဥ်"

"တကယ်ပေါ့ဟား အဲဒါကြောင့် ငါ မစားနိုင်မအိပ်နိုင်နဲ့ ညစ်နေတာပေါ့"

ဝေနှင့်လဲ့လဲ့ ဘာတစ်ခွန်းမျှ မပြောနိုင်တော့ဘဲ ငိုမဲ့မဲ့ဖြစ်နေသော ရောင်စဥ်မျက်နှာကိုသာ ကြည့်နေမိသည်။ ဝေ့ကိုကြည့်လာသည့် ရောင်စဥ် မျက်ကြည်ကို အရမ်းဝမ်းနည်းသွားရသည်။

"ဘယ်လိုဖြစ်လို့လဲ ရောင်စဥ်ရယ်"

"အေးလေ မန္တလေးတောင် အဝေးကြီးပဲ"

"ဖေဖေ့ညီက ဟိုမှာအရမ်းအဆင်ပြေတယ်၊ လူအင်အားလည်း လို့ ငါတို့မိသားစုတိုင်ပင်ပြီး အခုလို စီစဥ်လိုက်ရတာ၊ ငါတို့ဆိုပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဒါကတော့ မပါဘူးပေါ့ဟာ''

''နင်က မပြောင်းချင်ဘူးပေါ့''

''ပြောင်းချင်မလားဟဲ့''

ရောင်စဉ် ပေါက်သလိုလေးပြောတော့ လဲ့လဲ့ကမဲ့ပြီး ပန်းတွန့်ပြနေသည်။

''ကျောင်းလည်း ဟိုမှာပဲနေမှာပေါ့''

''အေးပေါ့''

ဝေ ခပ်ဆွေးဆွေးလေးဖြစ်ပြီး ငြိမ်သွားတော့ ရောင်စဉ်က မျက်တောင်မခတ်ကြည့်နေ၏။

''ဟာ အန်တီသောင်းတို့လာတယ်၊ ငါ သွားညှော်ခံလိုက်ဦးမယ် သိလား''

ပြောရင်းနှင့် သွက်သွက်လက်လက်ပင် လဲ့လဲ့က ထသွား[illegible] သူတို့လမ်းထဲက အန်တီသောင်းတို့ကို တကယ်ပဲ ကြိုချင်လို့လား။ [illegible] ရောင်စဉ်ကို ရှောင်ပေးချင်လို့လားဆိုတာကိုတော့ လဲ့လဲ့သာ အသိဆုံး ဖြစ်မှာပါ။

''ဘယ်တော့ပြောင်းရမှာလဲ ရောင်စဉ်''

''ဒီတစ်ပတ်အတွင်းလို့ မမကြီးပြောတယ်''

''ဟင် မြန်လိုက်တာဟယ်''

ဝေက မချိတင်ကဲ အသံလေးနဲ့ပြောတော့ ရောင်စဉ်မျက်နှာ သိသိသာသာကို ပျက်ယွင်းနေသည်။ ရှပ်အင်္ကျီဖြူဖြူစွတ်စွတ်လေးသည် ရောင်စဉ်အသားအရည်ဝင်းဝင်းလေးနှင့် ပိုပြီးကျက်သရေရှိနေ၏။ အလှ[illegible] တာကြောင့် ဝတ်နေကျဘောင်းဘီ မဟုတ်ဘဲ ကချင်ကွက်စိတ်ပုဆိုးအနီလေးနဲ့လည်း ရောင်စဉ်က ကြည့်ကောင်းနေတာပါ။





ရောင်စဉ်ရဲ့ဆံဖျားမှ ခြေဖျားအထိ အလှဆုံးအရာမှာ မျက်ခုံးမည်းမည်းထူထူကြီးတွေဖြစ်သည်။ သူ စိတ်မကြည်သောအခါ ဒါမှမဟုတ် အခုလို စိတ်ညစ်နေသောအခါဆိုလျှင် ထိုမျက်ခုံးနှစ်ဖက်ကို အမြဲတမ်း အတွန့်ချိုးထားတတ်သည်။

အခုလည်း သိပ်စိတ်ရှုပ်ထွေးနေမှန်း သိသာအောင် မျက်ခုံးနှစ်ဖက်ကို ဆက်လုနီးပါးကြုတ်ထားသည်။

ဝေက သိပ်ခံစားပြနေလျှင် ရောင်စဉ်က ပိုဆိုးတော့မည်။ ဒါကြောင့် မျက်ချင်းပင် ဝေက ရယ်ရယ်မောမောသဏ္ဌာန်ဖြင့်

''ကဲပါဟာ အဲဒီလောက်လည်း စိတ်ညစ်မနေပါနဲ့၊ ဖုန်းနဲ့စကားပြောလည်း ရတာပဲ၊ နိုင်ငံရပ်ခြားသွားရတာမှ မဟုတ်တာ''

ရောင်စဉ်က ဝေ့ကိုမှုန်ကုတ်ကုတ်ကြည့်ပြီး

''နင်က တတ်လည်းတတ်နိုင်တယ်နော်၊ ဒီရပ်ကွက်က ပြောင်းရွှေ့ကန်းကလည်း တစ်မြို့တည်းနေတာပဲ တစ်နယ်ခြားသွားတာမှမဟုတ်တာတဲ့၊ အခုတစ်နယ်ပဲခြားသွားပြန်တော့လည်း နိုင်ငံခြားသွားတာ မဟုတ်ဘူး ဖြစ်ပြန်ပြီ''

''ဒါကတော့ စိတ်သက်သာအောင် ပြောရတာပေါ့ဟာ''

''ဘာမှစိတ်မသက်သာဘူး။ မတွေ့ရမှာက မတွေ့ရမှာပဲ၊ လာတွေ့ဖို့တာလည်း လွယ်တာမဟုတ်ဘူး'' 

''ရောင်စဉ်ရယ်''

''ဘာလဲ နင် ငါ့ကိုဘယ်လိုဖြေသိမ့်ဦးမလို့လဲ၊ အေးလေ နင်က ဆောက်သံယောဇဉ်မရှိတဲ့သူဆိုတော့လည်း ဘယ်ခံစားရမလဲ''

''အဲဒီလိုတော့ မပြောပါနဲ့ ရောင်စဉ်၊ ငါလည်းနှလုံးသားရှိတဲ့ လူသားတစ်ယောက်ပဲ၊ ခံစားရတာပေါ့၊ နင်နဲ့ငါက ပိစိလေးထဲက နင် အခု



www.burmeseclassic.com

www.burmeseclassic.com



မန္တလေးသွားတာ အကြာဆုံးခွဲမှုခြင်းပဲ၊ နင့်ဦးလေးကရော အရင်က ဘယ်ပျောက်နေတာလဲ၊ အခုမှ ပြန်ပေါ်လာပြီး နင်တို့မိသားစုကိုတောင် အပြီးပြောင်းဖို့ခေါ်တယ် ဟုတ်လား''

''သူတို့က လင်မယားနှစ်ယောက်လုံး ဘန်ကောက်မှာ အလုပ်လုပ်တာ၊ ဟိုမှာစုမိဆောင်းမိတော်တော်ရှိမှ ဦးလေးမိန်းမမြို့ဖြစ်တဲ့ မန္တလေးမှာ အခြေချတာ''

ဝေက သဘောပေါက်သလို ခေါင်းညိတ်ပြီးမှ

''နင်တို့အိမ်ကိုရော ဒီအတိုင်းထားခဲ့မှာလား''

''ပွဲစားမစန်းနုကိုသော့ပေးခဲ့မယ်လေ၊ အငှားတင်မလို့''

''ကောင်းပါတယ်ဟာ နင် ရန်ကုန်လာရင် ငါတို့အိမ်လာတည်းပေါ့''

''အေးပါ ငါ ဖုန်းဆက်မယ်နော် ဝေ၊ မန္တလေးရောက်ရင်လည်း ဝင်လာခဲ့ပါ၊ လာမယ်ဆို ကြိုဖုန်းဆက်ပေါ့၊ သွားခါနီးမှ လိပ်စာရော ဖုန်းနံပါတ်ရော ပေးခဲ့မယ်၊ ဟာ အရေးတကြီးကိစ္စပြောဖို့ကို ငါ့ကိစ္စဝင်သွားတာနဲ့ မေ့သွားတယ် ကြည့်စမ်း''

''ဘာလဲ ရောင်စဉ်''

ရောင်စဉ်ရဲ့အလန့်တကြားဖြစ်သွားမှုကြောင့် ဝေပင် မျက်လုံးပြူးသွားရသည်။

''ဦးမျိုးထွန်းကြီး ရူးသွားပြီ သိလား''

ရောင်စဉ်၏အဆက်အစပ်မရှိ စကားကြောင့် ဝေ ကြောင်တောင်တောင်ဖြစ်သွား၏။

''ဘာဖြစ်လို့ ရူးသွားတာလဲ''

''ဘာဖြစ်လို့ ရူးသွားတာလဲတော့ မသိဘူး၊ မနေ့ညနေကထင်ရဲ့တွေ့လာခေါ်တော့ မလိုက်ဘူးချည်း ပါးစပ်ကပြောပြီး အော်ဟစ်ပါသွားတာ





ပဲ၊ နောက်ပြီး နင်တို့တိုက်ကြီးလည်း ပြိုကျတော့မယ်''

''ဟမ် ဘာဖြစ်လို့လဲ''

''ပွဲစား မစန်းနုပြောတာတော့ ဦးမျိုးထွန်းက တိုက်ကြီးကို ညတိုင်းရဲတင်းနဲ့ဖြိုချတယ်တဲ့၊ ရပ်ကွက်ထဲမှာ ပြောနေကြတာတွေကို ဆက်စပ်ပြီး ဖေဖေတို့ပြောတာကတော့ နင့်အမေက ပတ္တမြားတွေ စိန်တွေအများကြီးကို တိုက်ကြီးရဲ့တစ်နေရာရာမှာပဲ ဖွက်ထားသလိုလို''

''ကြက်ကြီးဖန်ဖန်ဟာယ် သူ့ဟာသူ ဥစ္စာရူးထပြီး ရမ်းပြောနေတာပါ၊ အခုတော့ ဘာဖြစ်လဲ အဲဒါကြောင့်ပြောတာပေါ့၊ သူများပစ္စည်းအချောင်လိုချင်တဲ့သူတွေဟာ နောက်ဆုံး ကိုယ့်ဘဝပဲပျက်ကြတယ်''

ဝေက ပြောရင်းနှင့်ပင် သတိရသွားသလို မျက်မှောင်လေးကုတ်ပြီး စဉ်းစားသလို လုပ်နေတော့

''ဘာလဲ ဝေ''

''ငါ အခုမှ သတိရတယ် ရောင်စဉ်၊ ဒါကြောင့် ဒီလူကြီးက တိုက်ကြီးကိုပဲ ဖျပ်ဖျပ်လူးလိုချင်တာကိုး''

''အခုလိုကျတော့လည်း သနားစရာပါဟာ၊ နင်တွေ့ရင်လည်း ကိုနိုးသေသနားမှာ''

ဝေ ခေါင်းတညိတ်ညိတ်လုပ်နေပေမယ့် ဘာတစ်ခွန်းမှ မပြောတော့ပါ။

လှဲ့လှဲ့နဲ့မော်ကြီးရောက်လာကြပြီး အခုမှ သိသည့် မော်ကြီးက ရောင်စဉ် မန္တလေးပြောင်းဖို့ကို စပ်စုနေသည်။ ရောင်စဉ်လည်း မန္တလေးပြောင်းဖို့ကိစ္စ မေ့သွားပုံရသည်။ ရွှင်ရွှင်လန်းလန်းနှင့် ခါတိုင်းလို စကားတွေပြောင်နေ၏။ ဝေကတော့ တစ်ခုခုကို စဉ်းစားရင်း ငြိမ်ငြိမ်သက်သက်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဝေက ရောင်စဥ်ပေးထားသော မွေးနေ့လက်ဆောင် ဘိုမ
ကလေးကိုပိုက်ရင်း ရောင်စဥ်ကို သတိရနေသည်။

ဘာလိုလိုနှင့် ရောင်စဥ်တို့မိသားစု မန္တလေးပြောင်းသွားတာ ခြော
လပြည့်တော့မည်။ ပြောင်းခါစ တစ်လလောက်အထိ တစ်ရက်မပျက် ရော
စဥ် ညတိုင်းဖုန်းဆက်သေးသည်။ တဖြည်းဖြည်း သုံးရက်ခြား တစ်ပတ်ခြ
နှစ်ပတ်ခြားကနေ အခုဆို ဖုန်းမလာတာ တစ်လနီးပါးရှိပြီ။

နေများမကောင်းလို့လားဆိုသည့် စိုးရိမ်စိတ်လေးဝင်သွားသေ
ဝေ ဖုန်းခေါ်ဖို့ ဆုံးဖြတ်လိုက်သည်။ ရောင်စဥ်ကသာ ဝေ့ကို ဖုန်းစခေါ်
ဝေက တစ်ခါမှ ရောင်စဥ်ကိုဖုန်းစမခေါ်ပါ။ အခု သူ ဖုန်းမခေါ်တာ တစ်
နီးပါးလောက်ရှိပြီဆိုတော့လည်း ဝေကပဲ စခေါ်ရတော့မှာပေါ့။

"ဟဲလို"

ဝေ ဖုန်းခေါ်လိုက်တော့ တစ်ဖက်က ဖုန်းလာကိုင်သူ၏အသံ
ယောကျ်ားသံဖြစ်ပြီး ရောင်စဥ်မဟုတ်တာတော့ သေချာသည်။





"ကျွန်မ ရောင်စဥ်နဲ့စကားပြောချင်လို့ပါရှင်"

ခဏဆိုပြီး သုံးစက္ကန့်လောက်စောင့်ပြီးမှ ရောင်စဥ် မမကြီး မမ
သင်း ဖုန်းလာကိုင်သည်။

"ဟဲလို ဘယ်သူလဲမသိဘူး"

"မမသင်းလား ဝေပါ"

"ဩော် ဝေလေးလား"

မမသင်းရဲ့ဝမ်းသာအားရအသံကြီးကြောင့် ဝေ ပြုံးလိုက်သည်။

"မမသင်း ရောင်စဥ်ကောဟင်၊ သူ နေကောင်းရဲ့လား၊ ဝေ့ဆီ
ဖုန်းမဆက်တာ တစ်လပြည့်ဖို့ နှစ်ရက်ပဲလိုတော့တယ်၊ ဒါကြောင့် ဝေပဲ
ဖုန်းဆက်လိုက်တာ"

"ကောင်းပါတယ် ဝေရဲ့၊ ရောင်စဥ် နေကောင်းပါတယ်"

"ဘာဖြစ်လို့ ဝေ့ဆီဖုန်းမဆက်တာလဲ အခု သူရှိလား"

"သူလား ဟို မရှိဘူး ဝေရဲ့၊ သူ့သူငယ်ချင်းတွေနဲ့ အပြင်ထွက်
သွားတယ်၊ ဝေ ပြောစရာရှိရင်ပြောခဲ့လေ၊ မမသင်း ပြန်ပြောပေးမယ်"

"ပြောစရာစကား ထွေထွေထူးထူး မရှိပါဘူး မမသင်း၊ ဝေ့ကို
ဖုန်းဆက်ဖို့ပဲ ပြောပေးပါနော်"

"ကောင်းပြီ ကောင်းပြီ ညီမလေး"

"ဦးဦးနဲ့မမလတ်ရော နေကောင်းကြတယ်မဟုတ်လား"

"ကောင်းပါတယ်ကွယ်"

"ဒါဆို ဝေ ဖုန်းချလိုက်တော့မယ်နော် မမသင်း"

"ကောင်းပါပြီကွယ်"

သူငယ်ချင်းတွေနဲ့အပြင်သွားတယ်ဆိုတော့ စိတ်ထဲတင်းသွားတာ
အမှန်။ ဖုန်းဆက်မှ ပြောပစ်ဖို့ ဝေတွေးထားသည်။ ဒါကြောင့် ဝေ့ဆီ ဖုန်း



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ရှိ သတိမရတာကို။

နောက်သုံးရက်လောက်ကြာသည်အထိ ရောင်စဥ့်ဆီက ဖုန်းမလာပါ။

ဝေ့ကိုယ်ဝေလည်း မထင်အောင် ဘယ်လိုမှနေလို့ထိုင်လို့မထိပါ။ စာကျက်၍လည်းမရ စားလို့လည်းမဝင် အိပ်လို့လည်းမပျော်တော့။ ဝေထပ်ပြီး ဖုန်းခေါ်မိပြန်သည်။

မိန်းမတစ်ယောက်၏အသံဖြစ်သည်။ ရောင်စဥ့်တို့တစ်မိသားစုလုံး ပုဂံဈောင်ဦးဘက် ခရီးထွက်သွားပြီး တစ်ပတ်လောက်ကြာမှ ပြန်လာမည့်အကြောင်းပြောကာ ဖုန်းချသွားသည်။

ဝေသည် ဖုန်းကိုတော်တော်နှင့်မချဘဲ ရင်ထဲမှာ ဘယ်လိုကြီးဖြစ်သွားမှန်းကိုမသိပါ။ ဝေ ဖုန်းဆက်တာကို မမသင်း မပြောဘဲနေမှာမဟုတ်ဘူး။ ဒါဆို ရောင်စဥ့် ဘာဖြစ်လို့ ဖုန်းပြန်မဆက်တာလဲ။ အခု ခရီးသွားကြတာလည်း ဝေ့ကိုတော့ ပြောသင့်သည်။ တကယ် ခရီးသွားတာရော ဟုတ်ရဲ့လား။ ဝေ့ကိုဖုန်းပြောသည့် မိန်းမကရော ဘယ်သူလဲ။

စိတ်မြန်သော ဝေက ညနေကျောင်းဆင်းတာနှင့် လဲ့လဲ့ကိုဝင်ခေါ်ပြီး မော်ကြီးတို့အိမ်သွားသည်။ ကျောင်းဝတ်စုံအဖြူအစိမ်းပင်မလဲရသေးသော လဲ့လဲ့ကို အတင်းဆွဲခေါ်လာသည့်အတွက် ဘုမသိဘမသိနှင့် လဲ့လဲ့ ပါလာပြီး

''နင် ဘာဖြစ်လာတာလဲ ဝေရယ်''

''နင့်ပါးစပ်ကို ပိတ်ထားဟာ၊ မော်ကြီးအိမ်ကျ သိရမယ်''

လဲ့လဲ့က ဝေ့ကို ဘုကြည့်ကြည့်ပြီး အသံမထွက်ဘဲ ပွစိပွစိ ရေရွတ်ရင်းပါလာသည်။ မော်ကြီးတို့အိမ်ရှေ့ရောက်တော့ ဝေနဲ့လဲ့လဲ့ ဆင်းလိုက်ပြီး





''အဘ ခုနစ်နာရီထိုးလောက်မှ ပြန်မှာ၊ ဘဘ ဆာနေမယ်၊ တစ်ခုခုသွားစားထား''

ဝေက တစ်ထောင်တန်နှစ်ရွက် ဒါရိုက်ဘာကြီးကိုပေးခဲ့ပြီး လဲ့လဲ့လက်ကိုဆွဲကာ မော်ကြီးတို့အိမ်ပေါ် တက်လိုက်သည်။

''ဟယ် ဝေနဲ့လဲ့လဲ့ပါလား။ လာ သမီးတို့ မော်ကြီးရေ သမီးဒီမှာ ဝေနဲ့လဲ့လဲ့ လာတယ်''

မော်ကြီးအမေက ဝမ်းသာအားရဖိတ်ခေါ်ပြီး မော်ကြီးကိုလှမ်းအော်လိုက်သည်။ မော်ကြီးထွက်လာပြီး ဝေနဲ့လဲ့လဲ့ကိုတွေ့တော့ အံ့သြသွားသည်။

''ဟယ် အကြောင်းမကြား ဘာမကြား ဘယ်လိုဖြစ်လာကြတာတုန်း၊ ဟိုမိန်းမက ကျောင်းဝတ်စုံတောင် မလဲရသေးပါလား''

''သူလေ သူပေါ့''

လဲ့လဲ့က ဝေ့ကိုလက်ညှိုးထိုးပြပြီး မကျေမနပ်ပြောနေ၏။

''လာလေ ထိုင်ကြ''

''သမီးတို့ စကားပြောကြ၊ ထမင်းစားပြီးမှသာ ပြန်တော့၊ ဝေ ဆာနေပါတယ်မလား''

''ဟုတ်ကဲ့ အန်တီနီ၊ ဘယ်သွားကြမလို့လဲ''

''အကြီးမကြီးဆီ ကိစ္စရှိလို့''

မော်ကြီးအဖေနဲ့အမေထွက်သွားတော့မှ မော်ကြီးတို့နှစ်ယောက်ကိုကြည့်နေကြသည်။

''ကဲ ပြောပါဦး ဘာတွေဖြစ်လာတယ်ဆိုတာ''

ဝေက အသက်ခပ်ပြင်းပြင်းတစ်ချက်ရှူသွင်းပြီးနောက် ရောင်စဥ့်ဆီဆက်သည့်အကြောင်း တစ်လုံးမကျန် ပြောပြလိုက်သည်။ မော်ကြီးနဲ့လဲ့လဲ့အား ထိုအကြောင်းဖွင့်ဟပြီးသည့်အခါမှာတော့ ဆို့ကြပ်နေသော ဝေ့

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲက အလုံးကြီးသည် လျှောကျသွားသလို ခံစားရသည်။

"ငါ့စိတ်ထင် ခါတိုင်းလိုပဲ ရောင်စဉ် ညတိုင်းဖုန်းဆက်တယ်ပဲ ထင်နေတာ"

"အေးလေ အခုဟာက ဘယ်လိုစဉ်းစားရမှန်းကို မသိဘူး"

"ဘယ်လိုမှ စဉ်းစားမနေနဲ့၊ အဖြေက ပေါ်ပြီးသား"

"ဘာလဲဟင် ဝေ၊ ပြောစမ်း"

"ဘာရှိရဦးမလဲဟာ၊ ငါတို့ကို သတိမရတော့လို့ နောက်ထပ် အကြောင်းတွေကတော့ ငါတို့ထက်ပိုခင်တွယ်ရမယ့်သူ တွေ့သွားလို့ ဒါပါပဲ"

"နှင့်ဟာက သေသေချာချာကြီးကို ပြောနေပါလား ဝေ"

"ငါ ထင်ရင်လွှဲခဲ့ပါတယ်ဟာ"

"ဘာလဲ နှင့်ထက်ချစ်ရမယ့်ကောင်မလေးတစ်ယောက်ယောက် ရောင်စဉ် တွေ့သွားတယ်လို့ နင်ပြောချင်တာလား။ ဒါကိုတော့ ငါ လက်မခံ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရောင်စဉ်လောက်နှင့်ကိုချစ်တဲ့ယောက်ျား မရှိဘူး ရောင်စဉ်ဘက်က ရဲရဲကြီး အာမခံတယ်၊ တခြားကိစ္စတစ်ခုခုကြောင့်သာ နှင့်ကိုဖုန်းမဆက်တာ ဖြစ်မယ်"

မော်ကြီးကတော့ ရောင်စဉ်ဘက်က ရဲရဲကြီး အာမခံပေးနေသည်။

"ဘယ်လောက်အရေးကြီးတဲ့ကိစ္စမို့ တစ်လလောက် ဖုန်းမဆက်ဘဲ နေရတာလဲ၊ ဝေ အရင်ဆက်တော့လည်း မမသင်းပြန်ပြောတဲ့နောက် အကြောင်း ခဏဖြစ်ဖြစ်တော့ ပြောသင့်တာပေါ့၊ ငါကတော့ ဝေ ပြောသလို ရောင်စဉ် အသစ်တွေ့သွားပြီလို့ ထင်တယ်"

"ဟော့ ဟော့ စကားပြောတာလည်း ကြည့်ပြောပါဦး၊ အသစ်တွေ့ သွားပြီပြောရအောင် ငါကအဟောင်းမို့လို့လား"

"အဟောင်းမဟုတ်ပေမယ့်လည်း ရောင်စဉ်အသည်းအသန် ချစ်





နေတယ်တော့ ထားလိုက်"

"အေးနော် သွားမယ့်နေ့က ဝေ့ကိုကြည့်ပြီး ရောင်စဉ် ဖြစ်ပျက်နေ တာကို ငါ့မျက်စိထဲက မထွက်ဘူး။ ဒီတုန်းကတော့ သူ့ကိုသနားလိုက်ရတာ မှန်း"

"နှင်ထင်တာနဲ့ ရမ်းမပြောစမ်းပါနဲ့ လဲ့လဲ့ရယ်၊ ဝေ တစ်မျိုးထင် ရတဲ့ကြားထဲ၊ နောက်တစ်ပတ်လောက်ကြာမှ ရောင်စဉ့်ဆီ ငါဖုန်းဆက် ကြည့်ဦးမယ်"

"ဆက်မနေနဲ့တော့ ဒေါ်ရွှေမော်ရေ"

"ဘာဖြစ်လို့လဲ ငါ့ဟာငါ ဆက်တာ"

"အေး နှင့်ဟာနှင် ဆက်ချင်ရင်တော့ဆက်၊ ငါ့အကြောင်းတော့ နည်းနည်းမှ ထည့်မပြောမိစေနဲ့"

"ဘာဖြစ်လို့လဲ ဝေရယ် နှင်ကလည်း"

"မပြောနဲ့ဆို မပြောနဲ့ဟာ"

"ရောင်စဉ်က နှင့်ကိုအရမ်းချစ်တာပါ၊ လဲ့လဲ့နဲ့ငါ့ကို ပြောသွားတာ ငါတို့မျက်ရည်တောင်ကျတယ် နော် လဲ့လဲ့"

ဝေ ခပ်ပေပေကြည့်နေတာကို မော်ကြီးက ဂရုမစိုက်ဘဲ သူပြော ချင်တာပြောပြီး လဲ့လဲ့ကိုတောင် သက်သေထူခိုင်းနေသေးသည်။

"အဲဒါက မသွားခင်ကဟုတ်တယ်၊ အခုတော့ အချိုးပြောင်းသွား ပြီထင်တာပေါ့"

"နှင်ကလည်းဟယ် ဆီထည့်နေပြန်ပါပြီ"

"ငါက အမှန်တရားဘက်က ပြောတာလေ၊ တကယ်ဆို အသက် အရွယ်ရောက်သာတဲ့မိန်းမ ရှိကိုမရှိဘူး"

"တော်ကြစမ်းပါဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဝေ ခပ်တည်တည်နှင့် ဟောက်လိုက်မှ နှစ်ယောက်သားငြိမ်သွားကြသည်။

"ဝေ"

"ဘာလဲ"

ဝေ ထူးလိုက်ပုံကြောင့် မော်ကြီးက မဝံ့မရဲနှင့်

"နင် သိပ်ခံစားနေရလားဟင်"

"ဘာ"

ဝေ အော်လိုက်တော့ နှစ်ယောက်သား လန့်သွားကြသည်။

"ငါလား ခံစားရမယ့်မိန်းမ"

"နင့်အကြောင်းသိပါတယ်၊ ဒါပေမဲ့ ရောင်စဉ်က ငယ်ငယ်လေးကတည်းက သံယောဇဉ်ရှိလာတဲ့ သူငယ်ချင်းဆိုတော့ နင်ခံစားရမှာစိုးလို့ပါ"

"ခံစားရတာထက် မခံချင်ဖြစ်တာဟ၊ အမှန်အတိုင်းဝန်ခံရရင် ငါ သူ့ကို သံယောဇဉ်ရှိပါတယ်၊ အချစ်ရေးကို စိတ်မဝင်စားသေးပေမယ့် သူ ငါ့အချစ်ကိုတောင်းခံလာခဲ့ရင် သူ့ကိုပဲရွေးဖို့ ဆုံးဖြတ်ပြီးသားပါ၊ အခု လုပ်လိုက်တဲ့ပုံစံမျိုးက ငါ့မာနတွေကို ဆွပေးလိုက်သလိုပဲ၊ နင်တို့ကို ငါ အခုတည်းက ပြောထားမယ် သိလား၊ သူ ငါ့ဆီကိုနောက်တစ်ကြိမ်ထပ် လှည့်လာခဲ့ရင် ဆောရီးပဲ၊ နောက်မှ ငါက သိပ်ရက်စက်တယ်လို့ နင်တို့ မပြောနဲ့"

"ဝေရယ် နင့်အထင်တွေနဲ့ ရမ်းမပြောပါနဲ့ဟာ၊ သူ့မှာအကြောင်း"

"ဘာအကြောင်းလဲ"

မော်ကြီး စကားတောင် မဆုံးခင် ဝေ ဖြတ်ပြီး ခပ်မာမာမေး လိုက်သည်။

"ငါ ပြောတာမဟုတ်ရင် နင်ကြိုက်သလိုပြော၊ ဟုတ်၊မဟုတ်





စုံစမ်းလိုက်စမ်းပါ၊ ကိုယ်ချစ်နေတဲ့မိန်းမကို အလွယ်တကူ ဆက်သွယ်လို့ ရရဲ့နဲ့ လုံးဝမဆက်သွယ်ဘဲ ရှောင်နေတယ်ဆိုကတည်းက အဲဒီယောကျ်ား ဟာမရိုးသားလို့ပဲ၊ ရောင်စဉ်က ငါတို့နဲ့အတူနေစဉ်တုန်းက ရောင်စဉ် ဟုတ် ချင်မှဟုတ်တော့မှာပေါ့၊ ဒါပေမဲ့ ငါ စိတ်မဆိုးပါဘူး၊ သူနဲ့ငါက သူငယ်ချင်း အဆင့်ထက်မှ မပိုသေးတာ၊ ငါ့ကိုချစ်တယ်လို့ ပြောမသွားတာ သူ သိပ် ကံကောင်းသွားတယ်၊ နောက် သူနဲ့တွေ့လို့ သူခေါ်ရင် ငါခေါ်မှာပဲ၊ သူငယ် ချင်းတစ်ယောက်အဖြစ်ကတော့ ငယ်သံယောဇဉ်နဲ့ ဆက်ခင်လို့ရတယ်"

"အချစ်ကိုတော့ မရဘူးဆိုပါတော့"

"ငါ စောစောက ပြောပြီးပြီလေ၊ ဒါကြောင့် ငါ့ကိုရက်စက်တယ် မပြောနဲ့လို့ ကြိုပြောထားတာ"

"ရောင်စဉ်ထက်သာတဲ့သူတစ်ယောက်ယောက်ကို ရွေးပြီး ရောင် စဉ်ကို ကလဲ့စားမချေချင်ဘူးလား"

"ငါ ဝါသနာမပါဘူး လဲ့လဲ့၊ ငါ့ရင်ထဲ တကယ်ချစ်တဲ့သူတွေ့လာရင် လည်း ရောင်စဉ်ထက်သာသာ မသာသာ ငါ လက်ခံမှာပဲ"

"ငါက နင်နဲ့ရောင်စဉ်ကို အရမ်းသဘောတူတာ၊ အခုတော့ သွား ပါပြီ"

မော်ကြီး ငိုသံပါကြီးနှင့်ပြောသောအခါ ဒါတော့မတတ်နိုင်ဘူးဆို သည့်ပုံစံမျိုး ဝေ ပခုံးနှစ်ဖက်ကို ဟန်ပါပါ တွန့်ပြလိုက်သည်။

"ငါ ဖုန်းဆက်ဦးမှာ၊ ရောင်စဉ် မကိုင်မချင်းကို ဆက်ဦးမှာ"

"ဆက် ဆက် ဆက်လို့မှမရရင် မန္တလေးလိုက်ရင် လိုက်သွား"

"လိုက်သင့်ရင်တော့ လိုက်ရမှာပဲ"

မော်ကြီးရဲ့တကယ်လား ရွှံ့တာလားမသိသော အပြောကို လဲ့လဲ့ ချက်စောင်းထိုးပြီး ပွစိပွစိပြောတော့ ဝေ သဘောကျပြီး ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လာတုန်းကနှင့် ဘာမှမဆိုင်ဘဲ ဝေ့ရင်တွေ ပေါ့သွားတယ်ဆို သူငယ်ချင်းတွေ ယုံကြပါ့မလား။ ယုံချင်ယုံ မယုံချင်နေ။ ဝေ့ရင်ထဲမှာ ရောင်စဉ် က ငယ်သူငယ်ချင်းတစ်ယောက်အဖြစ်သာ ကျန်ပါတော့သည်။

■ ■ ■

## အခန်း (၁၈)

စာမေးပွဲကြီးဖြေရတော့မှာဖြစ်သည့်အတွက် ဝေက အချိန်ပြည့် စာအုပ်နှင့်မျက်နှာမခွာတော့။

မနေ့က ဝေ့မွေးနေ့မှာ ဘုန်းကြီးဆွမ်းကပ်ပြီး မိဘမဲ့ဂေဟာတွင် တစ်နေ့စာတာဝန်ယူ လှူဒါန်းသည်။ မော်ကြီးနဲ့လဲ့လဲ့ကိုတော့ ထုံးစံအတိုင်း တစ်နေကုန် ကျွေးမွေးဧည့်ခံရသည်။

"ရောင်စဉ်ကို သတိရလား"ဆိုသော လဲ့လဲ့အမေးကို ဝေက နှုတ်ဆိတ်စွာပဲ ခေါင်းညိတ်ခဲ့သည်။ နောက်ထပ် ဘာမှဆက်မမေးတော့။ သူတို့ ဆက်မေးလာခဲ့လျှင်လည်း ရိုးရိုးသားသား သူငယ်ချင်းတစ်ယောက်အဖြစ်သာ သတိရကြောင်းပြောမှာ။ ဆက်မမေးတော့လည်း ဝေ ဘာမှမပြောတော့ပါ။

ဒီနှစ်သည် ဝေ့ရဲ့(၁၆)နှစ်မြောက်မွေးနေ့ ဖြစ်သည့်အတွက် မနှစ်က အထိ (၁၅)နှစ်တိုင်တိုင် ရောင်စဉ်က မပျက်မကွက်ပါခဲ့တော့ သတိမရဘဲ ဘယ်နေမလဲ။ သူကတော့ ဝေ့မွေးနေ့ရက်ကို မေ့နေလောက်ပါပြီ။

ရောင်စဉ် မကိုင်မချင်း ဖုန်းဆက်ဦးမှာဆိုသော မော်ကြီးထံမှလည်း



www.burmeseclassic.com

www.burmeseclassic.com



ရောင်စဥ့်နာမည်တောင် မကြားရတော့ပါ။

"ဝေလေး အိမ်ရှေ့မှာ ညည်သည်ရောက်နေတယ်၊ ကြီးကြီးတင်တူလို့ ပြောတယ်"

စာကြည့်စားပွဲမှာထိုင်ရင်း ဝေ အတွေးလွန်နေစဥ် မမနိုင်လာပြောသည်။ ဘဘနှင့်ကြီးကြီးတင်က တစ်နေကုန် အလုပ်ရှုံသွားနေကြပြီးနေ့လယ် ဘက်ဆို မမနိုင်နှင့်သန့်ရှင်းရေးလုပ်သည့်ကောင်မလေးပဲ ရှိသည်။ ခါတိုင်းနေ့ တွေဆို ဝေကလည်း ကျောင်းတက်နေသည်။ အခုမှ ဆရာစစ်တွေ စာမေးပွဲ ဖြေနေသည့်အတွက် ကျောင်းပိတ်ထားသည်။

"ကြီးကြီးတို့စက်ရုံသွားတဲ့အကြောင်း ပြောလိုက်လေ မမနိုင်"

"ပြောတယ် ဘယ်သူရှိလဲ မေးတော့ မမနိုင်ကလည်း ဝေလေးပဲ ရှိတယ်ပြောလိုက်တယ်၊ သူက ခေါ်ပေးပါတဲ့"

"ဟင် ဝေနဲ့မှမသိတာ၊ တစ်ခါမှလည်း မမြင်ဖူးဘူး"

"ဩော် သူက မနေ့ကမှ ကိုရီးယားက ပြန်လာတာလို့ ပြောတယ်၊ ကြီးကြီးတင်ပြောတဲ့နိုင်ငံခြားသွားနေတယ်ဆိုတာ သူဖြစ်မယ်"

"မမနိုင်ပဲ ဧည့်ခံလိုက်ပါလား။ ဝေ စာမေးပွဲနီးလို့ စာကျက်နေတယ် ပြောလိုက်ပေါ့"

"လာပါ ဝေရယ်၊ အားနာစရာကြီး၊ သူလည်း သိပ်အကြာကြီး နေမှာမဟုတ်ပါဘူး။ ကိုရီးယားက ပြန်လာတာဆိုတော့ ကိုရီးယားမင်းသား အတိုင်းပဲ ဝေရေ"

"အဲဒါ ဘာဖြစ်လဲ"

"ဝေလေးမြင်ရင် သဘောကျသွားမယ်"

"စိတ်မဝင်စားပါဘူး"

အရေးထဲ မမနိုင်က ဝေ့ကိုများ ယောက်ျားချောချောမြင်တိုင်း





ဝမ်းဝမ်းတက်သည့်အစား မှတ်နေလားမသိ။

အိမ်မှာနေရင်းဝတ်သည့် စပန့်သားဂါဝန်ပေါင်လယ်လောက်ကလေးနဲ့ ထွက်လာသော ဝေ့ကို ကြီးကြီးတင် တူဆိုသည့်လူက အံ့ဖွယ်လူသားတစ်ယောက်ကိုတွေ့ရသည့်ပုံစံမျိုးနှင့် မျက်တောင်မခတ် ငေးကြည့်နေ၏။

မမနိုင်ပြောသလိုပင် ကိုရီးယားမင်းသားလေးသဖွယ် အသားဖြူဖြူ ပိန်ပါးပါးနှင့် မျက်ရစ်မရှိ နှာတံချွန်ချွန် နှုတ်ခမ်းရဲရဲ မျက်ဝန်းအကြည့်စူးစူးကို ပိုင်ဆိုင်သူ ကိုလူချောက နှုတ်ခမ်းစူပြီးထိုင်ချလိုက်သည့် ဝေ့အား ပြုံးပြနေသည်။ ပြုံးလိုက်သည့်အတွက် သွားဖြူဖြူညီညီလေးတွေ အစီအရီပေါ်လာတာသည် မိန်းမလေးတွေရင်ခုန်စရာပင်၊ ဝေတောင် သူ့အပြုံးကြောင့် ခတုန်ကယင် ဖြစ်သွားရသည်။

"ကိုယ့်နာမည်က ဘုန်းသော်က၊ ကြီးကြီးတင် ညီမကမွေးတဲ့ ကြီးကြီးတင်တူအရင်းပဲ၊ ကိုရီးယားမှာသွားနေတာ လေးနှစ်နီးပါးလောက်ရှိပြီ၊ ဘဘကျော်နဲ့ကြီးကြီးပြောရင်လည်း ပြောမှာပေါ့၊ ဘဘကျော်ရဲ့တူမအရင်းဝေ ဆိုတဲ့ကောင်မလေးတစ်ယောက်ကို ဘဘကျော်နဲ့ ကြီးကြီးတင် မွေးစားလိုက်တာ ကိုယ်သိပါတယ်၊ ဒီတော့ မင်းက ကိုယ့်ညီမလေးပေါ့၊ ဒါကြောင့် ဒီကိုမလာသေးခင် လမ်းလည်းကြုံတာနဲ့ ကိုယ့်ညီမကို မြင်ဖူးတယ်ရှိအောင် ဝင်ကြည့်တာပါ"

ရုပ်ချောသလောက် အပြောကောင်းသည့် ကိုဘုန်းသော်က စကားတွေကြောင့် ဝေ့ရင်ထဲကြည်နူးမှုလေး ဖြစ်သွားရတာတော့ အမှန်ပင်။ စောစောက မကြည်မလင်ဖြစ်နေသည့်စိတ်တွေ ချက်ချင်းပင် ကြည်လင်လန်းဆန်းသွားသည်။ သူလာတာ အနှောင့်အယှက်ဖြစ်သည့် သဏ္ဌာန်မျိုး ပြောလိုက်မိသည့်အတွက်လည်း အားနာသွားရသည်။

"ဟုတ်ကဲ့ ဝေ့ကို တကူးတက ဝင်တွေ့တဲ့အတွက် ကိုဘုန်းသော်



www.burmeseclassic.com

www.burmeseclassic.com



ကကို ကျေးဇူးတင်ပါတယ်၊ ကိုယ့်ညီမလေးလို ဂရုတစိုက်ရှိတဲ့အတွက်လည်း ပြောမပြတတ်အောင် ဝမ်းသာပါတယ်''

''ရပါတယ် ဝေ၊ မောင်နှမတွေပဲ ဒီလိုပြောစရာမလိုပါဘူး။ ကိုယ်က တစ်ဦးတည်းသောသားဆိုတော့ ညီအစ်ကိုမောင်နှမများတဲ့သူတွေကို သိပ်အားကျတယ်၊ မေမေ့ရဲ့ညီအစ်ကိုမောင်နှမတွေထဲမှာလည်း မေမေတစ်ယောက်ပဲ ကိုယ်တစ်ယောက်တည်းကို ရှားရှားပါးပါး မွေးခဲ့တာ၊ အခုလို ညီမလေးတစ်ယောက်ဖြုန်းခနဲ ရသွားတော့ အရမ်းပျော်တာပဲ''

''ဝေလည်း ပျော်ပါတယ် ကိုဘုန်းသော်က''

''ဝေကလည်း စာလည်းအရမ်းတော်တာပဲဆို''

ဝေ ရယ်ပဲနေတော့ သူက ဝေ့ကို အပြုံးလွင့်လွင့်လေးနှင့် ရှုရှုစိုက်စိုက်ကြည့်နေသည်။

မိုးပြာရောင်စပို့ရှပ်လွင်လွင်လေးကို ဂျင်းပင်န်နက်ပြာစိုစိုနှင့် တွဲဝတ်ထားသော ကိုဘုန်းသော်က၏အသွင်လေးသည် နုပျိုလတ်ဆတ်နေသည်။ ကြီးကြီးတို့ပြောနေတာ ကြားနေသားပဲ၊ ကြီးကြီးညီမအန်တီမှ ကိုဘုန်းသော်ကအမေ၊ အိမ်လာတိုင်းလည်း သူ့မသားအကြောင်းက ဆက်ခွန်းပြောလျှင် ရှစ်ခွန်းပါ၏။

သိပ်မလှသော အန်တီမူနှင့် အညာသားကြီး အန်တီမူ့ယောက်ျားကမွေးသည့် တစ်ဦးတည်းသောသားကို ဒီလိုချောချောလှလှ နုနုဖတ်ဖတ်လေးဟု ဘယ်တုန်းကမှ တွေးမကြည့်ဘူးပါ။

တစ်ဦးတည်းသောသားပေမယ့် သိပ်လိမ္မာပြီး ရှာသမျှပိုက်ဆံလည်း အကုန်ပို့သည်ဆိုသော သူ့ရဲ့ကောင်းသတင်းတွေက သူတို့ဆွေမျိုးတွေကြားမှာ သင်းပျံ့နေသည်။

''ကဲပါ ဝေ အနှောင့်အယှက်ဖြစ်နေပြီမယ်၊ စာကျက်တော့နော်





ကိုယ်သွားမယ်''

ထိုအချိန်မှာပဲ မမခိုင် အအေးခွက်လေးနှင့်ရောက်လာသည်။

''နေပါဦး မောင်လေးရဲ့၊ အအေးလေးသုံးဆောင်သွားပါဦး''

''ရပါတယ် မမရယ်၊ အားနာစရာ''

''ဘယ်က အားနာရမှာလဲကွယ်''

''ဟုတ်ပါတယ် ကိုဘုန်းသော်က အအေးသောက်သွားပါဦး''

ဝေက အအေးဖန်ခွက်လှလှလေးအား လှမ်းပေးတော့ သူ အပြုံးချိုချိုလေးနှင့်လှမ်းယူ၏။

''ဘဘနဲ့ကြီးကြီးကို ညမှလာမယ်လို့ ပြောပေးပါဦး ဝေ''

''ဟုတ်ကဲ့''

အအေးသောက်ပြီးသည်နှင့် ကိုဘုန်းသော်ကက ဝေနဲ့မမခိုင်ကို နှုတ်ဆက်ပြီး ပြန်သွားသည်။

ကားစက်နှိုးပြီးတာနှင့် နေကာမျက်မှန်လေးတပ်ပြီး လက်ပြနေသော သူ့ကို မမခိုင် ပြန်လက်ပြနေ၏။ ဝေကတော့ ပါးစပ်ကလေးဖွင့်ရုံ့အပြုံးလေးနှင့်သာ။

''ဟိုက ရင်းရင်းနှီးနှီးနဲ့ လက်ပြနေတာကို ဟန်ဆောင်ပြီးတောင် ပြန်လက်မပြဘူး ဝေရယ်''

''ဝေက စိတ်မပါရင် ဘယ်အရာကိုမှ ဟန်မဆောင်ချင်ဘူး''

ဝေက ပြောပြီးတာနှင့် ကျောခိုင်းလိုက်စဉ်

''ဝေ''

''ရှင်''

ပြန်လှည့်ကြည့်ပြီး ဝေထူးတော့ မမခိုင်က မရှိမချဉ်မျက်နှာနှင့်

''ဘုန်းသော်ကကို အဲလောက်ချောမယ်လို့ မထင်ဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



ဝန်မခံဘဲသွားဖို့ပြင်နေသော ဝေ့ရှေ့မှ မမခိုင် ဝိတ်ရပ်ပြီး

"မေးတာကို ဖြေဦးလေ ဝေရယ်"

"ဝေမှ မဖြေတတ်တာ"

မမခိုင် မျက်စောင်းဒိုင်းခနဲ ရောက်လာသည်။

"ဘုန်းသော်က ချောလား မချောဘူးလား၊ ဒါကိုတော့ ဖြေတတ်မှာပါ"

"ချောတယ်လေ အဲဒါ ဘာဖြစ်လဲ"

"ဒါဆို ထပ်မေးမယ်၊ ဝေ့စိတ်ထဲမှာ အဲဒီလောက်ချောချောသန့်သန့်လေးဖြစ်မယ်လို့လည်း ထင်မထားဘူးမလား"

"ဒါလည်း ဟုတ်တာပဲ"

မမခိုင် မျက်စောင်းထိုးပြန်သည်။ ဒီတစ်ခါတော့ ဝေ့ကို မမခိုင် မတားတော့ပါ။ မမခိုင်က ဝေနဲ့ကိုဘုန်းသောကကို ရင်းရင်းနှီးနှီးနေစေချင်ပြီး ဝေ့ပါးစပ်က ကိုဘုန်းသော်ကကို ချီးကျူးစေချင်သည်။ အခုမှ မြင်ဖူးသည့်ယောကျ်ားတစ်ယောက်ကို ဝေ မချီးမွမ်းချင်ပါ။

ယောကျ်ားတွေရဲ့အကြောင်း ဝေ ကောင်းကောင်းမသိပေမယ့် တစ်ယောက်တည်း သံယောဇဉ်တွေထားခဲ့သည့် ရောင်စဉ်လုပ်ရပ်တွေက နမူနာပင်။ ဒါပေမဲ့ တစ်ယောက်မကောင်းတာနှင့်တော့ အားလုံးကို ဝေ ဆွဲမထည့်ပါ။ အဲဒီနမူနာတစ်ယောက်ကလည်း ဝေ့ဘဝအတွက် မှတ်သားလောက်စရာကို။

ကိုးလကျော်ဆယ်လရှိပြီဖြစ်သော အခုချိန်ထိ ဝေ့ဆီရောင်စဉ် ဖုန်းမဆက်တော့ပါ။ ရောင်စဉ်ဘက်က အမြဲပါသည့်မော်ကြီးတောင် ရောင်စဉ်နှင့်ပတ်သက်တာမှန်သမျှ ရေငုံနှုတ်ပိတ်နေသည်။ လွဲလွဲဆိုလည်း ရောင်စဉ်နာမည်တောင် ယောင်လို့မဟပါ။ ဒါသည် ရောင်စဉ်နှင့်ပတ်သက်ပြီး သူတို့





တစ်ခုခုကို သေသေချာချာသိထားတယ်ဆိုတာ ဝေ့စိတ်ထဲက အလိုလို သိနေသည်။

ထားလိုက်ပါတော့လေ။ ဒီအကြောင်းတွေကို ဝေ မေ့ထားသည်။

ညခုနစ်နာရီလောက်မှာ မိဘတွေနှင့်အတူ ကိုဘုန်းသော်က ထပ်ရောက်လာသည်။ မမခိုင်ပြောပြထားသည့်အတွက် ဘဘနဲ့ကြီးကြီးလည်း ပျော်နေကြ၏။ ဘဘကိုယ်တိုင်က ကိုဘုန်းသော်ကကို တော်တော်ချစ်ပုံရသည်။

ကိုဘုန်းဆိုတာ ပါးစပ်ကမချပါ။

ဝေ ထွက်မတွေ့တာ အားလုံးကလည်း ဝေ့ကိုအနှောင့်အယှက်ပေးချင်တာနှင့် မခေါ်တော့ပါ။

ဝေ ထွက်လာမလားဆိုပြီး ကိုဘုန်းသော်က မျှော်လင့်နေသည်ဟု မမခိုင်ပြောတော့ ရင်ထဲလှုပ်ခနဲ ဖြစ်သွားသည်။

'နောက်ပိုင်း သုံးလေးရက်ခြားတစ်ခါ ရောက်လာပေမယ့် စာကြည့်ခန်းထဲက မထွက်သည့် ဝေနဲ့တော့ မတွေ့ပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

ပထမဆုံးစာမေးပွဲနေ့မှာ ဝေ စာအုပ်လေးကိုင်ပြီးထွက်လာတော့ ညှော်ခန်းမှာ ကိုဘုန်းသော်က ထိုင်နေသည်။ တစ်ယောက်တည်းထိုင်နေသော သူ့ကိုကြည့်ပြီး ဝေ အံ့ဩသွားသည်။ သူကတော့ ဝေ့ကိုတွေ့တာနှင့် သွားလှလှလေးတွေပေါ်အောင် ပြုံးပြပြီး

"သွားတော့မလား ဝေ"

"ရှင်"

သူ ဘာပြောလိုက်တာလဲဆိုတာ ဝေ နားမလည်ပါ။ ဒါကြောင့်ပင် သူ့ကိုကြောင်တောင်လေး ကြည့်နေတော့ သူက စောစောကထက်လှသော အပြုံးလေးနှင့် ပြုံးလိုက်ပြန်သည်။

"စာမေးပွဲဖြေဖို့ သွားတော့မလား မေးတာလေ၊ ဝေ စာမေးပွဲရက်တွေကို ကြိုပို့လုပ်ဖို့ ကိုယ်တာဝန်ယူထားတယ်"

"ဩော် ဟုတ်လား။ ဘဘက တာဝန်ယူခိုင်းတာလားဟင်"

"ဆိုပါတော့ကွာ၊ ဝေ့ကိုကြိုပြောမထားဘူးလား"

"ဟုတ်ကဲ့ ဝေ့ကို ဘဘတို့ ဘာမှမပြောထားပါဘူး"





"သွားကြစို့လေ ဝေ"

"ဟုတ်ကဲ့"

သူဖွင့်ပေးသော ကားလေးပေါ်သို့ ဝေ အသာအယာလေးလှမ်းတက်လိုက်သည်။ ဝေ့ရင်ထဲမှာ ပျော်တာလား အားနာတာလား ဘာမှန်းကို မသိသော ခံစားမှုမျိုးဖြင့် လှိုက်ဖိုနေတာတော့ အမှန်ပင်။

နေကာမျက်မှန်ပြာလဲ့လဲ့လေးတပ်ပြီး ကားကိုသာ ဂရုတစိုက်မောင်းနေသော သူက ဝေ့ကိုကြည့်မနေပေမယ့် ဘာကြောင့်အနေရခက်နေလဲ မသိပါ။ မလွှပ်မယှက်ထိုင်ပြီး ကျောပိုးအိတ်က ကြိုးလေးတွေကို ချည်လိုက်ဖြုတ်လိုက်လုပ်နေလိုက်သည်။

"ကိုယ်လိုက်ပို့တဲ့အတွက် ဝေ စိတ်အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး ကိုဘုန်းသော်က အားတော့အားပါတယ်နော်"

"အားတယ်လေ ဝေရဲ့၊ ကိုယ့်အလုပ်က မြန်မာပြည်မှာ ဘာမှ မရှိဘူး၊ အပြင်ထွက်လိုက် ပြန်စားလိုက်အလုပ်ပဲရှိတယ်၊ ဝေ ဘာလို့မေးတာလဲ ကိုယ့်ကိုအားနာလို့လား"

ဝေ သူ့ကိုမကြည့်ဘဲ ခေါင်းလေးပဲညိတ်ပြလိုက်သည်။

"အားမနာပါနဲ့ ဝေရယ်၊ ကိုယ်ကအားနေတဲ့သူပဲ၊ စာမေးပွဲပြီးလို့ သွားချင်တဲ့နေရာတွေရှိရင်လည်း ပြောနော်၊ ကိုယ်က ဝေ့အစ်ကိုပဲ ဘာဖြစ်လို့ အားနာရမှာလဲ"

ဒါကိုတော့ ဝေ ဘာမှပြန်မပြောတော့ပါ။

မြန်မာစကားပြေ စာအုပ်ကိုထုတ်ပြီး ဝေ့စိတ်တွေငြိမ်အောင် စာထဲသို့ အာရုံသွင်းလိုက်သည်။ ဒါပေမဲ့ မရပါ။ စာအုပ်ထဲက စာလုံးတွေအစား ချမ်းရောင်အကွက် ဖစ်တင်ရှပ်အင်္ကျီကို စတိုင်ပင်အညိုရောင်နှင့် တွဲဝတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော သူ့သဏ္ဌာန်တွေသာ အစီအရီပေါ်နေ၏။

ဝေ ဘာကြောင့် အဲဒီလိုဖြစ်ရတာလဲ။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိသော ဝေသည် ယောကျ်ားတစ်ယောက်ကို မြင်တာဖြင့်မကြာသေး၊ ခံစားမှုအမျိုးမျိုးတွေ ဖြစ်နေရတာ ဝေ့ကိုယ်ဝေ မုန်းမိသည်။

ခါတိုင်းလို ဘာဘာဖြစ်ဖြစ် ဒါရိုက်ဘာ ဘကြီးဖြစ်ဖြစ် လိုက်ပို့ရင် ဝေသည် အိမ်ကစထွက်ကတည်းက စာတွေတတွတ်တွတ်ကျက်ပြီး လိုက်လာမှာဖြစ်သည်။ အခုတော့ စာထက်ပင် ကိုဘုန်းသော်ကက ဝေ့အတွက် ပိုအရေးကြီးနေပြီလား။

ရောင်စဥ့်ကြောင့်ကျရှုံးခဲ့တာမဟုတ်ပေမယ့် နောက်ထပ် ယောကျ်ားတစ်ယောက်ကြောင့်တော့ ဝေ ကျရှုံးမခံနိုင်တော့ပါ။ ကျောင်းရောက်ပြီဖြစ်သည့်အတွက် ဝေ ကားပေါ်ကဆင်းလိုက်သည်။

BURMESE CLASSIC

"ခွင့်ပြုပါဦးရှင်"

သူက ခေါင်းညိတ်ပြပြီး

"ဝေ ဖြေနိုင်ပါစေ၊ ကိုယ် ဟိုနားဒီနားပတ်ပြီး ပြန်လာစောင့်မယ်နော်"

"ဟုတ်"

ဝေ ကျောပိုးအိတ်လေးပိုက်ပြီး ကျောင်းထဲသို့ ခပ်သွက်သွက်လေး ဝင်လာခဲ့သည်။

"အဲဒါ ဘယ်သူလဲ ဝေ"

"အမလေး"

ကျောင်းဝင်းထဲရှိ စက္ကူပင်နားအရောက်မှာ ဘွားခနဲထွက်လာပြီး မေးလိုက်သည့်သူကြောင့် ဝေ တော်တော်လေးလန့်ဖျပ်သွားရသည်။ မှုန်ကုတ်ကုတ် ဂျစ်တစ်တစ်မျက်နှာနှင့် ဝေ လန့်အောင်လုပ်သည့်သူကို ဝေ





သောအခါ ချက်ချင်းပင် ဒေါသတွေဆူတက်လာရသည်။

သူက တခြားမဟုတ်ပါ။ ဒီမြို့နယ်က အရာရှိကြီးတစ်ယောက်ရဲ့သားဖြစ်ပြီး မနှစ်ကတည်းက ဝေ့ကိုအသည်းအသန် ပိုးနေသူဖြစ်သည်။

သူ့နာမည်က 'ထွဋ်ခေါင်ရဲ' ဖြစ်သည်။

ရုပ်ချောပြီး ဂျစ်ကန်ကန်မှုန်ကုတ်ကုတ်နေသော သူ့စတိုင်က ကောင်မလေးတွေ အသည်းစွဲသည့်စတိုင်တဲ့။

"ဟွန်း"

ဝေက မျက်နှာတစ်ပြင်လုံး ရှုပုတ်ပြီး

"ဘယ်သူဖြစ်ဖြစ် နင်နဲ့ဘာဆိုင်လဲ"

သူ့ကိုနည်းနည်းမှ ကြည့်မရသော ဝေက ခပ်ပြတ်ပြတ်ပြောပြီးသည်နှင့် ခြေလှမ်းပြင်လိုက်သည်။ ထုံးစံအတိုင်း ထွဋ်ခေါင်ရဲကတော့ ဝေ့ဘေးမှာကပ်ပါလာပြီး ဝေ စိတ်ညစ်စေမည့်စကားလုံးတွေနှင့် တွတ်ထိုးနေ၏။ ထွဋ်ခေါင်ရဲနှင့်ဝေ့အကြောင်း အားလုံးက သိနေသည့်အတွက် ပြုံးစိစိအကြည့်တွေနှင့်။

"နင် ဘာဖြစ်နေတာလဲ ထွဋ်ခေါင်ရဲ၊ စာမေးပွဲရက်ကြီးမှာတောင် နင့်ပိုးတွေက မသေပါလား"

"ဘယ်တော့မှ သေမှာမဟုတ်ဘူး။ နင့်ဆီက ချစ်တယ်ဆိုတဲ့အဖြေရရင်တော့ တစ်မျိုးပေါ့"

သူ့ကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရမှာမဟုတ်တာ ဝေ သိသည်။ ထွဋ်ခေါင်ရဲသည် ဝေ့ကိုပိုးပန်းကြသူတွေထဲတွင် ဖွဲအရှိဆုံးလူတစ်ယောက်ဖြစ်သည်။ သူက ဘယ်သူပြောပြောလည်း နားမထောင်ဘဲ ဖွတ်တရွတ်သုပ်တတ်သူဖြစ်တာကြောင့် ဝေ ဘာမှမပြောချင်တော့ပါ။ စာမေးပွဲရက်ကြီးထဲမှာလည်း ဝေ စိတ်အနှောင့်အယှက်မဖြစ်ချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ စာမေးပွဲရက်နော် ထွဋ်ခေါင်ရဲ၊ ငါ့ကိုစိတ်အနှောင့်အယှက် ဖြစ်အောင်မလုပ်ပါနဲ့လို့ တောင်းပန်ပါတယ်"

"ဒါဆို အဲဒါ ဘယ်သူလဲ ပြောလေ"

"ငါ့အစ်ကိုဝမ်းကွဲ"

"တစ်ခါမှမမြင်ဖူးပါဘူး"

ဝေက မျက်စောင်းတစ်ချက်ထိုးလိုက်ပြီးမှ

"ကိုရီးယားက ပြန်ရောက်တာ ရက်ပိုင်းပဲရှိသေးလို့ဟ"

"ဩော် အေး အဲဒီလို ကောင်းကောင်းပြောပါ"

ဝေ ခြေဆောင့်ပြီး အနားကထွက်လာတော့ ထွဋ်ခေါင်ရဲ ပြုံးဖြီးဖြီး ကြီးကျန်ခဲ့သည်။ ဝေက တစ်ခါမှ စကားကောင်းမပြောဘဲ ဘုကလန့်တွေ သာ ပြောတတ်သည့်ကြားက အခု အေးအေးဆေးဆေး ပြောတာကြောင့် ကျေနပ်သွားခြင်းပင်။

ဝေကလည်း ပြောချင်လို့ပြောတာမဟုတ်ပါ။ ဆယ်တန်းစာမေးပွဲ ဖြေမည့်ဒီရက်တွေသည် ခါတိုင်းကျောင်းတက်ချိန်တွေလို ကျောင်းသူကျောင်း သားတွေအများကြီးနှင့် ရှုပ်ထွေးမနေသည့်အပြင် ဆရာ၊ ဆရာမတွေဆိုလည်း အခန်းစောင့်မည့်ဆရာ၊ ဆရာမတွေပဲရှိသည်။

ဘဝတစ်ဆစ်ချိုးစာမေးပွဲကြီးမို့ ကျောင်းသူကျောင်းသားတိုင်း ရင်ခုန် နေရသည့် စာမေးပွဲကြီးဖြစ်သည်။ ရည်မှန်းချက်ကြီးကြီးထားသည့် ဝေ ဆိုလျှင် ပိုဆိုးသေးသည်။ ဒါကို သူမို့အရေးမပါသည့်စကားတွေကို လာ ပြောနေနိုင်သေးသည်။

ဝေက လူတိုင်းနှင့်မိတ်ဆွေမဖွဲ့ချင်သလို လူတိုင်းကိုလည်း မချစ် တတ်ပါ။ ထို့အတူ ဘယ်သူ့ကိုမှလည်း မမုန်းပါ။ ဒါပေမဲ့ ထွဋ်ခေါင်ရဲဆိုသော သူ့ကိုတော့ ဝေ ဘာကြောင့်မုန်းရတာလဲ မသိပါ။





ဝေ့ကို ထွဋ်ခေါင်ရဲ ဖွတ်တရွတ် ရည်းစားစကားပြောသည့်အခါ ချိုးဆို ပိုဆိုးသေးသည်။ ထိုအခါမျိုးဆိုလျှင် ထွဋ်ခေါင်ရဲနှင့်ရောင်စဉ်ကို ယှဉ်ပြီးမြင်ယောင်မိသည်။

ရောင်စဉ်သည် ဝေ့ကိုငယ်ငယ်လေးတည်းက သံယောဇဉ်တွယ်ပြီး သိတတ်လာသည့်အချိန်မှာ ဝေ့ကိုစိတ်ဝင်စားနေပေမယ့် သူ့စိတ်ကိုသူ ထိန်း ထားသည်။ ခဏခဏ ဖွင့်ပြောဖို့ကြိုးပေမယ့် ဝေ စိတ်ဆိုးမှာစိုးကာ သူ့ခံစား ချက်ကို ကြိတ်မှိတ်မြိုသိပ်ထားသည်။

ထွဋ်ခေါင်ရဲဆိုသည့် တဖွတ်ထိုးကောင်လေးနှင့်တော့ ကွာပါ့။

အခုတစ်ခါ ထွဋ်ခေါင်ရဲနှင့်ကိုဘုန်းသော်ကကို ယှဉ်ပြီးမြင်မိပြန် သည်။ ဝေသည် တစ်ယောက်တည်းအတွေးပေါက်စွာ ပြုံးလိုက်သည်။

စာမေးပွဲဖြေနေစဉ်အတွင်းမှာတော့ ဝေ အားလုံးကိုခေါင်းထဲက ဆုတ်ထားသည်။ မြန်မာစာကို ဝေ ကောင်းစွာဖြေနိုင်ခဲ့သည်။ အချိန်ပြည့် မှပင် ဝေ စာမေးပွဲအခန်းထဲက ထွက်သည်။

ကျောင်းဝင်းထဲကအထွက်မှာတော့ ကိုဘုန်းသော်ကက ကျောင်း ဆင်းတံခါးဝမှာ အပြုံးလေးနှင့်စောင့်ကြိုနေပြီး ဝေ့ကိုတွေ့သည်နှင့်

"ဖြေနိုင်တယ်မလား ဝေ"

"ဟုတ်ကဲ့ ဖြေနိုင်ပါတယ်"

"ဝေ ဖြေနိုင်မယ်ဆိုတာ သိပါတယ်၊ မေးနေကျအတိုင်းမို့ မေးရ တာ"

ဝေ အပြုံးလေးနှင့်ပဲ ကားပေါ်တက်ဖို့ပြင်လိုက်စဉ် ဘယ်အချိန်က များရောက်နေမှန်းမသိသော ထွဋ်ခေါင်ရဲက

"ဖြေနိုင်ရဲ့လား ဝေ"

ထွဋ်ခေါင်ရဲက ဝေ့ကိုမေးနေသော်လည်း သူ့မျက်လုံးတွေကတော့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးချိုချိုလေးနှင့် ကိုဘုန်းသော်ကဆီမှာပင်။ ဝေက ကားတံခါးကိုဆောင့်ပိတ်ပြီး

"ဖြေနိုင်တယ် ကိုဘုန်းသော်က သွားမယ်လေ"

ကိုဘုန်းသော်က,က ဝေတို့အခြေအနေကို ရိပ်မိပုံရသည်။ ဒါပေမဲ့ ကိုဘုန်းသော်ကသည် မိကောင်းဖခင်ကမွေးသော လူရည်မွန်တစ်ယောက်ပီပီ ထွန်းခေါင်ရဲကို ကြည့်ပြီး

"ခွင့်ပြုပါဦး ညီလေး"

"ခဏ ခဏ အစ်ကို"

ဝေသည် ကားခေါင်းဘက်က ကွေ့ပြီးသွားသော ထွန်းခေါင်ရဲကို မျက်မှောင်ကုတ်ကြည့်လိုက်သည်။ ကိုဘုန်းသော်ကဘက် ရောက်သွားသော ထွန်းခေါင်ရဲအား ကိုဘုန်းသော်က,က ကားမှန်ချပြီး

"ဘာပြောမလို့လဲ ညီလေး"

"အစ်ကိုက ဝေ့အစ်ကိုဆို"

ကိုဘုန်းသော်က အပြုံးလေးနှင့်ခေါင်းညိတ်ပြနေ၏။

ဒီတော့မှ ထွန်းခေါင်ရဲ ကျေနပ်သွားသလိုနှင့် ပြုံးပြုံးကြီးကျန်ခဲ့သည်။

လမ်းတစ်လျှောက်လုံး ဘာစကားမှမပြောတော့သော ကိုဘုန်းသော်ကကြောင့် ဝေတစ်မျိုးကြီး ခံစားနေရသည်။

"ကိုဘုန်းသော်က ဝေ့ကိုလည်းဘာမှမမေးဘဲ ဝေတို့ကျောင်းကို ဘယ်လိုလုပ်သိလဲ"

"ဘာဘာ ပြောတာပေါ့"

ဒါပဲဖြေပြီး ဘာစကားမှမပြောတော့ပါ။ အသွားတုန်းကတော့ ခပ်ပြုံးပြုံးမျက်နှာနှင့် စကားတွေဖောင်နေသေးသည်။ အခုအပြန်ခရီးမှာ ထိ





ဆိတ်နေတာ ဘာကြောင့်လဲ။ ဝေ ကောင်းကောင်းသိပါသည်။ ထွန်းခေါင်ရဲနှင့်ဝေကို သူတစ်မျိုးထင်နေပြီဆိုတာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

နောက်နေ့စာမေးပွဲရက်တွေမှာလည်း ကိုဘုန်းသော်က အသွားအပြန်ကြိုပို့လုပ်ပေးပြီး ဂရုတစိုက်ရှိပေမယ့် အပိုစကားတွေတော့ မပြောပါ။ ထွဋ်မိုခေါင်ရဲကလည်း ဝေ့ကို ကြည့်ရှုကလွဲလို့ ဝေ စိတ်အနှောင့်အယှက်ဖြစ်စေမည့် ဘာစကားမှလာမပြောပေမယ့် ပြန်ကာနီးတိုင်းမှာတော့ ကိုဘုန်းသော်ကကို လာနှုတ်ဆက်တာ ဘာသဘောလဲ မသိပါ။

ဒီနေ့စာမေးပွဲနောက်ဆုံးနေ့မှာတော့ ဝေ ကျောင်းဝင်းထဲက မထွက်ခင်ဘဲ ဝေ့ဘေးနားရောက်လာပြီး

"ဝေ ဖြေနိုင်တယ်မလား"

"ဖြေနိုင်တယ် ဖြေနိုင်တယ် သွား နင်ငါ့နားကလိုက်မလာနဲ့"

မှုန်ကုတ်နေသော ထွဋ်မိုခေါင်ရဲမျက်နှာ တင်းမာခက်ထန်သည့်ဘက်ကူးပြောင်းသွားပြီး

"နင် ငါ့ကိုညာတယ်၊ ကိုဘုန်းသော်ကနဲ့နင်နဲ့ ဘာမှမတော်ပါဘူး"

ထွဋ်မိုခေါင်ရဲမျက်နှာကို ဝေ ဖျတ်ခနဲ မော့ကြည့်တော့ သူကလည်း





ဝေ့မျက်နှာအပြောင်းအလဲကို မျက်တောင်မခတ် စိုက်ကြည့်နေ၏။

"နင်သိသွားပြီမလား သိရင်လည်း ပြီးတာပဲ"

ဝေ ပြောပြီးတာနှင့် ထွဋ်မိုခေါင်ရဲနဲ့ ဝေးရာပြေးဖို့ ပြင်လိုက်သည်။ ဒါပေမဲ့ သူက မရပါ။ ဝေ့ ခြေလှမ်းအတိုင်း အမီလိုက်ပြီး

"ဝေ နင် အဲဒီလိုလုပ်သွားလို့ ရမယ်ထင်လား"

"ဘာပြောတယ်"

ဝေက ခါးထောက်ပြီး ထွဋ်မိုခေါင်ရဲနှင့်မျက်နှာချင်းဆိုင်လိုက်သည်။

"မရရအောင် နင်က ဘာလုပ်ချင်လို့လဲ ကျောင်းဝင်းထဲကတောင် မထွက်ရသေးဘူးနော် ဆရာကြီးနဲ့သွားတိုင်လို့ရတယ်၊ စကားပြောပုံကိုက ပိုင်စိုးပိုင်နင်းနဲ့ နင့်ကိုမုန်းတာ အဲဒါတွေပဲ"

"ဝေ နင် အဲဒီလိုတော့ အနိုင်နဲ့ပိုင်းပြီးပြောမသွားပါနဲ့ဟာ"

ဝေ့ခြေလှမ်းကိုအမီလိုက်ပြီး ငိုတော့မည့်သဏ္ဍာန်နဲ့ ထွဋ်မိုခေါင်ရဲပြောတော့ ဝေ မဲ့လိုက်သည်။ ထွဋ်မိုခေါင်ရဲက ဝေ မုန်းတယ်ဆိုသောစကားကို ကြားရမှာ အလွန်ကြောက်သူဖြစ်သည်။ ဝေ့အကြောင်းနှင့်ပတ်သက်လို့ စိမ်းရမှာလည်း တော်တော်တိကျသူ ဖြစ်၏။

"ငါ့နောက်ကို ဆက်မလိုက်နဲ့ဟာ သွား"

"ကိုဘုန်းသော်က အထင်လွဲမှာစိုးလို့မလား"

"ဟုတ်တယ်"

ချက်ချင်းပင် ဝေ ခပ်တည်တည်နဲ့ဖြေတော့ ထွဋ်မိုခေါင်ရဲမျက်နှာအကြီးအကျယ်ပျက်ယွင်းနေသည်။ ဒီကျောင်းက ကျောင်းသားတွေသည် ထွဋ်မိုခေါင်ရဲကို ကြောက်သည့်အတွက် ဝေ့ကိုဆို ဝေးဝေးကရှောင်ကြသည်။

ထွဋ်မိုခေါင်ရဲကလည်း သူ့ကိုကြောက်သည့်သူတွေဆို ပိုပြီးတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုဘုန်းသော်ကလို ကိုယ့်ထက်လည်းအသက်အများကြီး ကြီးပြီး ရည်ရည်မွန်မွန် လူကြီးလူကောင်းတစ်ယောက်ကိုတော့ ထွဋ်ခေါင်ရဲ လူ့စွာလုပ်ရဲမှာမဟုတ်ပါ။

ဝေ ဒေါနဲ့မောနဲ့ လျှောက်လာတာကို ကားဘေးနားရပ်ပြီး ကိုဘုန်းသော်က ကြည့်နေ၏။

"ဖြေနိုင်ရဲ့လား ဝေ"

"ဖြေနိုင်ပါတယ်"

"တော်သေးတာပေါ့ ဝေ့ပုံစံကိုကြည့်ပြီး အားရပါးရ မဖြေနိုင်လို့များလား ထင်သွားတာ"

ဝေ ကားပေါ်ရောက်သည်အထိ ကိုဘုန်းသော်က မတက်သေးဘဲ

"ဟိုချာတိတ်လည်းမတွေ့ဘူး။ သူဖြေနိုင်ရဲ့လားမသိဘူးနော်"

နေ့တိုင်း လာနှုတ်ဆက်နေကျ ထွဋ်ခေါင်ရဲကို မေးနေတာ ဝေ သိသားပဲ။ တမင်မကြားဟန်ဆောင်နေတာဖြစ်သည်။ ကိုဘုန်းသော်က စိတ်မဖြောင့်စွာ ကျောင်းသားအုပ်ကြီးကိုကြည့်ပြီး ဟိုရှာဒီရှာလုပ်နေသည်။

"ကိုဘုန်းသော်က သွားမယ်လေ၊ ဘာလုပ်နေတာလဲ"

"ဟိုလေ ဝေ့သူငယ်ချင်းကောင်လေးကို ရှာနေတာပါ"

"ဘာဖြစ်လို့ ရှာနေရတာလဲ"

"သူ ဖြေနိုင်ရဲ့လား သိချင်လို့ပါ၊ အမြဲလာနှုတ်ဆက်နေကျ ဒီနေ့မှ လာမနှုတ်ဆက်လို့ စိတ်ပူနေမိတယ်"

သူ လာနှုတ်ဆက်မှာမဟုတ်တော့ဘူးဆိုတာ ဝေ ဘယ်လိုပြောပါ့မလဲ။

ကျောင်းသူကျောင်းသားတွေ တော်တော်ရှဲသွားမှပင် ကိုဘုန်းသော်က သက်ပြင်းချပြီး ကားပေါ်တက်လိုက်သည်။ ထွဋ်ခေါင်ရဲ ဝေ့အပေါ်





သည့်သဘောထားကို သူသိနေသားနဲ့ ဘာကြောင့် ထွဋ်ခေါင်ရဲကို ခင်မင်ချင်နေတာလဲ။ ဟိုကဖြင့် ဝေနဲ့ဘာမှမတော်တာသိသွားသည့်အတွက် သူ့ကို ကျိန်းသေမုန်းနေပြီ။

"ဝေ"

"ရှင်"

"စာမေးပွဲကြီးပြီးသွားပြီဆိုတော့ တာဝန်တွေပေါ့သွားပြီပေါ့နော်"

"ဟုတ်ကဲ့"

"ဝေ့ကို ကိုယ်တစ်ခုခုကျွေးချင်တယ်"

သူ့ဘက်ကိုလှည့်တော့ သူက ဝေ့ကိုမကြည့်ဘဲ ခေါင်းလေးသာ ညိတ်ပြပြီး

"မနက်စာဖြစ်ဖြစ်ပေါ့ ဝေ ဘာစားချင်လဲ"

သူ ဒီလိုဖိတ်ခေါ်ပုံအရ ဘာဘာတို့ဆီ ခွင့်တောင်းပြီးဖြစ်မှာပါ။ ဒါကြောင့် ဝေ မငြင်းချင်တော့။

"ကိုဘုန်းသော်က ကျွေးချင်တာကျွေးပါ"

"ဝေ စားချင်တာပဲ ကိုယ်ကျွေးချင်တာပါ"

"ရပါတယ် ဒီအချိန်က ထမင်းစားတဲ့အချိန်ဆိုတော့ ထမင်းစားလည်းရတယ်၊ တစ်ခုခုစားလည်းရတယ်"

"ဒါဆို မြန်မာထမင်းကောင်းကောင်းပဲ စားကြတာပေါ့နော် ဝေ"

"ဟုတ်ကဲ့"

ကိုဘုန်းသော်က ခေါ်သွားသော လှည်းတန်းအပိုင်းနားက မြန်မာထမင်းဆိုင်တစ်ဆိုင်သို့ ဝေတို့နှစ်ယောက် ဝင်ခဲ့ကြသည်။

ဝေ့ကိုဘာမှမမေးဘဲ သူမှာချင်သော ဟင်းတွေကို မှာနေသော ကိုဘုန်းသော်ကကို ငေးကြည့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲရိုးစပို့ရှပ်စိမ်းပြာရောင် အစင်းလေးကို စတိုင်ပင်အနက်ရောင်နှင့်တွဲဝတ်ထားသောအခါ လှကြီးဆန်သွားသည်။ ဝတ်လိုက်သည့်အဝတ်အစားတိုင်းသည် သူနှင့်လိုက်ဖက်ညီညီ ရှင်းသန့်နေသည်မှာ သူ့ရဲ့ဘဝပေးကသိုလ်ကံလို့ပဲ ပြောရမည်။

ကိုဘုန်းသော်ကရဲ့မျက်နှာရော ကိုယ်လုံးကိုယ်ထည်နှင့် ဝတ်စားတာတွေသည် ဘယ်သူ့မျက်စိထဲမှာဖြစ်ဖြစ် အေးချမ်းမွှေနေ၏။

လိမ္မော်ရည်နှစ်ဘူး စားပွဲထိုးလေး အရင်လာချပေးတော့ တစ်ဘူးကို ဝေ့ဘက်တွန်းပို့ပြီး

"လိမ္မော်ရည်လေး အရင်သောက်လိုက် ဝေ၊ အရမ်းလည်း ရာသီဥတုက ပူအိုက်နေတယ်"

ဝေက ကိုဘုန်းသော်ကကို ကျေးဇူးတင်သည့်အကြည့်တွေနှင့်ကြည့်ပြီး ပြုံးပြလိုက်သည်။ ဝေကိုယ်တိုင်ကလည်း ချိုချိုအေးအေးလေးတစ်ခု သောက်ချင်နေသည်။ အလိုက်သိသော ကိုဘုန်းသော်ကကို အရမ်းကျေးဇူးတင်နေမိသည်။

လိမ္မော်ရည်ချိုချဉ်အေး အရသာလေးကို ဝေ အရမ်းနှစ်သက်သည်။ အခုလို ရာသီဥတုပူပူအပြင် စိတ်ပင်ပန်းမှုတွေ ပြေလျော့သွားသည့်အချိန်မှာဆိုလျှင် အစားထက် လိမ္မော်ရည် နာနတ်ရည်တို့ကို ပိုနှစ်သက်သည်။

"ဝေ့ကို မေးစရာရှိလို့"

"ရှင် ဘာမေးမှာလဲ ကိုဘုန်းသော်က မေးလေ"

မထင်ထားသည့်အတွက် လှုပ်လှုပ်ခတ်ခတ်တောင် ဖြစ်သွားသည်။ ကိုဘုန်းသော်က မေးမှာသည် ထွဋ်မှုခေါင်ရဲနှင့်ပတ်သက်သည့်အကြောင်းကလွဲလို့ တခြားကိစ္စမဖြစ်နိုင်ပါ။ ပထမဆုံးစာမေးပွဲဖြေပြီးသည့်နေ့ ထွဋ်မှုခေါင်





ကိုသိသည့်နေ့ကစပြီး ကိုဘုန်းသော်က ဝေ့ကိုစကားကောင်းကောင်း မပြောတာ ဒီနေ့မှစပြောခြင်းဖြစ်သည်။

ထမင်းကျွေးတာရော တကယ် စေတနာရှိလို့ကျွေးချင်တာလား။ ဝေ့ကိုမေးစရာရှိလို့ ကျွေးချင်တာလား။ ဒါကိုတော့ ကိုဘုန်းသော်က တစ်ယောက်ပဲသိလိမ့်မည်။

"ထွဋ်မှုခေါင်ရဲက ဝေ့ကို အရမ်းစိတ်ဝင်စားနေတယ်နော်"

ဝေ အံ့သြသွားတာက ထွဋ်မှုခေါင်ရဲနာမည်ကို သိနေလို့ဖြစ်သည်။ ကိုဘုန်းသော်ကနှင့် ထွဋ်မှုခေါင်ရဲက မိနစ်ပိုင်းလောက်သာ တွေ့ကြတာဖြစ်သည်။ ဒီအတောအတွင်း သူ့နာမည် ထွဋ်မှုခေါင်ရဲဟု ကိုဘုန်းသော်ကကို တစ်ခါမှမိတ်မဆက်ဘူးပါ။ ဝေက ပြောဖို့ဆိုတာလည်း ဝေးရော၊ ဒါဆို ထွဋ်မှုခေါင်ရဲနာမည်ကို ကိုဘုန်းသော်က ဘာကြောင့် သိနေတာလဲ။

"ဘာတွေ စဉ်းစားနေတာလဲ ဝေ"

"ထွဋ်မှုခေါင်ရဲနာမည်ကို သိနေတဲ့အတွက်ပါ"

"ဒါ ဘာများဆန်းလို့လဲ ဝေရယ်၊ ကိုယ့်ညီမနားကို ချဉ်းကပ်လာတဲ့ သူ့ရဲ့နာမည်ကို စုံစမ်းရတာ ဘာများခက်ခဲလို့လဲ"

ဒီစကားအတွက်တော့ ဝေ့ရင်ထဲ မတင်မကျကြီး ဖြစ်သွားရသည်။

"အပင်ပန်းခံ စုံစမ်းစရာမလိုပါဘူး ဝေ့ကိုမေးပါလား"

"ဝေ့ကိုမေးရင် ဝေက ကိုယ့်ကိုစိတ်တိုမှာပေါ့၊ ဝေ ထွဋ်မှုခေါင်ရဲကို စိတ်မဝင်စားတာကိုယ့်သိတာကို"

"အဲဒါကို သိသားနဲ့ ဘာလို့လိုက်စုံစမ်းရတာလဲ၊ ဝေ့ကိုမေးမှာလည်း သူနဲ့ပတ်သက်တဲ့အကြောင်းမလား"

"ထွဋ်မှုခေါင်ရဲနဲ့ပတ်သက်တဲ့အကြောင်းချည်းတော့မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒါဟာ မေးစရာမလိုအောင် ကိုယ်သိထားပြီးသားလေ၊



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခေါင်ရဲက ဝေ့ကို အသည်းအသန်ချစ်တယ်၊ ဝေကာ လုံးဝခါးခါးသီးသီးပဲ ဆိုတာ ကြည့်လိုက်တာနဲ့ သိတယ်''

''ဒါဖြင့် ဘာအကြောင်းလဲ''

''ဝေ့အကြောင်း''

''ရှင်''

သူက ရယ်စရာမဟုတ်ဘဲ ရယ်နေတော့ ဝေ စိတ်တိုချင်သွားသည်။

''စိတ်မဆိုးပါနဲ့ ဝေရယ်၊ ဝေ တအံ့တသြဖြစ်သွားပုံလေးက ရယ်စရာလေးမို့ ရယ်မိတာပါ၊ ဒီလိုပါ ဝေ၊ ဘဘနဲ့ကြီးကြီးကရော ဖေဖေနဲ့မေမေကရော ကိုယ်နဲ့ဝေ့ကို သဘောတူနေကြတယ်၊ မေမေဆို ကိုယ်ဟိုမှာတည်းက ဖုန်းပြောရင် ဝေ့အကြောင်းချည်းပဲ၊ အမှန်အတိုင်းပြောရရင် ဝေ စိတ်မဆိုးနဲ့နော်''

ဝေက ဘာများလဲဆိုသော တထိတ်ထိတ်အတွေးနှင့် နားထောင်နေမိသည်။ သူ ပြောနေသော စကားတွေအတွက် အထူးအဆန်းတစ်ခုကို ကြားရသလို ရင်တဖိုဖိုဖြစ်နေသည်။ ဘဘနှင့်ကြီးကြီးက ဒီကိစ္စနဲ့ပတ်သက်ပြီး ဝေ့ကို အရိပ်အမြွက်တောင် မပြောဘူးပါ။ အခုကာယကံရှင်ကိုယ်တိုင်ပြော၍ သိရသော ဝေသည် တအံ့တသြဖြစ်ရကာ ရှိန်းတိန်းတိန်းကြီးဖြစ်နေသည်။

''ဝေက ကိုယ့်ထက်ခြောက်နှစ်ကျော်လောက် ငယ်တယ်လေ ဒီတော့ ကိုယ်စိတ်မဝင်စားဘူး''

စိတ်မဆိုးပါနဲ့ဟု ကြိုပြီးတောင်းပန်ထားတာတောင် သူ့စကားကြောင့် ဝေ စိတ်တိုသွားရသည်။ ဒါပေမဲ့ သူဆက်ပြောလာမည့်စကားတွေကို နားထောင်ကြည့်ရမည်။

''မေမေတို့က ဝေ ဘယ်လောက်လှကြောင်း တဖွဖွချီးမွမ်းပေမယ့်





ကိုယ့်နားမှာ အချောအလှတွေ ဝိုင်းဝိုင်းလည်နေတဲ့အတွက် ဘယ်လိုမှ ခံစားရဘူး''

ဒါတော့ သူလွန်လာပြီ။ ဝေ့ကိုရှေ့မှာထားပြီး စိတ်မဝင်စားဘူး။ ခံစားရဘူးပြောနေတာ ဝေ့ကိုစော်ကားနေတာ။ သူ့နားမှာ ဝိုင်းနေသည့် အချောအလှတွေက ဝေ့ထက် ဘာတွေများ ပိုလှနေလို့လဲ။

''ဒါပေမဲ့ ကိုယ်ပျော်နေတာက ညီမလေးတစ်ယောက်ရလို့ပဲ၊ ဝေ့ကို ကိုယ့်ညီမလေးအရင်းလေးလို ချစ်မယ်ဆိုတဲ့အတွေးတွေဟာ ဝေ့ကို တွေ့ရော ကိုယ့်စိတ်တွေပြောင်းသွားတယ်၊ သိပ်ချစ်စရာကောင်းတဲ့ ဝေ့ကို ညီမတစ်ယောက်အချစ်ထက် ပိုတဲ့အချစ်တွေနဲ့ ချစ်သွားလို့ပဲ''

သူက စကားပြောတာ ခဏရပ်ပြီး ဝေ ဘာပြောမလဲဆိုသော အကြည့်မျိုးနှင့် ဝေ့ကိုကြည့်နေ၏။ ခံစားချက်မျိုးစုံ ရောပွမ်းနေသော ဝေသည် ငြိမ်ငြိမ်လေးပဲ ထိုင်နေတော့ သူ ဆက်ပြော၏။

''စောစောက ပြောသလိုပဲ ဝေက ကိုယ့်ထက်အများကြီးငယ်တဲ့အတွက် ပထမဆုံးအချစ် စိုးရိမ်တာက ဝေ့မှာ ရွယ်တူတန်းတူ ချစ်သူရှိမှာပဲ၊ ထွန်းခေါင်ရဲနဲ့ဝေ့အခြေအနေကိုကြည့်ပြီး ကိုယ်အရမ်းကျေနပ်ခဲ့တယ်၊ ဒီနေ့က ထွန်းခေါင်ရဲနဲ့ပတ်သက်ပြီး ဝေ တစ်ခုခုပြောလိမ့်မယ် ကိုယ်ထင်ထားပေမယ့် ဝေ ဘာမှမပြောတော့ ကိုယ်အရမ်းစိတ်ညစ်သွားပြန်ရော''

သူက စကားကိုရပ်ထားပြန်သည်။

''ဝေ''

''ရှင်''

''ကိုယ် ဘာလို့စိတ်ညစ်သွားတာလဲ၊ ဝေ သိလား''

''မသိဘူး''

''ဝေ ကိုယ့်ကို စိတ်မဝင်စားဘူးဆိုတာ သိလို့ပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဝေ သူ့ကိုဖျတ်ခနဲ မော့ကြည့်တော့ သူ့ရဲ့အကြည့်တွေအောက်မှာ ဝေ့နှလုံးသားတွေ အရည်ပျော်သွားမလောက်ပင်။

ဝေ စိတ်မဝင်စားဘူးလို့ ရှင့်ကိုဘယ်သူပြောလဲ။

မချင့်မရဲအတွေးနှင့်အတူ သူ့ရှေ့မှာ အငွေ့ပျံပြီး ပျောက်သွားချင်သည်။

"ဝေ စိတ်မပါဘဲလည်း လူကြီးတွေ ဘယ်လောက်ဆန္ဒရှိရှိ ကိုယ်လက်ထပ်မှာမဟုတ်ဘူး"

"ဝေ စိတ်မပါလို့ စိတ်ပါအောင်ပြောဖို့ရော စိတ်ကူးမရှိဘူးလား"

ဝေသည် ကိုယ့်ကိုယ်ကိုယ်တောင် တအံ့တသြ ဖြစ်သွားအောင် ထိုစကားကို ဘယ်လိုထွက်သွားမှန်းမသိပါ။

"ဝေ ဝေ ဘာပြောလိုက်တယ်"

သူက မကြားလို့မဟုတ်ဘဲ သေချာအောင် ထပ်မေးနေတော့ ဝေ ရှက်လိုက်တာမပြောပါနှင့်။

"ဝေ ဝေ တကယ်ပြောတာပါနော်"

အခုမှတော့ မထူးတော့စွာ ဝေ ခေါင်းလေးသာ အသာအယာ ညိတ်ပြလိုက်သည်။ ဝေကလည်း ပွင့်ပွင့်လင်းလင်းသမားဖြစ်သည့်အတွက် ကွယ်ဝှက်မနေချင်တော့ပါ။ ရင်ထဲရှိသည့်အတိုင်း ပြောလိုက်ခြင်းသည် ရှက်[illegible] ညာလိုက်တာနှင့်စာရင် စိတ်ချမ်းသာရမည်ဟု ဝေ ထင်သည်။

"ဝမ်းသာလိုက်တာ ဝေရယ်၊ ဒါဆို ကိုယ် ဝေ့ကို မျှော်လင့်[illegible] ရတာပေါ့နော်"

"မျှော်လင့်ရအောင် ကိုဘုန်းသော်ကက ဝေ့ကိုချစ်တာ သေ[illegible] သေချာရဲ့လား"

"သေချာတာပေါ့ ဝေရယ်၊ ကိုယ် ဝေ့ကိုစတွေ့ကတည်းက [illegible]





ချစ်တယ်ဆိုတာ သိပ်ကိုသေချာတာပေါ့"

"ဝေ ဆယ်တန်းအောင်ရင် အဖြေပေးမယ်"

"အခု မပေးဘူးပေါ့"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ ဝေရယ်၊ ဝေ့မှာ ဖာတ်လမ်းရှိသေးလို့လား"

"ဘာဖာတ်လမ်းမှမရှိဘူး။ မြန်မြန်အဖြေပေးလိုက်ရင် ချစ်သူတွေ သို့နေရမှာစိုးလို့"

"ဖြစ်ရလေ ဝေရယ်၊ ချစ်သူတွေပဲ ချစ်သူတွေလို မနေလို့ ဘယ် ထိုနေရမလဲ"

"ဆယ်တန်းအောင်ပြီး ကျောင်းပြီးဖို့ကို နှစ်တွေအများကြီးစောင့် ဦးမှာလေ၊ ဝေ့ ရည်မှန်းချက်မပြည့်သေးခင် လက်ထပ်ဖို့ကို မစဉ်းစားဘူး"

ဝေ့စကားကြောင့် သူက ပြုံးလိုက်ပြီး

"ကိုယ်က ဝေ ကျောင်းပြီးတဲ့အထိ မြန်မာပြည်မှာပဲ ထိုင်စောင့် [illegible]မှာမှ မဟုတ်တာ"

သူ့စကားအဓိပ္ပာယ်ကို ဝေ သဘောပေါက်စွာ

"ဒါဆို ကိုဘုန်းသော်ကက နိုင်ငံခြားပြန်သွားဦးမှာပေါ့"

"အစကတည်းက ပြန်သွားဖို့ ရည်ရွယ်ချက်ရှိပြီးသားပါ၊ အခုဆိုရင် [illegible]တော့ ကိုယ်နဲ့ဝေရဲ့ ရှေ့ရေးအတွက် ပိုပြီးသေချာသွားပြီပေါ့"

"ဘယ်တော့ပြန်သွားမှာလဲဟင်"

"ဝေတို့ ဆယ်တန်းအောင်စာရင်းထွက်ပြီးမှ ပြန်သွားမယ်"

သူ လုပ်လည်ကျပုံကို ဝေ သဘောမကျနိုင်ပါ။ သူ နိုင်ငံခြားပြန် [illegible]ည်ဆိုသည့်အတွက်သာ အခုကတည်းက လွမ်းသလိုလိုကြီး ခံစားနေ [illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုလျှင် ဝေက ကိုဘုန်းသော်ကကို တကယ်ချစ်လို့ဖြစ်မည်။

ရောင်စဉ်နဲ့အတူသွား အတူစားစဉ်က အခုကိုဘုန်းသော်ကနဲ့လို ခံစားချက်မျိုး မဖြစ်ပေါ်ဘူးပါ။

''မြန်မာပြည်မှာရော ပိုက်ဆံရှာလို့ မရဘူးလား''

''မတူဘူးလေ ဘာလဲ ဝေက ကိုယ့်ကိုမသွားစေချင်လို့လား''

''မဟုတ်ပါဘူးနော်၊ ကိုယ့်ဟာကိုယ် ဆန္ဒရှိရင် သွားပေါ့''

မသွားစေချင်ဘူးဟု ပြောရမှာ ဝေ ရှက်သည်။

ထမင်းနဲ့ဟင်းတွေရောက်လာတော့ သူက ဝေ ကြိုက်တာတွေချည်း ဇွန်းကန်ထဲထည့်ပေးနေသည်။ ဝေ ကြိုက်တာတွေ ဘယ်လိုလုပ်သိလဲ ဆိုတာကိုတော့ မေးမနေချင်တော့ပါ။

မိန်းမပီပီ ကျေနပ်နေတာတော့ ဝေပဲ အသိဆုံးဖြစ်သည်။

ရုပ်ချောပြီး သဘောကောင်းသော ကိုဘုန်းသော်ကသည် ကြင်နာတတ်သောသူလည်းဖြစ်မှာပါ။ ဒီလိုလူမျိုးမှာ ချစ်သူမရှိဘဲနေမှာမဟုတ်ပါ။ အချိန်နည်းနည်းယူပြီးလျှင်တော့ သူ့မှာရည်းစားရှိ မရှိ ဒါမှမဟုတ် ရည်းစားထားခဲ့ဖူးလား ဘာကြောင့် အခုမရှိတော့တာလဲဆိုတာတွေမေးဖို့ ဝေ မှတ်ထားလိုက်သည်။

■ ■ ■

## အခန်း (၂၁)

''မရွှေဝေ မတွေ့တဲ့နှစ်ပတ်အတွင်းလောက်မှာ အပြောင်းအလဲတွေ များလှချည်လား''

''ဟုတ်ပ ဒါဆို ထွန့်ခေါင်ရဲတော့ ခွေးပြီပေါ့''

''ခွေးရုံပဲခွေးရင်တော့ ကောင်းတာပေါ့၊ တော်ကြာ ကိုဘုန်းသော်ကကို လာရစ်နေမှာစိုးလို့''

''အံမယ် သူရစ်ချင်တိုင်း ရစ်လို့ရမလား။ သူက ဘာမို့လဲ''

''အေးပေါ့လေ အားကိုးရှိသွားပြီဆိုတော့ ပြောပြီပေါ့''

''မိလှဲ့နော် စကားပြောတာ ကြည့်ပြော၊ ကိုဘုန်းသော်ကဆိုတဲ့လူ ပေါ်မလာလည်း ထွန့်ခေါင်ရဲကို စိတ်ဝင်စားလာမယ် ထင်နေလို့လား''

''ဖူးစာဆိုတာ ဘယ်ပြောလို့ရမလဲ''

''အမလေး ဒီတစ်သက် သူ့ကိုယူမှ ယောက်ျားရမယ်ဆို အပျိုကြီးပဲလုပ်တော့မယ်''

ဝေက မဲ့ရွဲ့ပြီးပြောတော့ မော်ကြီးနဲ့လှဲ့လှဲ့ ခေါင်းတညိတ်ညိတ် လုပ်နေကြသည်။

www.burmeseclassic.com



"နင် ကိုဘုန်းသော်ကကို တကယ်ချစ်တာလားဟင်"

"တကယ်ချစ်တာပေါ့၊ သူနဲ့တွေ့မှ ဖြစ်လာတဲ့ ခံစားမှုမျိုးတွေက ငါ့အရမ်းကြည်နူးမှုဖြစ်စေတယ်"

"ရောင်စဉ်နဲ့တုန်းကရော"

"ရောင်စဉ်နဲ့တုန်းက တစ်ခါမှ အဲဒီလို မခံစားရဘူး"

"အခုမှတော့ ပြောပြီပေါ့ဟာ"

"တကယ်ပါ ငါမညာပါဘူး"

"အေးပါ ငါ့သူငယ်ချင်းချောချောလှလှလေး သူချစ်ကိုယ်ချစ် ချစ်သူတွေ့သွားတာပဲ ဝမ်းသာလှပါပြီ၊ အဲဒီချစ်သူက နင့်အပေါ် တကယ်ချစ်တဲ့ ချစ်သူဖြစ်သွားပါစေလို့ပဲ ဆုတောင်းပေးပါတယ်"

ဒါကိုတော့ ဝေ ဘာမှပြောမနေတော့ပါ။ သူ ဝေ့ကိုတကယ်ချစ်တာသိပေမယ့် ပြောလိုက်ရင် ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ်ဖြစ်ဦးမည်။ အချိန်တန်တော့လည်း အားလုံးသိကြမှာပါ။

"အခု နင်တို့ဆီလာတာသာ သူသိရင် သူ့ကိုမခေါ်ရကောင်းလားဆိုပြီး ငါ့ကိုစကားနာထိုးဦးမှာ"

"အေးလေ ခေါ်လာတာ မဟုတ်ဘူး၊ ငါတို့နဲ့လည်း သိရတာပေါ့"

"သိရမှာပါ မပူပါနဲ့"

"ဒါနဲ့ ဝေ၊ နင် အဖြေမပေးသေးတော့ ကိုဘုန်းသော်ကအနားပူ နားဆာ မလုပ်ဘူးလား"

"သူက အဲဒါတွေ ချစ်ဖို့ကောင်းတယ်ဟဲ့၊ ငါ့ကိုဘယ်တော့မှ အတိုက်အခံမလုပ်ဘူး။ အောင်စာရင်းထွက်တဲ့နေ့ အဖြေပေးမယ်ပြောထားတော့ အဲဒီနေ့ကိုပဲ သူ စိတ်ရှည်ရှည်နဲ့စောင့်ရှာပါတယ်"

"ထွန်းခေါင်ရဲကရော ဖုန်းဆက်သေးလား"





ကြည်နူးနေသည့်အချိန်မှာ ထွန်းခေါင်ရဲနာမည်ကြားလိုက်ရတော့ ဝေ စိတ်အနှောင့်အယှက်ဖြစ်သွားရသည်။

"မဆက်ဘဲနေမလားဟာ၊ ငါ မကိုင်မချင်းကို ခေါ်နိုင်းနေတာ၊ ဟိုတစ်နေ့က ကြီးကြီး စိတ်တိုတိုနဲ့ဟောက်လိုက်တော့ မနေ့ကတစ်နေ့တော့ ဖုန်းမဆက်ဘူး။ လူကြီးတွေကိုလည်း ရိုသေရကောင်းမှန်း နားမလည်တဲ့ အရိုင်းအစိုင်းပါဟာ၊ ဟိုတလောက ငါနဲ့ကိုဘုန်းသော်က ရွှေတိဂုံဘုရားသွားတော့ ဘယ်လိုသတင်းရလဲမသိဘူး နောက်ကတကောက်ကောက် ပါလာတယ်၊ ကိုဘုန်းသော်ကလိုလူမျိုးမို့ သူ ပြဿနာမရှာတာ"

"ကြည့်လည်းထွက်ဦး မိန်းမ၊ ထွန်းခေါင်ရဲစိတ်က ပြောလို့ရတာမဟုတ်ဘူး၊ နောက်ကို သိဝိုခံမှာမဟုတ်တဲ့အပြင် ကိုဘုန်းသော်ကနဲ့ နင့်ရဲ့အခြေအနေကိုလည်းသိတော့ နင့်ကိုကားတင်ပြေးနေဦးမယ်"

မော်ကြီးစကားကြောင့် ဝေက ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"အေးပါ ရယ်ပါ လူတစ်ယောက်ကို ပေါ့ပေါ့တန်တန် မတွက်နဲ့"

"အဲဒါတော့ ငါလည်းထောက်ခံတယ် ဝေ၊ နင့်ကိုအရူးအမူးဖြစ်တဲ့အတွက် မော်ကြီးပြောသလို မလုပ်ဘူး မပြောနိုင်ဘူး။ ဒီအရွယ်ဆိုတာခေါင်းတုံ့တရားနည်းပြီး ဖြစ်ချင်တာကို ဖြစ်အောင်လုပ်တတ်ကြတယ်၊ ထွန်းခေါင်ရဲနားမှာ မြှောက်ပင့်ညာစားနေတဲ့သူတွေကလည်း ထွန်းခေါင်ရဲသာခိုင်းရင် သူဖြစ်ချင်တာ ကျိန်းသေလုပ်ပေးမှာပဲ"

"အေးပါဟယ် နင်တို့စေတနာကို ငါအသိအမှတ်ပြုပါတယ်၊ သူဒီလို အကြံအစည်ရှိရင်တောင် လုပ်ခွင့်မသာပါဘူး၊ အခုဆို ငါ အပြင်သွားတိုင်း ကိုဘုန်းသော်ကပါမှာလေ၊ နင်တို့ဘာမှစိတ်မပူနဲ့ သိလား"

www.burmeseclassic.com

www.burmeseclassic.com



နစ်ယောက်သား ဝေ့ကို လက်လျှော့သွားပုံနှင့် ခေါင်းလေး
ကိုယ်စီ ညိတ်ကြ၏။

"ကဲ စကားပြောလို့လည်း ဝပြီ၊ မိုက်တွေလည်းပြည့်နေပြီ သွာ
စို့"

ဒါရိုက်ဘာကြီးက အသင့်စောင့်ကြိုနေ၏။

မော်ကြီးက ဝေနဲ့လဲ့လဲ့ကို ကားထွက်သည်အထိ လက်ပြနေ

"နင့်ကိုပြောစရာရှိတယ် ဝေ"

မော်ကြီးတို့ခြံထဲက ထွက်တာနှင့် လဲ့လဲ့ပြော၏။

"ဘာလဲ ပြောလေ"

"ရောင်စဉ့်အကြောင်း"

သာမန်အနေအထားထက် မဆိုသရှလောက်လေး လှုပ်ခတ်သွ
တယ်ဆိုတာတော့ ဝေ မငြင်းပါ။

"နင်ပြောသလိုပဲ ရောင်စဉ်က ဟိုမှာ ချစ်သူရသွားပြီ"

ပြောပြီးတာနှင့် ဝေ့မျက်နှာကို လဲ့လဲ့က အကဲခတ်ကြည့်နေ
ထင်ထားပြီးသားဖြစ်သည့်အတွက် သိပ်တော့ မခံစားရပါ။

"ဟိုတလောက မမသဒ္ဒါတို့ သွားလည်ရင်း သိကြတာ၊
မလေးက ငါးပိငါးခြောက်ပွဲရုံပိုင်ရှင်ရဲ့တစ်ဦးတည်းသောသမီး၊ အရမ်းချ
တယ်၊ ဒါပေမဲ့ နင့်လောက်မချောဘူးတဲ့"

ဝေ ဘာပြောလာမလဲ လဲ့လဲ့ နားစွင့်နေသည်။

မမသဒ္ဒါက ရောင်စဉ်တို့နဲ့ အိမ်ချင်းကပ်လျက်နေသူတွေ
ရောင်စဉ့်အစ်မအကြီး မမသင်းနဲ့လည်း သိပ်ခင်ကြသည့် သူငယ်ချ
ဖြစ်သည်။ တစ်ရပ်ကွက်ထဲနေသည့်အတွက် ဝေတို့အားလုံးနဲ့လည်း
က ခင်သည်။ ရောင်စဉ်နဲ့ဝေရဲ့သံယောဇဉ်ကိုလည်း သိသည်။





"နင့်ကိုမမသဒ္ဒါ ပြောတာလား"

"ငါ့ကိုပြောတာမဟုတ်ဘူး မော်ကြီးအစ်မကမှတစ်ဆင့် သိရတာ၊
ငါက နင့်ကိုပြောမယ်ဆိုတော့ နင် ခံစားရမှာစိုးလို့ မော်ကြီးကမပြောနဲ့တဲ့၊
ငါက မနေနိုင်ဘူး။ အခုဆို ပိုပြောချင်တယ်လေ၊ နင်လည်းချစ်သူရသွားပြီပဲ"

"ငါချစ်သူမရလည်း ပြောတော့ ဘာဖြစ်လဲ၊ နင်တို့ကို ငါ ပြောပြီး
ပါပြီ၊ ရောင်စဉ်နဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ သူငယ်ချင်းသံယောဇဉ်ပဲရှိတယ်
ဆိုတာ"

"သိပါတယ် မော်ကြီးဆို ရောင်စဉ့်ကိုတော်တော်ဒေါသဖြစ်နေ
တယ်"

"ဘာအတွက်ကြောင့်လဲ"

"ရည်းစားလေးရသွားတာနဲ့ သူငယ်ချင်းအရင်းခေါက်ခေါက်တွေကို
ဖုန်းလေးတစ်ချက်မဆက်လို့ပေါ့၊ မဆက်ချင်နေပါ ခေါ်တိုင်းမရှိဘူးချည်း
ယိမ်နေတာတော့ များတာပေါ့"

"နင်တို့ ရောင်စဉ့်ကိုဖုန်းခေါ်သေးတယ်ပေါ့"

"အေး နင့်ကိုတမင်မပြောတာ၊ အဲဒီကောင်မလေးက ရောင်စဉ့်
ဦးလေးမိသားစုနဲ့လည်း အရမ်းခင်ပြီး ရောင်စဉ်တို့မိသားစုရော သူ့ဦးလေး
မိသားစုကိုရော အရမ်းကျတာတဲ့၊ ဒါကြောင့်လည်း ဖုန်းခေါ်တိုင်း မမသင်းတို့
ယိမ်ပေးနေတာဖြစ်မယ်"

"ကာယကံရှင်ရောင်စဉ် ပြောနိုင်းသလို ပြောရတာနေမှာပါဟယ်၊
အသင်းတို့ကို တစ်မျိုးမထင်ပါနဲ့၊ ငါ ရောင်စဉ့်ကို စိတ်ထဲကွက်မိတာ
တာသူ ရည်းစားရတာ ဘာဖြစ်လဲ၊ ငါနဲ့လည်း ရိုးရိုးသားသား သူငယ်ချင်း
ဆင့်ပဲရှိသေးတာ ငါက ဘာပြောမှာမို့လဲ၊ ဒါကို ရှောင်နေတာ ဘာအဓိပ္ပာယ်
ဲ



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုသူ ဖွင့်မပြောသေးတာကလွဲလို့ တော်တော်ကြီးကြွေနေတယ်ဆိုတာ အားလုံးသိတော့ သူ့ကိုယ်သူ မလုံလို့ပေါ့ဟယ်"

ဒါတော့ ဖြစ်နိုင်သည်။ ဝေ ကိုယ်တိုင်ကလည်း ရောင်စဥ်ကို တအားကြီးမစွဲလန်းသေးလို့လားမသိပါ။ ရောင်စဥ်ချစ်သူရသွားတာနှင့်ပတ်သက်ပြီး သိပ်မခံစားရ။ ခုနပြောသလို ဖုန်းဆက်တိုင်းမရှိဘူးချည်းပြောတာတော့ အောက်တာပေါ့။

ရောင်စဥ် ဖုန်းမဆက်သည့်အခုံး ဝေဆက်တော့ ဝေ သူ့ကိုကြွေနေပြီဟုထင်မှာ သေချာသည်။

"တစ်နေ့တော့ တွေ့ဦးမှာပါဟာ"

"တွေ့တော့ နင်က ဘာလုပ်မလို့လဲ"

"အပြတ်ကောပစ်မှာပေါ့ဟ"

"နင်က အရင်ရောင်စဥ်မှတ်ပြီး ကောချင်သေးတယ်ပေါ့၊ နင်ပြောပုံအတိုင်းဆို သူ့ချစ်သူကောင်မလေးကို ရောင်စဥ်တော်တော်ကြောက်ပုံပဲ"

"ဘာမှမဟုတ်ဘူး ဒီကောင် ယောကျ်ားတန်မဲ့ ငွေမက်လို့ သူဌေးသမီးကို ချိုင်တာဖြစ်မယ်"

ဒါကိုတော့ ဝေလည်း မပြောတတ်ပါ။

လွဲလွဲအိမ်ရှေ့ရောက်တော့ လွဲလွဲကိုချပေးပြီး အိမ်ကိုပဲတန်းလာခဲ့သည်။

အိမ်ရောက်တော့ ကိုဘုန်းသော်ကရောက်နေသည့်အတွက် ရောင်စဥ်နှင့်ပတ်သက်ပြီး အတွေးတွေ လွင့်ပျောက်ကုန်သည်။

"ဘယ်တုန်းက ရောက်လဲ ကိုဘုန်းသော်က"

"နာရီဝက်လောက်ရှိပြီ"

"တော်သေးတာပေါ့ ဝေရယ်၊ အခုပဲ ပြန်တော့မလို့ ကဲ ဝေဝေ



စကားပြောတော့ ကိုဘုန်းသော်ကရေ မမခိုင် လုပ်စရာရှိတာလေးတွေ လုပ်လိုက်ဦးမယ်"

ဝေတောင် မထိုင်ခင် မမခိုင် လစ်ပြေးသွား၏။

အုတ်ခဲကျိုးရောင် လည်ပင်းတပိုက်လုံး ကော်လံပြဲပြဲလေး ဘလောက်(စ်)အကျီကို မိုးပြာဂျင်းပင်န်လေးနှင့်တွဲဝတ်ထားသော ဝေ့ကို သူ မျက်တောင်မခတ်ငေးကြည့်နေသည်။

ဝေ သူ့ကိုမျက်နှာချင်းဆိုင် ဆိုဖာခုံမှာ ဝင်ထိုင်လိုက်သည်။

"သူငယ်ချင်းတွေဆီ သွားတာဆို"

"ဟုတ်"

"ကိုယ့်ကိုဘာဖြစ်လို့ မခေါ်တာလဲ"

"ဟိုကျရင် ကိုဘုန်းသော်က ပျင်းနေမှာစိုးလို့ပါ"

"ရပါတယ် ဝေရဲ့၊ သူငယ်ချင်းတွေနဲ့လည်း သိရတာပေါ့"

"အင်းပါ နောက်တစ်ခါသွားရင် ခေါ်ပါမယ်"

သူ ဝေ့ကို ပေါ်တင်ကြီးပင် မျက်တောင်မခတ် စိုက်ကြည့်နေတော့ ဆ မှိုးတို့ရှုန့်တန်း ဖြစ်နေသည်။ အမြဲတမ်း လွတ်လွတ်လပ်လပ်နေတတ်သော ဝေသည် သူနဲ့ကျမှ ဘာကြောင့်ပြောင်းလဲသွားတယ်ဆိုတာ ဝေ့ကိုယ်တောင် နားမလည်ပါ။

"ဝေက သိပ်လှတာပဲ၊ ဒီအဆက်အရွယ်လေးနဲ့ ဝတ်တာစားတာ ညီအရမ်းစမတ်ကျတယ်၊ ကိုယ်အရမ်းကံကောင်းတာပဲနော်"

"ဘာကိုကံကောင်းတယ်လို့ ပြောတာလဲ"

"တစ်နေ့မှာ ဝေ့ချစ်သူဖြစ်မှာမို့လေ"

"ကိုဘုန်းသော်က ပြောသလောက်လည်း ဝေက လှတ်သေး [illegible]"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ဟုတ် မဟုတ်ဟုတ်ကွာ ကိုယ်ကတော့ ဝေ့ကိုအရမ်းချစ်တာနဲ့အတူ အားလည်းငယ်တယ်"

"ဘာကိုအားငယ်တာလဲ"

ဝေ တကယ်ကို မသိလို့ မေးလိုက်ခြင်းပါ။

"ဝေက ကိုယ့်ထက်အများကြီးငယ်တယ်လေ၊ ဝေ့ကိုထားသွားရမှာ စိတ်မချဘူး"

"ဝေ့သိက္ခာကို မယုံတာလား"

"အဲဒီလိုတော့ မဟုတ်ပါဘူး ဝေရယ်၊ ထွဋ်ခေါင်ရဲလို မိုက်မိုက်ကန်းကန်း တဖွတ်ထိုးသမားလေးတွေနဲ့ တွေ့မှာစိုးရိမ်တာ၊ ဒါနဲ့ ထွဋ်ခေါင်နဲ့ရောတွေ့သေးလား ဝေ"

"ဘာဖြစ်လို့တွေ့ရမှာလဲ၊ တွေ့စရာအကြောင်းမရှိဘူး"

"ဝေက မရှိပေမယ့် သူက ရှိနေတယ်လေ၊ ကိုယ်လာတော့ လမ်းထိပ်နားမှာ ထွဋ်ခေါင်ရဲနဲ့သူ့သူငယ်ချင်းတွေကို ကားတစ်စီးနဲ့တွေ့လိုက်တယ်"

"ဟုတ်လား"

"ဟုတ်တယ် သူအဲဒီလိုပဲ လာတတ်လားဟင်"

"ဝေ မသိဘူး"

"ဟုတ်ပါတယ် ဝေ့ကိုလာချောင်းတာဖြစ်မယ်၊ ကိုယ်ဝေ့ကိုတော်တော်စိတ်ပူသွားပြီ"

"ဘာဖြစ်လို့ ပူရတာလဲ၊ ဝေ သူ့ကိုစိတ်လည်းမဝင်စားဘူး။ ... လည်းမစိုက်ဘူး။ ဒီတော့ ကိုဘုန်းသော်ကလည်း သူ့ကိုဂရုမစိုက်ပါနဲ့"

"ဝေ့ကို စိတ်ဝင်စားနေတဲ့ ဘယ်သူ့ကိုမဆို ကိုယ် ဂရုမစိုက်ချင်ဘူး။ အဲဒီအတွက် ဝေ လုပ်ပေးရမှာ တစ်ခုပဲရှိတယ်"





"ဘာလဲဟင်"

ဝေက တကယ်ကို မသိစွာ မျက်လုံးအဝိုင်းသားလေးနဲ့မေးလိုက်တော့ သူက ဝေ့ကိုမချင့်မရဲ အကြည့်တွေနှင့်ကြည့်ပြီး

"ကိုယ့်ကို အဖြေပေးလိုက်လေ"

"ဟင် ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ဝေရဲ့၊ ကိုယ်က တရားဝင် ဝေ့ချစ်သူဖြစ်သွားတဲ့အတွက် ဝေ့ကို နှောင့်ယှက်လာသူမှန်သမျှကို ဝေ့ရှေ့က မားမားမတ်မတ်ဖြေရှင်းလို့ရပြီ"

"ချစ်သူမဟုတ်သေးလည်း ရပါတယ်၊ တစ်နေ့မှာ ကျိန်းသေဖြစ်ကြမယ့်ဟာကို"

"ဝေရယ် ကိုယ့်ကို အရမ်းနှိပ်စက်တယ်ကွာ"

"အအေးသောက်ဦးလေ"

ဝေ မသိဟန်ဆောင်ပြီး အအေးတိုက်တော့ သူလှမ်းယူလိုက်သည်။

"နောက်ပြီး အခုလိုတစ်ယောက်တည်းသွားတာတွေကိုလည်း အားချင်နေတယ်"

"စိတ်ချပါ နောက်ကို ဝေ ဘယ်သွားသွား ကိုဘုန်းသော်ကကို ခေါ်လိုက်မယ်၊ ကျေနပ်ပြီလား"

ဒီတော့မှ သူက ကျေနပ်သွားပြီး အပြုံးလေးနှင့် ခေါင်းညိတ်ပြ၏။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဝေတို့အောင်စာရင်းထွက်ဖို့ တစ်ပတ်လောက်အလိုတွင် ကိုဘုန်းသော်ကဖျားတော့ နေ့တိုင်းပင် လူနာသတင်းသွားမေးနေရသည်။ ဒီနေ့လည်း ကိုဘုန်းသော်ကအမေ အန်တီမူက ထမင်းစားပြီးမှပြန်ပါဆိုလို့ ထမင်းစားရင်း စကားလက်ဆုံကျနေမိသည်။ ခုနစ်နာရီကျော်လောက်မှာ ဘဘနဲ့ကြီးကြီး ရောက်လာကြသည်။

"ဟော ဘဘနဲ့ကြီးကြီးလာပြီ၊ အန်တီမူ သမီးတောင် အခုပဲ ပြန်လာတော့မလို"

"သမီး ဘဘက မိုးချုပ်လို့ စိတ်ပူနေတာ"

ကြီးကြီး ပြောတော့ ဘဘကိုကြည့်ပြီး ဝေ ပြုံးလိုက်သည်။

"အန်တီမူအတင်း ထမင်းစားဖို့ ဆွဲထားလို့ပါ ဘဘ"

"ဘဘ ဖုန်းဆက်တော့ မောင်မင်းသော် ပြောပါတယ်၊ လမ်းမှာ ကားပျက်နေမှာစိုးလို့ပါ"

မောင်မင်းသော်ဆိုတာ ကိုဘုန်းသော်က အဖေကိုပြောတာဖြစ်သည်။





"ဘဘတို့နေဦးမှာမလား သမီးပြန်တော့မယ်"

"အေးလေ သမီးပြန်ချင်ရင် ပြန်နှင့်လိုက်"

"ပြန် ပြန် သမီး၊ ပြန်နားလိုက်ဦး"

"ဘဘတို့နဲ့မှ အတူပြန်လိုက်ပါလား ဝေ"

ကိုဘုန်းသော်က စိုးရိမ်သည့်မျက်ဝန်းတွေနှင့်တားတော့ ဝေက အပြုံးလေးနဲ့ကြည့်လိုက်ပြီး

"ဘဘတို့က အခုမှရောက်တာဆိုတော့ ကြာဦးမှာ ကိုဘုန်းသော်ရဲ့"

"ဟုတ်သားပဲ သားရဲ့၊ ဝေလေးနားချင်ရှာမှာပေါ့"

အန်တီမူဝင်ပြောသလို ကြီးကြီးကလည်း

"ဒီလောက် တစ်နေ့ကုန်နေတာတောင် သားက မကျေနပ်သေးဘူးလား"

"မဟုတ်ပါဘူး ကြီးကြီးရဲ့၊ မှောင်နေပြီဆိုတော့ စိတ်မချလို့ပါ"

"စိတ်ချ ဟော့ကောင်ရေ ငါ့ဒါရိုက်ဘာကို လွှတ်မတွက်နဲ့"

ဘဘက ပျော်စေပျက်စေပြောလိုက်ပေမယ့်လည်း သူက စိတ်မချသည့်မျက်ဝန်းတွေနှင့် ဝေ့ကိုလှမ်းကြည့်၏။ အလကားနေ လိုက်စိတ်ပူနေသော သူ့ကို ရယ်လည်းရယ်ချင် သနားလည်းသနားမိသည်။ ပေါ်ပေါ်တင်ဆင် ချစ်သူတွေဖြစ်ကြရင်တော့ ဘယ်လိုနေမည်မသိ။

ကိုဘုန်းသော်ကတို့နေသော လမ်းလေးကနေ လမ်းမကြီးရောက်ဖို့ အားနှင့်တော်တော်မောင်းရသည်။ လမ်းမကြီးမရောက်ခင် လမ်းချိုးလေးအကွေ့မှာတော့ လူရွယ်တစ်ယောက် ဝေတို့ကားကို တားနေ၏။

ရပ်မပေးနဲ့ဟ့ ဝေ့ပါးစပ်က မထွက်ခင်မှာဘဲ ဒါရိုက်ဘာကြီးက အားရပ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာအကူအညီလိုလို့လဲ သူငယ်"

ဒါရိုက်ဘာကြီး ကားတံခါးဖွင့်ပြီး မေးလိုက်တော့ ကားတားသည့်လူရွယ်က လက်ကာပြနေ၏။

"ဝေ"

တစ်ဖက်ကို အာရုံစိုက်နေစဉ်မှာပဲ မှန်ချထားသော ဝေ့ကားတံခါးဘက်မှ ဝေ့နာမည်ခေါ်လိုက်သံကြောင့် လှိုက်ခနဲ တုန်သွားသည်။

ဒီအသံကို ဘယ်ဘဝရောက်ရောက် ဝေက မှတ်မိနေမှာဖြစ်သည်။

"ဘာလဲ နှင် ဒါဘာလုပ်တာလဲ ထွဋ်ခေါင်ရဲ့ အဘ မောင်းမောင်း"

ဝေ ကားမှန်တင်ရင်း ဒါရိုက်ဘာအဘကိုလည်း အတင်းပင်မောင်းခိုင်းနေပေမယ့် စောစောကတားသည့်လူက အဘဘက်က ကားတံခါးကိုပိတ်မရအောင်ဆွဲထား၏။

"နှင်တို့ ဒါဘာလုပ်တာလဲ၊ ငါ အော်လိုက်မှာနော်"

"ဝေ ငါ တောင်းပန်ပါတယ်၊ ငါပြောမှာကို ခဏလေးနားထောင်ပေးပါ"

ပြောပြောဆိုဆို ထွဋ်ခေါင်ရဲက ကားတံခါးဖွင့်ထားသည့် အဘဘက်သို့ ကွေ့သွားပြန်သည်။

"ဘာမှမပြောနဲ့ နှင့်အသံလည်း မကြားချင်ဘူး၊ နှင့်မျက်နှာလည်း မမြင်ချင်ဘူး"

"အဲဒီလောက် ပြတ်ပြတ်သားသားကြီးတော့ မပြောပါနဲ့ ဝေ"

"ဒီထက်တောင်ပြောချင်သေးတယ်ဟဲ့ နှင် ဖယ်နော်"

အခုထိ ကားတံခါးကိုဆွဲထားသော ထွဋ်ခေါင်ရဲလက်ဝဲကားဝေ ပြန်ဆွဲရင်းပြောလိုက်၏။





"ခဏလေးပါ ဝေရယ်၊ စကားလေးပြောရုံလေးပါ"

"ကဲပါ သမီးရယ်၊ သူ ဘာပြောချင်လို့လဲမှမသိတာ နားထောင်ပေးလိုက်ပါ"

"အဘ မသိပါဘူး၊ သမီး သူပြောမယ့်စကားတွေ နားမထောင်ချင်ဘူး၊ ထွဋ်ခေါင်ရဲ နှင်ဖယ်နော်"

ဝေက အဘကိုကျော်ပြီး ထွဋ်ခေါင်ရဲကိုယ်လုံးအား မမှီမကမ်းတွန်းတွန်းလိုက်သည်။ မရပါ။ မိန်းမအားအပြင် ဒါရိုက်ဘာကြီးကလည်းအလယ်ကခံနေသည့်အတွက် အားယူချင်တိုင်း ယူလို့မရ။ ဒေါသတွေဆစ်ကိုယ်လုံးပျံ့နှံ့ပြီး ဝေ့ဘေးကားတံခါးကို ဖွင့်ဆင်းဖို့ ပြင်ဆင်လိုက်သည်။

"သမီး စိတ်လိုက်မာန်ပါ မလုပ်နဲ့လေ၊ သမီးအောက်ရောက်သွားရင် အခြေအနေက တစ်မျိုးဖြစ်သွားနိုင်တယ်၊ သူပြောမှာကိုသည်း သည်းခံပြီးသာနားထောင်ပေးလိုက်ပါ"

ဒါရိုက်ဘာဘာကြီး ဝေ့နားကပ်ပြောမှ ဝေ သတိဝင်သွားပြီးစိတ်တွေကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

"ကဲ ငါ့တူကြီး ပြောချင်တာပြော"

"ခဏအောက်ဆင်းလို့ မရဘူးလား ဝေ၊ ငါ ဘာမှမလုပ်ပါဘူး"

ဝေသည် အောက်နှုတ်ခမ်းကိုသာ အပေါ်သွားနှင့် ပြတ်လုမတတ်ကိုက်ထား၏။

"မဖြစ်ပါဘူးကွယ် ပြောစရာရှိတာကိုသာ ပြောပါ"

အဘမျက်နှာခပ်ထန်ထန်နှင့်ပြောမှ စိတ်လျှော့သွားပုံနှင့် သက်ပြင်းချနေ၏။

"ဝေ"

ဝေက ထွဋ်ခေါင်ရဲကို လုံးဝမကြည့်ဘဲ မျက်နှာတစ်ခြင်လုံးမှန်ပြီး



www.burmeseclassic.com

ရှေ့တည့်တည့်ကိုသာ ကြည့်နေသည်။

"နင့်ကိုအရမ်းလွမ်းတယ် ဝေ၊ အရင်လို နင့်မျက်နှာကိုနေ့တိုင်း မတွေ့ရတော့ ဘယ်လိုမှ နေလို့မရဘူး။ နင့်အသံလေးကြားချင်လို့ ဖုန်းဆက်တော့လည်း မကိုင်ဘူး။ ငါ့ကိုနည်းနည်းလောက်တော့ စာနာပေးသင့်ပါတယ်"

"ဒီမှာ ထွဋ်ခေါင်ရဲ့ နင့်ရဲ့အဓိပ္ပာယ်မရှိ လုပ်ရပ်တွေကို ရပ်တန်းက ရပ်လိုက်ပါ၊ အဲဒါဆို နင်အများကြီး အကျိုးရှိသွားလိမ့်မယ်"

"ခဏ ခဏလေးပါ ဝေ၊ နင်နဲ့ကိုဘုန်းသော်ကတို့ချစ်သူဖြစ်နေ ကြပြီမလား"

ဝေက မဆိုင်းမတွပင်

"ဟုတ်တယ်"

ထွဋ်ခေါင်ရဲ့မျက်နှာ မဲ့ခနဲ ဖြစ်သွားသည်။

"အေးပေါ့လေ အခုချိန်မှာ ကိုဘုန်းသောကနဲ့ယှဉ်ရင် ငါက ဘာ သုံးမရတဲ့ကောင်ဖြစ်သွားတာပေါ့၊ ဒါပေမဲ့ ငါ ဘယ်တော့မှ လက်လျှော့မှာ မဟုတ်ဘူးနော် ဝေ"

ထွဋ်ခေါင်ရဲ့ရဲ့ခြိမ်းခြောက်စကားကြောင့် ဝေ ခပ်မဲ့မဲ့လေးကြည့် လိုက်သည်။

ဝေက ဒါရိုက်တာအဘကြီးကို မောင်းတော့ဆိုသည့် အထာမျိုး မေးငေါ့ပြတော့မှ ထွဋ်ခေါင်ရဲ့ဆိုသည့်အရိုင်းအစိုင်းကောင်က ကားတံခါး ခပ်ကြမ်းကြမ်း ဆောင့်ပိတ်လိုက်သည်။

"တောက်"

ထွဋ်ခေါင်ရဲ့ တက်ခေါက်သံကြောင့် ဒါရိုက်တာကြီး အထိတ်တလန့် မျက်နှာနှင့် ဝေ့တက်ကို လှည့်ကြည့်ပြီး

"တော်တော်အတင့်ရဲတဲ့ကောင်လေးပဲနော် သမီး၊ သူက ဘယ်





နေလို့လဲ"

"သမီးတို့အင်းစိန်ဘက်လို့ ပြောတာပဲ၊ သမီးလည်း သေသေချာ ချာ မသိဘူး"

"တော်သေးတယ် သမီးသာအောက်ဆင်းသွားရင် အဘတော့ တွေးတောင်မတွေးရဲဘူး"

"ဘာလုပ်လို့ရမှာလဲ အဘရယ်၊ မင်းမရှိတဲ့တိုင်းပြည်မှမဟုတ်တာ"

ဝေ ကိုယ်တိုင်လည်း ထိတ်လန့်နေပေမယ့် ဟန်ကိုယ့်ဖို့ဆိုသလို အဘစိတ်သက်သာအောင် ခပ်ပေါ့ပေါ့လေးပြောလိုက်သည်။

"မလုပ်ပါနဲ့ သမီးရယ်၊ လောလောဆယ်မှာ သူတို့ဘက်က ...စုပ်အများကြီးအပြင် ပတ်ဝန်းကျင်ကလည်း မှောင်မည်းတိတ်ဆိတ်နေ ...ယ်လေ၊ သမီးကိုသာ တစ်ခုခုလုပ်ခဲ့ရင် အားလုံးရင်ကျိုးရမှာ၊ သူတို့လို ...မျိုးတွေက ဘာကိုမှကြောက်ကြတာမဟုတ်ဘူး၊ အဘကိုယ်အဘလည်း ...လွှတ်နိုင်မှာမဟုတ်ဘူး။ သမီးဒီကိစ္စတွေကို မောင်ကျော်တို့ကို ပြန်ပြော ...လား"

"မပြောဘူး အဘလည်းမပြောပါနဲ့"

"ဘာဖြစ်လို့လဲ သမီးရယ်"

"ဘာမှဖြစ်ကြတာမှမဟုတ်တာ အဘရယ်၊ နောက်ကိုဆင်ခြင် ...တာပေါ့၊ ဘဘတို့ကိုစိတ်အနှောင့်အယှက် မဖြစ်စေချင်ဘူး"

"သမီးသဘောပါ"

ဒါရိုက်တာအဘက ဒါပဲပြောပြီး ကားမောင်းခြင်းကိုပဲ အာရုံစိုက် ...

ဒီကိစ္စကို ဘဘသိလို့ မဖြစ်သလို ကိုဘုန်းသော်ကသိလို့လည်း ... ဝေ့ကိုစိတ်မချတာနှင့် ရောဂါတွေပိုတိုးနေမည်။



www.burmeseclassic.com

www.burmeseclassic.com



တော်တော်ရဲတင်းသည့် ထွင့်ခေါင်ရဲကိုလည်း ဝေ အံ့သြမဆုံးပါ။ ဝေ့ကိုဘာဖြစ်လို့ တန်းတန်းစွဲနေတာလဲ။ အဘကိုပဲ ကျေးဇူးတင်ရမည်။ ဝေ့စိတ်နဲ့ဝေ အောက်ဆင်းလိုက်ရင် ဘာကိုမှ စဉ်းစားဉာဏ်မရှိသည့် ထွင့်ခေါင်ရဲနှင့်အပေါင်းအပါတွေက ကားတင်မပြေးဘူး၊ ပြေးနိုင်မလား။

မော်ကြီးနဲ့လှဲလှဲ တစ်ခါတုန်းကပြောခဲ့သော စကားကိုပြန်ကြားပြီး ဝေ ကြက်သီးတွေထသွားသည်။

■ ■ ■

## အခန်း (၂၃)

ဝေ ဂုဏ်ထူးငါးဘာသာနဲ့အောင်တော့ ဝေ့ထက်ပိုပျော်သူမှာ အထူး ...င်ပြောစရာမလိုသော ကိုဘုန်းသော်ကပင်ဖြစ်သည်။

"ကွန်ဂရက်ကျူလေးရှင်း ဝေ၊ ကိုယ့်အတွက် အရမ်းပျော်နေသလို ...့အတွက်လည်း ဂုဏ်ယူတယ်"

စောစောစီးစီး ကိုဘုန်းသော်က ရောက်လာပြီးပြောတော့ ဝေ ...ာ်ပြုံးလေးပဲ ပြုံးနေသည်။ ဝေ့အတွက် တစ်အိမ်သားလုံးလည်း ဝမ်းသာ ...ဏ်ယူနေကြသည်။

"ဝေ ဘာစားပြီးပြီလဲဟင်"

"နွားနို့နဲ့အီကြာကွေး။ ကိုဘုန်းသော်ကရော"

"ကိုယ်ဘာမှစားမလာဘူး။ ဝေနဲ့တစ်ခုခုသွားစားဖို့ အစောကြီး ...ာ်လာတာ"

သူက ဝေ ဘာပြောမလဲစောင့်နေစဉ် အနားမှာရှိနေသော မမခိုင်က ...ာတော့။

"ကဲပါ ဝေလေးရယ် ဝမ်းသာတဲ့အထိမ်းအမှတ်အဖြစ်နဲ့ ထပ်ပြီး

www.burmeseclassic.com



လိုက်စားလိုက်ပါ''

မမနိုင်မသိဘူးနော်ဆိုသည့်အကြည့်နှင့် ဝေကြည့်တော့ သူက သဘောပေါက်သလို ပြုံးစိစိ လုပ်နေ၏။

''ကဲ သွား၊ အဝတ်အစားသွားလဲ''

မမနိုင်ကပင် တွန်းတွန်းထိုးထိုးလုပ်နေတော့ ဝေ နှုတ်ခမ်းရှုပြီ အဝတ်အစားလဲဖို့ အိမ်ထဲဝင်ခဲ့သည်။ ကိုဘုန်းသော်က လှလည်းကျပုံကိုလည် စိတ်ဆိုးတာမဟုတ်ဘဲ ရင်ထဲမှာ ခိုးလိုးခုလုလေးဖြစ်နေရသည်။

အထူးတလည်ပြင်ဆင်စရာ မလိုသည့် ဝေ့မျက်နှာကိုတော့ တို့ပေ လေးတစ်ချက်နှစ်ချက်ရိုက်ပြီး မင်းကွတ်သီးရောင်နှုတ်ခမ်းနီလေးဆိုးလို ရုံဖြင့် မျက်နှာအလှပြင်ဆင်မှုက ပြီးဆုံးသွားပြီ။

အသားပျော့ပျော့ထူထူ မင်းကွတ်သီးရောင် ဒူးဆစ်အောက်ေ ဂါဝန်လေးကို ငွေရောင်ခါးပတ်လေး ပတ်လိုက်သည်။ လယ်သာအိတ်အ ပြောင်ပြောင်လေးကို ထုတ်ပြီးတာနှင့် အခန်းထဲက ထွက်လာခဲ့သည်။

ပလက်တီနမ်နားကွင်းသေးသေးလေးနှင့် ရွှေလက်ပတ်နာရီ တစ်လုံးသာ ပတ်တတ်သော ဝေ့ရဲ့လက်ဝတ်လက်စား ဝတ်ဆင်မှုကလ ဒါပဲဖြစ်သည်။

ထွက်လာသော ဝေ့ကို ကိုဘုန်းသော်ကနှင့်မမနိုင်က မင်တက် ငေးကြည့်နေသည်။

''ဝေလေးက အရမ်းလှတာပဲကွယ်''

''ကျွန်တော် ချီးကျူးဖို့ထားပါဦး မမနိုင်ရယ်''

''အေးပါ အေးပါ''

မမနိုင်က ဘာတွေအတွေးပေါက်ပြီး ရယ်နေသည်မသိ။

''ကဲ သွားကြတော့ ဘုန်းသော်က မမနိုင် ဆုတောင်းပေး





သေးလား''

''လိုတာပေါ့ မမနိုင်ရယ်''

''ဟုတ်ပြီ ဟုတ်ပြီ မမနိုင် ဆုတောင်းပေးနေမယ်''

''ဘာတွေဆုတောင်းပေးနေတာလဲ''

ဝေက ရိပ်မိသလို နှုတ်ခမ်းရှု ခြေဆောင့်ပြီးမေးတော့

''ဘာမှမဟုတ်ပါဘူး ဝေလေးရဲ့''

''ဝေ သိတယ်နော်၊ ကိုဘုန်းသော်က မမနိုင်ကို ဘာတွေပြော ထိုက်ပြီလဲ''

''ကိုယ် ဘာမှမပြောသေးပါဘူး ဝေရယ်''

သူ ပျာပျာသလဲ ငြင်းနေပေမယ့် ရုပ်ကတော့ မျက်နှာပိုးမသေ။ မမနိုင်လည်း ထိုနည်းလည်းကောင်းဖြစ်သည်။

''ဝေ သိတယ်နော်၊ မမနိုင်ကိုပြောလိုက်ပြီမလား၊ တော်ပြီ ရှင့်ကို နေ့ အဖြေမပေးတော့ဘူး''

''ဟာ ဆဝ ဝေ မလုပ်ပါနဲ့ ဝေရယ်''

ခြေဆောင့်ပြီး ရှေ့ကထွက်လာတဲ့ ဝေ့ရဲ့အပြုံးလေးတွေကို သူ ငြဘဲ ဝေ့ကိုအသည်းအသန်ချော့ဦးမှာ။

''စိတ်မကောက်ပါနဲ့ ဝေလေးရယ်၊ မမနိုင် အတင်းမေးလို့ပါ''

မမနိုင် လှမ်းအော်နေတာကို ဝေ မကြားဟန်ဆောင်လိုက်သည်။ ဝေ ကားပေါ်မတက်ခင်မှာဘဲ ဖုန်းဆိုပြီး မမနိုင် လာခေါ်၏။

''ဘယ်သူလဲ မမနိုင်''

''မသိဘူး ဝေလေးရဲ့၊ မိန်းကလေးအသံပဲ''

မျက်လုံးအကြည့်လေးနဲ့ပဲ သူ့ကိုခွင့်တောင်းပြီး ဝေ အိမ်ထဲကို ပြေအလွှား ဝင်လာခဲ့သည်။



www.burmeseclassic.com

ဘယ်သူများလဲ။ မော်ကြီးနဲ့လဲ့လဲ့ပဲ ရှိသည်။ သူတို့နှစ်ယောက်လုံးနဲ့လည်း အကြာကြီးဖုန်းပြောပြီးပြီ။ မော်ကြီးက သချာဂုဏ်ထူးပါပြီး လဲ့လဲ့ကတော့ ရိုးရိုးပဲအောင်သည်။ ဘာများပြောစရာရှိလို့ပါလိမ့်။ အတွေးနှင့် ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"ဝေလား"

မိန်းမတော့ မိန်းမအသံပင်။ ဒါပေမဲ့ မော်ကြီးနဲ့လဲ့လဲ့အသံမဟုတ်

"ဟုတ်ပါတယ် ဘယ်သူလဲ မသိဘူး"

တစ်ဖက်က စက္ကန့်ပိုင်းလောက် ဘာသံမှထွက်မလာဘဲနေပြီး

"ဝေ"

ဝေ့တစ်ကိုယ်လုံးရှိ အကြောအချဉ်တွေ တောင့်တင်းသွားပြီး အပျော်လေးတွေတောင် ဘယ်ဆီလွင့်ပြန့်ကုန်မှန်းမသိတော့။ တစ်ဖက် ထွန်းခေါင်ရဲ့ မမြင်ရပေမယ့် ဝေ့မျက်နှာကို တင်းပစ်လိုက်ပြီး

"ဘာလဲ ပြော"

"နင့်အတွက် ဝမ်းသာတဲ့အကြောင်းပြောချင်လို့ပါ ဝေရယ်"

"ဒါပဲမလား"

"ခဏလေး ဝေ၊ ဖုန်းမချလိုက်ပါနဲ့ဦးနော်"

"ပြော မြန်မြန်ပြော၊ ငါ သွားစရာရှိတယ်"

"ဘယ်သွားမှာလဲ ဝေ"

"ငါ့ဟာငါ ဘယ်သွားသွားပေါ့ ကဲ ပြောပါ"

"ငါအောင်လား မအောင်ဘူးလားဆိုတာ နင်မသိချင်ဘူး ဝေ"

"ကျတယ်မလား။ နင့်လိုလူမျိုးကျတာတောင် နည်းသေး





"ငါ့ကိုတော်တော်မေတ္တာရှိတာပဲနော်၊ ငါအောင်ပါတယ် ဝေ၊ ဒါပေမဲ့ ငါ ဝမ်းနည်းတယ် သိလား၊ ဘာကြောင့်လဲဆိုတော့ နင်နဲ့အတူ ဆေးတက္ကသိုလ် မတက်ရလို့ပဲ"

"ဟုတ်လား အဲဒီအတွက် စိတ်မကောင်းပါဘူး"

သူ ပြန်ပြောမှာကိုမစောင့်ဘဲ ဝေ ဖုန်းချပစ်လိုက်သည်။

"လဲ့လဲ့တို့မလား ဝေ ဝမ်းသာလွန်းလို့ သူတို့အောင်လားတောင် မမေးမိဘူး အောင်ကြတယ်မလား"

"အောင်ပါတယ်"

အခုဖုန်းဆက်တာသည် ထွန်းခေါင်ရဲ့ဆိုတာကိုတော့ သူ အနှောင့်အယှက်ဖြစ်မှာစိုးလို့ မပြောတော့ပါ။

"ဝေ ဘာစားချင်လဲဟင်"

ခြံထဲက ကားလေးထွက်တာနဲ့ ဝေ့ဘက်ကိုစောင်းငဲ့ကြည့်ပြီး မေးနေ၏။

"ဝေ တကယ်မိုက်ပြည့်နေတယ် ကိုဘုန်းသော်က စားချင်တာပေးပါ၊ ဝေ စောင့်ပေးမှာပေါ့"

"ဘာမှမစားဘူးဆိုပြီး ကတိပေးထားတာတော့ မဖျက်ရဘူးနော်"

ဝေက သူ့ကိုမကြည့်ဘဲ ပြုံးစိစိလေးလုပ်နေတော့ သူက အသည်းယားလာပုံနှင့် ဝေ့ကိုကြည့်ရင်း ကားမောင်းနေ၏။

"ကားကိုဖြောင့်ဖြောင့်မောင်းပါ။ တော်ကြာ ရည်းစားတစ်ယောက်ဆောင်မရလိုက်ဘဲ ကြွသွားဦးမယ်"

"ဟာ ဝေကလည်း ပြောလိုက်ရင် တစ်လုံးတစ်ခဲပဲ၊ လွဲပါစေဗျာ"

သူ စိုးရိမ်တကြီးဖြစ်သွားပုံကို ဝေ သဘောကျသွားရသည်။

"အင်းပေါ့လေ ဝေကတော့ ပျော်နိုင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဘုန်းသော်ကရော မပျော်ချင်ဘူးလား"

"ပျော်ချင်တာပေါ့ ဝေရယ်၊ ဘယ်လိုမေးလိုက်တာလဲ"

"ဒါဆိုလည်း ပျော်ပေါ့"

"ဝေမှ ဘာမှမပြောသေးဘဲ ကိုယ် ဘယ်လိုလုပ်ပျော်နိုင်မှာလဲ"

"ဝေ ချစ်တယ်လို့ပဲ ပြောမယ်ဆိုတာ ကိုဘုန်းသော်က သိပါတယ်"

သူက ဝေ့ကိုရွှန်းရွှန်းစားစား ကြည့်လိုက်သည်။

"ဒါဆိုကိုယ်နဲ့ဝေ တရားဝင်ချစ်သူတွေ ဖြစ်သွားကြပြီပေါ့နော်"

"အင်း"

သူပျော်သွားတာလေးကို ကြည့်ပြီး ဝေလည်း အရမ်းပျော်သွားသည်။

ချစ်သူတွေဖြစ်သည့် အထိမ်းအမှတ်အဖြစ် ဝေတို့နှစ်ယောက် တစ် နေကုန်လျှောက်လည်ပြီးမှ ဝေ့ကိုပြန်ပို့ပေးသည်။

"သွားတော့မယ်နော် ဝေ၊ ကိုယ် မဝင်တော့ဘူး"

ဝေ ခေါင်းလေးပဲညိတ်ပြလိုက်သည်။

"ညကျရင်ဖုန်းဆက်မယ်နော်"

"ဟင့်အင်း မဆက်နဲ့"

"ဘာဖြစ်လို့လဲ"

"ဘာပြောစရာရှိလို့လဲ၊ ဖုန်းက ဘာဘတို့တီဗွီကြည့်တဲ့နား ပြောရမှာ မဆက်နဲ့"

"ပေါက်ပြီ ပေါက်ပြီ ဝေနဲ့သီးသန့်ပြောဖို့အတွက် ဝေ့ကို ဖုန်း တစ်လုံး ကိုယ်လက်ဆောင်ပေးရမယ်"

"မယူချင်ပါဘူး"





"မယူချင်လို့မရဘူးလေ၊ ကိုယ်ဟိုရောက်ရင်လည်း အချိန်မရွေး ဆက်လို့ရအောင် ဝေ ဝယ်နိုင်တယ်ဆိုတာ ကိုယ်သိပါတယ်၊ ဝေ ကိုယ့်ကို အမြဲသတိရဖို့အတွက် ချစ်သက်လက်ဆောင်အဖြစ် ဝေ လက်ခံရမယ်၊ ကိုယ့်ရဲ့ကိုယ်ပွားလေးက ဝေ့နားမှာဖုန်းမပြောလည်း အမြဲရှိနေပြီး ဖုန်းပြောလည်း ဝေ့ပါးနားမှာ ကပ်နေမှာဆိုတော့ ကိုယ် အရမ်းဝယ်ပေးချင်တယ်"

ဒီလောက်ရှည်ရှည်ဝေးဝေးတွေ ရှင်းပြနေတော့လည်း သူ့အလိုကျ ဝေ ခေါင်းညိတ်မိလိုက်ပါသည်။ ဒီတော့မှ သူ ကျေနပ်သွားသည်။

"ဒါဆို ကိုယ်သွားမယ်နော် ဝေ"

"အင်း"

"ဝေ့ကို အရမ်းချစ်တယ်"

ဝေ အရမ်းရင်တွေခုန်သွားပြီး သူလက်ပြနေတာတောင် ပြန်မပြနိုင်တော့ပါ။ ဒီနေ့တစ်နေ့လုံးလည်း ဝေ ရင်တွေခုန်ရသည်။ သူ့ရဲ့ကြင်နာယုယမှုတွေနှင့် ဂရုတစိုက်ရှိမှုတွေသည် ဝေ့အတွက် ကျေနပ်ရင်ခုန်စရာတွေချည်းပင်။

ဝေ့ဘဝမှာ ဒီလိုသာယာမှုမျိုးကို သူနဲ့ကျမှ ဖြစ်ရတာပါ။ ဖေဖေအမေတို့ရှိစဉ်က ကြင်နာယုယမှုမျိုးနှင့် ချစ်သူ၏ယုယကြင်နာမှုမျိုးသည် အမှယောင်ယောင်နှင့်မတူပါ။

ချစ်သူဖြစ်စနေ့မို့ ထိန်းသိမ်းတာလား မသိ၊ ဝေ့ကိုလက်ကလေးကိုင်ဘာကလွဲလို့ တခြားကိစ္စတွေကို ထိန်းသိမ်းနိုင်သည်။

ဝေ အဝတ်အစားလဲပြီးတာနှင့် သူ့အကြောင်းတွေးရင်း တစ်ခါ ည်း အိပ်ရာဝင်လိုက်သည်။

ဝေ့ဘဝကို ဒီလိုရင်ခုန်မှုမျိုးတွေပေးတဲ့ ရှင့်ကို ဝေ ဘယ်တော့မှ မေ့မှာမဟုတ်ဘူး ကိုဘုန်းသော်က။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ သူနဲ့ဝေက နှစ်တွေအကြာကြီး ခွဲရဦးမည်။ ဒီအတွက်တော့ အခုကတည်းကပင် ဝမ်းနည်းမှုတွေဖြစ်ရသည်။ ချစ်သူတွေဖြစ်သွားကြပြီ ဆိုတော့လည်း ဒါသဘာဝပါပဲ။ ဝမ်းသာမှု ဝမ်းနည်းမှု ပျော်ရွှင်မှု လွမ်းဆွေးမှုတွေကို ဝေ ကြုံတွေ့ရဦးမှာပါ။

■ ■ ■

## အခန်း (၂၄)

ဝေ အကြောက်ဆုံးဖြစ်သည့် သူနဲ့ဝေ ခွဲရမည့်နေ့သည် မဖြစ်မနေ ရောက်လာခဲ့ပြီ။ တစ်မိမ်းယောက်ျားတစ်ယောက်ကို အဲဒီလောက်အထိ စွဲစွဲလန်းလန်း ချစ်သွားမိမည်ဟု တစ်ခါဖူးမှမတွေးဘူးပါ။

ဒါပေမဲ့ ဝေကတော့ အရာအားလုံးကိုမေ့စွာ သူဆိုသည့် ကိုကို အရူးအမူးကိုချစ်သွားမိပါပြီ။

အနောက်တိုင်းဝတ်စုံ အနက်ဝမ်းဆက်နှင့် ကိုက လူကြီးလူကောင်းတစ်ယောက်သဖွယ် တည်ကြည်ခန့်ညားနေ၏။ ဝေ့ကိုယ်ဝေတောင် ဆင်အောင် ညကလည်း တစ်ညလုံးငိုပြီးသွားပြီ။ ဒီမနက်အိမ်က အထွက်မှာလည်း ဝေ ငိုသေးသည်။

ကြီးကြီးနဲ့ဘဘက ဝေ့အခြေအနေကို တိတ်တိတ်သာ အကဲခတ်နေသည်။

လေယာဉ်ကွင်းအဆောက်အဦး၏ထိုင်ခုံတွေမှာထိုင်ရင်း ကိုကို လိုက်ပို့သူတွေအားလုံးက ကိုနဲ့ဝေ့ကို လွတ်လွတ်လပ်လပ် စကားပြောစေ၏။

"ဝေ သိပ်ခံစားနေရလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



ဝေ့လက်ကလေးကိုကိုင်ပြီး ကို မေးမှ ချက်ချင်းပင် မျက်ရည်တွေ ရစ်သိုင်းလာသည်။

"ကိုယ်လည်း အရမ်းခံစားနေရပါတယ် ဝေရယ်"

"ကို"

"ပြောလေ ဝေ"

"တကယ်ဆို ကို မသွားတော့လည်း ဘာမှမဖြစ်ပါဘူး"

"ကိုယ်ပြောပြီးပြီလေ၊ အားလုံးစီစဉ်ပြီးသွားလို့ပါလို့၊ ဟိုမှာလည်း ပေးထားတဲ့ကတိကို တည်ချင်တယ်လေ၊ မကြာပါဘူး ဝေရယ်၊ သုံးနှစ်ထဲပါ။ သုံးနှစ်ပြည့်တာနဲ့ အပြေးပြန်လာမှာ"

"သုံးနှစ်မပြောနဲ့ ကိုနဲ့ခဏလေးတောင် ခွဲချင်တာမဟုတ်ဘူး"

ပြောရင်း ဝေမျက်ရည်ကျတော့ ကိုက အိတ်ထဲက လက်ကိုင်ပဝါ လေးထုတ်ပြီး ဝေ့မျက်ရည်တွေ သုတ်ပေးနေ၏။

"မငိုပါနဲ့ ဝေရယ်၊ ဝေက အရမ်းစိတ်ခိုင်တာဆို"

"ကိုယ်က ဒီအချိန်မှာနောက်နိုင်သေးတယ်နော်"

"နောက်တာမဟုတ်ပါဘူး ဝေရယ်၊ ဝေ စိတ်သက်သာအောင် ပြောတာပါ"

နောက်ထပ် မျက်ရည်မကျအောင် ကြိုးစားထိန်းချုပ်နေသော ဝေ့ ကို ကိုယ်ကမျက်တောင်မခတ် ကြည့်နေ၏။

အနက်ပေါ်မှာ အစက်အဝါလေးတွေပါသော ပိတ်စကို အကျီနှင့် စကတ်ဝမ်းဆက်ချုပ်ကာ လည်ပင်းမှာလည်း အနက်ရောင်ပဝါလေးစည်းထား သော ဝေက လာတုန်းကတော့ စမတ်ကျကျလာပြီး အခုမှ ကလေးတစ် ယောက်လို မျက်ရည်မဆည်နိုင်ဖြစ်နေတာကို ရှက်လည်းမရှက်နိုင်တော့ပါ။

"ဟိုရောက်ရင် ဝေ့ကို မမေ့သွားနဲ့နော်"





ဝေက ခံစားချက်အပြည့်နှင့်ပြောလိုက်တာကို ကိုယ် ရယ်နေတော့ စိတ်တိုသွားမိသည်။ ချက်ချင်းပင် မျက်နှာအမူအရာပြောင်းသွားတော့ ဝေ့ မေးစေ့လေးကိုကိုယ်က ကိုင်လိုက်ပြီး

"ဒီလောက်ချစ်စရာလည်းကောင်း၊ ကိုယ့်ကိုယ်လည်း သိပ်ချစ် တဲ့ကလေးလေးကို မေ့စရာလားကွယ်၊ မေ့မယ့်မေ့ ဝေလေးကသာ ကိုယ့်ကို မေ့မှာ ဝေ"

ကိုယ်ခေါ်တော့ ဝေက အကြည့်လေးနှင့်သာ ပြန်ထူးပြီး ကျေနပ် နေသော အကြည့်တွေနှင့် ကိုယ့်ကိုကြည့်နေမိသည်။

"ကိုယ်မရှိတဲ့အချိန်မှာ ဝေ အလှတွေသိပ်မပြင်ပါနဲ့"

ဘာများပြောမလဲ နားထောင်နေရာက ကိုယ်ပြောလိုက်တော့ ဝေ ရယ်ချင်သွားပေမယ့် ကိုယ့်မျက်နှာ ခပ်မှိုင်းမှိုင်းကိုကြည့်ပြီး မရယ်ရက် တော့ပါ။

"ဝေ ဘယ်မှာအလှပြင်လို့လဲ"

"အလှမပြင်လည်း ဝေက သိပ်လှတယ်လေ၊ ဖြစ်နိုင်ရင် အပြင် လည်း မထွက်နဲ့ ဝေရယ်၊ ကိုယ် လုံးဝစိတ်မချဘူး။ ထွန့်ခေါင်ရဲလို ခပ် ချောင်ကောင်မျိုးလေးနဲ့ဆို ပိုဆိုးတယ်"

"ကိုယ်က အစိုးရိမ်ပိုနေတာပါ၊ ဘယ်သူတွေ ဘာတွေဖြစ်ဖြစ် သော အဓိကပါပဲ၊ ဝေမပါရင် ပြီးတာပဲ၊ ကိုယ့်ဝေ့ကို စိတ်ချပါ၊ နောက်နေ့က ပြီး ဝေဘယ်မှ မထွက်တော့ဘူးနော်"

"အရမ်းလိမ္မာတာပဲ ဝေရယ်၊ ဒါကြောင့် ဝေ့ကိုသိပ်ချစ်ရတာ"

လူတွေရှေ့မှာသာ မဟုတ်ရင် ဝေက ကိုယ့်ရင်ခွင်ထဲမှာ မှီနွဲ့ နေမှာ သလို ကိုယ်ကလည်း ဝေ့ကို ပွေ့ဖက်ထားမှာပါ။ အခုတော့..

"ညတိုင်း ဖုန်းဆက်မှာနော် ဝေ၊ ကိုယ်ပေးထားတဲ့ ဖုန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



ငေ့ကိုယ်နဲ့မကွာ ထားရမယ်''

''ဟုတ်ကဲ့ပါ''

''နောက်ပြီး ဝေတစ်ယောက်တည်း ကားမမောင်းပါနဲ့၊ ကားမောင်းတာကိုလည်း စိတ်မချဘူး။ တစ်ယောက်တည်း သွားတာလာတာလည်း စိတ်မချဘူး''

''အင်းပါ''

''ကျောင်းတက်ရင်လည်း အဘနဲ့ပဲ သွား''

ဝေက မကြာသေးခင်ကမှ ကားမောင်းတတ်သွားသည့်အတွက်ကို စိတ်မချဖြစ်နေခြင်းဖြစ်သည်။

''ကိုယ်မှာတာတွေ မမေ့နဲ့နော် ဝေ''

''အင်းပါ ကိုရဲ့၊ နောက်ထပ် ဘာမှာဦးမလဲ''

''ဘာမှာရဦးမှာလဲဆိုတာ စဉ်းစားနေတာ၊ ဝေ ဘာလုပ်မလို့လဲ''

''ကိုယ့်မိဘဆွေမျိုးတွေနဲ့ သွားစကားပြောလိုက်ပါဦး''

''ဖေဖေနဲ့မေမေက အိမ်မှာအဝပြောပြီးသား။ တခြားသူတွေနဲ့ ဘာမှ ထွေထွေထူးထူး ပြောစရာမရှိဘူး''

''အဲဒီလိုလည်း မဟုတ်ဘူးလေ ကိုယ်ရယ်၊ တော်ကြာ မျက်စေ့နောက်နေဦးမယ်''

''ဘယ်က မျက်စိနောက်ရမှာလဲ၊ ကျေနပ်နေတာ၊ ဝေက အရမ်းငယ်သေးလို့ နို့မို့တစ်ခါတည်း လက်ထပ်ပြီး ခေါ်သွားတယ်''

ကိုယ့်ရဲ့မချင့်မရဲအပြောကြောင့် ဝေ့ရင်တွေ လှိုက်ခနဲ ခုန်သွားသည်။

''ကိုယ် သုံးနှစ်ကြာလို့ ပြန်လာရင် ဝေလည်း အသက်နှစ်ဆယ်ပြည့်တော့မယ်၊ အဲဒီကျရင် လက်ထပ်ကြမယ် ဝေရယ်နော်''



''ဟင် အဲဒီအချိန်မှ ကျောင်းက သာ့ဒ်ရီးယားပဲ ရှိဦးမှာပေါ့''

''ဘာဖြစ်လဲ ဝေရဲ့၊ အိမ်ထောင်ပြုပြီးမှ ကျောင်းဆက်တက်တဲ့သူတွေအများကြီး၊ အဓိကက စီးပွားရေးပြေလည်ဖို့ပါပဲ''

အခုချိန်မှာတော့ ကိုယ်စိတ်ချမ်းသာအောင် ဝေက ခေါင်းပဲငြိမ်ငြိမ်ညိတ်ပေးနေသည်။ အဲဒီအချိန်ကျတော့လည်း ကိုယ့်ကိုလှည့်ပတ်ပြီး ချော့ရမှာပေါ့။

သိပ်မကြာခင်မှာ ကိုယ်သွားမည့်ခရီးစဉ်အတွက် အချိန်ရောက်လာပြီ။ အားလုံးဝိုင်းနှုတ်ဆက်သူတွေကြားမှာ ကိုယ်က ပါးစပ်အငြိမ်မနေရသလို မျက်လုံးတွေကလည်း ဝေ့ဆီမှာပဲ ရစ်ဝဲနေ၏။

ဝေ မငိုမိအောင် အံကြိတ်တင်းတင်းကြိတ်ပြီး ထိန်းချုပ်ထားလိုက်သည်။

''ဝေ ကိုယ်သွားမယ်နော်၊ ကိုယ်မှာတာတွေ မမေ့နဲ့၊ အထူးသဖြင့် ကျန်းမာရေးကိုဂရုစိုက်ပါ''

ဝေ့ပခုံးလေးနှစ်ဖက်ကို ကိုင်ပြီး ကိုယ်မှာနေတော့ အားလုံးက ဝေတို့နှစ်ယောက်ကို ဝိုင်းကြည့်နေ၏။

''ကိုယ်လည်း ကျန်းမာရေးကို ဂရုစိုက်နော်''

ဝေ့ရဲ့နောက်ဆုံးစကားလုံးတွေက ပလုံးပထွေးနှင့်

ကိုယ် အားလုံးကို ကျော်ခိုင်းလိုက်တာနှင့် ဝေ ကြီးကြီးရင်ခွင်ထဲဝင်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်ပါသည်။

ကြီးကြီးက ဝေ့ကိုယ်လေးကို ထွေးပွေ့နှစ်သိမ့်ပြီး ကိုယ်သွားရာသို့သာ မျက်ရည်အဝဲသားနှင့် လှမ်းကြည့်နေ၏။ ကိုယ့်မေမေ အန်တီမူကတော့ ဆူကိုကြင်နာစွာကြည့်ပြီး မျက်ရည်တွေ တစ်ပေါက်ပေါက်ကျနေသည်။

အပြန်ခရီးမှာတော့ ဝေ့ရင်တစ်ခုလုံး ဟာနေသလို ခံစားရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါပြန်လာရင် သားကိုဘယ်တော့မှခွဲပြီး မလွှတ်တော့ဘူး။ မင်းတို့မိန်းမတွေမပြောနဲ့ ငါတောင် အရမ်းခံစားရတာ"

ကိုဖေဖေစကားကြောင့် ဝေ အားတွေတက်သွားရတာအမှန်ပင်။ ဝေ အရမ်းလွမ်းတယ် ကိုရယ်။

■ ■ ■

## အခန်း (၂၅)

"အဲဒီလောက်လည်း ဖြစ်မနေစမ်းပါနဲ့ဟာ၊ သုံးနှစ်ဆိုတာ ခဏ
ပဲ"

"အေးပါ နင်က မခံစားဘူးတဲ့သူဆိုတော့ ပြောထားပါ၊ နင်
...ရရင် ငါ့လိုမခွဲရပါစေနဲ့ ဆုတောင်းပါတယ်"

ဝေ့ရဲ့ငေါ့တော့တော့လေး ဆုတောင်းကို လှဲလှဲမျက်နှာကြီးရှုံ့မဲ့ပြီး

"ဆုတောင်းပေးစရာကိုမလိုဘူး၊ ငါက ရည်းစားထားတည်းက
...မှာအလုပ်သွားလုပ်တဲ့လူမျိုးကို ဝေါင်စေါင်ရွေး ဝေးဝေးရှောင်မှာ"

"သိပ်လည်း အပြောမကြီးနဲ့ မိလှဲမရေ နင်နဲ့ရည်းစားမဖြစ်ခင်က
...သဲ နင်နဲ့ရည်းစားဖြစ်ပြီးမှ သွားလုပ်မယ်ဆို နင်ဘာတတ်နိုင်မလဲ"

ဝေ့ဘက်က ဝင်ပြောပေးသော မော်ကြီးစကားကိုဝေကထောက်ခံ
...ပ်း ဟုတ်တယ်ဟု ပြောလိုက်သည်။

"အမလေး-လုံးဝ အဲဒီလိုမဖြစ်စေရအောင် အီစကိုဝိုင်းက ကိုယ်ဒါ

www.burmeseclassic.com



ဆို ဒါရတဲ့သူကိုပဲ ရည်းစားတော်မှာ''

''အံမယ် နင်ပြောပုံဆိုပုံက ဝေကပဲ သူ့ချစ်သူ ကိုဘုန်းသော်
ကိုမပိုင်သလိုလို''

''ဟုတ်တယ်လေ ပိုင်မှမပိုင်တာ''

မော်ကြီးရဲ့ချွန်တွန်းစကားကို လှဲလှဲကလည်း မဆိုင်းမတွပင် ဖေ
ဖွဲ့လိုက်၏။

''ဟဲ့ ဝေ နင်ဘာလို့ငြိမ်ခံနေတာလဲ၊ ပြန်ပြောလေ''

''ပြောပါစေဟာ သူပြောတာ ဟုတ်တယ်လို့ပဲ ထားလိုက်
တော့''

''ဒါဆို နင်က ကိုဘုန်းသော်ကကြီးကို မညားခင်ကတည်း
ကြောက်နေရတာပေါ့''

''ချစ်တာဟ ဒါတွေနင်တို့ကိုပြောပြလို့လည်း နားလည်မှာမ
ပါဘူးလေ၊ ဘာလို့လဲဆိုတော့ နင်တို့မှမချစ်တတ်ကြတာ''

ဝေ့စကားကြောင့် နှစ်ယောက်သား မျက်စောင်းထိုးပြီး
ပြောကုန်ကြသည်။

''အလကားပါ ဝေရာ၊ ကိုဘုန်းသော်က နင့်ကိုဘယ်လော
ဘယ်လောက်အလိုလိုက်တယ်ဆိုတာ ငါတို့သိတာပေါ့၊ အခုလိုသွား
လည်း နင်တို့ရှေ့ရေးအတွက်တဲ့၊ သူလည်းနင့်ကိုလုံးဝ ခွဲချင်တာမဟုတ်

''မခွဲချင်ရင် မသွားနဲ့ပေါ့''

''ဒီမှာနေတော့လည်း ဘာမှမထူးမယ့်အတူတူ ဟိုမှာသွား
လုပ်တော့ ပိုက်ဆံတွေအများကြီးရတာပေါ့''

ဘာလုပ်ရမှာလဲ ပိုက်ဆံ။

ဝေက ငွေထက် မေတ္တာတရားကို မြတ်နိုးသူဖြစ်သည်။





...ဆန္ဒပြင်းပြနေသည့်အတွက်သာ ဝေ မတားတာ။ အစပိုင်းမှာပြောကြည့်
...သည်။ ဒါပေမဲ့ မရပါ။ နောက်ဆုံးတော့ ဝေပဲလက်လျှော့လိုက်ရသည်။

''နင့်ကို ငါတို့ဆီမှာအပ်ထားခဲ့တယ်နော်၊ တစ်ခုခုအကြောင်းထူး
... ဖုန်းဆက်တဲ့၊ သူ ချက်ချင်းပြန်လာမယ်ဆိုပဲ''

''ငါက ဘာလုပ်မှာမို့ တစ်ခုခုထူးရင်လို့ သူက ပြောရတာလဲ''

''နင်ကလည်းဟယ် သူက နင့်ကိုစိတ်မချဘူးလေ၊ အထူးသဖြင့်
...ခေါင်ရဲနဲ့ တက်ရမယ့်ကျောင်းချင်းကွဲသွားလို့ တော်သေးတယ်''

ကို့အကြောင်းပြောရင်း လွမ်းဆွတ်သည့်စိတ်ကလေးနဲ့ ဗီးလ်ဖြစ်
...ည့် ဒီနာမည်ကြားလိုက်ရတော့ ဝေ့မျက်နှာတစ်ပြင်လုံး သုန်မှုန်သွားရ
...သည်။

''နင်တို့ကလည်းဟယ် အဲဒီ ကျက်သရေတုံးအကြောင်း မပြော
...ပါနဲ့၊ နားခါးလွန်းလို့ပါ''

''အခုတလော ဒီကောင် ငြိမ်ချက်သားကောင်းနေတယ်မလား။
...မတွက်နဲ့နော်၊ ကိုဘုန်းသော်က နိုင်ငံခြားပြန်သွားပြီဆိုတော့ ကျိန်းသေ
... တစ်စခန်းထလာမှာ''

''ဒါတော့ ဟုတ်တယ်၊ နင့်ကိုအသည်းအသန် အရူးအမူးဖြစ်နေတဲ့
... ဒီလောက်ငြိမ်ချက်သားမကောင်းနိုင်ဘူး''

''နင်တို့ကလေ ထင်တာတွေနဲ့ ရမ်းတုတ်နေတော့တာပဲ၊ ဘယ်
...ော် အရူးအမူးဖြစ်ဖြစ် တခြားယောကျ်ားတစ်ယောက်နဲ့ချစ်သူဖြစ်သွား
...ကို ဘယ်ယောကျ်ားက ဖွဲနပဲရှိနေနိုင်တော့မလဲ၊ သူလည်း သူ့ဟာနဲ့
...ော့ စွံပြီးသားပါ၊ ငါကသာ ဖွတ်တရွတ်လုပ်လို့ ကြည့်မရဖြစ်နေတာ၊
... သဘောကျတဲ့ကောင်မလေးတွေ အများကြီး''

''နင့်မှာချစ်သူရှိပေမယ့် ယောကျ်ားရှိတာမှမဟုတ်တာ၊ နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ လက်မလျှော့ဘူးလို့ ပြောသွားတာ နင်မမှတ်မိဘူးလား"

"အဲဒါပြောတာကြာပြီ၊ သူ့ဟာသူတောင် မေ့နေလောက်ပြီ၊ ထေ

ပြီဟာ၊ သူ့အကြောင်းမပြောနဲ့တော့"

ဝေ့ရဲ့ခပ်ပြတ်ပြတ်အပြောကြောင့် လဲ့လဲ့က ပခုံးနှစ်ဖက်တွန့်ပြီး

ငြိမ်သွားသည်။

"ထွဋ်ခေါင်ရဲအကြောင်းမပြောနဲ့ဆို တခြားတစ်ယောက်အကြော

ပြောမယ် နင် နားထောင်မလား ဝေ"

"ဘယ်သူ့အကြောင်းလဲ"

ဝေက မျက်ခုံးနှစ်ဖက် အတွန့်ချိုးပြီးမေးနေတော့ မော်ကြီးတို့

ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး စပ်ဖြဲဖြဲလုပ်နေကြသည်

ဝေ ရိပ်မိသလိုလိုရှိသွားရကာ

"ရောင်စဉ်အကြောင်းမလား"

"ဟယ် နင်က ဘယ်လိုလုပ်သိလဲ ဝေ"

"နင်တို့အဲဒီလောက် နီဒါန်းပျိုးနေကတည်းက သိပြီးသား။ နော

ပြီး မမသင်းရောက်နေတဲ့အကြောင်း မမခိုင် ငါ့ကိုပြောပြီးပြီ"

"ဟုတ်လား မမသင်းက ဘာတွေပြောသေးလဲ ဝေ"

"ငါ နေကောင်းလား ရောင်စဉ်ကလည်း အရမ်းသတိရနေတ

ဆိုတဲ့အကြောင်းပေါ့ဟာ၊ ဟားတိုက်လို့သာ ရယ်ပစ်လိုက်ချင်သေးတယ်"

"ဘာ ဘာဖြစ်လို့လဲ ဝေ"

"ဘာဖြစ်ရမှာလဲ သူ့မောင်ဘက်က ဖာထေးပြောပေးနေတဲ့ မ

သင်းကို သနားလို့ပေါ့"

မော်ကြီးက ခေါင်းတစ်ခုလုံး ပြုတ်ကျမတတ် ခါရမ်းလိုက်ပြီး

"မမသင်း ဖာထေးပြောတာမဟုတ်ဘူး ဝေ၊ ရောင်စဉ်တကယ်





နင့်ကိုသတိရနေတာ"

"မော်ကြီး နင်လည်း ရောင်စဉ်အတွက်ဆို အမြဲဖာထေးနေတာပဲ

နော်"

မော်ကြီး ဝေ့ကိုမျက်စောင်းထိုးလိုက်၏။

"နင် မယုံချင်နေလေ၊ ဒါကို မမသင်းပြောတာမဟုတ်ဘူး။ မမ

သဒ္ဒါက ငါ့ကိုပြောတာ၊ နင့်ကိုပြန်မပြောပါနဲ့လို့ သေသေချာချာ ပိတ်ထား

တာ"

"ငါ့ကိုပြောတော့ ဘာဖြစ်လို့လဲ"

"နင် မယုံမှာစိုးလို့ပေါ့၊ နောက်ပြီး နင်ကချစ်သူလည်းရသွားပြီ

လေ၊ နင် ချစ်သူရသွားပြီဆိုတာလည်း သိရော ရောင်စဉ် အရမ်းဆွေးသွား

တာတဲ့"

"ဖြစ်မှဖြစ်ရလေခြင်း။ ငါ့ဟာငါ ရည်းစားရသွားတာ သူက ဘာ

ကြောင့်ဆွေးရတာလဲ၊ ကိုယ်တိုင်ကလည်း ရည်းစားအနားမှာရှိပြီ၊ ဘာလဲ

သူက ငါးရံ့နှစ်ကောင်ဖမ်းချင်သေးလို့လား"

"နင် ဖုန်းဆက်ပြီး မေးကြည့်လိုက်ပါလား"

မော်ကြီးရဲ့စပ်ဖြဲဖြဲအပြောကြောင့် ဝေ အသံတိတ်မေတ္တာပို့လိုက်

သည်။

"ဘာပဲဖြစ်ဖြစ်လေ နင်က သူ့ရဲ့ငယ်ငယ်လေးတည်းက သံယော

ဇဉ်တွယ်ရတဲ့ အချစ်ဦးပဲ"

"ဘာအချစ်ဦးလဲ"

မော်ကြီးလက်မောင်းကို ဝေ ဖျတ်ခနဲရိုက်ပြီး ခပ်ရှုရှုကြီးပြောလိုက်

သည်။

"နာလိုက်တာ ဝေရယ်၊ နှစ်ဦးသဘောတူ သူချစ်ကိုယ်ချစ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြသေးပေမယ့် ရောင်စဉ် အရင်ဦးဆုံးချစ်ရတဲ့သူမို့ အချစ်ဦးလို့ပြောတာပါ ဟယ်''

''တော် တော် အဲဒီတစ်ယောက်အကြောင်းလည်း မပြောနဲ့တော့''

''ဘယ်သူ့အကြောင်းမှမပြောနဲ့ဆို ငါတို့ပါးစပ်တွေကို စားစရာ တစ်ခုခုနဲ့ပိတ်ပေးလေ''

''အဲဒီလိုမှ ပြောပါ့မလားလို့၊ အငတ်မတွေ''

ဝေဝေ ပွစိပွစိပြောရင်း တစ်ခုခုစားဖို့အတွက် နောက်ဘက်ခေါ် လာခဲ့သည်။

■ ■ ■

## အခန်း (၂၆)

ဝေ ဆေးတက္ကသိုလ် ပထမနှစ်တက်နေတာ တစ်ပတ်ရှိပြီ။ ဝေက ကိုယ်တိုင်ကားမောင်းပြီး ကျောင်းတက်ချင်ပေမယ့် ဘဘနဲ့ကြီးကြီးက လုံးဝ ခွင့်မပြု။ ကိုကလည်း ဝေ့ကိုတင်မဟုတ် လူကြီးတွေအကုန်လုံးကို တတွတ်တွတ်မှာနေတာကို။

ကိုယ်အဖြစ်သည်းပုံကတော့ ပြောတောင်မပြောချင်ပါ။ တစ်နေ့ကို သုံးခါလောက်ဖုန်းဆက်ပြီး တစ်ခါပြောလျှင်လည်း မိနစ်နှစ်ဆယ် အစိတ် လောက်ကြာတတ်သည်။

ဖုန်းဖိုးနဲ့မွဲတော့မယ်ကိုရယ်ဟု ဝေပြောတော့ ရပါတယ်လို့ပြော၏။

နောက်တစ်မျိုးထပ်ပြီး စာတွေအရမ်းများနေတယ်ပြောမှ ညဘက် တစ်ခါပဲဆက်ဖို့ သဘောတူလိုက်သည်။

ညဘက်ဆက်သည့်တစ်ခါကလည်း ဘာပြောစရာရှိမှာလဲ။ သတိ ရတာတွေ လွမ်းတာတွေ ဒါတွေချည်းထပ်နေသောအကြောင်းတွေ ဖြစ်သည်။ မျက်နှာချင်းမမြင်မတွေ့ရပေမယ့် ကိုအသံလေးကြားနေတော့လည်း အလွမ်းတွေ ပြေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကျောင်းပိတ်ပြီး ကျူရှင်ပဲတက်ရသည်။

ဆေးကျောင်းသည် စာတွေအများကြီး ကျက်ရမှတ်ရပေမယ့် ဝါသနာပါလို့လားမသိပါ။ ဝေကတော့ စိတ်မညစ်ဘူး။ နောက်ပိုင်း ဒီထက် စာတွေပိုများလာရင် စာနဲ့ပဲ နပန်းလုံးပြီး အိမ်ပြင်ထွက်ရမှာတောင် မဟုတ်တော့ဘူး။

ဒါကြောင့် ဒီနေ့ မော်ကြီးတို့အိမ်သွားဖို့ ဆုံးဖြတ်လိုက်သည်။ လုံ့လုံ့ကိုပါ ခေါ်ထားဖို့နှင့် မော်ကြီးအမေလက်ရာဖြစ်သော တရုတ်ဝက်သား ဆီထမင်းထိုးထားပါဟု ဖုန်းဆက်ပြောလိုက်သည်။

နေ့လယ်ခင်း ဒါရိုက်ဘာအဘကြီး တရေးတမောအိပ်နေချိန်မှာ ဝေ တစ်ယောက်တည်း ကားမောင်းသွားမှာဖြစ်ကြောင်း မမခိုင်ကို တိုးတိုး တိတ်တိတ် မှာထားခဲ့သည်။

မမခိုင်က အစပိုင်းမှာ အတင်းတားသေးသော်လည်း နောက်ဆုံး ဝေ့ကို လက်လျှော့လိုက်ရတာဖြစ်သည်။

အိမ်ကထွက်စမှာတော့ ချောချောမွေ့မွေ့ပင်။ လမ်းတစ်ဝက် လောက်အရောက်မှာ ကားထိုးရပ်သွားသည်။

''ဟောတော့''

စက်ပြန်နှိုးလို့လည်း မရ၊ ဒီလမ်းတွေသည် ကိုယ်ပိုင်ခြံဝင်းတွေနှင့် နေသည့်လမ်းမို့ ကားရောလူရော ရှင်းသည်။ ဘာလုပ်ရမှန်းမသိဖြစ်နေစဉ် မှာ ကားတစ်စီး မျက်နှာချင်းဆိုင်က မောင်းလာတော့ ဝေ တားလိုက်သည်။

''ဘာဖြစ်လို့လဲ ညီမလေး''

''ကားထိုးရပ်သွားတယ်၊ ကြည့်တတ်ရင် ကြည့်ပေးပါလား''

ဝေ့ကိုမေးသော လူရွယ်က ခေါင်းညိတ်ပြပြီး ဝေ့ကားဆီလျှောက် သွား၏။





''ကားက ဆီမှမရှိတော့တာ''

''ဟုတ်လား''

ဝေ ရယ်ကျဲကျဲလေးနဲ့ ပြန်မေးပြီး

''ဒါဆို တစ်ခုလောက် ကူညီပါလားရှင်''

''ဆီလိုချင်လို့လား''

''ဟုတ်ကဲ့ နည်းနည်းလောက် ပြန်ရောင်းပါလား''

''ရပါတယ် ကူညီရမှာပေါ့၊ ဘယ်လောက်လိုလို့လဲ''

''ဟိုလေ အင်းစိန် (...)လမ်းကိုသွားမှာ၊ သွားစရာရှိပေမယ့် မသွားတော့ပါဘူး။ အဲဒါ အဲဒီအထိလောက်မယ့် ပမာဏပေါ့''

''ရပါတယ် အခုထွက်လာတာ အင်းစိန်ကပေါ့''

''ဟုတ်ကဲ့''

''အဲဒါ ဆီမလောက်ဘူးဆိုတာ မသိဘူးလား''

လူရွယ်၏အမေးကြောင့် မချိပြုံးလေး ပြုံးလိုက်ပြီး အမှတ်တိုင်း ပြောဖို့ ဆုံးဖြတ်လိုက်သည်။

''ကျွန်မက ကားမောင်းတတ်တာ သိပ်မကြာသေးဘူးရှင့်၊ ဒီတော့ ဆီကုန်တာတွေ ဘာတွေ ကျွန်မမသိဘူး။ အဟီ မောင်းတတ်ခါစဆိုတော့ မောင်းချင်တာတစ်ခုပဲသိတယ်''

''ဩော် ဒီလိုကို''

''ဒီလို ဒီလို''

''ဒါဆို ဒီကညီမကားထဲကို ဆီထည့်ဖို့က တို့ပဲလုပ်ပေးရမယ်ဆို ပါတော့''

''ဟုတ်တယ်လေ ကျွန်မ ဘာမှမလုပ်တတ်ပါဘူးလို့ ပြောပြီးပြီပဲ''

''ရပါတယ် ခဏစောင့်၊ ဟို ခြံထောင့်လေးနားမှာ သွားစောင့်နေ ပါလား''



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်တောင် ကြာမှာမို့လဲ"

ဝေက မှုန်ကုတ်ကုတ်မျက်နှာနှင့်မေးတော့ တစ်ဖက်လူရွှယ်က ခပ်တည်တည်မျက်နှာထားနဲ့

"နည်းနည်းတော့ ကြာမှာပေါ့၊ ချက်ချင်းတော့ ပြီးမလား"

"ချက်ချင်းမပြီးဘူးဆိုတာတော့ သိတာပေါ့၊ သိပ်မကြာရင် ကျွန်မ ဒီမှာပဲစောင့်ပြီး ကြည့်နေမှာပေါ့"

"တို့ကိုမယုံလို့ ကြည့်နေမှာလား"

"ဘာကိုလဲရှင့်"

တစ်ဖက်လူမေးလိုက်တာကို ဝေ တကယ်နားမလည်ပါ။

"တစ်ဂါလံပဲထည့်ပြီး နှစ်ဂါလံလို့ပြောမှာစိုးလို့မလား"

အခုမှပင် ဝေ သဘောပေါက်သွားရကာ

"ဒါတော့ ကိုယ့်ဖာသာကိုယ် မလုံတာပဲ"

"ကဲပါ ဟိုနားမှာသာ သွားစောင့်နေပါ"

"မစောင့်ဘူးရှင်၊ ဆီထည့်တာ ဘာကြာလို့လဲ"

ဒီလောက်နှင်နေတော့ ဝေ မသက်ာဖြစ်လာသည်။ ဒါရိုက်ဘာ အဘကြီးတစ်ခါတလေ ဝေနဲ့သွားစရာရှိတာသွားရင် ဆီဆိုင်မှာ ဆီဝင်ထည့်ရသည့်အခါရှိသည်။ ဘာကြာလို့လဲ။ ခဏလေး။ ဆီထည့်ဖို့ တန်းစီရတာသာ ကြာတာ။

ဝေ ကားနားမှာပဲ ပေပြီးရပ်နေလိုက်သည်။

"ဝေ"

"အမလေး"

ဝေ့ကိုဆီထည့်ပေးမည့်လူက ဝေ့ကိုခပ်စူးစူးကြည့်နေရင်း ခေါင်း ငိုက်စိုက်ဆောင်းထားသော ဦးထုပ်နှင့်မျက်နှာတစ်ဝက်နီးပါး အုပ်နေသည်





နေကာမျက်မှန်ကို ချွတ်လိုက်သည်။

ဘုရား ဘုရား ထွဋ်ခေါင်ရဲပါလား။

ဒီလောက်ထိ တုံးရလားဟု ဝေ ကိုယ့်ကိုယ်ကိုယ် ဒေါသတွေပဲ ဖြစ်နေမိသည်။

"ဒါဘာသဘောလဲ ထွဋ်ခေါင်ရဲ"

ဝေက ခါးထောက်ပြီး အကြည့်စူးစူးနှင့်မေးတော့ ထွဋ်ခေါင်ရဲ မဝံ့မရဲအသံလေးနဲ့

"ဝေ ဘာကိုပြောတာလဲဟင်"

"နင် ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ၊ ဝေ့ကိုတွေ့ချင်လွန်းလို့ပါ ဘာညာပြောဦးမလို့လား"

"နေ နေပါဦး ဝေ၊ တို့ ဝေ့ကိုဘာလုပ်လို့လဲ၊ တို့ ဝေ့ကိုကူညီမှာ မလား"

"အဲဒီလိုတွေ ကူညီခွင့်ရ ငါကကျေးဇူးတွေတင်အောင် နင် တမင် ဖန်တာမလား"

"ဘယ်လိုဖန်ရမှာလဲ ဝေရယ်၊ ဝေ့ကားထဲမှာ ဆီကုန်အောင် တို့က ဘယ်လိုဖန်ရမှာလဲ၊ ဝေ့ကိုတွေ့ချင်လို့ နေ့တိုင်း ချောင်းနေတယ်ဆိုတာ ဝန်ခံပါတယ်၊ အခု ဝေ တစ်ယောက်တည်း ထွက်လာတာတွေ့လို့ ဝမ်းသာသွားတာလည်းအမှန်ပဲ၊ ဝေ့ကားဆီကုန်တာကတော့ တိုက်ဆိုင်မှုပေါ့၊ ဒါကို ဝေ ပြောပုံက တို့ကပဲ သူခိုးကျင့်သူခိုးကြံနဲ့ ဝေတို့ခြံထဲပဲ မသိအောင် ဝင် ကားထဲကဆီတွေကိုထုတ်ထားသလို - ဖြစ်မနေဘူးလား"

ငိုသံပါကြီးနှင့် ထွဋ်ခေါင်ရဲ ရှင်းပြတာ ဝေ လက်ခံပေမယ့် သူ့ကို နည်းနည်းမှ ကြည့်မရသည့်အခံကြောင့်ပင်

"အဲဒီလောက်အထိ နက်နက်နဲနဲ ငါမတွေးဘူး၊ နင့်ဟာနင် မလုံ



www.burmeseclassic.com

www.burmeseclassic.com



လို့ ရှင်းပြမှပဲ သဘောပေါက်တော့တယ်''

''ဘာပြောတယ် ဝေ၊ အဲဒီလောက်အထိတော့ တို့ကို အထင်မသေးသင့်ပါဘူး။ တို့ကို မုန်းတိုင်း မှိုချိုးမှျစ်ချိုးပြောဖို့ ဝန်မလေးဘူး''

''အဲဒီလောက် မှိုချိုးမှျစ်ချိုးပြောနေတာတောင် နင်နာလား''

''နာတယ် ဝေ၊ တို့လည်း နှလုံးသားရှိတဲ့လူသားတစ်ယောက်ပဲ၊ နာအောင်ပြောရင် နာတာပေါ့၊ ဒါပေမဲ့ ဝေက တို့အသက်ထက်မက ချစ်ရတဲ့သူဖြစ်နေတော့ နာတာတွေကို ချစ်တာနဲ့ ဖုံးနိုင်တယ်''

''ကဲပါ အပိုစကားတွေ ပြောမနေချင်တော့ပါဘူး။ ဆီထည့်ပေးမယ်မလား ထည့်ပြီးရင် ဘယ်လောက်ကျလဲပြော''

ဝေ ပြောပြီးတာနှင့် ထွဋ်ခေါင်ရဲက သူ့အဖော်တွေဘက်လှည့်လိုက်ပြီး

''ဟော့ကောင်တွေ ဝေ့ကားထဲကို ဆီနှစ်ဂါလံလောက် ထည့်ပေးလိုက်ပါကွာ''

ကိုယ်စီထိုင်နေကြသော သူ့သူငယ်ချင်းတွေသည် ထွဋ်ခေါင်ရဲ ပြောလိုက်တာနှင့် ဝေ့ကားထဲကို ဆီထည့်ဖို့ ပြင်ဆင်နေကြ၏။

''ဆီဖိုးကိုတော့ လက်မခံပါရစေနဲ့ ဝေ''

''ဘာလို့လက်မခံရမှာလဲ၊ သူများပစ္စည်း ငါအလကား မလိုချင်ဘူး''

''အေးပါ ဒါဆိုလည်း နင့်သဘောပါ။ ငါ့ကိုတစ်ခုလောက်တော့ လိုက်လျောပေးပါလား ဝေရယ်''

ဘာလဲဆိုသော အဓိပ္ပာယ်မျိုးသက်ရောက်စေသည့်အကြည့်တွေနှင့် ဝေကြည့်တော့ ထွဋ်ခေါင်ရဲက မရှိုးသွားဖြဲလေးလုပ်ကာ

''ငါ့ကိုခင်မင်ခွင့်ပေးပါနော်''





ဝေ တစ်ခုခုပြောဖို့ပြင်ပြီးမှ စိတ်ကိုလျှော့လိုက်ကာ

''ငါ့ကို ရိုးရိုးသားသား ဆက်ဆံမယ်ဆိုရင်တော့ ငါစဉ်းစားမယ်''

ထွဋ်ခေါင်ရဲက တွေခနဲ စဉ်းစားသလို လုပ်ပြီးမှ

''အေးပါ နင်ပြောသလို ငါ ဆက်ဆံပါမယ်''

''ပြီးတာပဲလေ ငါက စကားကိုအပိုမပြောတတ်ဘူး၊ နင့်ကတိအတိုင်း တည်ရင် နင်ဟာငါ့ရဲ့တစ်သက်လုံးအဖြစ် သူငယ်ချင်းပဲ၊ ဒါမှမဟုတ် အခွင့်အရေးယူတာဖြစ်ဖြစ် စည်းဖောက်တာဖြစ်ဖြစ် နည်းနည်းလေးမရိုးမသားအမူအရာလုပ်လို့ကတော့ တစ်သက်လုံး ငါ့ရဲ့အမုန်းပဲရမယ်''

''အေးပါ ဝေရယ်၊ အမုန်းစကားတော့မပြောပါနဲ့၊ နင် ငါ့ကိုမုန်းဖို့မပြောနဲ့ နင့်ပါးစပ်က အမုန်းဆိုတဲ့စကားကိုထွက်တာတောင် ငါ ကြောက်ပါတယ်''

''တော်ပြီ သူငယ်ချင်းဆို အဲဒါတွေ မပြောနဲ့တော့''

''အေးပါ ဝေရယ်၊ အေးပါ နင့်ဆီက ခင်မင်ခွင့်ရတာပဲ ငါ့အတွက် ရာမပျော်ရွှင်မှုကြီးပါ''

ထွဋ်ခေါင်ရဲက လှိုက်လှိုက်လှဲလှဲကြီးပြောပြီး ရယ်ပြနေတော့ ဝေ ပြုံးပြလိုက်သည်။

''ဒါဆို ဝေရယ် နင်နဲ့ငါရဲ့ ခင်မင်မှုအထိမ်းအမှတ်အဖြစ် ကားဆီ မယူပါရစေနဲ့နော်''

ဒါကိုလည်း ဝေက လိုက်လိုက်လျောလျောနှင့်ခေါင်းညိတ်ပြတော့ ထွဋ်ခေါင်ရဲ ကျေနပ်သွားသော မျက်နှာသည် အခါပေါင်းများစွာက ဝေ ကြည့်မရသည့်မျက်နှာသောနှင့် တခြားစီမှတခြားစီပါ။

''ဒါဆို နင်သွားတော့လေ ဝေ၊ နင်က ကားပဲမောင်းတတ်ပြီး ဘီးကျန်တာတောင် မသိတော့ နည်းနည်းပါးပါးလေ့လာပြီးမှ တစ်ယောက်တည်းမောင်းနော်''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ"

"အခု ဘယ်သွားဖို့ထွက်လာတာလဲ"

"သူငယ်ချင်းတွေဆီ"

"မသွားတော့ဘူးလား"

"မသွားတော့ဘူး။ အိမ်ပဲပြန်တော့မယ်"

"ငါ လိုက်ပို့ရမလား"

"ရပါတယ် ကျေးဇူးပဲနော်၊ ဆီပေးတဲ့အတွက်ရောပေါ့"

ထွဋ်ခေါင်ရဲက အပြုံးလေးနှင့်သာ ခေါင်းညိတ်ပြနေ၏။

ဝေက ကားစက်နှိုးပြီးတာနှင့် ကျန်ခဲ့သည့် ထွဋ်ခေါင်ရဲအား လက် ပြလိုက်သည်။ ထွဋ်ခေါင်ရဲကလည်း လက်ပြရင်း ကျန်ခဲ့သည်။

မထင်မှတ်ဘဲ ထွဋ်ခေါင်ရဲနှင့်သူငယ်ချင်းတွေဖြစ်သွားသည့်အတွက် ဝေ့ရင်ထဲ ဝမ်းသာကျေနပ်နေမှုက ဘယ်အရာနှင့်မှမတူပါ။ နည်းနည်းမှ ကြ… မရသော တွေ့လိုက်တာနှင့်အော်ဂလီဆန်သော ထွဋ်ခေါင်ရဲဆိုသည့် … ကန်ကန်ကောင်လေးသည် အခုတော့လည်း ဝေ့မိတ်ဆွေကောင်လေးအဖြ… ပြားပြားဝပ်နေ၏။

ထွဋ်ခေါင်ရဲကို သူငယ်ချင်းတစ်ယောက်အဖြစ် လက်ခံလိုက်… သာ ကိုသိရင် ဘာပြောမလဲ။ မော်ကြီးနဲ့လဲ့လဲ့ရော ဝေ့ကိုဘယ်လိုစကား… တွေထိုးကြမလဲ။

ဘယ်သူတွေ ဘာတွေပြောပြောပါလေ၊ ဝေကတော့ ဝေ့လုပ်… မှန်သည်ဟု ထင်သည်။ နို့မို့ ထွဋ်ခေါင်ရဲကလည်း ဝေမကြိုက်သည့် … တွေပြော၊ ဝေကလည်း ဒေါသတွေဖြစ်ရနှင့် အဲဒီဒေါသတွေသည် ထွဋ်ခေါ… က ဝေ့ကိုချစ်နေသရွေ့ ဖြစ်ရမည့်ဒေါသတွေပင်။ အခုတော့ . . .။

■ ■ ■



## အခန်း (၂၇)

ဘာကြောင့်မှန်းမသိစွာ ကို ညဘက်ဖုန်းဆက်တော့ ထွဋ်ခေါင်ရဲ အကြောင်း ထည့်မပြောဖြစ်ပါ။ ခါတိုင်းလိုပဲ တခြားစကားတွေဖြင့်သာ အချိန် ကုန်သွားရသည်။ ဘာကိုမှ ဖုံးကွယ်ချင်လို့မဟုတ်တာတော့ ဝေ့ကိုယ်ဝေ အသိဆုံးပင်။

ဝေ အတွေးလွန်ရင်း ညက တော်တော်နှင့်အိပ်မပျော်ခဲ့။

မနက်အိပ်ရာနိုးပြီး ဘရိတ်ဖတ်(စ်)စားဖို့ပြင်ဆင်နေစဉ် ဖုန်းလာ တော့ အနီးမှာရှိနေသည့် ဝေပဲ ကိုင်လိုက်သည်။

"ဟဲလို"

"ဝေ လား"

"ပြော ထွဋ်ခေါင်ရဲ"

"နင် ငါမှန်း ဘယ်လိုလုပ်သိလဲ"

"နင်တောင် သိသေးတာပဲ၊ ငါသိတာ ဘာဆန်းလဲ၊ နင့်အသံ ကြီးကလည်းမမှတ်မိစရာကိုမရှိဘူး။ ကဲ ပြော ဘာကိစ္စရှိလို့ …စောစောစီးစီး ဖုန်းဆက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ဘာကိစ္စမှမရှိပါဘူး ဝေ၊ ဆက်ချင်တာနဲ့ ဆက်လိုက်တာ စော စောစီးစီး ဆက်တဲ့အတွက်တော့ ဆောရီးပဲ ညကဆက်မလို့၊ ညဘက်ကျ တော့လည်း၊ အလိုက်သိရမယ်လေ''

''ဘာကိုအလိုက်သိတာလဲ''

''ဩော် ညဘက်ကျတော့ နင့်ချစ်သူနဲ့ဖုန်းပြောမှာကို ငါက နား လည်ပေးရမှာပေါ့''

ထွဋ်ခေါင်ရဲ့ စကားကြောင့် ဝေ ပန်းလေးတွန့်လိုက်သည်။

''ငါချစ်သူနဲ့ညဘက် ဖုန်းပြောတာကို နင်က ဘယ်လိုလုပ်သိလဲ''

''နင်နဲ့နင့်ချစ်သူက ညဘက်ဖုန်းမပြောလို့ ဘယ်အချိန်ပြောမလဲ ဒီလောက်တော့ သိတာပေါ့''

''မဆိုးဘူး နင်တော်တယ် ထွဋ်ခေါင်ရဲ့''

ထွဋ်ခေါင်ရဲ့ ရယ်သံကို ဖုန်းထဲကအတိုင်းသား ကြားနေရသည်။

ဝေနဲ့ထွဋ်ခေါင်ရဲ့ ချက်ချင်းပင် ရင်းရင်းနှီးနှီးကြီးဖြစ်သွားရတာ ဝေ အံ့ဩနေမိသည်။

''နင်အခု ဘာလုပ်နေတာလဲ ဝေ''

''ဘရိတ်ဖတ်(စ်)စားမလို့၊ ပြီးတာနဲ့ကျောင်းသွားမှာ''

''နင့်သူငယ်ချင်းနှစ်ယောက်နဲ့ငါ မေဂျာတစ်ခုတည်းပဲ''

''ဟုတ်လား ဒါဆို နင်က အင်္ဂလိပ်ပေါ့၊ သူတို့ဘယ်သိမလဲ''

''နင်ကလည်း ကျောင်းဖွင့်တာဆယ်ရက်ကျော်နေပြီ၊ ဘာလို့ အခုထိ အတန်းမတက်သေးရတာလဲ''

''ဒီနေ့ကစပြီး ငါအတန်းတက်တော့မှာ ဝေ၊ နင့်သူငယ်ချင်းတွေ ကို နင်နဲ့ငါ သူငယ်ချင်းတွေဖြစ်သွားပြီလို့ သွားကြွားလိုက်ရမလား ဝေ''

''သူတို့ယုံမှာမဟုတ်ဘူး''





''ယုံယုံ မယုံယုံ ငါပြောလိုက်မယ်''

''နင့်သဘောပဲလေ''

''ငါနဲ့သူငယ်ချင်းဖြစ်ရင် နင့်ကိုသူတို့ ရန်တွေ့မှာစိုးလို့လား ဝေ၊ ဒါဆိုရင် ငါမပြောတော့ပါဘူး''

ထွဋ်ခေါင်ရဲ့ စကားကြောင့် ဝေ မခံချင်ဖြစ်သွားသည်။

''အံမယ် ရန်တွေ့ကြည့်ပါလား။ ငါ့ဟာငါ ခင်တာ သူတို့ရန်တွေ့ ရအောင် နင်ကလူဆိုးမှမဟုတ်တာ၊ နင် သူတို့နှစ်ယောက်ကို ပြောဖြစ်အောင် ပြောလိုက်ဟာ''

''အေးပါ ဒါဆို ဒါပဲနော် ဝေ''

''အိုကေ အိုကေ''

ဖုန်းချပြီးတာနှင့် ဝေ ကမန်းကတန်း ထမင်းကြော်စား၊ လက်ဖက် ရည်သောက်ပြီး ကျောင်းသွားဖို့ ထွက်ခဲ့သည်။

ဝေ ကျောင်းဆင်းပြီး ရေချိုးဖို့ပြင်ဆင်နေစဉ်မှာပဲ မော်ကြီး ဖုန်း ဆက်သည်။ ဝေ ထင်သည့်အတိုင်း ထွဋ်ခေါင်ရဲ့နှင့်အကြောင်း မေးတာဖြစ် ပြီး ဝေက ဟုတ်တယ်လည်းပြောရော ရိတာတွေရော ကလိတာတွေရော အောင်ပြောကာ ဖုန်းချသွားသည်။

နောက်တစ်ပတ် ကျောင်းပိတ်မှတွေ့မည်ဟုလည်း ကြိမ်းဝါးသွား သေးသည်။ တွေ့လျှင် ဘာတွေများလုပ်မလို့ပါလိမ့်။

နောက်တစ်ပတ် စနေနေ့မှာတော့ မော်ကြီးနဲ့လဲ့လဲ့ စောစောစီး စီး ပေါက်ချလာသည်။ မျက်နှာထားတွေကလည်း ဝေကပဲ မဟုတ်တာလုပ်ထား သလိုလို အဆင်မျိုးတွေနှင့်ပင် ချီတက်လာတာဖြစ်၏။

''ကဲ ပြောပါဦး၊ မချွဲဝေ''

''ဘာပြောရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမသိဟန်ဆောင်မနေနဲ့၊ ငါတို့မှာ တစ်ပတ်လုံးအောင့်အီး နေရတာ၊ တော်တော်ကိုမသက်သာဘူး"

"နင့်ကိုငါ ဖုန်းထဲကနေ ပြောလိုက်သားပဲ"

"မပြည့်စုံဘူးလေ၊ အကြောင်းရင်းရဲ့ပြည့်ပြည့်စုံစုံကို သိချင်တာ"

"ထွဋ်ခေါင်ရဲ့က အကြောင်းရင်းပြည့်ပြည့်စုံစုံကို ပြောမပြဘူးလား"

"မပြောလို့ပေါ့ နင့်ကိုမေးတာ"

ဝေ မပြောသေးဘဲ အိုက်တင်ခံနေတော့ နှစ်ယောက်သားကြည့်မှ စွာ ပွစိပွစိ ဖြစ်ကုန်၏။

"ကဲ ပြောပါတော့၊ ဒီလောက်ပက်ပက်စက်စက် မုန်းနေတဲ့လူ တစ်ယောက်ကို ချက်ချင်းသူငယ်ချင်းတော်လိုက်တာ ကမ္ဘာ့အံ့ဖွယ်တစ်ခုကို ကြားရသလိုပဲ၊ အံ့ဩမဆုံးဘူး"

"အေးလေ လာမယ်ဆိုပြီး ဆီထမင်းတွေနဲ့စောင့်နေလိုက်ရတာ တို့တွေကတော့ စိတ်တွေပူလို့ သူကအေးအေးဆေးဆေးပဲ မလာဖြစ်တော့ ဘူးတဲ့၊ မလာဖြစ်ရင်လည်း ဖုန်းကြိုဆက်ပေါ့ဟဲ့"

"ငါလည်း ဆက်မလို့ပဲ၊ ငါမဆက်ခင် နင်တို့ဆက်လိုက်တာကို ထွဋ်ခေါင်ရဲ့နဲ့ငါ သူငယ်ချင်းဖြစ်သွားတာ အဲဒီနေ့ နင်တို့ဆီလာရာက စတာပဲ"

"ဘယ်လို ဒါဆို နင်လာသေးတယ်ပေါ့"

"ဟုတ်လား ဝေ၊ ဒါနဲ့ပဲ ထွဋ်ခေါင့်ရဲ့နဲ့ဘယ်လိုတွေ့သွားတာလဲ"

"ပြောမယ်လေ အေးအေးဆေးဆေးပေါ့"

နှစ်ယောက်သား သိချင်စိတ်တွေပြင်းကာ ဝေ့ကိုပဲ မျက်တောင် မခတ်ကြည့်နေကြသည်။

"ဒီလိုဟ ဒါရိုက်ဘာအဘအိပ်နေတုန်း ငါကားမောင်းပြီးထွက် တာ လမ်းအရောက်မှာ ကားကထိုးရပ်သွားတော့ ငါဘာလုပ်ရမှန်းမသိဖြစ် နေတုန်း ထွဋ်ခေါင်ရဲ့ ရောက်လာတာပဲ"

"သူက ဘယ်ကနေ ရောက်လာတာလဲ"

"မဟုတ်မှလွဲရော နင်အပြင်ထွက်တာကို စောင့်ကြည့်နေတာ ဖြစ်မယ်၊ ဒါကြောင့်နင့်ကိုငါတို့ ပြောခဲ့တယ်မလား ဝေ၊ ထွဋ်ခေါင်ရဲ့ကို လျှော့မတွက်နဲ့ ကိုဘုန်းသော်က ပြန်သွားရင် နင့်နားကိုကျိန်းသေပြန်ရောက် လာမှာလို့ နင်မှတ်မိလား"

"မှတ်မိပါတယ် လဲ့လဲ့ပြောသလိုပဲ ငါအပြင်ထွက်တာကိုစောင့် ကြည့်ရင်း ငါတစ်ယောက်တည်းထွက်လာတာလည်းတွေ့ရော ဝမ်းသာသွား ရှာတဲ့ကြားမှာ ကားကလည်းဖောက်ပြီးရပ်သွားတော့ သူ ဝမ်းသာသွားတာပေါ့"

ဆက်ပြီး ဝေက ထွဋ်ခေါင်ရဲ့ရုပ်ဖျက်ထားတာတွေ ဝေ့ကိုခင်မင်ခွင့် တောင်းတာတွေအားလုံး တစ်လုံးမကျန် ပြောပြလိုက်သည်။

"ဒါနဲ့ပဲ သူငယ်ချင်းအဖြစ် လက်ခံလိုက်ရောဆိုပါတော့ ဟုတ်လား"

"အေးပေါ့ ငါ့ကိုရိုးရိုးသားသား ဆက်ဆံပါမယ်ဆိုတဲ့ကတိပေးတဲ့ အတွက် ဘာဖြစ်လို့ သူငယ်ချင်းတစ်ယောက်လို မခင်နိုင်ရမလဲ၊ နင်တို့က သဘောမတူဘူးလား"

"တူပါတယ် မုန်းပြီးတွေ့တိုင်း ဒေါသတွေဖြစ်နေတာထက်စာရင် ဒီနည်းလေးက နင်ရော ထွဋ်ခေါင်ရဲ့ရော စိတ်ချမ်းသာစရာလေးပဲ"

"ဟုတ်တယ် ဝေ၊ ထွဋ်ခေါင်ရဲ့လို ဖွတ်တရွတ်ကောင်လေးတစ် ယောက်ကို ဒီလိုနည်းနဲ့ သိမ်းသွင်းလိုက်တာ နင်အရမ်းတော်တယ်၊ ကိုဘုန်း သော်ကသိရင် ဘာပြောမလဲမသိဘူးနော်"

"ပြောစရာတော့ မရှိပါဘူး ဒါပေမဲ့ ညက ကိုယ့်ကိုဖုန်းဆက်တော့ ဒီအကြောင်းဘာဖြစ်လို့ မပြောမိမှန်းကို မသိဘူး"

"လောလောဆယ်တော့ မပြောတာကောင်းပါတယ်ဟာ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မဖြောင့်ဖြစ်နေဦးမယ်''

''ငါလည်း အဲဒါကို စိုးရိမ်ပြီး မပြောဖြစ်တာ''

''ဒါဆိုရင် ငါတို့ရုံးသွားပြီပေါ့နော် မော်ကြီး''

''အင်း''

မော်ကြီး ညောင်နာနာအသံလေးနှင့် အင်းဟုပြောပြီး ငေ့ကိုကြည့်နေကြတော့ ဘာများလဲ ဝေသိချင်လာသည်။

''ဘာတွေပြောနေကြတာလဲဟာ၊ ငါ့လည်းပြောဦးလေ''

''ထွန်းခေါင်ရဲက နင်နဲ့ခင်သွားပြီလို့ ငါတို့ကိုပြောတော့ ဘယ်ယုံမလဲ၊ သူက ဘာပြောလဲဆိုတော့ မယုံရင် နင့်ကိုမေးကြည့်၊ နင်ကဟုတ်တယ်ဆိုရင် ကျောင်းပိတ်တဲ့နေ့မှာ ငါတို့နှစ်ယောက်က သူနဲ့နင့်ကို တစ်နေ့ကျွေးရမယ်၊ နင်က မဟုတ်ဘူးဆိုရင် သူက ငါတို့စားချင်တာကျွေးမယ်တဲ့ဟယ်၊ အခုဟုတ်တယ်ဆိုတော့ ငါတို့ကျွေးရပြီပေါ့''

''သွားကျွေးလိုက်ပေါ့''

''နင်ပါ ပါတယ်လေ''

''ငါမအားဘူး စာကျက်ရဦးမယ်''

''အဲဒီလိုတော့ မညစ်ပါနဲ့ ဝေရယ်၊ အမှန်တော့ ထွန်းခေါင်ရဲရဲလည်ကျတာ သိလား၊ သူ့ရဲ့အလောင်းအစားကို ရှုံးရှုံးနိုင်နိုင် နင်နဲ့အတူတူတစ်ခုခုစားရအောင် ကြံဖန်ပြီးလုပ်ထားတာ''

''ကြံဖန်လုပ်တော့လည်း အရင်တုန်းက သူနဲ့ငါရဲ့ဆက်ဆံရေးဆိုရင်တော့ မလိုက်ရေးချ မလိုက်ဘဲ''

''အခုလို ပြောင်းလဲသွားတဲ့ ဆက်ဆံရေးမျိုးဆိုရင်တော့ လိုက်ပေါ့''

''ကျောင်းပိတ်ရက်ဆိုတော့ ဒီနေ့လား''





''ဟုတ်ပ တော်ကြာ ဖုန်းလာရတော့မှာ''

လဲ့လဲ့ ပြောလို့တောင်မဆုံးခင် ဖုန်းမြည်လာတော့ ဝေ မကိုင်ခင် မော်ကြီး အပြေးအလွှားကိုင်လိုက်သည်။

''ဟဲလို''

''...''

''အေး ဟုတ်တယ်၊ အခုပဲ ငါတို့ပြောနေကြတာ''

မော်ကြီးက ရှိသမျှသွားတွေအကုန်ဖြီးပြီး ဝေတို့ကို ထွန်းခေါင်ရဲဆက်တာဟု ပါးစပ်က ပွစိပွစိပြောနေ၏။

''အခုပဲ လာခဲ့လိုက်လေ''

''...''

''ခဏလေး ငါမေးလိုက်ဦးမယ်''

မော်ကြီးက ဖုန်းခွက်ကို လက်နှင့်ပိတ်ပြီး

''ဝေ ထွန်းခေါင်ရဲ ကားနဲ့ပဲ သွားမှာလား၊ သူ့သူငယ်ချင်းတစ်ယောက်ပါမယ်တဲ့''

လဲ့လဲ့ကို ဝေတိုင်ပင်သလိုကြည့်တော့ လဲ့လဲ့ကလည်း ထွန်းခေါင်ရဲ ကားနဲ့ပဲ သွားမယ်ဆိုတော့

''လမ်းထိပ်မှာ လာစောင့်နေလို့ ပြောလိုက်''

''ထွန်းခေါင်ရဲ နင်အခုပဲ ထွက်လာပြီး လမ်းထိပ်မှာစောင့်နေနော်''

''...''

''အေး ဒါပဲ''

မော်ကြီး ဖုန်းချပြီးတာနှင့် ပြောင်စပ်စပ်မျက်နှာနဲ့ ငေ့ကိုကြည့်ပြီး

''ကမ္ဘာမှာ အပျော်ဆုံးလူသားကိုပြပါဆို ထွန်းခေါင်ရဲကိုပဲ ပြရမှာပဲ၊ အသံဆိုတာ မြူးကြွသွက်လက်နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ပျော်ပါစေဟာ အမြဲတမ်း ဒေါသတွေကြီးနေတဲ့ လူတစ်ယောက်ဟာ ငါ့ကြောင့်ပျော်နေတယ်ဆိုတော့ ငါ အရမ်းပီတိဖြစ်ရတယ်"

"ဒီကြားထဲမှာ နင့်ကိုထွဋ်ခေါင်ရဲ ဖုန်းဆက်သေးလား"

"မဆက်ဘူး ငါ မကြိုက်မှာစိုးလို့နဲ့တူပါတယ်ဟာ၊ ဗုဒ္ဓဟူးနေ့ ကျောင်းသွားတုန်းကပဲ ငါတို့လမ်းထိပ် မျက်စောင်းထိုးကွမ်းယာဆိုင်လေးက နေ ငါ့ကိုလက်ပြနေတယ်"

"သူတော်တော်တော့ ခံစားနေရမယ်နော်"

လဲ့လဲ့ ပြောတာကို ဝေ နားမလည်ပါ။ ဒါကို သိသည့်လဲ့လဲ့အား ပြုံးလိုက်ပြီး

"နင့်ကို အရမ်းကြီးချစ်နေတဲ့သူတစ်ယောက်က ချက်ချင်းခင်မင်မှု ဘက်ကို ပြောင်းသွားဖို့ လွယ်ပါ့မလား ဝေ၊ နင် ငြိုငြင်မှာစိုးပြီး သူ့ရင်ထဲက အကြောင်းတွေကိုလည်း မပြောရဲ၊ သူ တော်တော်အနေခက်မယ်"

ဝေက လဲ့လဲ့စကားကို မကြိုက်စွာ မျက်စောင်းထိုးလိုက်ပြီး

"အဲဒါ ဘာစကားလဲ၊ ထွဋ်ခေါင်ရဲသာ ဒီစကားကြားရင် သူ့ကို အားပေးအားမြှောက်လုပ်ပေးရာမကျပေဘူးလား၊ သူ့ဟာသူနေပါစေ လဲ့လဲ့ရယ်"

"ဟုတ်ပါတယ် ငါက နင့်ကိုပြောတာပဲ သူ့ကိုတော့ ပြောမလား"

လဲ့လဲ့ မျက်စောင်းထိုးပြီး ဆောင့်ဆောင့်အောင့်အောင့်လေးပြောတော့ ဝေ ထပ်မပြောတော့ပါ။

"ကဲ ဒေါ်ဝေပိုင်ပိုင် ရေသွားချိုးပါတော့"

ဝေက နှစ်ယောက်လုံးကို မဲ့ပြုံးပြီး ရေချိုးဖို့ပြင်လိုက်သည်။

"သိပ်အလှဆုံးတွေ လုပ်မနေနဲ့နော်"

ဝေ မေတ္တာပို့လိုက်တာကို နှစ်ယောက်သား ပန်းနှင့်ပေါက်သလို





ပြုံးပြီး ကျန်ခဲ့ကြသည်။

■ ■ ■

ပါးစပ်က ထုတ်မချီးကျူးတာတစ်ခုကလွဲလျှင် ထွဋ်ခေါင်ရဲ ကြည့်နေသောအကြည့်တွေက ဝေ သိပ်လှကြောင်းပြောနေသည်။

ပိုးသားပေမယ့် အပြောင်နည်းနည်းမှမပါသော ပိတောက်ခြောက်ရောင်ဂါဝန်လေးက ခါးအောက်ပိုင်းနားအထိ ကျပ်ပြီးမှ ဒူးဆစ်အောက်အဆုံး ထိကားသွား၏။ လည်ပင်းပြဲပြဲကပ်ကပ် လက်မောင်းလေးဖြစ်တာကြောင့် ဝေ့ရဲ့ရှိရင်းအသက်ထက် ပိုနုစေသည်။

ဆံပင်ကလည်း လွန်ခဲ့သည့် တစ်ပတ်ကမှ အသစ်ပြောင်းထားသော ဒီဇိုင်းဖြစ်သည်။ နဖူးပေါ်တီတီရိရိကျနေသော ရှေ့ကဆံပင်ကြောင့် ကလေးပိုဆန်သွားသည်။ နောက်ကဆံပင်ကိုတော့ ပစောက်ပုံဝိုင်းဝိုင်းလေး ညှပ်ထားသည်။ ဝေ့ဆံပင်ပုံက ရိုးရိုးလေးဖြစ်ပေမယ့် ခေတ်အဆက်ဆက် ဆန်းနိုင်သော ဆံပင်ပုံစံဖြစ်သည်။ ဟိုက်လိုက်ရွှေအိုရောင်လေးလည်း ဖောက်ထားသေးသည်။

မျက်နှာအလှကတော့ အထူးတလည် ပြင်စရာမလိုပါ။ အောက်ခံ ခရင်မ်တစ်ခုခုပေါ်မှာ ခရင်းပတ်ရိုက်လိုက်လျှင် ပြီးပြီ။ နှုတ်ခမ်းနီကိုတော့ ဆက မာတ်ကျသည့်အရောင် ကောက်ဆိုးလိုက်တာဖြစ်သည်။

လက်ကိုင်အိတ်အညိုရောင်လှလှလေးကတော့ မနေ့ကမှ လူကြုံနှင့် ကိုရီးယားက ကို ပို့လိုက်တာဖြစ်သည်။

လယ်သာကြိုးသိုင်းဖိနပ် အညိုလေးကလည်း ဝေ့ခြေထောက်နှင့် ဆော်တော်လိုက်ပြီး တစ်ခါမှမစီးရသေးသော ဖိနပ်ဖြစ်သည်။

ဝေ ထွက်လာကတည်းက လဲ့လဲ့နဲ့မော်ကြီးက ဘယ်သူ့အတွက် ယောက်အလှတွေပြင်တာလဲ ဘာညာနဲ့ ရိတီတိ ပြောကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နဂိုတည်းက အလှအပကို မြတ်နိုးပြီး ကိုယ့်ကိုယ်ကိုယ်လည်း အမြဲလှအောင်ပြင်တတ်သောကြောင့် လဲ့လဲ့တို့ဘာပြောပြော ဝေ ဂရုမစိုက်ပါ။ ဝေက အိမ်ထောင်ကျ သားသမီးတွေရပြီး အသက်ကြီးသည်အထိကို ကိုယ့်ကိုယ်ကိုယ် လှသည်ထက်လှအောင်နေမှာ ဖြစ်သည်။

စာတွေဘယ်လောက်ပဲကျက်ရကျက်ရ ဝေက အမြဲတမ်း သန့်သန့်ရှင်းရှင်း လှလှပပနေသည်။

ဒါကို လဲ့လဲ့နဲ့မော်ကြီးက မသိတာလည်းမဟုတ်ဘဲ ဝေ မခံချင်အောင်ပြောနေ၏။

"ကဲ ဘယ်သွားကြမှာလဲ၊ ကျွေးတဲ့သူကတော့ မသိဘူး၊ ငါတို့က စားချင်နေပြီ"

"နေပါဦးဟဲ့ ဘယ်ဆိုင်ဆို အကုန်အကျသက်သာမလဲ စဉ်းစားနေတာ"

"အေးလေဟယ် မတရားစားမယ့်ပုံတွေနဲ့"

"နင်တို့ကလည်း တော်တော်သဒ္ဒါတရားနည်းတာပဲနော်"

တော်တော်ကြီးကို ရင်းနှီးနေသည့် ထွဋ်ခေါင်ရဲနှင့်လဲ့လဲ့တို့နှစ်ယောက်ကိုကြည့်ပြီး ဝေက ပွဲကြည့်ပရိသတ်။

"ဝေကရော ဘယ်မှာစားချင်လဲ"

"ငါက ရတယ်၊ သူတို့ကျွေးတဲ့ဆိုင်မှာစားမယ်"

"အချိန်ကလည်း ကိုးလိုးကန့်လန့်ကြီး၊ ထမင်းစားချိန်မဟုတ်ဘာမဟုတ်"

"ဟဲ့ အခုမှ ကိုးနာရီကျော်ပဲ ရှိသေးတာကို ထမင်းစားချိန်ဟုတ်မလား"

"ဘရိတ်ဖတ်ပဲ တစ်ခုခုစားပေါ့"





"ဟာ ငါက ဘရိတ်ဖတ်(စ်)စားပြီးပြီ"

ဝေ ဝင်ထောင်တော့ မော်ကြီးနဲ့လဲ့လဲ့ မျက်စောင်းက ဒိုင်းခနဲဒိုင်းခနဲ။

ထွဋ်ခေါင်ရဲနဲ့သူ့သူငယ်ချင်းကတော့ ရယ်နေကြ၏။

ဝေက ဒါနှင့်ပင် မရပ်ဘဲ ထွဋ်ခေါင်ရဲတို့ဘက် လှည့်လိုက်ပြီး

"ဒီအချိန်ဆို နင်တို့လည်း ဘရိတ်ဖတ်(စ်) စားပြီးရောပေါ့၊ ဟုတ်တယ်မလား ထွဋ်ခေါင်ရဲ"

"အေး"

ထွဋ်ခေါင်ရဲက လဲ့လဲ့တို့ဘက်ကြည့်ပြီး မရဲတရဲဖြေတော့ လဲ့လဲ့တို့ မျက်စောင်းတွေက ထွဋ်ခေါင်ရဲဘက် ပြောင်းကုန်၏။

"ဒီမှာ မော်ကြီး ကိုယ်က ကျွေးမယ့်သူနော်၊ ဘာမှမမေးနဲ့ ကိုယ်ကြိုက်တာသာကျွေး၊ စားချင်တဲ့သူစား မစားချင်တဲ့သူနေ"

"အေး ဟုတ်တယ်"

"ဒီလိုတော့ မလုပ်နဲ့လေဟာ၊ ကျွေးတဲ့သူပေမယ့်လည်း အဆင်ပြေတာတော့ ကျွေးပေါ့၊ ငါ အကြံပေးမယ်ဟာ"

ဝေ ပေးမယ့်အကြံကို မိုပ်မိသော မော်ကြီးတို့နှစ်ယောက်လုံး ရှုံ့မဲ့ကုန်ကြ၏။

"ပြောလေ ဝေ၊ ဘာလဲဆိုတာ"

"ထွဋ်ခေါင်ရဲရယ် နင်ကလည်း ပင့်ပေးနေပြန်ပြီ၊ သူ့အကြံက ငါတို့ကိုကုန်အောင်လုပ်မယ့်အကြံဟဲ့"

"နင်တို့ကလေ တစ်ခါတလေ ကျွေးရတာကို သိပ်စကားများတာပဲ၊ မရှည်နဲ့ ငါပြောသလိုသာ လုပ်"

ထွဋ်ခေါင်ရဲကတော့ နားခံမည့်အနေအထားနှင့် ဝေ ဘာပြောလာ



www.burmeseclassic.com

www.burmeseclassic.com



မလဲ နားစွင့်နေသည်။ ဟိုမိန်းမနှစ်ယောက်ကသာ မျက်နှာတစ်ခုလုံး ရှုပုတ်မှုန်ကုတ်ပြီး ဝေ့ကိုလည်း မကြည့်။

"အဟင်း ဟင်း အခုထမင်းစားဖို့ကလည်း စောသေးတော့ ရှပ်ရှင်သွားကြည့်မယ်ဟာ၊ ထွန်းခေါင်ရဲက ရှပ်ရှင်ပြ၊ ပြီးမှ နင်တို့နှစ်ယောက်က မနက်စာကျွေးပြီး အအေးတိုက် အိုကေ မကောင်းဘူးလား"

"နင်ကရော"

"ငါကလား ငါက ဘာဆိုင်လို့လဲ၊ နင်တို့ဖာသာ အလောင်းအစား လုပ်ကြတာ၊ ငါက သိတောင်သိတာမဟုတ်ဘူး။ ဒီတော့ ကြားလူဖြစ်တဲ့ ငါနဲ့ထွန်းခေါင်ရဲ သူငယ်ချင်းက ဘာမှအရင်းစိုက်စရာမလိုဘူး"

"ဟုတ်တယ် ဟုတ်တယ် ဝေ ပြောတာ ဟုတ်တယ်"

ထွန်းခေါင်ရဲ သူငယ်ချင်းကပါ လက်ခုပ်လက်ဝါးတီးပြီး ထောက်ခံနေတော့ မိလဲ့မတို့နှစ်ယောက် မကျေမနပ်နှင့်ပင် ဝေ ပေးသောအကြံကို သဘောတူလိုက်ရသည်။

သမ္မတမှာ ရှပ်ရှင်ကြည့်တော့ ထွန်းခေါင်ရဲဘေးမှာ မော်ကြီးက ထိုင်သည်။

နံနက်စာကို မြို့ထဲရှိစားသောက်ဆိုင်တစ်ခုမှာပဲ စားဖို့ သဘောတူလိုက်ရသည်။ မတူလို့လည်းမဖြစ်အောင် မိန်းမနှစ်ယောက်လုံး ပိုက်ဆံကုန်မှာစိုးပြီး၊ မျက်စိမျက်နှာမသာမယာဖြစ်နေကြသည်။

ထွန်းခေါင်ရဲသည် ဝေ့ကိုဂရုတစိုက်ရှိပေမယ့် မရိုးသားသည့် အရိပ်အယောင်တော့ နည်းနည်းလေးမှ မပြအောင် မော်ကြီးတို့နှစ်ယောက်ကို ဆက်ဆံသည့်အတိုင်း ဆက်ဆံသည်။

ထွန်းခေါင်ရဲသည် တကယ်တော့ ခင်စရာကောင်းတဲ့ယောက်ျား တစ်ယောက်ဖြစ်သည်။ သေသေချာချာပေါင်းကြည့်တော့မှ စိတ်သဘော



ထားလည်း ဖြူစင်သည်။ သူ့ကိုအခင်မင်ဆုံးသူငယ်ချင်းစာရင်းသွင်းလိုက်တာ ဝေ မမှားဘူးဟုထင်သည်။

ကိုကိုတော့ တစ်နေ့နေ့မှာ ပြောပြရမည်။ ကို နားလည်မှာပါ။

■ ■ ■

www.burmeseclassic.com

အခန်း (၂၈)

တကယ့်တကယ်မှာတော့ ဝေထင်သလို ကိုက နားလည်မပေးပါ။ ဇော့ကိုအသည်းအသန် ချစ်ခဲ့သည့် ထွန်းခေါင်ရဲမဟုတ်ဘဲ တခြားမည်သူမဆို ကိုက ခွင့်လွှတ်သည်တဲ့။

ဝေ မပြောခင်မှာဘဲ ကိုယ်က ဒီအကြောင်းကို သိသွားပြီး အရင် စမေးတာ ဖြစ်သည်။ ကိုကို ဘယ်သူပြောလိုက်လဲမသိပါ။ စ သိသိချင်း ကို ဖုန်းဆက်မေးတော့ ဇော့ကိုတစ်ခါမှ ဒေါသမဖြစ်ဘူးသည့် ကိုက ဒေါသ တွေဖြစ်နေ၏။

ကျောင်းပိတ်ရက်တိုင်း လျှောက်လည်ကြသည့် ဝေတို့အကြောင်း ကို ဘယ်သူက တိတိကျကျသတင်းပေးလိုက်လဲ မသိ။ ဝေ ဘယ်သူနဲ့တွဲနေ တာလဲဟုတောင် မမေးဘဲ ထွန်းခေါင်ရဲနဲ့တွဲနေတာကို တန်းမေး၏။

ထွန်းခေါင်ရဲကို ဝေ တကယ်ပဲ ရိုးရိုးသားသား ခင်တဲ့အကြောင်း ဘယ်လိုပင်ကျိန်တွယ်ပြောပြောလည်း သူ သဘောမတူဘူးတဲ့။ ဒီအကြောင်း ထွန်းခေါင်ရဲကို ဝေ ဘယ်လိုပြောထွက်မှာလဲ။



မော်ကြီးနဲ့လဲ့လဲ့ကိုပြောပြတော့ ထွန်းခေါင်ရဲသဘောထားကို သိနေ ကြသည့် သူတို့ကလည်း စိတ်မကောင်းဖြစ်နေကြသည်။ ကိုကို သဘောထား သေးတယ်ဟု စွပ်စွဲနေကြသည်။

ကိုယ်က ညဘက်ဖုန်းဆက်တိုင်း ဒီကိစ္စ ဂျီတိုက်နေသည့်အတွက် ဝေ အကြပ်ရိုက်နေသည်။ ထွန်းခေါင်ရဲမျက်နှာကို ပြန်မြင်မိတော့လည်း အသလွှတ်ကြီး စိမ်းကားမပစ်ရက်ပြန်။

နောက်ဆုံးမှာတော့ စာမေးပွဲနီးနေတာ အကြောင်းပြပြီး ကျောင်းနဲ့ အိမ်ကလွဲ၍ အပြင်မထွက်ဘဲ နေရသည်။

ဝေတို့အားလုံး ပထမနှစ်စာမေးပွဲ ဖြေဆိုပြီးကြပြီ။

ဒီမှာတင် ပြဿနာက စသည်။

စာမေးပွဲပြီးသွားပေမယ့်လည်း စာမေးပွဲတုန်းက ပင်ပန်းတာကို အကြောင်းပြပြီး ဝေ အိမ်တွင်းပုန်းနေလိုက်သည်။ ရက်ခြားလောက် ဖုန်း ဆက်ပြီး ဇော့ကိုနေကောင်းလားမေးတော့ ထွန်းခေါင်ရဲကို သနားနေမိသည်။

မော်ကြီးတို့နှစ်ယောက်ကတော့ သုံးလေးရက်ခြားတစ်ခါ ရောက် လာပြီး ဇော့အဖြစ်ကိုကြည့်ကာ ကို သဘောထားသေးသည့်အကြောင်းသာ ပြောနေကြသည်။

စာမေးပွဲပြီး ဝေ အိမ်တွင်းပုန်းလုပ်နေတာ နှစ်ပတ်တိတိပြည့်သော နေ့တွင် ထွန်းခေါင်ရဲ ဖုန်းဆက်ပြီး မော်ဒင်ရှိ သူတို့အဒေါ်တွေ ကျွဲကောမြို့ သွားလည်ဖို့ ခေါ်သည်။

လဲ့လဲ့နဲ့မော်ကြီးကလည်း တကျီကျီလုပ်နေတော့ ဝေ လိုက်သင့် မလိုက်သင့် ချီတုံချတုံဖြစ်နေသည်။

"ဝေလေး"

အိပ်ရာထဲမှာလှဲရင်း ဝေ အတွေးလွန်နေတော့ မမနိုင် ဝင်လာ၏။

''နေမကောင်းဘူးလား ညီမလေး''

''ကောင်းပါတယ် မမနိုင်''

''စာမေးပွဲပြီးကတည်းက အပြင်လည်းမထွက်၊ မျက်နှာကလည်း မလန်းမဆန်းနဲ့ဆိုတော့ ဘာများဖြစ်လို့လဲစိတ်ပူနေတာ၊ အေးအေးဆေးဆေး ကို မမေးဖြစ်ဘူး''

ဘာဘာတို့အိမ်ရောက်မှ အလုပ်ပိုများနေသော မမနိုင်ကိုကြည့်ပြီး ဝေ သနားသွားသည်။

''မမနိုင်လည်း ဒီအိမ်ကျမှ အလုပ်တွေပိုရှုပ်နေတယ်နော်''

''ရပါတယ် ဝေလေးရယ်၊ မမနိုင် လုပ်နိုင်ပါတယ်၊ ဝေလေးကို သာ အရင်လို ဂရုတစိုက်မလုပ်နိုင်တာ စိတ်မကောင်းဘူး''

''ဝေ့အတွက် မမနိုင် ဘာမှစိတ်မကောင်းမဖြစ်နဲ့၊ ဝေ ဆရာဝန် မကြီးဖြစ်ပြီး ကိုနဲ့လက်ထပ်ပြီးသွားရင် မမနိုင် ဘာမှမလုပ်ဘဲ အေးအေးဆေး ဆေးနေတော့''

''ပြောတာနဲ့တင် ကျေးဇူးတင်လှပါပြီကွယ်''

မမနိုင်က မျက်ရည်ဝဲဝဲလေးနှင့်ပြော၏။

''မမနိုင်ကို ဝေ ပြောစရာရှိတယ်''

''ပြောလေ ဝေလေး''

''ဝေ အပြင်မထွက်တာ ထွဋ်ခေါင်ရဲ့နဲ့ပတ်သက်ပြီး ကိုက တင်း တင်းကျပ်ကျပ် အမိန့်တွေ ထုတ်ထားလို့''

''ဘုန်းသော်ကကို ဝေလေး ပြောလိုက်ပြီလား''

ဝေနဲ့ပတ်သက်သမျှအားလုံးသိသော မမနိုင်က ထွဋ်ခေါင်ရဲ့နဲ့အ ကြောင်းကိုလည်း ဝေ ပြောပြထားသောကြောင့် သိနေသည်။

''ဝေမပြောခင် ဘယ်သူက သတင်းပို့လိုက်လဲ မသိပါဘူး၊ ကိုယ်ဟာ





ဝေ့ကိုဒေါသတွေတောင် ဖြစ်ပြီး ဖုန်းထဲကနေ ရန်တွေ့တယ်လေ''

''သတိတော့ထား ဝေလေးရေ့ ဒါတစ်ယောက်ယောက်က ချွန် တွန်းလုပ်လို့ ဘုန်းသော်ကလိုလူမျိုး ဒေါသဖြစ်တာဖြစ်မယ်၊ ဒါကြောင့် ဝေလေး အပြင်မထွက်တာပေါ့''

''ဟုတ်တယ် ထွဋ်ခေါင်ရဲ့ကိုလည်းမပြောရက်ဘူး။ သူ စိတ်မ ကောင်းဖြစ်သွားမှာစိုးလို့''

''ဟုတ်တာပေါ့ ဘယ်ပြောလို့ကောင်းမှာလဲ၊ ဒါဆို ဝေလေးက အပြင်မထွက်ဘဲ နေ့တိုင်းနေနိုင်လို့လား''

''ဘယ်နေနိုင်မှာလဲ မမနိုင်ရယ်၊ အောင့်အီးပြီး နေနေရတာ၊ အခု ထွဋ်ခေါင်ရဲ့က မော်ဘီက သူ့အဒေါ်တွေ ကျွဲကောခြံသွားလည်ဖို့ ခေါ်နေပြီ၊ ဒီကိစ္စကိုလည်း ဝေကပဲ သွားချင်လို့စကားစထားတာ၊ အဲဒါ ဘယ်လိုငြင်း ရမှန်းမသိတော့ဘူး။ ဒီကြားထဲ လဲ့လဲ့တို့ကလည်း အရမ်းသွားချင်ပြီ၊ ဝေ့ကို ချန်လုပ်နေကြတယ်''

''ဝေလေးကလည်း သွားချင်တယ်မလား''

ပါးစပ်ကတောင်မပြောနိုင်ဘဲ ဝေက ခေါင်းလေးသာညိတ်ပြလိုက် သည်။

''ဒါများ ဝေလေးရယ်၊ သွားပေါ့၊ လဲ့လဲ့နဲ့မော်ကြီးလည်းပါတာပဲ''

''ကို သိသွားရင် ပြဿနာရှာမှာစိုးတာ်ယ် မမနိုင်ရယ်၊ ထွဋ်ခေါင်ရဲ့ နဲ့ဝေရဲ့ဆက်ဆံရေးက တကယ်ကိုဖြူဖြူစင်စင်ဆိုတာ ဝေ ကိုကိုပြောရဲပါတယ်''

''မလိုပါဘူး ဝေလေးရယ်၊ ဝေလေးက ဒီလိုမိန်းမစားမဟုတ်ဘူးဆို တာ ဘုန်းသော်က သိသင့်တယ်''

''ဟုတ်ပ မမနိုင် ဝေတော့ စိတ်ညစ်တာပဲသိတယ်''

''ကဲပါ ဒါစိတ်ညစ်စရာမဟုတ်ပါဘူး။ မော်ဘီကို လိုက်သာသွား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမခိုင်၊ ဝေ့စိတ်တွေလည်း မွန်းကြပ်နေပြီ၊ ဝေ လိုက်သွားမယ်နော်"

"သွားပါ"

မမခိုင်ကလည်း အားပေးနေတော့ ဝေ အားတွေရှိပြီး လိုက်သွားဖို့ ဆုံးဖြတ်လိုက်သည်။

ထွန့်ခေါင်ရဲက ဝေ့ကိုအရင်လာခေါ်ပြီးမှ လဲ့လဲ့နဲ့မော်ကြီးကို ဝင်ခေါ်သည်။ ဝေ့ကိုမတွေ့တာ ဆယ့်ငါးရက်လောက်ရှိပြီဖြစ်သောကြောင့် ထွန့်ခေါင်ရဲ ပျော်နေသလို စကားတွေလည်း ပြောမကုန်အောင် ရှိနေသည်။

မော်ဘီရောက်တော့ တစ်ခြံလုံးမှာ ကျွဲကောပင်တွေနဲ့ပြည့်နေသော ကျွဲကောသီးတွေကိုကြည့်ပြီး ဝေတို့အရမ်းပျော်နေကြသည်။ ထွန့်ခေါင်ရဲ အဒေါ်ရဲ့ခြံစောင့် လင်မယား ချက်ကျွေးသော မြန်မာကြက်နဲ့ဘူးသီးနုနုဟင်း ငါးပိထောင်းစပ်စပ်ကလေးသည် ဘယ်တော့မှ မမေ့နိုင်သောဟင်းတွေ ဖြစ်သည်။ နေ့လယ်ကျတော့လည်း ကောက်ညှင်းဆီထမင်းနှင့်ဆိတ်သားခြောက် ဖုတ် ကော်ဖီတို့ဖြစ်သည်။ စားလို့လည်းကောင်း ပျော်စရာလည်းကောင်း သည့်အတွက် ဝေ အားလုံးကို မေ့နေသည်။

ဝေ ပျော်နေတာကိုကြည့်ပြီး ထွန့်ခေါင်ရဲကလည်း ပျော်နေသ

ညနေ အိမ်ပြန်ရောက်တော့ ကျွဲကောသီးနဲ့ရေမွှေးနှင်းဆီလက် ဆောင်တွေကိုကြည့်ပြီး မမခိုင် သဘောကျနေသည်။ ဝေလည်း ပျော်စရာ ကောင်းသည့်အကြောင်း မမခိုင်ကို အားရပါးရ ပြောပြမိသည်။

ရေချိုးထမင်းစားပြီး သီချင်းနားထောင်နေစဉ် အိမ်ကကောင်မလေး မိတိုး ဘဘခေါ်နေကြောင်း ဝေ့ကိုလာပြော၏။ ချက်ချင်းပင် အိမ်ရှေ့ထွက် လာခဲ့တော့ ဘဘနဲ့ကြီးကြီးအပြင် ကိုမိဘတွေဖြစ်သော အန်တီမူတို့လည်း မယားပါ ထိုင်နေကြသည်။





"ဟာ ဦးဦးနဲ့အန်တီမူလည်း ပါတာကိုး"

ဝေ ဝမ်းသာအားရ နှုတ်ဆက်ပြီး ဝင်ထိုင်လိုက်သည်။ ဝေ့စကား ကို ကိုအဖေ ဦးဦးကသာ အပြုံးယဲ့ယဲ့လေးနဲ့ခေါင်းညိတ်အသိအမှတ်ပြုသော် လည်း အန်တီမူကတော့ ဝေ့ကိုမကြည့်ဘဲ မျက်နှာကြီးသုန်မှုန်ထားသည်။ ဘဘနဲ့ကြီးကြီးလည်း မျက်နှာမကောင်းပါ။ ဝေ့ခေါင်းထဲ ဖျတ်ခနဲ အလင်း ရောင်တစ်ချက် လက်သွားသည်။

"သမီးကိုခေါ်တာ ကိစ္စရှိလို့လား ဘဘ"

"မူမူက သမီးလေးကို ပြောစရာရှိလို့တဲ့"

ဘဘက အန်တီမူကိုမေးငေါ့ပြောတော့ ဝေ အန်တီမူ့ဘက်လှည့် ကြည့်လိုက်သည်။

"ဝေ့ကို ဘာပြောစရာရှိလဲ အန်တီမူ"

အန်တီမူက ဝေ့ကိုမီးဝင်းဝင်းတောက်သည့် မျက်လုံးတွေနှင့်ကြည့် ပြီး

"ညည်း ဒီနေ့တစ်နေကုန် မော်ဘီက ထွန့်ခေါင်ရဲခြံထဲမှာရှိနေ တယ်ဆို"

အန်တီမူရဲ့ပြောပုံနဲ့ လေယူလေသိမ်းကိုကြည့်ပြီး သဘောပေါက် တာနှင့်အတူ စိတ်ထဲမှာလည်း တင်းခနဲ ဖြစ်သွားသည်။ ဒါကြောင့် ဝေက လည်း နည်းနည်းမှ မလျှော့သော မျက်နှာထားနှင့်

"ဟုတ်တယ် အန်တီမူ"

"ဘာ ဟုတ်တယ်ဟုတ်လား"

အန်တီမူ အလန့်တကြား အော်လိုက်သံကြီးကို အနီးရှိလူတွေ အားလုံး လန့်ကုန်ကြသည်။

"ကဲ အစ်ကိုနဲ့မမ ကြားတယ်နော်၊ မမတို့သမီးကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံနေပြီ''

ကြီးကြီးမျက်နှာငယ်လေးနဲ့ ဝေ့ကိုတစ်ချက်သာ လှမ်းကြည့်ပြီး ခေါင်းငုံ့သွားတော့ အန်တီမူအသံကျယ်ကြီးနှင့် တစခန်းထပါတော့သည်။

''ရှင်လည်းကြားတယ်နော် ကိုမင်းသော်၊ ဘယ့်နှယ်ရှိစ ငါ့ချွေးမလောင်းလေးက ဒီလိုလူစားလုံးဝမဖြစ်နိုင်ဘူးဆို၊ ရှင်းမယ် သားနဲ့ရှင်းမယ်''

ကို့ဖေဖေဝေ့ကို တစ်ချက်သာကြည့်ပြီး မျက်နှာလွှဲသွားသလို ဘဘကလည်း မျက်နှာကြီးအောက်ချပြီး စကားတစ်ခွန်းမှ မပြောပါ။

ဝေသည် ဒီလောက်တုံးသည့်မိန်းမ မဟုတ်သည့်အတွက် ပြဿနာရဲ့အရင်းအမြစ်ကို ကွက်ကွက်ကွင်းကွင်းကို သိလိုက်ပါပြီ။

''ငါ့သား နွားကျခံရမယ့်အဖြစ်ကို ဘယ်အမေမှ ကြည့်မနေနိုင်ဘူး''

''တဆိတ် အန်တီမူ ဝေ မေးပါရစေ''

ကို့အမေသည် ဝေ့ကို အစိမ်းကားဆုံး မျက်ဝန်းတွေနှင့်စူးစိုက်ကြည့်နေတော့ ဝေကလည်း စက္ကန့်ပိုင်းလောက် ပြန်စိုက်ကြည့်ပြီးနောက်

''အန်တီမူ့သား နွားကျရအောင် ဝေကဘာဖြစ်နေလို့လဲ''

''ညည်း မေးရဲသေးတယ်နော်၊ ညည်းနဲ့ထွဋ်ခေါင်ရဲ့ဆိုတဲ့ကောင်လေး ဖြစ်ချင်တိုင်းဖြစ်ပြီးမှ အချိန်တန် ငါ့သားက ကောက်ယူရမယ်ဆိုတော့ ငါ့သားလောက် နွားကျတဲ့ကောင် ရှိဦးမလား''

''အန်တီမူ့မှာ သမီးမရှိတိုင်း ကိုယ်ချင်းမစာမပြောပါနဲ့ ထွဋ်ခေါင်ရဲ့နဲ့ဝေက ရိုးရိုးသားသားသူငယ်ချင်းတွေ၊ ကျွန်မတို့မော်ဘီခြံကိုသွားလည်တာလည်း သူ့သူငယ်ချင်းရော ကျွန်မသူငယ်ချင်းတွေပါ ပါတယ်၊ ထွဋ်ခေါင်ရဲ့နဲ့အပေါင်းအသင်းဖြစ်တာ ကိုတုန်းသော်က မကြိုက်တဲ့အတွက် ကျွန်မ ရှောင်နေခဲ့ပါတယ်၊ ရှေ့ဆက်လည်း တဖြည်းဖြည်းနဲ့ခွဲဖို့ ကျွန်မ ဆုံးဖြတ်ပြီးသားပါ၊ သားကိုချစ်တဲ့မိခင်တစ်ယောက်ရဲ့အတွက်ကို ကျွန်မ နားလည်ပါတယ်





ဒါပေမဲ့ တစ်ဖက်သားကို အပြစ်ပြောချင်ရင် မသေချာတဲ့စကားတွေနဲ့ တစ်ဖက်လူသိက္ခာ တစ်ပြားသားမှမရှိအောင် မစွပ်စွဲပါနဲ့''

''အမလေးတော် ငါ့ကိုများ ပြောလိုက်တာ တစ်ခွန်းမခံဘဲ၊ ညည်းလိုကောင်မမျိုးကို ချွေးမတော်မယ့်အစား သူတောင်းစားမနဲ့ ပေးစားမယ်ဟေ့''

''မူမူ နင်အဲဒီလောက်အထိတော့ မဗိုက်ရိုင်းပါနဲ့၊ နင်ပြောတာတွေက လွန်လွန်းနေပြီ''

ဘဘ မျက်နှာကြီးရဲပြီး ဝင်ပြောတော့ အန်တီမူပိုပြီး ဆွေ့ဆွေ့ခုန်သွားသည်။

''အစ်ကို့တူမထိလို့ နာတာလား၊ အမလေးတော် တူမဘက်က နာနေလိုက်တာ၊ မမ မမယောက်ျားပြောတာကြားရဲ့လား၊ သူများတွေများသွေးကိုထိလို့ နာလိုက်ကြတာ မမကရော မနာဘူးလား''

''မူမူ တော်ပါတော့ကွာ''

အသားကုန်ခြစ်အော်သော အန်တီမူ့ကို ဝေ တအံ့တသြကြည့်နေမိသည်။ လူပုံစံကိုကြည့်ရတာ ဒီလောက်အဆင့်မရှိသည့်သူဟု ထင်စရာမရှိပါ။

''နင် ငါ့အိမ်မှာအရှက်မရှိ လာမအော်နဲ့နော်''

''ကျွန်မက အရှက်မရှိဘူး ဟုတ်လား၊ ရှင့်တူမကတော့ အရှက်ရှိတယ်ပေါ့''

''မူမူ တော်စမ်း''

တစ်ချိန်လုံး ငြိမ်နေတဲ့ ကြီးကြီးဝင်ပြောသလို အန်တီမူ့ယောက်ျားကြီးကလည်း မာန်မဲပြီး ဆွဲခေါ်နေတော့ အန်တီမူ့ဒေါသတွေ မီးကုန်ယမ်းကုန်ပေါက်ကွဲပြနေသည်။ ဝေ မနေသာတော့ပါ။ ဝေ တစ်ခုခုကိုဆုံးဖြတ်မှအိမ်ပြီးမှာဖြစ်သည်။ ကြားထဲက ဘဘနဲ့ကြီးကြီးကို မျက်နှာမငယ်စေချင်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီမူ ကျွန်မကလည်း အန်တီမူ့လိုလူမျိုးကို ယောက္ခမ မတော်နိုင်ဘူးလို့ တစ်ခါတည်း ပြောလိုက်ပါပြီ"

"နင် ဘာ ဘာပြောတယ် နင်က ဒီဝွင်ကိုစောင့်နေတယ်ဆိုတာ အခုမှ ပိုသိသွားပြီ"

"ထင်ချင်သလို ထင်နိုင်တယ်"

"ရတယ် ငါက ဒီလိုမျိုး မပြောမှာစိုးလို့ ဘီလူးဆိုင်းတီးပြီးဝင် လာတာ၊ ကိုယ့်အပြစ်ကိုယ်သိတဲ့ ညည်းကို အရမ်းကျေးဇူးတင်တယ်၊ လာ ကိုမင်းသော် သွားမယ် ထွီ"

ဒူးခံစ်ကျော်သည်အထိ ထဘီကိုမပြီး အန်တီမူပြောသွား လှည့် သွားပုံတွေသည် သူမကိုယ်သူမ ဘယ်လိုအဆင့်ဆိုတာ ဖော်ပြသွားသလိုပင်

ဝေ တအံ့တသြ လိုက်ကြည့်စဉ်မှာ ကြီးကြီးဆီက ငိုသံထွက်လာ သည်။

"ကြီးကြီး ဘာဖြစ်လို့လဲ၊ သမီးကြောင့်ငိုတာလား၊ သမီးတောင်း ပန်ပါတယ် ကြီးကြီးရယ်"

ဝေက ကြီးကြီးကိုယ်လုံးကြီးအား ဖက်ပြီး မေးနေသလို ဘဘ လည်း ကြောင်တောင်တောင်နှင့် ကြည့်နေ၏။

"သမီးကြောင့်ငိုတာ မဟုတ်ပါဘူး၊ သမီးတောင်းပန်စရာမလို မူမူပြောသွား လုပ်သွားတာတွေကို ကြီးကြီးရှက်လွန်းလို့ပါ၊ ကိုကျော် သမီးလေးကို ရှက်လည်းရှက် အားလည်းနာမိတယ်"

ဒီတော့မှ ဝေ သက်ပြင်းချမိသလို ဘဘကလည်း

"တို့သားအဖကို မင်းဘာမှ မျက်နှာပူစရာမလိုပါဘူး တင်း မင်းညီမ အဆင့်အတန်းမရှိတာ အစကတည်းက သိပြီးသားပဲ၊ ဒီတ လည်း ငါ့သမီးလေး လော်မာတာမဟုတ်ဘူးဆိုတာ ငါသိတယ်"





"ကျွန်မလည်း သိပါတယ်၊ သမီးလေးဟာ ကျွန်မတို့နဲ့ နှစ်တွေ အကြာကြီး နေလာခဲ့တဲ့အတွက် သမီးလေး စိတ်ဓာတ်ကို ကျွန်မ သိပါ တယ်၊ ဘယ်တုန်းကမှ လိမ်ညာမပြောတတ်ဘဲ ရိုးသားဖြူစင်လို့လည်း သမီးရင်းလေးလို ချစ်နေရတာပါ"

ဝေသည် ဘဘနဲ့ကြီးကြီး၏မေတ္တာတွေအတွက် မျက်ရည်ကျ သည်အထိ ခံစားသွားရသည်။

"ကြီးကြီးရယ် သမီးကိုချစ်တဲ့မေတ္တာထားတဲ့ ဘဘနဲ့ ကြီးကြီးကို သမီးလည်း မိဘအရင်းတွေလို ချစ်ပါတယ်၊ ဒါပေမဲ့ သမီးကြောင့် ကြီးကြီး တို့ညီအစ်မ စိတ်ဝမ်းကွဲရပြီနော်"

"စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ တစ်နေ့ သူ သိလာပါလိမ့် မယ်"

ကြီးကြီးနဲ့ဝေ အပြန်အလှန်ပွေ့ဖက်ထားကြသည်။

"အန်တီမူက ရှင်းပြလို့လည်း လက်ခံမယ့်လူစားမဟုတ်လို့ သမီး အခုလိုပြောလိုက်ရတာပါ"

"ဟုတ်တယ် ဘယ်လိုမှရှင်းမပြတာ အကောင်းဆုံးပဲ၊ နို့မို့ဆို နားမခံသာတဲ့စကားလုံးကြမ်းတွေကြောင့် ဘဘ ထရိုက်မိလိမ့်မယ်၊ သူ ဘဘတို့ကို ပြောတာတော့ တစ်လလောက်ရှိပြီ၊ ဒါပေမဲ့ သမီးမဟုတ်တာ လုပ်ဘူးဆိုတာ သိနေတော့ သမီးကို ဘာပြောရမှာလဲ"

"ကိုဘုန်းသော်က မကြိုက်ဘူးဆိုလို့ သမီး အိမ်ထဲမှာချည်း အောင်းနေတာ၊ ဒီနေ့မှ လဲ့လဲ့တို့ကလည်း အတင်းခေါ်တာနဲ့ ထွဋ်ခေါင်ရဲ့ အခေါ် ကျွဲကောခြံကို လိုက်သွားတာပါ၊ သမီးနဲ့ထွဋ်ခေါင်ရဲ့ ရိုးရိုးသား ခင်တာဆိုတာကိုတော့ သမီး သစ္စာဆိုရဲပါတယ်၊ တစ်ချိန်က သမီးကို ထွဋ်ခေါင်ရဲ့ စိတ်ဝင်စားခဲ့တဲ့အတွက် ကိုဘုန်းသော်က မယုံဘူးဆိုတာ သူ့



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကကြည့်တော့လည်း သဘာဝကျပါတယ်၊ အနံ့တီမူသာ အေးအေးဆေးဆေးမေးရင် သမီးကလည်း အလိုက်သင့်အကြောင်းသင့် ပြောပြမှာပါ"

"သမီး ကြီးကြီးတို့ကို အဲဒီလောက် ရှင်းပြစရာမလိုဘူး၊ ကြီးကြီးတို့သိတယ်၊ သားကိုသာ မှုမှု့ထက်အရင် အကြောင်းရင်းမှန်ကို ဖုန်းဆက်ပြောထား"

"သူမေးလာမှပဲ သမီးအကြောင်းစုံ ရှင်းပြလိုက်မယ် ကြီးကြီးရယ်"

"မင်းကသာ မင်းညီမထက် အရင်လုပ်နေ၊ သူက အခုလောက်ဆို ဖုန်းတောင်ဆက်ပြီးလောက်ပြီ"

"ဆက်ဆက်ပေါ့၊ သားက ဦးနှောက်ရှိတဲ့သူပါ"

ကြီးကြီးက တူဖြစ်သည့်ကိုကို သိပ်ချစ်ပြီး ဝေနဲ့လည်း အရမ်းပြေစေချင်သူပါ။ အခုလည်း ကို ဇော့ကိုအထင်လွဲမှာစိုးရိမ်နေသည်။

"သမီးလေးနားတော့၊ ခဏနေ ကိုဘုန်းဆီက ဖုန်းလာတော့မှာပဲ သမီးရှင်းပြပေါ့၊ နားဝင်အောင်ပြောနော် သမီး၊ အမှန်တရားဆိုတာ ဖုံးကွယ်ထားလို့မရပါဘူး"

"ဟုတ်ကဲ့ပါ ဘဘ"

ဝေ ကိုယ့်အခန်းထဲ ကိုယ်ဝင်လာပြီး ကိုဆီကဖုန်းကို စောင့်နေလိုက်သည်။ ကိုကိုပြောပြဖို့တွေကိုလည်း ခေါင်းထဲ အစီအရီ စဉ်းစားပြီးပြီ။

ဇော့ ခေါင်းအုံးဘေးက ဖုန်းလေးမြည်လာပြီ။ ဝေ စိတ်ကိုအထိန်းနိုင်ဆုံး တင်းပြီး

"ပြောပါ ကို"

"ဘယ်လိုဖြစ်ကြတာလဲ ဝေ"

ကိုအသံက ခပ်ဆတ်ဆတ်လေးနှင့် ဒေါသသံပေါက်နေ





ကယ်ဆို အဲဒီအသံမျိုးနှင့် ကို မပြောသင့်ပါ။ စိတ်ကိုလျှော့ချကာ အချိုသာဆုံးအသံလေးနှင့်

"ကို့အမေနဲ့ကိစ္စကိုပြောတာလား"

"ဟုတ်တယ်လေ ကိုယ့်အမေနဲ့ကိစ္စဆိုတာလည်း ဝေနဲ့ထွန်းခေါင်ရဲ့ကိစ္စပဲမလား"

ဝေက မဲ့ပြုံးလေးပြုံးလိုက်ကာ

"ဟုတ်တယ်"

"ဘယ်လို ဝေ၊ ဒါဆို မေမေပြောတာတွေ ဟုတ်တယ်ပေါ့"

"ကို့အမေက ဘာတွေပြောလို့လဲ"

"အဲဒါ ကိုယ့်ကိုဘာလို့ လာမေးတာလဲ၊ မင်းတို့ကိစ္စ မင်းတို့အသိဆုံးဖြစ်မှာပေါ့"

"အဲဒါက ဘယ်လိုဖြစ်ရတာလဲ ကို၊ ဇော့ကို မင်းတွေဘာတွေနဲ့ မပြောစဖူး ပြောလို့ပါလား"

"အဓိပ္ပာယ်မရှိတဲ့စကားလုံးတွေလျှောက်ပြောပြီး စကားလွှဲဖို့ မကြိုးစားနဲ့ ဝေ၊ မင်းတို့ဘာတွေဖြစ်ကြတယ်ဆိုတာသာ သတ္တိရှိရင် ရဲရဲဝံ့ဝံ့ပြောစမ်းပါ"

ဇော့ဒေါသတွေ မိုင်ကုန်သည်အထိ မြင့်တက်သွားရသည်။ ကိုက အဲဒီလောက်အထိ သေးသိမ်သည့်စိတ်ထားရှိတာ ဝေ အံ့ဩလိုက်တာ။ ပြဿနာကို ဂဃနဏမသိဘဲ သူ့အမေအပြောနဲ့ပင် ဇော့ကိုသူ အထင်လွဲနေပြီ။ ဝေ ဆိုသည့်မိန်းမကလည်း ဒီလိုပုံစံမျိုးလာချိုးလို့ကတော့ ချစ်သူမကလို့ ဘာကြီးပဲဖြစ်ဖြစ် လေချိုသွေးပြီး လျှောက်လွှဲချက်တွေ ပေးနေမှာမဟုတ်။ ကိုက ဇော့ကိုလျှော့တွက်တာကိုး။

"ကို့စကားတွေကို ပြင်လိုက်စမ်းပါ၊ ဝေဆိုတဲ့မိန်းမက ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ်မရှိတဲ့စကား မပြောဘူးဆိုတာ ကို သိပါတယ်၊ ဝေက ဘာကိုပဲ လုပ်လုပ်စဉ်းစားဆုံးဖြတ်ပြီးမှ လုပ်ခဲ့တာချည်းပါပဲ၊ အဲဒါဘာလို့ ပြောနေတာလဲ ဆိုတော့ ကို ပြောတဲ့စကားတွေကို အချိန်မီပြင်ပေးဖို့နော်''

''မင်းစကားတွေက ရင့်လှချည်လား ဝေ၊ ငါ အရမ်းအံ့သြနေတာ၊ မင်းဟာ ငါ့ချစ်သူဝေမှ ဟုတ်ရဲ့လားလို့''

''ရှင်ထင်သလိုပဲ ရှင်ကလည်း ကျွန်မချစ်သူဘုန်းသော်ကမှ ဟုတ်ရဲ့လားလို့ ကျွန်မ စဉ်းစားနေတာ''

''မင်း မင်း ငါ့ကိုဘယ်လိုခေါ်ပြီး ဘယ်လိုပြောလိုက်တယ်''

''ရှင့်လို့ပဲလေ''

''တောက် အစကတော့ မေမေပြောတာကို ငါ မယုံဘူး၊ အခု တော့ ငါ လုံးဝယုံသွားပြီ''

''ဘာကိုလဲ ကျွန်မနဲ့ထွဋ်ခေါင်ရဲ သမီးရည်းစားတွေဖြစ်နေကြပါပြီ ဆိုတာကိုလား''

''ဟုတ်တယ် ဟုတ်တယ်''

ဝေသည် မရယ်ချင်ဘဲ ရယ်လိုက်ကာ ဝေ အထင်တကြီးချစ်ရတဲ့ ချစ်သူကိုလည်း မယုံကြည်နိုင်လောက်အောင် အံ့တွေသြနေမိသည်။

''ရှင့်ကိုနောက်ဆုံးစကားပြောမယ်၊ ကျွန်မနဲ့ထွဋ်ခေါင်ရဲ့ဟာ သူငယ် ချင်းတစ်ယောက်ရဲ့အဆင့်ထက်မပိုဘူး။ ယုံချင်မှယုံ၊ မယုံလည်း မတတ်နိုင် ဘူး''

''အဟက် ရယ်စရာကောင်းလိုက်တာ ဒေါ်ဝေပိုင်ပိုင်ရယ်၊ ရှင်းပြ တဲ့လေသံကလည်း ယုံချင်စရာကို''

''ယုံချင်ယုံ မယုံချင်နေလို့ ရှင့်ကိုကျွန်မ ပြောပြီးပြီပဲ''

''မယုံဘူး ဒီတော့ မင်းနဲ့ငါရဲ့ဇာတ်လမ်းကလည်း ဒီဇနီးရာမှာပဲ





အဆုံးသတ်သွားပြီလို့ မှတ်လိုက်ပါ''

''ရတယ် ကျွန်မကလည်း စိန်ခေါ်လို့ကတော့ ဘယ်တော့မှ အလျှော့ပေးမယ့်မိန်းမ မဟုတ်ဘူးနော်၊ ရှင့်ရဲ့ယောကျ်ားစကား တည်ပါစေ''

ဝေသည် ဒါပဲပြောပြီး ဖုန်းကိုစက်ပိတ်ပစ်လိုက်သည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကိုနဲ့ဝေရဲ့ဇာတ်လမ်း အဆုံးသတ်သွားပြီးနောက် ကို ပေးထားသော ဖုန်းလေးအား ဒါရိုက်တာအဘနှင့် ကိုအမေကို သွားပို့နိုင်းလိုက်သည်။ ဘဘနှင့် ကြီးကြီး ရိပ်မိပေမယ့် ဝေ့ကိုဘာတစ်ခွန်းမှမမေး။

ချစ်သူနှင့်ပြတ်သွားသော ဝေသည် ဘယ်လိုမှမခံစားရတာ ကိုယ့်ကိုယ်ကိုယ်လည်း အံ့သြမိပါရဲ့။ ဒီတော့ ဘာဖြစ်သေးလဲ။ ထွဋ်ခေါင်ရဲ့ ခင်မြတိုင်း ခင်ရုံပေါ့။

ကိုနဲ့ပြတ်သွားသည့်အကြောင်းကိုတော့ ထွဋ်ခေါင်ရဲကို မပြောပါ။ မော်ကြီးတို့နှစ်ယောက်ကိုသာ တိုးတိုးတိတ်တိတ် ပြောပြထားသည်။ အရင်ထက်တောင် ပျော်ရွှင်တက်ကြွနေသော ဝေ့ကို မော်ကြီးတို့တောင် အံ့သြယူရသည်။ ထွဋ်ခေါင်ရဲနှင့်လည်း အသွားမပျက် အစားမပျက်ပင်။

ဒီနေ့လည်း ထွဋ်ခေါင်ရဲသူငယ်ချင်း ဝင်းမင်းတို့အိမ်မှာ အလှူလုပ်သောကြောင့် သွားစားပြီး တစ်နေကုန်လျှောက်လည်ကြသေးသည်။ အိမ်ပြန်ရောက်တော့ မှောင်နေပြီ။ ဘဘတို့မရောက်သေး။ မမနိုင်နဲ့ဒါရိုက်တာ





အဘ စိုးရိမ်တကြီးမျက်နှာတွေနှင့် ဝေ့ကိုမျှော်နေကြသည်။ အခု ဝေက ကားကိုလည်း ကိုယ့်ဘာသာပဲ မောင်းတော့သည်။

"နောက်ကျလိုက်တာ ဝေလေးရယ်၊ မမနိုင်တို့ စိုးရိမ်နေတာ"

ဝေ ကားပေါ်ကတောင် မဆင်းရသေး မမနိုင် ဆီးပြီးပြော၏။

"ဘာမှမစိုးရိမ်ပါနဲ့ ဝေ ဘာမှမဖြစ်ဘူး"

စိုးရိမ်ပူပန်နေသည့် အဘနဲ့မမနိုင်ကို စိတ်သက်သာစေရန်အတွက် ခပ်ပေါ့ပေါ့ပြောပြီး ဝေ အိမ်ထဲဝင်ခဲ့သည်။

"ဝေလေး"

"ရှင် မမနိုင်"

"ဝေလေးကို ဘုန်းသော်က ဖုန်းဆက်တာ နှစ်ခါရှိပြီ"

ဝေ မျက်မှောင်ကြုတ်လိုက်ပြီး

"ဘာကိစ္စ သူက ဖုန်းဆက်ရတာလဲ၊ ဝေနဲ့သူက ဘယ်လိုမှ ပြန်ဆက်လို့မရအောင်ကို ပြီးသွားပြီ၊ မမနိုင်ကလည်း အပြတ်ပြောထည့်လိုက်တာ မဟုတ်ဘူး"

မမနိုင် တစ်ခုခုပြောဖို့ ပြင်စဉ်မှာပဲ ဖုန်းမြည်လာပြန်သည်။ ဝေ့ကို တစ်ချက်ကြည့်ပြီး မမနိုင် ဖုန်းသွားကိုင်သည်။ မမနိုင်က ဝေ့ကိုလှမ်းကြည့်လိုက်တော့ သဘောပေါက်စွာ

"မပြောချင်ဘူး၊ နောက်လည်း ဘယ်တော့မှ မဆက်ပါနဲ့လို့ ပြောလိုက် မမနိုင်"

တစ်ဖက်က ကြားအောင်ကို ဝေ့ အော်ပြောပြီးတာနှင့် အခန်းထဲ ဝင်လာခဲ့သည်။ လွန်ခဲ့သော သုံးရက်လောက်ကလည်း ကြီးကြီးက ကို့အကြောင်း ဝေ့ကိုလာပြောနေသေးသည်။ သူ့တူနဲ့ဝေ့ကို ပြန်အဆင်ပြေစေချင်ပုံနဲ့ပြောတော့ ကြီးကြီးကိုအားနာပေမယ့် ဝေ အပြတ်ပင်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်သက်မှာတော့ ကိုဘုန်းသော်ကနှင့်ဝေ ဘယ်တော့မှ ချစ်သူတွေပြန်ဖြစ်ကြမှာ မဟုတ်တော့ပါ။ ဝေ့စိတ်က သူများမိန်းမတွေလို ပျော့ပျောင်းမှုမရှိတာတော့ အမှန်ပင်။

နောက်နေ့မနက်စောစော ဘဘတို့အလုပ်မသွားသေးခင် ဘဘကို ဖုန်းခေါ်ပြီး ဝေ့ကိုခေါ်ခိုင်းပြန်သည်။ ဝေက မပြောချင်ဘူးပြောတော့ ဘဘက ဝေက စကားမပြောချင်ဘူးဟု အပြတ်ပြောချလိုက်သည်။ ဒီထဲက နောက်ထပ် ဖုန်းမခေါ်တော့ပါ။

ထွဋ်ခေါင်ရဲ လွဲ့လွဲ့ မော်ကြီးတို့က နောက်ဆုံးနှစ်ရောက်ပြီ။

"ဟဲ့ ဝေ ကိုဘုန်းသော်က ဘယ်တော့ပြန်လာမှာလဲ"

"မသိဘူးလေ"

ရုတ်တရက် ထွဋ်ခေါင်ရဲ၏အမေးကို ဝေကလည်း အမှန်အတိုင်းပင် ဖြေလိုက်တော့ ထွဋ်ခေါင်ရဲက မျက်မှောင်ကြီးကုတ်ပြီး

"ဘာမသိရမှာလဲ၊ ကိုယ့်ချစ်သူ ပြန်လာမှာတောင် မသိဘူးလား"

ဝေနဲ့ကိုဘုန်းသော်ကအကြောင်းကို ထွဋ်ခေါင်ရဲ မသိသည့်အတွက် ဝေ့အဖြေကို ထွဋ်ခေါင်ရဲ သဘောမကျဖြစ်နေ၏။

"တကယ်ပြောတာ ငါ မသိဘူး။ တကယ်တော့ ငါနဲ့ကိုဘုန်းသော်က ပြတ်သွားတာ နှစ်နှစ်နီးပါးလောက်ရှိပြီ"

"ဘာပြောတယ် ဒါ နောက်စရာမဟုတ်ပါဘူး ဝေရယ်"

"တကယ်ပြောတာ ငါ မနောက်ဘူး။ လွဲ့လွဲ့နဲ့မော်ကြီးကိုမေးကြည့်၊ တမင် နင့်ကိုမပြောတာ"

လွဲ့လွဲ့နဲ့မော်ကြီးကလည်း ခေါင်းကိုယ်စီညိတ်ပြနေတော့ ထွဋ်ခေါင်ရဲတင်မဟုတ်တဲ့ သူ့သူငယ်ချင်းဝင်းမင်းကပါ မျက်လုံးအပြူးသားနှင့်ကြည့်နေ၏။





"ဘာလဲ ဝေ၊ ငါနဲ့အပေါင်းအသင်းဖြစ်တာ မကြိုက်လို့လား"

"ဆိုပါတော့ ဒါပေမဲ့ ခေါင်းထဲမထည့်ပါနဲ့တော့ဟာ"

"မထည့်လို့ရမလား။ ငါ့ကြောင့်ဆို ရှင်းပြရမယ့်တာဝန် ငါ့မှာရှိတာပေါ့"

"မလိုတော့ဘူး နှစ်တွေလည်း ကြာနေပြီ"

"နင်ဟာ စ,စဖြစ်ကတည်းက ငါ့ကိုဘာလို့မပြောတာလဲ၊ ဘာပဲဖြစ်ဖြစ် ငါကြိုးစားကြည့်မယ်၊ ငါ့ကို ကိုဘုန်းသော်ကရဲ့ဖုန်းနံပါတ်သာပေး"

"ထွဋ်ခေါင်ရဲ"

ဝေ့လေသံနဲ့အကြည့်အောက်မှာ ထွဋ်ခေါင်ရဲ အရည်ပျော်သွားပုံနှင့် အကြည့်လွှဲသွားသည်။

"ငါက သူများမိန်းမတွေလို မဟုတ်ဘူးဆိုတာ နင်သိပါတယ်၊ သူ့အမှားသူသိလို့ ငါ့ကိုပြန်တောင်းပန်ဖို့ အကြိမ်ကြိမ် ကြိုးစားတယ်၊ ဒါပေမဲ့ ငါက တခြားမိန်းမမှမဟုတ်တာ၊ လုံးဝကိုနာမည်တောင် အပြောမခံဘူး။ အခုမှ နင်သွားရှင်းပြရင် ငါက သူ့ကိုပြန်အထာပေးတယ် ထင်မှာပေါ့၊ နင့်ကိုလည်း စကားကောင်းကောင်း ပြန်ပြောမှာမဟုတ်ဘူး။ ဒီတော့ နင့်ကို တစ်ခါတည်းအပြတ်ပြောထားမယ်၊ ငါမသိအောင်လည်း သွားရှင်းမပြပါနဲ့၊ [illegible]သိလို့ကတော့ ဒီတစ်သက်လုံး နင့်ကိုငါ့ ခေါ်မှာမဟုတ်တော့ဘူး"

ဝေရဲ့ခြိမ်းခြောက်စကားက ထွဋ်ခေါင်ရဲနှလုံးသားကို ထိမှန်သွားပုံရသည်။

"ဝေ ပြောတာဟုတ်တယ် ထွဋ်ခေါင်၊ ဒီလောက်အချိန်တွေကြာမှ သွားရှင်းပြရင် ဘယ်သူ့အတွက်မှ အကျိုးမရှိဘူး။ ဝေ့ကိုလုံးဝပြန်ကပ်မရတဲ့နောက် ကိုဘုန်းသော်ကမှာ နောက်တစ်ယောက်တောင်ရှိနေလောက်ပြီ"

"ရှိတော့ မရှိနိုင်ဘူးဟ၊ သူရည်းစားထားချင်မှ ဝေ့ကိုမတွေ့ခင်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ထားမှာပေါ့၊ သူက ဝေ့ကိုတော်တော်ချစ်တာ၊ ငါ့အထင်တော့ သူပြန်လာမှ ဝေ့ကိုပြန်ကြိုးစားလိမ့်မယ် ထင်တယ်''

လွဲလွဲ့စကားကို ဝေက မဲ့ပြီး လက်ခါပြလိုက်သည်။

''ဘာပဲဖြစ်ဖြစ် ကိုဘုန်းသော်က အမြင်ရှင်းရင်ပဲ ကျေနပ်ပါပြီ''

''ဟဲ့ မှန်တာလုပ်တဲ့သူက သူ့ဟာသူဘယ်လိုပဲထင်ထင် ဂရုစိုက်စရာမလိုဘူး''

ဝေ့ကိုလှမ်းကြည့်နေသော ထွဋ်ခေါင်ရဲမျက်လုံးတွေသည် တစ်ခုခုကိုပြောချင်နေပုံရသည်။ ဒါကိုသိသည့် ဝင်းမင်းက

''ဒါနဲ့လွဲလွဲတို့နှစ်ယောက်က ကျောင်းပြီးရင် ဘာလုပ်ဖို့ စိတ်ကူးရှိလဲ''

''ဘာလုပ်မယ်စိတ်ကူးမရှိသေးပေမယ့် တစ်ခုခုတော့လုပ်ရမှာပေါ့ဟာ''

''ငါက ကလေးထိန်းကျောင်းဖွင့်ရင် ကောင်းမလားလို့''

မော်ကြီး ပြောလိုက်သောစကားကြောင့် အားလုံး၏အာရုံတွေက မော်ကြီးဘက်ပြောင်းကုန်၏။

''အမလေး မော်ကြီးရယ်၊ နင်မို့ ဒီလိုစိတ်ကူးမျိုးရှိတယ်''

''ဘာဖြစ်လို့လဲ''

''စိတ်ညစ်စရာဟယ် ပြောလို့ဆိုလို့ နားမလည်တဲ့ကလေးတွေကို ဒီကြားတည်း၊ ချော့ကုန်း ချေးကြိုးရှိုးမယ်၊ ရှုပ်စရာကြီး''

''ဟဲ့ အဲဒါကို ငါကလုပ်မလား။ လူငှားမှာပေါ့၊ ခေါင်းလေးဘာလေး လည်းသုံးပါဦး''

မော်ကြီးနဲ့လွဲလွဲ့ကိုကြည့်ပြီး ဝေတို့ ရယ်ကြသည်။

''ဒါနဲ့ ငါတို့ကျမေးတယ် နင်တို့ကရော''





''ငါကတော့ ဆိုင်ပဲထိုင်ဖြစ်မယ် ထင်တယ်''

မင်္ဂလာဈေးမှာ အထည်ဆိုင်ရှိသော ဝင်းမင်းပြောတော့ အားလုံးအကြည့်တွေက ထွဋ်ခေါင်ရဲဆီမှာ

''ငါက နိုင်ငံခြားသွားမလို့''

''ဟမ် နိုင်ငံခြားသွားမလို့ ဘာသွားလုပ်မှာလဲ''

''အလုပ်သွားလုပ်မှာပေါ့''

''ဒီမှာလုပ်စရာတွေ အများကြီးပါဟယ်''

''ဟိုမှာက ပိုက်ဆံပိုရတာပေါ့ဟဲ့''

''လာပြန်ပြီ ဒုတိယ ဘုန်းသော်က''

လွဲလွဲ့ရဲ့မဆင်မခြင် စကားကြောင့် ထွဋ်ခေါင်ရဲ ဝေ့ကိုဖျတ်ခနဲလှမ်းကြည့်၏။ ဝေ မသိဟန်ဆောင်နေတော့မှ

''မဟုတ်ပါဘူးဟာ ဟိုမှာ ငါ့အစ်မလင်မယားနဲ့ တူမလေးတွေ ရှိတယ်လေ၊ တွေ့ချင်တာလည်းပါတယ်''

''အေးလေ ဒါဆိုလည်း အလည်အပတ်လောက်ပဲသွားပေါ့၊ နင့်မိဘတွေက ချမ်းသာတာပဲ၊ အရင်းအနှီးတောင်းပြီး တစ်ခုခုလုပ်ပေါ့''

ထွဋ်ခေါင်ရဲက ခေါင်းမညိတ် ခေါင်းမခါပင်။

''ဘာပဲဖြစ်ဖြစ် ဝေကတော့ ကျောင်းပြီးတာနဲ့ အလုပ်တန်းရမှာ အားကျစရာကြီး''

''အားကျရင် သူများလို အစကတည်းက ကြိုးစားပေါ့၊ အခုမှ ဘာတွေလာပြောနေတာလဲ''

ဝေ့ကိုထိရင် နည်းနည်းမှမခံသည့် ထွဋ်ခေါင်ရဲကပြောတော့ အားလုံးငြိမ်သွားကုန်ကြ၏။ ဝေကတော့ ပြုံးပဲနေလိုက်သည်။

''ဝေ နင်အဲဒီအခါကျရင် တာဝန်ကျတဲ့ဆီ သွားမှာလားဟင်''



www.burmeseclassic.com

www.burmeseclassic.com



"သွားမှာ ဘယ်နေရာဖြစ်ဖြစ် သွားမှာ"

"သွားပါ သွားပါ ဒါပေမဲ့ နင်တစ်ယောက်တည်းတော့ မသွားနဲ့ဝေ"

"ငါတစ်ယောက်တည်းမသွားလို့ နင်လိုက်မှာမို့လား"

"ငါကတော့ လိုက်မလားဟဲ့၊ နင့်ရဲ့ပါရမီဖြည့်ဘက်ကိုခေါ်ဖို့ ပြောတာ"

"ဝေက အိမ်ထောင်ပြုမှာမို့လား မော်ကြီးရာ"

ထွဋ်ခေါင်ရဲအပြောကြောင့် အားလုံးက ဝေ့ကိုဝိုင်းကြည့်ကြ

"ဘယ်ပြောလို့ရမလဲဟာ၊ ငါက စိတ်မပါပေမယ့်လည်း အိမ်ထောင်ကျဖို့အတာပါလာရင် ကျကိုကျမှာ"

"သေချာတာပေါ့ ဘာပဲဖြစ်ဖြစ် အပျိုကြီးတော့ မလုပ်ပါနဲ့ ဆရယ်၊ ပျင်းစရာကြီး နော် ထွဋ်ခေါင်ရဲ"

လဲ့လဲ့ ရုတ်တရက် ပြောလိုက်တာကို ထွဋ်ခေါင်ရဲ ဘာပြောရမှန်းမသိတဲ့ အိုးတိုးအန်းတန်းဖြစ်ပြီး ဝေ့ကိုကြည့်လိုက်တော့ ဝေ့ရင်ထဲ တစ်မျိုးဖြစ်သွားရသည်။

"ကဲ မောင်လေးတို့ ညီမလေးတို့ ပြောစရာရှိတာနောက်မှပြောစားလို့ရပြီ"

ထွဋ်ခေါင်ရဲအစ်မ အပျိုကြီးခေါ်တော့ ဝေတို့အားလုံး ထမင်းစားခန်းထဲသို့ ဝမ်းသာအားရ ပြေးဝင်ကြသည်။ ဒီတစ်ပတ်ကျောင်းပိတ်ရက်မှာတော့ ထွဋ်ခေါင်ရဲတို့အိမ်က အသုတ်စုံနှင့်ကြာဇံဟင်းခါးချက်ကျွေးသည်။ ထွဋ်ခေါင်ရဲမိဘတွေနှင့်အစ်မက အရမ်းသဘောကောင်းပြီး သားအငယ်ဆုံးလေး ထွဋ်ခေါင်ရဲကိုလည်း သိပ်ချစ်ကြသည်။ ထွဋ်ခေါင်ရဲသူငယ်ချင်းတွေအားလုံးကိုလည်း ချစ်ပြီး ထွဋ်ခေါင်ရဲဘာတွေပြောထားလို့လည်းမသိစွာ ဝေ့ကို





ဝိုင်းပြီး ဂရုတစိုက်နှင့်အရေးပေးသည်။

လဲ့လဲ့နဲ့မော်ကြီးကလည်း ဝေ့ကိုထွဋ်ခေါင်ရဲနှင့်မသိမသာ အောင်သွယ်၏။ အခုချိန်ထိတော့ ဝေ့ရင်ထဲမှာ ထွဋ်ခေါင်ရဲကို သူငယ်ချင်းတစ်ယောက်ထက်ပိုလို့ မရပါ။ ဘယ်ယောကျ်ားကိုမှလည်း ဝေ ချစ်လို့မရပါ။ ကျောင်းမှာဆို ဝေ့မေတ္တာလိုချင်သောကောင်လေးတွေ အများကြီးပင်။ ဝေက ဘယ်သူ့ကိုမှ စိတ်ဝင်စားလို့မရ။

အရင်ကတော့ ထွဋ်ခေါင်ရဲလည်း ဝေ့ကိုသူငယ်ချင်းတစ်ယောက်လိုပဲ သဘောထားသည်။ ကိုဘုန်းသော်ကနဲ့ဇာတ်လမ်းပြီးသွားပြီဆိုတာ ပြောလိုက်တော့ သူ ဝေ့ကိုဆက်ဆံတာ တစ်မျိုးဟု ဝေ သတိထားမိသည်။

ထွဋ်ခေါင်ရဲက မိန်းမတွေမငြင်းနိုင်သော ယောကျ်ားတစ်ယောက်ဆိုတာ ဝေ ဝန်ခံပါသည်။ ဒါ့အပြင် သူ့အသိုင်းအဝန်းကလည်း အဆင့်အတန်းရှိသော အသိုင်းအဝန်းဖြစ်သည်။

တကယ်လို့ ထွဋ်ခေါင်ရဲသာ ဝေ့အချစ်ကိုထပ်မံပြီး တောင်းခံလာသည်ဆိုလျှင်တော့ ...။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

သူငယ်ချင်းတွေ နောက်ဆုံးနှစ်စာမေးပွဲကြီး ကောင်းစွာဖြေဆိုပြီး[illegible] သွားချိန်မှ ဝေကလည်း ဆေးတက္ကသိုလ် 3rd MB ။

စာမေးပွဲပြီးတာနှင့် ဝေဖျားတော့ မော်ကြီးနဲ့လဲ့လဲ့ နေ့တိုင်းလာ[illegible] လူနာသတင်းမေးလာကြသည်။ ထွဋ်ခေါင်ရဲကတော့ စာမေးပွဲဖြေပြီး နှစ်ရက်[illegible] လောက်မှာ သူကအဒေါ်တွေနှင့်ပြင်ဦးလွင်လိုက်သွားသည်။ ဝင်းမင်းက[illegible] ယောက်သာ လူနာသတင်းမေး ရောက်လာသည်။ ဒီနေ့ ဝင်းမင်းလာမည်[illegible] ဆိုပြီး အခုချိန်ထိရောက်မလာ။ မလာသေးတော့ လဲ့လဲ့တို့နှစ်ယောက်[illegible] ထမင်းမစားသေးဘဲ စောင့်နေကြ၏။ ခင်လာတဲ့နှစ်တွေကြာပြီဆိုတော့လည်း[illegible] တစ်ယောက်အကြောင်းတစ်ယောက်သိပြီး မောင်နှမတွေလို သံယော[illegible] ဖြစ်နေကြပြီ။

"ဟော လာပြီ၊ လာပြီ"

မော်ကြီး အိမ်တံခါးဝက ထွက်ကြည့်ပြီး ပြောနေစဉ်မှာပဲ ဝင်း[illegible] က အထုပ်ကလေးဆွဲပြီး ခပ်ပြုံးပြုံးမျက်နှာနှင့်ဝင်လာ၏။





"နင်ကလည်းဟာ ကြာလိုက်တာ"

"အေးဟာ ကြာဆို ဟိုကောင်ထွဋ်ခေါင် လေရှည်နေလို့"

"ပြန်ရောက်ပြီလား"

လဲ့လဲ့အမေးတကော မေးတော့ ဝေလည်း စိတ်ဝင်တစား ဝင်းမင်းကိုကြည့်လိုက်၏။

"မရောက်သေးဘူး။ ဒါပေမဲ့ နာရီပိုင်းအတွင်းရောက်တော့မှာကို ဟားထဲကဖုန်းဆက်တာ၊ ဝေ နေမကောင်းတာ သူ့ကိုမပြောလို့ ကောနေတယ်၊ အဲဒါ ဝေ့အတွက် ဆရာစ်လမ်းကကြေးအိုး ဆက်ဆက်ဝင်ဝယ်ပါဆိုလို့ သွားဝယ်နေတာ"

ဝင်းမင်းစကားဆုံးတော့ ဝေ့ရင်ထဲ ဘယ်လိုကြီးဖြစ်သွားမှန်းကို မသိပါ။

"အမလေးလေး အဖြစ်ကလည်း သည်းပါဘိ၊ ဝေ သောက်ဖို့ကြေးအိုးပေါ့"

"အေး"

ဝင်းမင်းက ဝေ့ကိုကြည့်ကာ ခေါင်းညိတ်ပြီးတာနှင့် ကြေးအိုးထုပ်ကလေးအား မော်ကြီးလက်ထဲ ပြောင်းပေးလိုက်သည်။

"သောက်တော့မလား ဒေါ်ဝေဝိုင်ဝိုင်၊ သွားပြင်လိုက်မယ်"

"မသောက်သေးပါဘူးဟာ၊ ဝင်းမင်း ဒါဆို ထွဋ်ခေါင်ရဲ ဒီကိုလာမှာပေါ့"

"အေး လာမှာလေ၊ ဒါကြောင့် ငါ့ကိုကြေးအိုးဝယ်ခိုင်းပြီး အရင်[illegible]ခိုင်းတာ"

ဝေ ကြေးအိုးအရမ်းကြိုက်တာ ထွဋ်ခေါင်ရဲ သိသည့်အတွက်[illegible]ကို ကြိုတင်ပြီးစီစဉ်ခိုင်းထားခြင်း ဖြစ်သည်။ အမြဲတမ်း ဝေ့ကိုဦးစား



www.burmeseclassic.com

www.burmeseclassic.com



ပေးသိတတ်သော ထွဋ်ခေါင်ရဲကို ဘာကြောင့်မှတ်မှတ်သိပ်သိပ် သတိရသွားတာလဲမသိပါ။

"အင်း ပြောတော့ဖြင့် တစ်လလောက်ကြာမယ်လေး ဘာလေးနဲ့ အခုတော့ တစ်ပတ်တောင်မပြည့်သေးဘူး ပြန်ပေါက်ချလာတယ်"

"သူသွားတာ စနေနေ့ကဆိုတော့ မနက်ဖြန်မှတစ်ပတ်ပြည့်မှာပါ"

"ဩော် ထွဋ်ခေါင်ရဲ ထွဋ်ခေါင်ရဲ"

ဝေ့ကိုစောင်းငဲ့ကြည့်ပြီး လဲ့လဲ့အထက်ပါအတိုင်း ရေရွတ်တော့ ဝင်းမင်းနဲ့မော်ကြီး သဘောတကျရယ်နေကြသည်။ ခါတိုင်းလိုဆိုလျှင်တော့ သူတို့ရယ်တာနှင့်ပတ်သက်ပြီး ဝေ တစ်ခုခုပြောဖြစ်မှာ။ အခုတော့ ဘာမှ ပြောချင်စိတ်မရှိတော့ပါ။ သူတို့ဘာသာ ဘာပဲပြောပြော ဝေ ဂရုကိုမစိုက်ချင်တော့။ ထွဋ်ခေါင်ရဲလာတော့မည်ဆိုသည့်အတွက်သာ ရင်တွေခုန်နေသော ကိုယ့်ကိုယ်ကိုယ်လည်း မအံ့ဩချင်တော့ပါ။

အားလုံးက ဝေ့ကိုမကြားတကြား ပြောနေကြစဉ်ပဲ ကားသံကြောင့် လဲ့လဲ့အပြေးအလွှား ထကြည့်သည်။

"ဟော သူလာပြီ"

အခံတွေးနဲ့အတူ ဝေ့ရင်တွေ တဒိုင်းဒိုင်းခုန်နေသည်။

"ဒီကောင် မြန်လိုက်တာ"

"နင်ကလည်းဟာ မြန်တာပေါ့"

လဲ့လဲ့က ဝင်းမင်းလက်မောင်းကို ဖျတ်ခနဲ ရိုက်ပြီးပြောတော့ ဝင်းမင်း ပြုံးဖြီးဖြီးမျက်နှာကြီးနဲ့ ခေါင်းတညိတ်ညိတ်လုပ်နေသည်။

"ထွဋ်ခေါင်ရဲလည်းမဟုတ်ဘူး ဟယ် ဝေ ကိုဘုန်းသော်ကတော့"

"ဟင်"

ဝင်းမင်းနဲ့လဲ့လဲ့ပါ တအံ့တဩ ထကြည့်နေ၏။ ဝေကတော့ ဆ



ပြေးချင်စိတ်ပေါက်နေသည်။ သူ ဘာလာလုပ်တာလဲ။

"လဲ့လဲ့တို့လည်း ရောက်နေကြတာကိုး၊ ဝေ နေကောင်းတယ်နော်"

ဘာမှမဖြစ်ခဲ့ကြသည့်အတိုင်း သူက ပြုံးပြုံးရွှင်ရွှင်နှုတ်ဆက်နေတော့ ဂနာမငြိမ်ဖြစ်နေသော ဝေ့စိတ်ကို ဝေထိန်းကာ

"ဟုတ်ကဲ့ ကောင်းပါတယ်၊ ကိုဘုန်းသော်က ထိုင်လေ"

ဘာအဓိပ္ပာယ်မှန်းမသိ သူ ပြုံးရင်းထိုင်လိုက်သည်။ သူငယ်ချင်းတွေကတော့ ဝေနဲ့သူ့ကို စိတ်ဝင်တစား အကဲခတ်နေကြမှာ သေချာသည်။

"ကိစ္စရှိလို့လား ကိုဘုန်းသော်က၊ ဘဘနဲ့ကြီးကြီးကိုတွေ့ချင်ရင်တော့ အလုပ်ကိုသာလိုက်သွားတော့"

"ဘဘနဲ့ကြီးကြီး ဒီအချိန်မရှိဘူးဆိုတာ ကိုယ်သိတာပေါ့၊ ဝေနဲ့တွေ့ချင်လို့ပဲ လာတာပါ"

စိတ်ရှုပ်ထွေးမှုနဲ့အတူ ဝေ မျက်နှာပျက်သွားတာ သူ ရိပ်မိမှာပါ။

"ရှည်ရှည်ဝေးဝေးတွေ ပြောမနေတော့ပါဘူး၊ ဝေ့ကိုလက်ထပ်ပါရစေ၊ ဘဘနဲ့ကြီးကြီးကလည်း ဝေ လက်ခံရင်ပြီးရောတဲ့၊ မေမေကလည်း သူမှားတဲ့အကြောင်း ဝေ့ကိုတောင်းပန်ချင်လို့"

"မလိုပါဘူး ကိုဘုန်းသော်က၊ ဘာလို့မလိုလဲဆိုတော့ ဝေမှ ကိုဘုန်းသော်ကကို လက်မခံနိုင်တာ"

"ဝေ ဝေ ဘယ်လိုပြောလိုက်တယ်"

ဝေရဲ့ခပ်ပြတ်ပြတ်အပြောကြောင့် သူ့မျက်နှာပေါ်မှာ အံ့ဩခြင်း ဝမ်းနည်းခြင်းတွေ ဖြတ်ပြေးသွားသည်။ လဲ့လဲ့တို့လည်း မျက်နှာပူသည်ထင့်။ သုံးယောက်လုံး အနားက အလျှိုလျှိုထွက်သွားကြသည်။

"အစကတည်းက ကိုဘုန်းသော်ကကို လက်မခံခဲ့တာပါဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ဘဘတို့ကတစ်ဆင့် ပြောခဲ့သားပဲ''

''ဒီတုန်းက ဝေ စိတ်ဆိုးနေတုန်းမို့ ပြောတယ်ပဲထင်တာ၊ ဝေ့မှာ အပြစ်မရှိသလို ကိုယ့်မှာရော ဘာအပြစ်ရှိလို့ ဝေ ခါးခါးသီးသီး ငြင်းရတာလဲ၊ ဝေ ကိုယ့်ကိုသိပ်ချစ်တာသိတဲ့အတွက် လက်ကျန်သံယောဇဉ်လေးနဲ့ ငြင်းမယ်မထင်ဘူး''

''ကိုဘုန်းသော်ကက ဝေ့ကို လျှော့တွက်တာကိုး''.

''ဟင့်အင်း ကိုယ် ဝေ့ကိုလျှော့မတွက်ပါဘူး၊ ကိုယ်ကိုယ်တိုင် ချော့ရင်တော့ ဝေ စိတ်ပြေသွားမယ်ထင်ပြီး မျှော်လင့်ချက်တွေနဲ့လာခဲ့တာပါ''

''ဒီအတွက် ဝမ်းနည်းပါတယ်လို့ပဲ ပြောပါရစေ''

''ဝေ ဝေ ကိုယ့်ကိုနည်းနည်းလေးမှ သံယောဇဉ်မရှိတော့ဘူးလား ဟင်''

''ဝေ ရှင့်ကိုမေ့နေတာ ကြာပါပြီ''

''ဝေဟာ အဲဒီလို မိန်းကလေးမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်၊ ဝေ ဘာဖြစ်ချင်လဲ၊ ဝေကျေနပ်စေမယ့် ဘယ်အရာမျိုးမဆို ကိုယ်မဖြစ်ဖြစ်အောင် စွမ်းဆောင်ပေးမယ်''

''ဝေ့နှလုံးသားက လက်မခံနိုင်တော့တာကိုတော့ ကိုဘုန်းသော်က ဘယ်လိုအရာမျိုးနဲ့မှ မစွမ်းဆောင်နိုင်ပါဘူး''

သူ ဝေ့ကို ရီဝေစွာကြည့်နေသည်။ တကယ်ကို ဝေ့နှလုံးသားတွေက ကိုဘုန်းသော်ကနဲ့ ပတ်သက်ပြီး အေးစက်မာကြောနေတာ ကြာခဲ့ပြီပဲ။ အခုလို လူချင်းတွေ့လိုက်သည့်အခါမှာလည်း နည်းနည်းမှထူးခြားမသွားပါ။

''ဝေ တကယ်ပဲ ဆုံးဖြတ်ပြီးပြီပေါ့နော်''

''အဲဒီ ဆုံးဖြတ်ချက်က အခုမှမဟုတ်ဘူး ကိုဘုန်းသော်ကရဲ့ လွှန်ခဲ့တဲ့နှစ်နှစ်ထဲက''





''ဝေ့ရဲ့အသည်းမာပုံကို ကိုယ် အံ့သြတယ်၊ ဝေ စိတ်ချမ်းသာဖို့အတွက် ကိုယ်လက်လျှော့လိုက်ပါတော့မယ် ဝေ''

ကိုဘုန်းသော်ကရဲ့မျက်ဝန်းတစ်ဝိုက်မှာ မျက်ရည်တွေရစ်ဝိုင်းနေသည်။ ပြောပြီးတာနှင့် သူ ထ,ရပ်လိုက်သည်။

''ကိုယ် သွားမယ် ဝေ''

''ဟုတ်ကဲ့''

ဝေ ထိုင်ရာကမထဘဲ ခေါင်းညိတ်လိုက်သည်။ တရွေ့ရွေ့ထွက်သွားသော ကိုဘုန်းသော်ကကိုကြည့်ပြီး ဝေ့ရင်ထဲ ဘာခံစားချက်မှမရှိပါ။ ဝေ ကြည့်နေစဉ်မှာပဲ အိမ်ထဲသို့ ယောကျ်ားတစ်ယောက် ဝင်လာပြီး ကိုဘုန်းသော်ကနဲ့မျက်နှာချင်းဆိုင် သွားတိုးသည်။

ဘယ်သူလဲဆိုသောအတွေးနှင့် ဝေ ကြည့်နေဆဲမှာ ဝင်လာသူက ဝေ့ကို ဆွေးဆွေးမြေ့မြေ့ကြည့်ပြီး

''ဝေ''

ဒီအသံရှင်ကို ဝေ မှတ်မိနေပါသည်။

''ရောင်စဉ်''

ဝေ မတ်တပ်ထရပ်ပြီး ခေါ်လိုက်တော့ ကိုဘုန်းသော်က လှည့်ကြည့်၏။ စက္ကန့်ပိုင်းလောက် တွေတွေကြီးကြည့်ပြီးနောက်မှာတော့ ချာခနဲ လှည့်ထွက်သွားသည်။

''ဝေ''

''ရောင်စဉ် ထိုင်လေ၊ နင် ဘယ်တုန်းက ရောက်တာလဲ''

''စောစောကမှ ရောက်တာ''

ရောင်စဉ် ထိုင်လိုက်စဉ်မှာပဲ လဲ့လဲ့နဲ့မော်ကြီး ဝမ်းသာအားရ ထွက်လာကြပြီး ရောင်စဉ်ကို ရန်တွေ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အရင်ကထက်ပိုပြီး နုနယ်လှပနေသော ရောင်စဥ်က မော်ကြီးနဲ့ လှဲလှဲကျေနပ်စေမည့် စကားတွေနှင့် နှစ်သိမ့်ရင်း ဝေ့ကိုတော့ အဆက်မပြတ် အကဲခတ်နေသည်။ ရောင်စဥ်ဘာလာလုပ်တာလဲ။ ကိုဘုန်းသော်ကနဲ့ တိုက်တိုက်ဆိုင်ဆိုင် ရောက်လာသော ရောင်စဥ့်မျက်လုံးတွေက ဝေနှင့်မလှမ်းမကမ်းမှာထိုင်နေသော ဝင်းမင်းထံသို့ ရစ်ဝဲနေသည်။

"နင်တစ်ယောက်တည်းလား_ရောင်စဥ်"

"တစ်ယောက်တည်းပေါ့ဟ"

မော်ကြီးအမေးကို ရောင်စဥ်က အပြုံးနှင့်ပြန်ဖြေ၏။

"မသိဘူးလေဟာ၊ နင်မိန်းမရသွားပြီမှတ်လို့"

"ငါ မိန်းမယူတဲ့နောက် နင်တို့ကို ဖိတ်မှာပေါ့"

"မသိဘူးလေ နင်က ငါတို့ကို သူငယ်ချင်းအဖြစ်က စွန့်လွှတ်ထားတယ် ထင်တာပေါ့"

"နင်တို့ကို ငါက ဘာဖြစ်လို့ သူငယ်ချင်းအဖြစ်က စွန့်လွှတ်ရမှာလဲ၊ ငါ့မှာလည်းအကြောင်းတွေ ရှိတာပေါ့"

"ထားပါ ဒါနဲ့ ရန်ကုန်ကို နင်အလည်လာတာလား"

"အလည်လာတာ မဟုတ်ဘူး၊ အပြီးပြန်လာတာ"

ထိုစကားကို ပြောအပြီးမှာတော့ ရောင်စဥ်က ဝေ့ဘက်ကို စောင်းငဲ့ကြည့်၏။ အရာရာကို ကြိုသိတတ်သော ဝေက ငြိမ်နေလို့မရတော့ဘူးဆိုတာ သဘောပေါက်လိုက်သည်။

"နင် အပြီးပြန်လာတယ်ဆိုတော့လည်း ငါတို့က ဝမ်းသာအားရကြိုရမှာပေါ့ ရောင်စဥ်ရယ်"

"ဝမ်းသာလိုက်တာ ဝေရယ်၊ ငါကလေ ဆရာဝန်မကြီးဖြစ်မယ့် နင့်ဆီကို အရဲစွန့်ပြီးလာရတာ၊ နင် လိုက်လိုက်လှဲလှဲမှ ခေါ်ပါ့မလားလို့"





"မခေါ်စရာလား ရောင်စဥ်ရဲ့၊ ငါတို့က ငယ်သူငယ်ချင်းအရင်းကြီးတွေပဲ"

ရောင်စဥ့်မျက်နှာသည် စောစောကအပြုံးတွေထက် ပိုပြီးတောက်ပနေ၏။ ဝေ့ကိုကြည့်သည့် အကြည့်တွေကလည်း ကြက်သီးထစရာပင်။

"ဩော် မိတ်ဆက်ပေးရဦးမယ် သူကလေ ငါတို့ရဲ့အချစ်ဆုံးသူငယ်ချင်း ဝင်းမင်းတဲ့၊ ဝင်းမင်း ရောင်စဥ်တဲ့၊ ငါတို့ရဲ့ငယ်သူငယ်ချင်းပေါ့"

"တွေ့ရတာ ဝမ်းသာပါတယ် ရောင်စဥ်"

"ကိုယ်လည်း ဒီအတိုင်းပါပဲ"

နှစ်ယောက်သားအပြုံးကိုယ်စီနှင့် အသိအမှတ်ပြုပြီးသည့်နောက်မှာတော့ ရောင်စဥ်က

"ဝေ ကိုဝင်းမင်းက ငါ့အစားသူငယ်ချင်းပေါ့နော်"

"ဝင်းမင်းတစ်ယောက်တည်း မဟုတ်ဘူး ရှိသေးတယ်"

ဝေ မပြောခင် လှဲလှဲပြောလိုက်တော့ ရောင်စဥ်က မျက်ခုံးနှစ်ဖက်အတွန့်ချိုးသွားပြီး

"ဟုတ်လား နောက်ထပ်သူငယ်ချင်းတွေ ရှိသေးတယ်ပေါ့"

ဒီတစ်ခါတော့ ဘယ်သူမှမပြောခင် ဝေက

"သူငယ်ချင်းတွေမဟုတ်ပါဘူး၊ တစ်ယောက်တည်းပါ"

"ဩော် ဩော်"

"နင် ရောက်လာတာအတော်ပဲ ရောင်စဥ်၊ တော်ကြာဆို သူလာတော့မှာ၊ နင်နဲ့မိတ်ဆက်ပေးမယ်သိလား"

"ကောင်းတာပေါ့ ဒါနဲ့ ဝေ၊ စောစောကထွက်သွားတဲ့သူက နင့်ချစ်သူဆိုတာလား"

ရောင်စဥ့်အမေးကြောင့် ဝေက ပခုံးလေးလှုပ်ရမ်းလိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အခုမဟုတ်တော့ပါဘူး"

"ဟုတ်လား"

ဟန်ဆောင်နေပေမယ့် ရောင်စဥ့်မျက်နှာတစ်ပြင်လုံး ဝင်းထိန်သွားသည်။

"ဟာ ကားသံကြားတယ်၊ ထွန်းခေါင်ထင်တယ်"

ဝင်းမင်းပြောတော့ မော်ကြီးနဲ့လွဲလွဲ ပြိုင်တူထကြည့်ပြီး

"ဟယ် ဟုတ်တယ် ဝေ၊ ထွန်းခေါင်ရဲ လာပြီ"

ဝေ့ နှလုံးသားတွေ တလှိုက်လှိုက်ခုန်သွားရသည်။

"မျှော်လိုက်ရတာ ထွန်းခေါင်ရဲရယ်"

မော်ကြီးရဲ့အမှုပိုစကားကြောင့် ထွန်းခေါင်ရဲ အပြုံးလေးနှင့် ဝေ့ကို လှမ်းကြည့်နေသည်။ ထိုအပြုံးလေးသည် ဝေ့နှလုံးသားထဲမှာ တစ်သက်လုံး စွဲသွားမည့်အပြုံးလေးဖြစ်သည်။

"သြော် ဧည့်သည်ရောက်နေတာကို"

"ဧည့်သည်မဟုတ်ပါဘူး ထွန်းခေါင်ရဲရဲ့၊ ငါတို့သူငယ်ချင်း"

ထွန်းခေါင်ရဲက အပြုံးလေးနှင့် ရောင်စဥ့်ကိုကြည့်ပြီး ခေါင်းညိတ်ပြနေ၏။ ရောင်စဥ့်ကတော့ ဟန်ဆောင်အပြုံးတစ်ခု ဖန်ဆင်းထားတယ် ဆိုတာ ဝေက သိတာပေါ့။

မိုးပြာနုနုလေး ရှပ်အင်္ကျီကိုယ်ကျပ်ကို ဂျင်းအပြာရင့်ရင့်နှင့်တွဲဝတ်ထားသော ထွန်းခေါင်ရဲပုံစံက အခုမှ ခရီးသွားရာမှ ပြန်လာပြီး ထလာမှန်း သိသာနေသည်။ ခရီးသွားလာသည့် မျက်နှာလေးနွမ်းနေသည့်ကြားမှာ ဝေရဲ့ သူငယ်ချင်းရောင်စဥ့်ကိုတွေ့တော့ ထွန်းခေါင်ရဲမျက်နှာတစ်ပြင်လုံးသည် သွေး မရှိသလို ဖြူဖျော့ဖျော့ ဖြစ်နေသည်။

"နေကောင်းလား ဝေ"





"ကောင်းသွားပါပြီ"

ဝေသည် ထွန်းခေါင်ရဲကို ထိုပုံစံမျိုးနှင့်မမြင်ချင်တာ ဘာကြောင့်လဲ ဟု ချက်ချင်းပင် အဖြေရှာနေမိသည်။

"သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်ဦးလေ ဝေ"

ဝေ့စိတ်ကိုနားလည်သော သူငယ်ချင်းတွေရဲ့အကြည့်တွေကို ဝေကလည်းနားလည်တာပေါ့။

"သူက ရောင်စဥ့်တဲ့၊ ငါတို့နဲ့ ငယ်သူငယ်ချင်းတွေလေ၊ ရောင်စဥ့် သူက စောစောက ငါပြောတဲ့သူပေါ့၊ သူ့နာမည်က ထွန်းခေါင်ရဲတဲ့၊ ငါနဲ့ လက်ထပ်မယ့် ငါ့ချစ်သူပဲ"

ထွန်းခေါင်ရဲက တစ်ချက်သာ ဝေ့ကိုဖျတ်ခနဲကြည့်ပြီး အလိုက်သင့်ပင် ရောင်စဥ့်ကိုပြုံးပြနေ၏။ ရောင်စဥ့်ကသာ တအံ့တဩမျက်နှာနှင့် ဝေ့ကို ခပ်ကြာကြာ တွေတွေကြီး စိုက်ကြည့်ပြီးမှ ထွန်းခေါင်ရဲအပြုံးကို တုံ့ပြန်လိုက်သည်။

လွဲလွဲ မော်ကြီး ဝင်းမင်းတို့ကလည်း ဝေ့သူငယ်ချင်းပီသစွာ ဟန်ဆောင်ကောင်းကြသည်။

"အေးအေးဆေးဆေးပေါ့ ရောင်စဥ့်၊ ငါတို့တွေ အမှတ်တရ လက်ဆုံစားကြတာပေါ့"

"ငါ မစားတော့ပါဘူး လွဲလွဲ၊ နင်တို့အားလုံးကိုတွေ့ချင်လို့ ရောက်ရောက်ချင်းတန်းလာတာပါ၊ သွားစရာရှိသေးတယ်"

"နင်ကလည်းဟယ် စိမ်းကားနေပြန်ပါပြီ"

"မဟုတ်ပါဘူး မော်ကြီးရယ်၊ နောက်နေ့တွေကို ငါတို့ဆုံကြတာ ပေါ့၊ ကဲ ငါ့ကိုခွင့်ပြုဦး။ ကိုထွန်းခေါင်ရဲနဲ့ ကိုဝင်းမင်းလည်းခွင့်ပြုပါဦး၊ ကျွန်တော့် သူငယ်ချင်းဝေရဲ့ချစ်သူဖြစ်ရတာ ခင်ဗျားအရမ်းကံကောင်းပါတယ်" ရှေ့ဆက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လည်း ကံကောင်းပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်''

''ကျေးဇူးတင်ပါတယ် ရောင်စဉ်''

''ငါသွားမယ်နော် ဝေ''

''အင်း နင်လာခဲ့ဦးလေ''

''အေးပါဟာ ကဲ အားလုံးသွားပြီနော်''

ရောင်စဉ် ထွက်သွားရာနောက်သို့ အားလုံးငေးကြည့်နေကြသည်။

''ရောင်စဉ် သနားပါတယ်နော်''

ထွန့်ခေါင်ရဲ ကောက်ကာငင်ကာ ပြောလိုက်တော့ ဝေတို့အားလုံး သူ့ကိုဝိုင်းကြည့်ကြသည်။

''မင်းက ဘာလို့ရောင်စဉ်ကို သနားရတာလဲ၊ မင်းကိုယ်မင်းသာ သနားရမှာ''

''ဟုတ်တယ် ထွန့်ခေါင်ရဲ၊ တကယ်တော့ နင်ကသာ သနားဖို့ကောင်းတာ''

''ငါက ဘာဖြစ်လို့ သနားဖို့ကောင်းရတာလဲ''

ထွန့်ခေါင်ရဲက တကယ့်ကိုနားမလည်သည့်ပုံစံလေးနှင့်မေးပြီး ဝေ့ကိုကြည့်လာသည်။ ဘာကြောင့်မှန်းမသိစွာ ထွန့်ခေါင်ရဲကို ဝေ သနားနေမိသည်။

''ထွန့်ခေါင်ရဲတစ်ယောက်ကလေ လည်မလိုလို့နဲ့ တော်တော်ထုံတာပဲ''

''ဟုတ်ပါ့ဟယ်''

''ဟဲ့ ထွန့်ခေါင်ရဲ နင်အခုထိနားမလည်သေးဘူးလား။ နင့်ကိုယ်နင် လည်း အထင်မကြီးနဲ့၊ တကယ်တော့ မိဝေက နင့်ကိုအသုံးချလိုက်တာ''

''ဒါကြောင့် ငါက သနားစရာကောင်းတယ်လို့ နင်တို့ပြောတာ



BURMESE CLASSIC



လား''

''အေးလေ''

''ဒါများဟာ ဝေ့အတွက်ဆို ငါ ကျေနပ်တယ်''

''ပြီးရော ပြီးရော''

''အဲဒါနဲ့ပဲ မင်းကသေမှာ''

''ထွန့်ခေါင်ရဲ''

''ဘာလဲ ဝေ''

''သူတို့တွေပြောသလို ငါနင့်ကို အသုံးချလိုက်တာမဟုတ်ပါဘူး''

''နင် နင်ဘာပြောတယ် ဝေ''

''မသိဘူးဟာ''

''ဟာ ဝေ ဝေရယ်''

သူ သဘောပေါက်ပြီး ထခုန်လိုက်တော့ သူငယ်ချင်းတွေ ဝိုင်းနောက်နေသည်။

''ဝေ ငါအရမ်းပျော်တယ်ဟာ ပျော်လွန်းလို့ ဘာမှလည်း မပြောတတ်တော့ဘူး။ ငါ ပြောချင်တာကတော့ နင်ဘာပဲဖြစ်ဖြစ် အတူမျှဝေခံစားပေးမယ့် ချစ်သူကောင်းတစ်ယောက်အဖြစ် ငါ အမြဲရပ်တည်ပေးမယ်နော်''

ထွန့်ခေါင်ရဲပြောချင်သော အဓိပ္ပာယ်က ဒီ့ထက်မကဘူးဆိုတာ ဝေ သိသည်။ အရင်ထဲကလည်း သူ့မျက်ဝန်းတွေထဲမှာ အချစ်တွေရှိသေးတာကို ဝေ ရိပ်မိပြီးသား။

''နင် ငါ့ကိုအမြဲနားလည်နိုင်တဲ့သူ ဖြစ်ပါစေလို့ပဲ ငါ ဆုတောင်းတယ်''

''စိတ်ချပါဝေရယ်၊ နင့်ကိုလေ အသက်တွေကြီးပြီး အဘိုးကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့အထိ ငါ နားလည်ပေးသွားမှာပါ”

ဝေ့လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး ထွန်းခေါင်ရဲပြောတော့ သူငယ်ချင်းတွေဆူညံစွာ နောက်ပြောင်နေကြသည်။

သူတို့ဘာသာ နောက်ချင်တာ နောက်ကြပါစေ။

ဝေကတော့ ဝေ့ကိုနားလည်သည့်ချစ်သူတစ်ယောက် ရသွားပြီဖြစ်သည့်အတွက် ပီတိအပြည့်နှင့်။ ဒါဆိုလျှင် ထွန်းခေါင်ရဲ ရင်ထဲက ပီတိတွေကတော့ ပြောပြလို့မမီအောင်ကို ကြီးမားနေမှာ သူ့ကိုကြည့်တာနှင့် သိလိုက်ပါပြီ။

ငါ ရင်တွေခုန်နေတယ် ထွန်းခေါင်ရဲရယ်။

အားလုံးအတွက်
နတ်သမီး

BURMESE CLASSIC

www.burmeseclassic.com